
www.burmeseclassic.com

ဂမ္ဘီ ရဆန်း ကြယ် လုံး ချင်း ဝတ္ထု



ဖိုးတူးသုည

www.burmeseclassic.com

ပဋ္ဌ ဂုဏံ အပံ ဝန္ဒာမိ

www.burmeseclassic.com

မင်းစက္က

ဖိုးတူးသုည

အဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၄၀၉၁၂၁၀

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၂၉၇၁၀၁၁

ထုတ်ဝေခြင်း - ပထမအကြိမ်
၂၀၁၂ခုနှစ်၊ဧပြီလ။

အုပ်ရေ - ၅၀၀ကျပ်

တန်ဖိုး - ၁၃၀၀ကျပ်

အဖုံးနှင့်အတွင်းပုံနှိပ်သူ - ဒေါ်ခင်ရီရီမြင့်
ကောင်းဆုအော့ဖ်ဆက်
အမှတ်(၅၂/ခ)၊ရွှေယင်းမာလမ်း၊
၁၃ရပ်ကွက်၊ရန်ကင်း။

ထုတ်ဝေသူ - ဦးလှနိုင်(မြိတ်စာပေ)
အမှတ်(၆၆)၊ဗိုလ်ဥတ္တမလမ်း၊
ကြည့်မြင်တိုင်၊ရန်ကုန်မြို့

ဖြန့်ချိရေး - မြိတ်စာပေ(ဖုန်း-၀၉၇၃၂၄၅၀၄၈)
၂၂၁၊၃၀-လမ်း(အထက်)၊ရန်ကုန်။

စီစဉ်သူ - ကိုလှနိုင်(မြိတ်)

အထက်မြန်မာပြည် - နဂါးစာပေ(မန္တလေး)

ဖြန့်ချိရေး - ထွန်းဦးစာပေ(မန္တလေး)

၈၉၅.၈၃

မင်းစက္က

ဖိုးတူးသုည/ မင်းစက္က ရန်ကုန်။
မြိတ်စာပေ၊ ၂၀၁၁။
၁၉၅ စာ ၊ ၁၂ x ၁၈စင်တီ

# မင်းစက္က

## ဖိုးတူးသုည

BURMESE CLASSIC

www.burmeseclassic.com

# မြိုတ်စာပေ

အမှတ်–၂၂၁၊(၃၁)လမ်းအထက်

ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။

ဖုန်း– ၀၉၇၃၂၄၅၀၄၈၊ ၀၉၅၀၃၁၀၃၄


www.burmeseclassic.com



## တောင်ထွက်ဗိုးတူး

၁၉၂၃ ခုနှစ် . . .

တောင်ပူးဝမှ တံခါးတစ်ချပ် ပွင့်လာသည်။ တံခါးပေါက်လေးမှာ လူတစ်ယောက် ခေါင်းငုံ့ထွက်ရုံလောက်သာ ပွင့်လာသည်။ လူတစ်ယောက် ထွက်လာသည်။ လူငယ်လေးတစ်ယောက်ဆိုရင် ပိုပြီးမှန်သည်။ အသက်အားဖြင့် နှစ်ဆယ်လောက်သာရှိလိမ့်မည်။ ကိုယ်ပေါ်မှာ ဝတ်ထားတာလည်း ကြည့်ပါဦး ပင်နီတိုက်ပုံနှင့်၊ အောက်ပိုင်းမှာက တောင်ထဲ၌ဝတ်သော နံ့ငယ်ပိုင်းလေးဖြစ်သည်။ ဒီအဝတ်အစားများကလည်း သူ့ရဲ့ ကိုယ်ပိုင်မဟုတ်ပါ။ အပေါ်အင်္ကျီက တောင်ထဲမှ သခင်ခင်မောင်က ပေးလိုက်သည်။ ပုဆိုး



www.burmeseclassic.com

www.burmeseclassic.com



နံငယ်ပိုင်းကတော့ ထောင်မှူးက ပေးလိုက်သည်။

သူ့ဘဝကလည်း အားလုံး သူများပေးမှ ဝတ်ရသောဘဝ မဟုတ်ပါလား။ ထောင်ကျတာလည်း လိမ်လည်မှု။ ထောင်ထဲရောက်တာ ဒီတစ်ခါပါနဲ့ဆိုရင် ၄၊ ၅ ခါမက မရေမတွက်နိုင်တော့ပါ။ ထောင်မှူးများပင် ပြောင်းကုန်သည်။ သူကတော့ မပြောင်းပါ။ ထောင်ထဲမှ နှစ်ကြီးသမားများဆိုရင် သူနဲ့မသိတဲ့လူ မရှိတော့ပါ။ သူလာရင် ပျော်ကြသည်။ ဘာကြောင့်လဲဆိုတော့ သူက လူတစ်ယောက်အကဲခတ်တာ အင်္ဂါရပ်ပညာတတ်သူဆိုတော့ သူ့ကို လာမေးကြသည်။ သူဆီမှ ဗဟုသုတ ယူကြလေသည်။ လိမ်တဲ့နေရာမှာလည်း သူ့ကို ဘယ်သူမှ မမီပါ။

ဟော . . . အခုလည်း ထောင်ထွက်လာပြီ။ လိမ်လည်မှု ခိုးမှုဆိုရင် (၄၂၀) ဖြစ်မှုဖြစ်တော့ ထောင်ကျလည်း ဖလပေါ့။ ယခုလည်း ထောင်ထွက်လာပြီ . . .

"ကဲ . . . ဖိုးတူး မင်းဘယ်သွားမှာလဲ၊ ဘယ်နေရာမှာ အိပ်မှာလဲ။ ဘာအလုပ် ဆက်လုပ်မလဲ"

ဖိုးတူး သူ့ကိုယ်သူ ပြန်မေးနေမိသည်။ သူ့အနေနဲ့လည်း စဉ်းစားရင်း တောလမ်းသာသာ လမ်းကလေးပေါ်မှာ လျှောက်လာရင်း စဉ်းစားလာခဲ့သည်။ ထောင်မှနေပြီး မြို့ထဲသို့ဆိုရင် တော်တော်လျှောက်ရဦးမည် မဟုတ်ပါ





လား။ ဗိုက်ကလည်း ဆာနေပြီ။ ဘယ်လိုလုပ်ရင် ကောင်းမလဲ။

လက်ထဲမှာလည်း ထောင်ထွက်လာတယ်ဆိုတော့ သူများပေးလိုက်သော ငွေစလေး နည်းနည်းပါးပါးတော့ပါသည်။ ဒါပေမဲ့ သူလျှောက်နေသောလမ်းမှာ မုန့်သည်ဆိုလို့ တစ်ယောက်မှ မတွေ့ပါ။

"ဟော . . . ဟိုရှေ့မှာ လူနှစ်ယောက်လာနေတာတွေ့တယ်။ တစ်ယောက်က ဈေးတောင်း နှစ်တောင်းထမ်းလာတာတွေ့တယ်။ ဘာများဖြစ်မလဲ။ စားစရာတစ်ခုခုပါရင် ကောင်းမှာပဲ"

ငင်းလူနှစ်ယောက်လည်း ဖိုးတူးနားသို့ ရောက်လာကြသည်။ ထိုအခါ ဖိုးတူးက ပထမဦးဆုံး မြင်တဲ့လူကို မျက်နှာအမူအရာကို အကဲခတ်လိုက်သည်။

"မျက်ခုံးနှစ်သည်၊ မျက်ခုံးအိမ်မှ နှစ်လက်မလောက် မြင့်နေသည်၊ နှုတ်ခမ်း၂ခုမှာ ထူနေပြီး နဖူးမှာ ညီညာနေသည်၊ ဒီလူက သနားကြင်နာစိတ်ရှိတဲ့ သူ။ သူတစ်ပါးကို ကူညီတတ်သူ ဖြစ်တယ်"

ဒီတော့ ဒုတိယလူကတော့ . . .

"တားမပုံစံနှင့်တူသော မျက်ခုံး၊ နှာခေါင်းဝကျယ်ပြီး မျက်နှာရှည်ပြီး နှုတ်ခမ်းများ မလုံ့ဘဲရှိနေသည်။ သွား



www.burmeseclassic.com

www.burmeseclassic.com



ပေါ်နေသည်"

အင်း . . . ဒီလူဟာ လူခွစာ လူလိမ်လူကောက် တစ်ကိုယ်ကောင်းဆန်တတ်သည်။ စကားများလည်း မလုံ သူဖြစ်သည်။

ဒီတော့ ပထမလူဆီမှာပဲ အကူအညီတောင်းတော့မည်။ ဒီလူကတော့ တကယ်ကူညီမယ့်လူဆိုတာ ဖိုးတူးတစ်ယောက် သိလိုက်သည်။ ဒါကြောင့် အနားသို့ အရင်ရောက်လာသော ပထမလူဆီမှာ အကူအညီတောင်းရန် ဆုံးဖြတ်လိုက်လေသည်။

"ဒီက . . . နောင်ကြီးတို့"

ဈေးတောင်းနှစ်ခုကို ဆိုင်းထမ်းလာသော ပထမလူက ဖိုးတူးထက် အသက်ပိုကြီးမည်ဟု ထင်ရလေသည်။ ဒါကြောင့် အနားသို့ ရောက်လာသောအခါ . . .

"ညီလေး ဘာအကူအညီ လိုလို့လဲ။ အစ်ကိုတို့ ဘာအကူအညီ ပေးရမှာလဲ"

ထိုအခါ ဖိုးတူးက အားရဝမ်းသာစွာဖြင့် . . .

"ဒီလိုပါ အစ်ကို။ ကျွန်တော်ဗိုက်ဆာလို့ပါ။ အစ်ကိုတို့ဆီမှာ စားစရာ ဘာများရောင်းဖို့ပါသလဲ။ ကျွန်တော် ဝယ်ချင်လို့ပါ"

ထိုအခါ ပထမလူက ဖိုးတူးကို သေချာစွာ ကြည့်





လိုက်သည်။ ဖိုးတူးမှာ တကယ်ဗိုက်ဆာနေသော ပုံပေါက်နေ၍ ပထမလူလည်း ကရုဏာသက်ကာ . . .

"ညီလေးက ဘယ်ကလာတာလဲ။ ဒီလမ်းမှာ တစ်ခါမှ မမြင်ဖူးပါဘူး"

"ကျွန်တော်က ဒီနေ့ပဲ တောင်ကလွတ်လာတာပါ။ ဒါကြောင့် ဗိုက်ဆာလို့ အစ်ကိုတို့ဆီမှာ ပြောမိတာပါ"

"အစ်ကိုတို့ဆီမှာတော့ ဈေးမှာ သွားရောင်းဖို့ ငှက်ပျောသီးနဲ့ သစ္စာသီးပဲပါတယ်။ ညီလေး ဆာရင်တော့ ရော့ . . . ငှက်ပျောသီးတစ်ဖီး ယူလိုက်"

"ဟုတ်ကဲ့ . . . ကျေးဇူးတင်လိုက်တာ အစ်ကိုရယ်"

ဖိုးတူးလည်း ငှက်ပျောသီးတစ်ဖီး ယူလိုက်သည်။ သူ့အိတ်ထဲမှာပါတဲ့ အကြွေစေ့များကို ရေတွက်နေတာကို ကြည့်နေသော ပထမလူက သနားသွားပြီး . . .

"ညီလေး ပိုက်ဆံမပေးနဲ့တော့။ ညီလေးက ယခုမှ တောင်ကထွက်လာတော့ ငွေလိုနေမှာပေါ့။ ညီလေးပဲ သိမ်းထားလိုက်ပါ။ ဒီငှက်ပျောသီးက အစ်ကိုတို့ခြံကထွက်တဲ့ အသီးဆိုတော့ အစ်ကို လှူလိုက်တယ်လို့ပဲ သဘောထားပါတယ်"

"ကျေးဇူးတင်ပါတယ် အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ညီလေးကိုကြည့်ရတာ တစ်မျိုးပဲ"

"ဘာဖြစ်လို့လဲ အစ်ကို"

"ညီလေးက သခင် အဖွဲ့ကလား"

"ဘာဖြစ်လို့ မေးရတာလဲ အစ်ကို"

"ညီလေး ဝတ်ထားတဲ့ ပင်နီတိုက်ပုံနဲ့ဆိုတော့ သခင်အဖွဲ့ကလား"

"မဟုတ်ပါဘူး အစ်ကို။ ဒီတိုက်ပုံက ထောင်ထဲက လူတစ်ယောက်က ကျွန်တော့်မှာ ဝတ်စရာမရှိလို့ ပေးလိုက်တာပါ"

"အောက်က ပိတ်ဖြူ လုံချည်ကတော့ ထောင်ထွက်လိုလို၊ ဖိုးသူတော်လိုလို ဖြစ်နေတယ်။ ဘယ်လိုမှ ကြည့်လို့မကောင်းဘူး ဖြစ်နေတယ်"

"ဒါလည်း ထောင်မှူးကြီးက ကျွန်တော့်မှာ ဝတ်စရာမရှိမှန်းသိလို့ မချွတ်နဲ့တော့ ဝတ်သွားလို့ပြောလို့ ကျွန်တော်လည်း ဒါပဲ ဝတ်လာတာ"

"ညီလေးအဖြစ်ကလည်း ဆိုးလိုက်တာ"

"ဒါနဲ့ ညီလေး မိဘတွေဆီ ပြန်မလို့လား"

ဖိုးတူးမှာ ပထမလူပြောလိုက်သော စကားကြောင့် မျက်နှာလေး ညှိုးငယ်သွားလေသည်။ ဘာပြန်ပြောရမှန်း မသိ ဖြစ်နေလေတော့သည်။ ဒါကို ပထမလူက ရိပ်မိသော





အခါ . . .

"ညီလေး ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး အစ်ကို။ ကျွန်တော့်မှာ မိဘ ဘယ်သူမှန်း မသိလို့ပါ။ ကျွန်တော့် မွေးစားအမေပြောပြတာကတော့ အမေက ဗမာ၊ အဖေက အင်္ဂလိပ်လူမျိုးလို့ ပြောတယ်။ ယခုတော့ အမေလည်းဆုံးပြီ။ အဖေကတော့ အင်္ဂလန်ပြန်သွားပြီ ပြောတာပဲ။ ကျွန်တော့်မှာ နေစရာဆိုလို့ ဘုန်းကြီးကျောင်းမှာ နေပါတယ်။

ဘဘုန်းကြီးက ကျွန်တော် ထောင်ခဏခဏကျလို့ လက်မခံတော့ဘူး။ ကျွန်တော်ကလည်း သူ့များပစ္စည်းကို မခိုးပါဘူး။ လိမ်တာတစ်ခုပါပဲ။ ယခုလည်း လိမ်လည်မှုနဲ့ ထောင်ကျခဲ့တာ"

"ဟား . . . ဟား . . . ဟား"

ဒုတိယလူက ဖိုးတူးပြောလိုက်သော စကားကို သဘောကျ၍ ရယ်လိုက်သည်။ ပြီးတော့ ဖိုးတူးကို ပြန်ပြောလိုက်သည်မှာ . . .

"သူ့များပစ္စည်းတော့ မခိုးပါဘူး။ လိမ်တာတစ်ခုပါ ဟုတ်လား။ မင်းပဲ အပြောကောင်း။ ခိုးတာနဲ့ လိမ်တာ အတူတူပဲပေါ့။ မင်းက ဘယ်လောက်များ လိမ်တတ်လို့။ ထောင်ကျတောင် နည်းသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် . . . သံခဲ . . . မင်း ဒီလို မပြောပါနဲ့ကွ။ အခုမှ ထောင်က ထွက်လာတဲ့လူကို"

ပထမလူက တားလိုက်သည်။ ၎င်း၏အမည်က တိုလှမောင် ဖြစ်လေသည်။ ဒုတိယလူကတော့ ကိုသံခဲဆိုသူ ဖြစ်လေသည်။ သူသို့နှစ်ဦးစလုံးသည် ပဲခူးတွင်နေထိုင်ကြပြီး ပဲခူးဈေးတွင် ခြံထွက်သီးနှံများ သွားရောင်းကြလေသည်။ ပဲခူးထောင်နှင့်နီးတော့ တောလမ်းမှာ သွားနေကျဖြစ်သည်။ သူတို့နှစ်ဦးမှာ စိတ်နေသဘာချင်း မတူပေမယ့် သူငယ်ချင်းလည်းဖြစ်၊ ဈေးရောင်းတာလည်းတူဆိုတော့ အရမ်းခင်ကြလေသည်။

ဒီနေ့လည်း သူသို့နှစ်ဦး ပဲခူးဈေးသို့ ဈေးရောင်းရန် ထွက်လေခဲ့ခြင်းဖြစ်သည်။ အခုလည်း ထောင်ထွက်ဖိုးတူးနဲ့ ဆုံတာဖြစ်သည်။ ဦးလှမောင်က ဖိုးတူးပြောပြသောဘဝကို နားလည်ကာ သနားသွားပြီး မိဘလည်းမရှိသောကြောင့် ပိုပြီးသနားသွားလေသည်။

"အခု ညီလေးဖိုးတူး ဘာလုပ်မယ်လို့ စိတ်ကူးလဲ။ လိမ်ညာတဲ့အလုပ်လိုတော့ မလုပ်ပါနဲ့ကွ။ ဒီအလုပ်ကိုသာ ဆက်ပြီးလုပ်မယ်ဆိုရင်တော့ ထောင်ဓဏဓဏကျမှာပဲ။ အလုပ်တစ်ခု ရှာလုပ်ပါလား"

"ဟုတ်ကဲ့ပါ . . . အစ်ကို။ ကျွန်တော် အလုပ်ရှာ





လုပ်ပါ့မယ်"

"အစ်ကိုတို့လည်း ဈေးရောင်းသွားလိုက်ဦးမယ်။ နောက်မှ တွေ့ကျတာပေါ့။ အစ်ကိုတို့ဆီကိုလည်း လာလည်ပေါ့။

အစ်ကိုတို့က ဟို ၂ လမ်းကျော် ရပ်ကွက်မှာ (လှမောင်နဲ့သံခဲ) ဆိုရင် လူတိုင်းသိတယ်။ အစ်ကိုတို့ သွားဦးမယ် ဖိုးတူး"

"ဟုတ်ကဲ့ . . . အစ်ကို။ အစ်ကိုတို့ကို ကျေးဇူးတင်ပါတယ်။ ကျွန်တော် ဝိုက်ဆာနေတာ အခုလိုကျွေးတဲ့အတွက် ကျွန်တော် မမေ့ပါဘူး"

လှမောင်နဲ့သံခဲတို့ ဖိုးတူးကို နှုတ်ဆက်ကာ ပဲခူးဈေးဘက်သို့ ဆက်သွားကြလေတော့သည်။ ဖိုးတူးမှာ ဦးလှမောင်ပြောခဲ့သော စကားကိုစဉ်းစားရင်း ကျန်ခဲ့လေသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



## ဖိုးတူး ကံကောင်းသောနေ့

"အင်း . . . ယခုတော့ ပိုက်ပြည့်သွားပြီ။ ကျန်တာတော့ သိမ်းထားရမယ်။ အခုတော့ ရွှေမော်ဓောဘုရားမှာ ခဏသွားနားမယ်။ တရေးတမောအိပ်ပြီး ကျန်တာ ဆက်ပြီး စဉ်းစားတာပေါ့"

ဖိုးတူးတစ်ယောက် ယနေ့လုပ်ရမည့် အစီအစဉ်များဆွဲကာ ရွှေမော်ဓောဘုရားသို့ တက်လာခဲ့တော့သည်။ ဘုရားကို အနောက်ဘက်မုဒ်မှ တက်ခဲ့သည်၊ တက်တက်ခြင်းမုဒ်မှာပင် ဘုရားကို ထိုင်ကန်တော့လေသည်။ ပြီးနောက် ဘုရားကို တစ်ပတ်ပတ်ကာ ဘုရားသိမ်တစ်ခုတွင်





ဝင်ရောက်နားလေသည်။

ငှင်း ဘုရားသိမ်၏အတွင်းဘက်တွင် ဖိုးတူးတစ်ယောက် နံရံကိုကျောမှီကာ သူ့ရဲ့အကြောင်းကို စဉ်းစားနေမိသည်။

အင်း . . . ငါ ဒီလိုပဲ လိမ်လည်ပြီး စားသောက်နေရင် ထောင်ထဲကို ဝင်လိုက်ထွက်လိုက်ဖြစ်နေမှာပဲ။ ငါရဲ့ ဘဝလည်း ဘာမှတိုးတက်လာမှာ မဟုတ်ဘူး။ ဒီနေ့ကစပြီး ငါ့ဘဝကို ပြုပြင်ရမယ်။

ထိုအခါမှာ ဖိုးတူးက ဘုရားဘက်လှည့်ပြီး လက်အုပ်ချီကာ . . .

"အရှင်ဘုရား . . . တပည့်တော် ဒီနေ့မှစ၍ သူများပစ္စည်းကို လိမ်လည်ပြီး မစားတော့ပါဘူး။ ကောင်းရောင်းကောင်းဝယ် လူကောင်းတစ်ယောက်ဖြစ်အောင် ပြုပြင်နေထိုင်သွားပါမည်ဖြစ်ကြောင်း တပည့်တော် ကတိပြုပါတယ် အရှင်ဘုရား"

ဖိုးတူး ဘုရားကိုတိုင်တည်ကာ စိတ်လက်ပေါ့ပါးသလိုခံစားပြီး ခဏမှိန်းနေလေတော့သည်။

ထိုအခါ . . .

"ဟိတ်ကောင် . . . ကြွက်နီ မြန်မြန်လာကွ။ မင်းကတော့ အသွားနှေး၊ အစားနှေးပဲ။ ထောင်ထဲဝင်ရင် မင်းပဲ



www.burmeseclassic.com

www.burmeseclassic.com



အရင်ဝင်မှာ။ ဒီနားမှာ ခဏနားရအောင်။ ဒီနေရာက လူရှင်းတယ်"

ထွန်းနဲ့ ကြွက်နီဆိုသော လူနှစ်ယောက် ဖိုးတူးနားနေသော နေရာအနီးသို့ရောက်လာကြသည်၊ ဖိုးတူးက ဘုရားသိမ်ထဲ၌ရှိနေပြီး ထွန်းနဲ့ ကြွက်နီမှာ ဘုရားသိမ်ရဲ့ အပြင်ဘက်တွင် နားနေလေသည်။ ဖိုးတူးနှင့် အုတ်နံရံသာ ခြားလေသည်။ ဖိုးတူးမှာ ခဏမှိန်းခနဲ ဖြစ်မလိုရှိတုန်း ထွန်းရဲ့ အော်လိုက်သောအသံကြောင့် လန့်နိုးသွားလေသည်။ သူနားမှာ လာနားကြမယ်ဆိုတော့ သူ့အနေနဲ့ ဘာတတ်နိုင်မှာလဲ။

ထိုအခါ ကြွက်နီဆိုသောလူက ထွန်း နားသို့ ရောက်လာကြသည်။ ထွန်းနားတွင် ဝင်ထိုင်လေသည်။ ခဏနားပြီး ထွန်းက စတင်ကာ . . .

"ကြွက်နီ . . . ပြောစမ်းကွ။ မင်း ရလာတဲ့သတင်းလေး"

"ဒီလို . . . ကိုထွန်း"

ကြွက်နီက ထွန်းကို ကိုထွန်းလို့ခေါ်ရတာက ကိုထွန်းက ကြွက်နီထက် ၂ နှစ်၊ ၃ နှစ်ကြီးလေသည်။

"လာမယ့်တနင်္ဂနွေမှာ တရားသူကြီးဦးလှမောင် ရန်ကုန်သွားဖို့ရှိတယ်။ အစည်းအဝေးဆိုလားပဲ။ တစ်ရက်





နှစ်ရက် ကြာမယ်။ အိမ်မှာ မိန်းမနဲ့ သူ့သမီးပဲ ကျန်မယ်။ အိမ်ဖော်မလေး တစ်ယောက်၊ အဒေါ်ကြီးတစ်ယောက် အားလုံး ၄ ယောက်ပဲ ကျန်မယ်"

"မင်းဟာက သေချာရဲ့လား"

"ကိုထွန်းကလည်း ကျွန်တော် မသေချာရင် မပြောပါဘူး။ ဒါကလည်း အိမ်ဖော်မလေး မခင်စိန် ကိုယ်တိုင်ပြောတာ"

"ဒါနဲ့ ခင်စိန်က မင်းနှင့် ဘယ်လိုသိတာလဲ"

"ဟဲ . . . ဟဲ . . . ဟဲ . . . ဒီလိုပဲပေါ့ ဆရာသမားရယ်"

"အလုပ်ဖြစ်ရင်တော့ သူ့ကိုလည်း နည်းနည်းပါးပါး ပေးရမှာနော် ကိုထွန်း"

"အေးပါကွာ။ ဒါတွေ ငါနားလည်ပါတယ်။ အရေးကြီးတာက ငါတို့အလုပ် ချောချောမောမောဖြစ်ဖို့ပဲ"

ဖိုးတူးမှာ သူတို့တိုင်ပင်နေသည်ကို အစမှအဆုံး ကြားနေရသည်။ အတွင်းလူပါတော့ ဒီသူခိုးနှစ်ယောက် လုပ်ရတာ ပိုပြီးအဆင်ပြေတာပေါ့။ ဒီကိစ္စ ငါ ကူညီရမယ်။

အဘဘုန်းဘုန်း ပြောဖူးတယ်။ သူတစ်ပါး ကူညီတဲ့သူဟာ ကိုယ်လည်း ဘယ်တော့မှ အကျိုးမယုတ်ဘူးတဲ့။ ဘာပဲဖြစ်ဖြစ်လေ။ ဒီနေ့ပဲသွားပြီး တနည်းနည်းနဲ့ သိအောင်



www.burmeseclassic.com

www.burmeseclassic.com



တော့ ပြောရမှာပဲ။ အဲ . . . ဒါပေမဲ့ တိုက်ရိုက် ပြောလို့တော့ မဖြစ်ဘူး။ တစ်ခုခုအကြောင်းပြပြီး ပြောရမှာပဲ။

သူခိုးနှစ်ဦးဖြစ်တဲ့ ထွန်းနဲ့ ကြွက်နီတို့ပြောတဲ့ တရားသူကြီးဦးလှမောင် ဘယ်နားမှာနေမှန်းတောင်မသိတဲ့ ဖိုးတူးတစ်ယောက် စဉ်းစားနေမိသည်။ ဒါပေမဲ့ ပါးစပ်ပါရင် မေးလို့ရတာပဲ။ ဒီနေ့ ဘာနေ့လဲ။

ဖိုးတူးမှာ စဉ်းစားလိုက်သည်။ ငါ ဒီနေ့ ထောင်က လွတ်တာ တနင်္ဂနွေနေ့ပဲ။ ဒါဆို တစ်ပတ်တောင် အချိန်ရတာပဲ။ ယခုတော့ အိပ်ရေးဝအောင် အိပ်လိုက်ဦးမယ်။ အိပ်ရေးဝတော့မှ ကျန်တာ စဉ်းစားရမယ်။

မျက်နှာဖြူကြီးတွေရဲ့ တရားသူကြီးဆိုတော့ သူနဲ့ အသိအကျွမ်းလုပ်ဖို့ သိပ်မလွယ်ဘူး။ သူ့အနားကို ဘယ်လို ကပ်ရမလဲ။ သူနဲ့နီးအောင် ဘယ်လိုလုပ်ရမလဲ။ ဖိုးတူး တစ်ယောက် တရားသူကြီးနှင့် နီးစပ်အောင် စဉ်းစားရင်း ခေါင်းတောင် ကိုက်လာသည်။ မစဉ်းတာဘဲ ကောင်းပါတယ်လေ။ အိပ်ရေးဝအောင် အိပ်လိုက်တာပဲ ကောင်းပါတယ်။ ဖိုးတူးတစ်ယောက် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားလေသည်။

အချိန်တော်တော်ကြာ အိပ်ပျော်သွားသော ဖိုးတူး တစ်ယောက် . . .





"ဖုတ် . . . ဖုတ်"

"အမလေး . . . ဘုရား . . . ဘုရား"

ဖိုးတူးတစ်ယောက် အမလေးဆိုသော အသံကြီးလို တစ်အားအော်ပြီး ဘုရားလည်းတလိုက်သည်။ ထိုအခါ မိမိအပေါ်သို့ တဖုတ်ဖုတ်နဲ့ ကျလာသော အကောင်နှစ်ကောင်ကို ကြည့်လိုက်သောအခါ အိမ်မြှောင်နှစ်ကောင်ဖြစ်နေသည်ကို တွေ့လိုက်သည်။ အိမ်မြှောင်နှစ်ကောင်မှာ အထီးနဲ့အမဟု ယူဆရသည်။ ဘာကြောင့်လဲဆိုသော နှစ်ကောင်စလုံး ပူးကပ်ပြီး၊ မခွဲဘဲ နှစ်ကောင်စလုံး ဒီအတိုင်းရှိနေကြသည်။

သူလည်း အလန့်တကြားဖြစ်ကာ ၎င်းနှစ်ကောင်ကို ကိုယ်ပေါ်မှ ကော်ချလိုက်ရလေသည်။ ကြမ်းပြင်ပေါ် ရောက်မှပဲ အိမ်မြှောင်နှစ်ကောင်စလုံး ခွာလိုက်ကြပြီး တစ်နေရာဆီကို ခွဲထွက်သွားကြလေတော့သည်။

"အင်း . . . ဖိုးတူးလည်း အိမ်မြှောင်နှစ်ကောင် မိမိပေါ်ကျလာတာရယ်၊ နှစ်ကောင်စလုံးကလည်း အထီးနဲ့အမ သံဝါသပြုနေတာရယ်ဆိုတော့၊ ဒါဆို ဒီနေ့တော့ ငါ ကံကောင်းမယ့်နေ့ပဲ။ ငါ ဘာလုပ်လုပ် အဆင်ပြေဖို့များတယ်"

ဖိုးတူးမှာ မိမိတစ်ယောက်တည်း အတွေးထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



...များရင်း ဆက်ပြီး အိပ်ချင်စိတ်မရှိတာနဲ့ ဘုရားအနောက်ဘက် ရေအိုးစင်နားသို့သွားပြီး မျက်နှာသစ်လိုက်လေသည်။ မျက်နှာသစ်ပြီး မျက်နှာသုတ်စရာမရှိလေတော့ မိမိရဲ့ နံပယ်ပိုင်းလေးကိုပဲ မျက်နှာသုတ်လိုက်လေသည်။

ကိစ္စများပြီး၍ ဗိုက်က ဆာလာပြန်သည်။ ဒါပေမဲ့ ဘူမှာ ငှက်ပျောသီးတော့ နည်းနည်းကျန်နေသေးသည်။ ဒါဖြင့် လောလောဆယ်တော့ ဗိုက်ဖြည့်ထားရမှာပဲလေ။ မိမိအိပ်ခဲ့သောနေရာသို့ ရောက်လာသည်။

ဒါပေမဲ့ ဖိုးတူး ကံဆိုးသွားလေသည်။ ဘာဖြစ်လို့လဲဆိုတော့ မိမိငှက်ပျောသီးများကို ဘယ်အချိန်ကများ ချောင်းနေလဲမသိတဲ့ မျောက်တစ်ကောင်က ကောင်းကောင်းထိုင်စားနေလေသည်။ သူပြန်ရောက်တော့ တစ်လုံးမှတောင် မရှိတော့ပါ။ ထိုအခါ ဖိုးတူးက မျောက်ကလေး ...သီးစားနေတာကိုကြည့်ပြီး ဒေါသမဖြစ်ဘဲ . . .

အင်း . . . မင်းလည်း ငါလိုပဲ ရှာစားရတာပဲ။ စားစား မင်းလည်း သတ္တဝါပဲ၊ ငါလည်း သတ္တဝါပဲ။ သတ္တဝါမှန်သမျှဟာ ဝမ်းရေးအတွက် ရှာစားရတာပဲ။ ငါဆိုတဲ့ သူကတော့ ပိုက်ဆံရှာပြီး ဝယ်စားလို့ရတယ်။ မင်းကတော့ ပိုက်ဆံမရှာကတ်တော့ သူတစ်ပါးပစ္စည်းခိုးစားရတာပေါ့"

"တစ်ချိန်က ငါလည်း သူများပစ္စည်း ခိုးရင်ခိုး၊





မခိုးရင် လိမ်ညာပြီး စားရရှာတာပဲ။ ဒီတော့ မင်းနဲ့ငါ ဘာမှမထူးဘူး ဘဝတူပဲ"

ဖိုးတူးမှာ မျောက်ကလေးကိုကြည့်ပြီး သနားသွားသည်။ သူမှာ မိဘရှိသလားတော့ မသိဘူး။ ငါမှာတော့ မိဘဆိုတာ မသိလိုက်ရဘူး။

မျောက်ကလေးမှာ ငှက်ပျောသီးများစားနေယင်း တော်တော် ဝတ်နေသလားတော့မသိဘူး။ ငှက်ပျောသီးတစ်ဖီးမှာ တစ်ဝက်လောက်ကျန်တာ ကုန်သွားလေတော့သည်။

မျောက်ကလေးမှာ ငှက်ပျောသီးကို စားလိုက် ဖိုးတူးကိုကြည့်လိုက် လုပ်နေသည်။ ဖိုးတူးမှာ မျောက်ကလေး ငှက်ပျောသီးစားတာ သူနဲ့ မနီးမဝေးမှာ ထိုင်ပြီး ကြည့်နေလေသည်။ မျောက်ကလေးကတော့ သူ့ကိုရန်မမူမှန်း သိလို့လားမသိဘူး အေးအေးဆေးဆေးပဲ စားနေလေသည်။

ကြောတော့ ငှက်ပျောသီးလည်း ကုန်သွားတာနဲ့ ဘုရားသိမ်ရဲ့ အနောက်ဘက်သို့ ခုန်ကူးကာ အနီးရှိသစ်ပင်ပေါ်သို့ တက်သွားလေတော့သည်။ သစ်ပင်ပေါ်ရောက်တော့ မျောက်ကလေးမှာ ချက်ချင်းထွက်မသွားဘဲ ဖိုးတူးကို သေသေချာချာ ကြည့်သွားလေတော့သည်။

ဖိုးတူးလည်း ဘုရားသိမ်ထဲ သူအိပ်ခဲ့သောနေရာ



www.burmeseclassic.com

www.burmeseclassic.com



သို့လာပြီး မျောက်ကလေး စားသွားသော ငှက်ပျောခွံများကို ရှင်းလင်းသုတ်သင်ကာ ဘုရား၏ အနောက်ဘက်သို့ သွားပစ်ချလေသည်။ နောက်ပြီး သန့်ရှင်းရေးများပြုလုပ်ပြီး ခဏနားကာ စဉ်းစားနေလေသည်။

ငါမှာတော့ စားစရာ မရှိတော့ဘူး။ မျောက်ကလေး စားသွားလို့ ဗိုက်ကလည်း ဆာလိုက်တာ။ အိတ်ထဲသို့ လက်နှိုက်ကြည့်လိုက်သောအခါ အကြွေ ၅ဝိ/သာ ကျန်သည်။ ၎င်းအကြွေ ငါးဆယ်ပြားနဲ့ ဘာဝယ်စားရမလဲ။ ဖိုးတူးတစ်ယောက် စဉ်းစားနေတုန်း သူနှင့်မလှမ်းမကမ်းမှ ဇရပ်တစ်ခုတွင် သားအမိသုံးယောက် အိုးခွက်များ၊ ဇလုံ၊ ခြင်းတောင်းများဖြင့် ရောက်လာကြသည်။ လူကြီးတစ်ဦး မိန်းကလေး နှစ်ဦးပါသည်။ ကျန်သော အလုပ်သမား ၂ ဦး၊ ၃ ဦးလည်း ပါသည်။

ဖိုးတူးက စောင့်ကြည့်နေသည်။ သူတို့ဘာများ လုပ်ကြမှာလဲဆိုတာ ကြည့်နေသည်။ ၎င်းသူများ နေရာ ထိုင်ခင်းများ၊ ဖျာများခင်းကာ နေရာချကြသည်။ ပြီးနောက် အိုးခွက်များနားသို့သွားကာ အလုပ်ရှုပ်နေကြသည်။ ထိုအခါ မိန်းမကြီးတစ်ဦးက ဖက်များထဲသို့ ထမင်းများ၊ ဟင်းများ ထည့်ကာ သမီးဟု ထင်ရသော မိန်းကလေးလက်ထဲသို့ လှမ်းပေးလိုက်သည်။ ၎င်းမိန်းကလေးက ယူပြီး သေသေ





သပ်သပ်ထုတ်ကာ နှီးကြိုးဖြင့် ချည်လေသည်။ ချည်ပြီးသော ထမင်းထုတ်များကို ဗောင်းတွင်တစ်ခုပြီးတစ်ခု ပုံထားလေတော့သည်။

ဖိုးတူးလည်း သူတို့တွေကိုကြည့်ပြီး ဘာများလာလုပ်တာလဲ။ အလှူများလာလုပ်တာလား။ အလှူလာလုပ်ရင်တော့ ငါတော့ မငတ်တော့ဘူးပေါ့ဟုဆိုပြီး ပျော်နေမိလေသည်။

သိပ်မကြာလိုက်ပါ။ သူတို့ဇရပ်နားသို့ လူများ တဖြည်းဖြည်း၊ တစ်ဦးပြီးတစ်ဦး ရောက်လာကြသည်။ ခဏကြာတော့ လူများလာကြသည်။ ဒါပေမဲ့ တိုးဝှေ့တာမျိုး၊ လုယက်တာမျိုး မလုပ်ကြဘဲ ပတ်ဝန်းကျင် အရိပ်ကောင်းသောနေရာတွင် သူ့ဟာသူထိုင်ပြီး နေကြလေသည်။

ဖိုးတူးသည် ဒီလူတွေ ဘာများလာလုပ်ကြတာလဲ။ ကြည့်ရတာတော့ ဒီလူတွေ ဒီနားက ရွာကလူတွေပဲဖြစ်ရမယ်။ ဘာများဆက်လုပ်ကြမလဲဆိုတာ ဆက်ပြီး ကြည့်နေမိသည်။

ဒါပေမဲ့ သိပ်မကြာလိုက်ပါ။ ၎င်းမိသားစုများက ဇရပ်ပေါ်မှ လှေကား ၃ဆင့်သာမြင့်သော အောက်သို့ဆင်းကာ လူကြီးလူကောင်းနဲ့ မိန်းမကြီးက အောက်မှနေ၍ အပေါ်မှ သမီးဟုထင်ရသော မိန်းကလေးက ထမင်းထုပ်

www.burmeseclassic.com

www.burmeseclassic.com



များကို ယူပေးနေလေသည်။

ငင်းလူကြီး ဆင်းလာကတည်းက ပတ်ဝန်းကျင် ဘုံ ဆိုင်နေကြသော ကလေးလူကြီးများက ထလာပြီး အစ်အရုံတန်းစီကာ၊ ငင်းလူကြီးပေးသော ထမင်းထုပ်များ ယူပြီး ထွက်သွားကြလေတော့သည်။ ဖိုးတူးလည်း ငင်းတို့ ပြုလုပ်ပုံကို ကြည့်ပြီး အလှူလာလုပ်ပါလားဆိုတာ သိလိုက်ရလေသည်။ ငင်းတို့လှူနေတာကို ထမင်းထုပ်လာယူတဲ့ လူများကလည်း သိနေသလိုပဲ။ အလိုလို ရောက်လာကြတယ်။ ဒီအတိုင်းဆိုရင် ငင်းလူတွေဟာ အပတ်တိုင်းလာလှူနေကြဖြစ်လိမ့်မယ်။

အင်း . . . ငင်းအလှူမျိုး ငါလည်း လှူချင်လိုက်တာ။

အဘဘုန်းပြောတဲ့ စကားတစ်ခွန်း သွားသတိရမိတယ်။

မရှိ၍မလှူ၊ မလှူ၍မရှိတဲ့။

ငါလည်း တစ်နေ့ ပိုက်ဆံရှာလို့ရရင် ငင်းအလှူမျိုးလှူမယ်လို့ ဆုံးဖြတ်လိုက်လေသည်။ သူ ဘယ်လောက်ကြာအောင် စဉ်းစားနေသည်မသိ၊ သူ့အနားသို့ လူတစ်ဦး ရောက်လာတာ မသိလိုက်ပါ။

"အစ်ကို . . . အစ်ကို . . . အစ်ကို"





"ဘာတွေ စဉ်းစားနေတာလဲ။ ညီမ ခေါ်နေတာ ကြာပြီ"

ထိုအခါ ဖိုးတူးက သူ့ကို လာခေါ်နေသော သူကို ကြည့်လိုက်သောအခါ မိန်းကလေးတစ်ဦး ဖြစ်နေသည်။ သူ့ထက်တော့ ငယ်မည်ဟု ထင်ရလေသည်။ ဒါနဲ့ သူလည်း အားနာသော မျက်နှာထားဖြင့် . . .

"ဟာ . . . အားနာလိုက်တာဗျာ။ ကျွန်တော် စဉ်းစားလွန်သွားလို့ပါ"

ထိုအခါ မိန်းကလေးက ဆက်ပြီး . . .

"အစ်ကို တစ်ယောက်တည်းလား။ ကျွန်မတို့ ထမင်းထုပ်လာလှူနေတာ လာမယူလို့ ကျွန်မရဲ့အဖေက လွှတ်လိုက်တာပါ။ ရော့ . . . ဒီမှာ ထမင်းထုပ်၊ ဟင်းပါပါတယ်။ ကံကောင်းရင်တော့ ကံစမ်းမဲပါ ပါတယ်။ ကံကောင်းပါစေလို့ ကျွန်မ ဆုတောင်းလိုက်ပါတယ်။ ကျွန်မ ပြန်ဦးမယ်နော်။ ရော့ . . . အစ်ကို ထမင်းထုပ်"

မိန်းကလေးလည်း ထမင်းထုပ်ပေးပြီး ပြန်သွားလေတော့သည်။

သူလည်း ထမင်းဆာနေတာနဲ့ အတော်ပဲ။

အင်း . . . ယခု လက်ငင်း စေတနာအကျိုးပေးတာပဲ။ ငါ မျောက်ကလေးပေါ် ထားလိုက်တဲ့စေတနာ၊ ယခု



www.burmeseclassic.com

www.burmeseclassic.com



ငါ့အပေါ် စေတနာထားတဲ့ လူပေါ်လာပါလား။ ငါကတော့ မျောက်ကလေးကို ငှက်ပျောသီးသာ ကျွေးလိုက်တာပါ။ ယခုတော့ ငါရလိုက်တာက ထမင်းနဲ့ဟင်း ကောင်းလေစွ ကောင်းလေစွ။

ဒီမိသားစု ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ လိုရာ ဆန္ဒများ ပြည့်ဝကြပါစေဟု ထမင်းထုပ်ရဲ့ အလယ်တွင် ကံစမ်းမဲတစ်ခုပါလာတာ တွေ့ရလေသည်။ ကံစမ်းမဲဆို ပေမယ့် တခြားတော့မဟုတ်ပါ။ ပလက်စတစ်အိတ်ထဲတွင် ပိုက်ဆံ ၅/တန်ကို ထည့်ပြီး မီးရှို့ပိတ်ထားလေသည်။

"အင်း . . . ငါတော့ ကံကောင်းပြီးရင်း ကောင်းနေပါလား။ ထမင်းလည်း စားရတယ်။ ပိုက်ဆံပါ ရလိုက်သေးတယ်"

ဖိုးတူးလည်း အားရဝမ်းသာဖြစ်ကာ ထမင်းကို မြိန်ရေယှက်ရေ စားသောက်သည်။

ဖိုးတူးကို ထမင်းထုတ်ပေးပြီး ပြန်လာသော မိန်းကလေးကို လူကြီးက . . .

"သမီး . . . မိမိနိုင်၊ ဟိုသူငယ် ထမင်းထုပ် ယူရဲ့လား"

"ယူပါတယ် ပါးပါး။ ပြီးတော့ သူ့ကိုကြည့်ရတာ သခင်လိုလို ဘာလိုလိုပဲ"





"သမီးက ဘာဖြစ်လို့ ဒီလိုပြောရတာလဲ"

"သူဝတ်စားထားတာလည်း ကြည့်ပါဦး။ အကျီက ပင်နီတိုက်ပုံနှင့် အောက်ပိုင်းကျတော့ ပုဆိုးမဟုတ်ဘဲ ဝိတ်ဖြူပိုင်းလေး ဝတ်ထားတယ်"

သမီး မိမိနိုင် လာပြောတာ၊ အဖေဖြစ်သူက စဉ်းစားသွားလေသည်။ သမီးပြောပုံအရဆိုရင် သခင်များဖြစ်မလား။ တစ်ခုခုတော့ ထူးခြားသလိုပဲ။ ငါသွားမေးကြည့်ဦးမယ်။

သားအဖ ၃ ဦးဖြစ်တဲ့ ဘရားသူကြီး ဦးလှမောင်၊ ဇနီး ဒေါ်သူဇာနိုင်၊ သမီး မိမိနိုင်တို့သည် တနင်္ဂနွေနေ့တိုင်း ပဲခူးရွှေမော်ဓောဘုရားတွင် အမြဲတမ်း အလှူပေးနေကြဖြစ်သည်။ ဒီအပတ်မှ ရင်းသူငယ်၏ ထူးခြားမှုကို တွေ့ရမြင်ရ ကြားရလေသည်။

ဦးလှမောင်လည်း စိတ်ဝင်စားမှုကို မနေနိုင်တော့ဘဲ ယခုပဲ သွားမေးကြည့်ရင် ကောင်းမှာပဲဆိုပြီး ဖိုးတူးရှိရာသို့ ထလာခဲ့လေသည်။

ဖိုးတူးတစ်ယောက် ထမင်းကို ငုံ့ပြီး မြိန်ရေယှက်ရေ စားနေလေသည်။ မိမိအနားတွင် လူတစ်ယောက်လာရပ်နေတာကိုပင် မသိလိုက်ပါ။ ဒါပေမဲ့ ထမင်းစားရင်း သူ့နောက်တွင် လူတစ်ယောက်လာရပ်နေသလိုမျိုး စိတ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ထင်မိ၍ ခေါင်းကိုနောက်သို့ လှည့်ကြည့်မိလေသည်။

"စားပါ သူငယ်။ စားစား . . . ဦးက ထမင်းစားလို့ မပြီးသေးလို့ မခေါ်တာပါ"

ဖိုးတူးလည်း အသံကြားလိုက်၍ မတ်တတ်ရပ်လိုက်သည်။ ထိုအခါ ငှင်းလှူကြီးနဲ့ မျက်နှာချင်းဆိုင်မိသလို ဖြစ်သွားသည်။

ဖိုးတူးသည် ငှင်းလှူကြီး၏ မျက်နှာအမူအရာကို အကဲခတ်ပြီး ကြည့်လိုက်သောအခါ . . .

"နဖူးပြင်မှာ ညီညာပြန့်ဖြူးပြီး အဖုအပိတ် ဘာမှ မရှိပါ။ အပေါ်နှုတ်ခမ်းနဲ့ အောက်နှုတ်ခမ်း ထူနေတာတွေ့ရလေသည်"

ငှင်းအချက် နှစ်ချက်နှင့်ပင် ငှင်းလှူဟာ ပညာတတ် လှူကြီးလှူကောင်းဖြစ်ရမယ်။ သူတစ်ပါးအပေါ် သနားကြင်နာစိတ်ရှိပြီး ကူညီတတ်သူဖြစ်လေသည်။ စိတ်သဘောထားလည်း ကောင်းမည့်လက္ခဏာပင် ဖြစ်လေသည်။

လည်ပင်းရဲ့ ဘယ်ဘက်တွင် မှဲ့လေးတစ်လုံးပါ ရှိနေပြန်တော့ ကျက်သရေ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသူဖြစ်ကြောင်း ဂုဏ်သရေရှိ လှူကြီးလှူကောင်းဖြစ်ကြောင်း သူသိလိုက်သည်။





သူ့ရဲ့ အင်္ဂါရုပ်အတတ်ပညာနှင့် သိလိုက်၍ ငှင်းလှူကြီးကို သူကပင် စတင်ကာ မိတ်ဖွဲ့လေသည်။

"ဦးက အရောင်ရှိတစ်ယောက်၊ ဂုဏ်သရေရှိ လှူကြီးတစ်ယောက် ဖြစ်လိမ့်မယ်လို့ ထင်ပါတယ်"

"ဟုတ်ပါတယ်ကွယ်။ ဒီက မောင် . . . ဘယ်သူ"

"ကျွန်တော့်နာမည် ဖိုးတူးပါ"

"မောင်ဖိုးတူးပြောတာ ဟုတ်ပါတယ်။ ဦးက တရားသူကြီး ဦးလှမောင်ပါ။ ဒီ ပဲခူးနယ်မြေကပဲ။ ခုနက ထမင်းထုပ် လာပေးသွားတဲ့သူက ဦးရဲ့သမီး မိမိခိုင်ပါ။ သမီးက မောင်ဖိုးတူးရဲ့ ထူးခြားတာပြောပြလို့ ဦးကလာပြီး အကဲခတ်ထားပါ"

"ဟုတ်ပါတယ် ဦး။ ကျွန်တော်က ဒီနေ့ပဲ တောင်ကထွက်လာတာပါ။ ဒီဘုရားပေါ်မှာလာပြီး ခဏနားနေတာပါ"

သူ့ရဲ့အကြောင်းကို မလိမ်မညာဘဲ ပြောလိုက်သည်။ သူ့မိုးနှစ်ယောက်ပြောသွားတဲ့ စကား။

သူကြီးဦးလှမောင်ကို ယခုလို ဆိုက်ဆိုက်မြိုက်မြိုက် တွေ့လိုက်ရလို့ ဝမ်းသာမိသည်။

ထိုအခါ ဦးလှမောင်က . . .

"ဒါဆို မောင်ဖိုးတူးက တောင်ကျွမ်းတယ်ဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



ဘာအမှုလဲ"

"လိမ်လည်မှုပါ"

"ဒါဆို မောင်ဖိုးတူးက လိမ်တဲ့ ညာတဲ့နေရာမှာ ကျွမ်းကျင်မှာပေ့ါ"

"မပြောပလောက်ပါဘူး ဦးရယ်"

"ဒါနဲ့ နာမည်ရင်းက ဖိုးတူးပဲလား"

"မဟုတ်ပါဘူး။ အပြည့်အစုံကတော့ ဖိုးတူးသုည ပါ"

"မင်း နာမည်ကလည်း အဆန်းပါလား။ ဖိုးတူး သုညဆိုတော့ ဂဏန်းနဲ့ဖော်ရင် (၄၂၀) ပေ့ါ။ မင်းအလုပ် အကိုင်နဲ့ မင်းနာမည်နဲ့တော့ လိုက်ပါတယ်ကွာ"

"ဟုတ်ပါတယ်။ ဒီနာမည်ကို ထောင်ထဲက လူ တစ်ယောက်က ပေးတာပါ"

"ကျွန်တော် နာမည်အရင်းက သုညပါ"

"ထောင်ထဲမှာ နှစ်ကြီးကျတဲ့ သခင်. ခင်မောင်က ကျွန်တော့်ကို သဘောကျပြီး ရှေ့က ဖိုးတူးလို့ ထပ်ထည့် ပေးတာပါ။ ထောင်ထဲမှာ ကျွန်တော့်ကို ဖိုးတူးသုညဆိုရင် မသိသလောက်ပါဘဲ။ ကျွန်တော်ဆိုတဲ့သူကလည်း (၄၂၀) နဲ့ ဝင်လိုက်ထွက်လိုက်ဆိုတော့ ကျွန်တော့်ကို အားလုံးက ခင်နေကြတယ်"





ထိုအခါ ဦးလှမောင်က ဖိုးတူးရဲ့ ဇာတ်ကြောင်းကို သိလိုက်ရ၍ ခေါင်းတညိတ်ညိတ် လုပ်နေလေသည်။

"ဒါနဲ့ မင်းဝတ်စားထားတာကလည်း အပေါ်ပိုင်းက ပင်နီတိုက်ပုံနှင့် အောက်ပိုင်းကျတော့ ပိတ်ဖြူ။ ဘာဖြစ်လို့ ဖြစ်နေရတာလဲ"

"ဒါကလည်း ဒီလိုပါ။

ကျွန်တော် ထောင်ထဲကထွက်လာတော့ သခင် ခင်မောင်က ကျွန်တော့်ကိုခင်လွန်းလို့ သူ့ရဲ့ အဝတ်အစား ပင်နီတိုက်ပုံကို ကျွန်တော့်ကို အပိုင်ပေးလိုက်တာပါ။

အောက်ပိုင်းဖြစ်တဲ့ ပိတ်ဖြူကတော့ ထောင်မှူး ကြီးက သူ့အပေါ် လူဖော်လုပ်နိုင်လို့ အပိုင်ပေးလိုက်တာပါ။ ဒီပိတ်ဖြူလေးအတွက် ထောင်မှူးကို ကျွန်တော် ပညာ တစ်ခု ပြရသေးတယ်။ ပညာဆိုလို့ အထင်တော့မကြီးလိုက် ပါနဲ့ဦး။ ထောင်ကအထွက်မှာ ကျွန်တော်က ထောင်မှူးကြီး ကို လိမ်တာ ပညာတစ်ခုပြရလို့ပါ"

"မင်းက ထောင်မှူးကိုတောင် လိမ်တတ် ညာ တတ်တယ်ဆိုတော့ မင်းပညာကိုတော့ ငါ အထင်မသေးရဲ ဘူး။

ဒါနဲ့ ထောင်မှူးကြီးကို မင်းက ဘယ်လို လိမ်လိုက် တာလဲ" "... ... ... ..."



www.burmeseclassic.com

www.burmeseclassic.com



"မောင်ဖိုးတူးကတော့ စံပဲ။ ထောင်မှူးဆီက [illegible] ခွင့်လိမ်ယူရဲတယ်"

"ဟာ . . . မဟုတ်ပါဘူး ဦး။ သူကိုယ်တိုင်က ကြည်ကြည်ဖြူဖြူ လိမ်နိုင်းလို့ ကျွန်တော်ယူရတာပါ"

"ဟုတ်ပါတယ်။ ဦးကလည်း အပြစ်ပြောနေတာ မဟုတ်ပါဘူး။ ဒါနဲ့ မောင်ဖိုးတူး ဘာအလုပ်လုပ်မှာလဲ။ ဒီနေ့ပဲ ထောင်ကထွက်လာတယ်ဆိုတော့ အလုပ်ရှိလို့လား"

"အလုပ်ကတော့ မရှိသေးပါဘူး။ ယခုမှ ရှာရဦးမယ်"

"လိမ်တဲ့အလုပ်တော့ မလုပ်ပါနဲ့တော့ကွာ"

တရားသူကြီးဦးလှမောင်က . . .

"ဖိုးတူးရဲ့ မင်းရဲ့ရုပ်ရည်နဲ့ ခန္ဓာကိုယ်နဲ့ဆိုရင် အလုပ်က မရှားပါဘူး။ ဒါနဲ့ မင်း ကားမောင်းတတ်လား"

"ဟုတ်ကဲ့ . . . ကားလည်း မောင်းတတ်တယ်။ ပြင်လည်း ပြင်တတ်ပါတယ်။ ကျွန်တော့်ကို ထောင်ထွက်တစ်ယောက်ဆိုပြီး အလုပ်မပေးရဲကြဘူး။

ဒါပေမဲ့ ယခုအချိန်ကစပြီး ကျွန်တော် ကောင်းကောင်းမွန်မွန် အလုပ်ပဲလုပ်တော့မယ်လို့ ဆုံးဖြတ်လိုက်ပါပြီ"

ဖိုးတူးပြောနေသော စကားများရဲ့ အသွားအလာ





မျက်နှာအမူအရာကို ဦးလှမောင်တစ်ယောက် အကဲခတ်နေမိသည်။ တရားသူကြီးတစ်ယောက်ဖြစ်တော့ လူကဲတော့ ခတ်တတ်ပါသည်။ သူ့ရဲ့မျက်နှာအမူအရာများ ပေါ်လွင်နေသောကြောင့် သူ့ရဲ့ဆုံးဖြတ်ချက်ကို ပြောလိုက်လေသည်။

"ဒါဆို မောင်ဖိုးတူး . . . ဦးရဲ့ အိမ်မှာ ကားမောင်းမလား။ ဦးတို့လည်း ဒရိုင်ဘာလိုနေတယ်"

ဦးလှမောင်က သူ့ကိုအလုပ်ပေးတဲ့အတွက် ဖိုးတူး ဝမ်းသာသွားသည်။ ပြီးနောက် သူ့ခိုးနှစ်ယောက်ရဲ့ အစီအစဉ်ကိုလည်း သူကိုယ်တိုင်ကြားခဲ့တဲ့အတွက် သူ့အဲနေနဲ့ ကူညီခွင့်ပါ တပါတည်း ရလိုက်ပြီမဟုတ်ပါလား။ ဒါကြောင့် ဦးလှမောင်ရဲ့ ကမ်းလှမ်းချက်ကို လိုလိုလားလား လက်ခံလိုက်တော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်လေသည်။

"ဟုတ်ကဲ့ပါ . . . ဦး။ ကျွန်တော် အရမ်းဝမ်းသာတာပဲ ဦးရယ်။ ကျွန်တော်အပေါ် ယုံကြည်ပြီး အလုပ်ပေးတဲ့အတွက် ဦးရဲ့ကျေးဇူးကို ကျွန်တော် တတ်နိုင်သလောက် ပြန်ဆပ်ပါ့မယ်"

အင်း . . . ငါရဲ့ သဒ္ဓါစိတ်တစ်ခုကြောင့် ထမင်းလည်း အဆင်သင့်စားရတယ်။ အလုပ်ပါ တစ်ပါတည်းရလိုက်တယ်။ မျောက်ကလေး စားနေတဲ့ ငှက်ပျောသီးကို



www.burmeseclassic.com

www.burmeseclassic.com



ငါက ပြန်မယူဘဲ ကျွေးလိုက်တဲ့အတွက်ကြောင့်၊ ရင်းမျှောက်ကလေးကလည်း ပိုင်ရှင်လာမှန်းသိလျက် အေးအေးဆေးဆေး ထိုင်စားနေတာ။ ငါ့ရဲ့စေတနာကို နားလည်လို့ပဲလို့ ထင်တယ်။

တူသော အကျိုးပေးတယ်ဆိုတာ ဒါမျိုးလားပဲ။

"မောင်ဖိုးတူး ဘာတွေစဉ်းစားနေတာလဲ။ နောက်ဆံတင်းတာတွေ ရှိသေးလား။ မရှိရင် ပစ္စည်းတွေယူပြီး ယခု တစ်ခါတည်းပဲ ဦးတို့နဲ့လိုက်ခဲ့တော့"

ထိုအခါ မောင်ဖိုးတူးက . . .

"ဟင်း . . . ဟင်း . . . ဟင်း"

ဦးလှမောင်က မောင်ဖိုးတူးတစ်ယောက် ရယ်နေတာ ကြည့်ပြီးပြုံးကာ . . .

"မောင်ဖိုးတူး . . . ဘာရယ်တာလဲ"

"ဘာမှမဟုတ်ပါဘူး။ ဦးက ကျွန်တော့်ကို ပစ္စည်းတွေ ယူစရာရှိတာယူပြီး လိုက်ခဲ့တော့လို့ ပြောတာကို ရယ်တာပါ။

ကျွန်တော့်မှာ ယူစရာ ဘာမှမရှိပါဘူး။ ဒီအတိုင်းပဲ လိုက်ခဲ့မှာပါ

အကျႌက ထောင်ထဲက သခင်ခင်မောင် ပေးတယ်။





ပုဆိုးက ထောင်မှူးကြီးကပေးတယ်။

ဇက်ပျောသီးစားဖို့ အထမ်းသမားတစ်ဦးက ပေးခဲ့တယ်။

ထမင်းထုပ်ကို ဦးက ကျွေးတယ်။

ဟော . . . အလုပ်ကိုလည်း ဦးကပဲပေးတယ်။

ဒီနေ့၊ ဒီရက်၊ ဒီအချိန်မှာ ကျွန်တော်လောက် ကံကောင်းတယ်တဲ့လူ ရှိပါဦးမလားဆိုတာ တွေးမိသည်။

(ဒီနေတော့ ဖိုးတူး ကံကောင်းသွားပြီ။)

× × ×



www.burmeseclassic.com

www.burmeseclassic.com

# စိတ်သစ်လူသစ် ဖိုးတူး

ဖိုးတူးတစ်ယောက် အားရဝမ်းသာစွာဖြင့် ပဲခူးရွှေမော်ဓောဘုရားဘက်လှည့်ကာ ဒူးထောက်ပြီး ဦးသုံးကြိမ် ချလိုက်ပါတော့သည်။ ပြီးနောက် တရားသူကြီး ဦးလှမောင်ဘက်လှည့်ကာ ကန်တော့ပြန်လေသည်။

ဦးလှမောင်က မောင်ဖိုးတူးရဲ့ သိတတ်တဲ့ကျေးဇူးတရားကို ကြည့်ကာ . . .

"အေး . . . မောင်ဖိုးတူးတစ်ယောက် ဒီထက်မက အဆမတန် တိုးတက်ကြီးပွားတိုးတက်ပါစေကွာ"





"ပေးတဲ့ဆုနဲ့ ပြည့်ပါစေခင်ဗျာ"

ဖိုးတူးတစ်ယောက် ဆုပေးတာ ကျေကျေနပ်နပ် လက်ခံယူပြီး ဦးလှမောင်နောက်သို့ လိုက်ခဲ့လေတော့သည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၁ )

## နေစရာနေရာလေးတစ်ခု

(တရားသူကြီး ဦးလှမောင်)

ပဲခူးမြို့ရဲ့ လှကုံတန်ရပ်ကွက်ဟု ယူဆရသော နေရာလေးတစ်ခု။ တစ်ခြံနှင့်တစ်ခြံ ၄ ဖာလောက် ကျယ်လိမ့်မည်ဟု ခန့်မှန်းရလေသည်။ ခြံရှေ့သို့ ကားတစ်စီးရောက်လာ၍ . . .

"တီ . . . တီ . . ., တီ . . . တီ"

ကားဟွန်းသံ။ ပထမတစ်ကြိမ် တီးသော်လည်း ခြံထဲမှ လူတစ်ယောက်မှ ထွက်မလာပါ။ ဒုတိယ ကားဟွန်း





သံ ထပ်ပေးလိုက်မှ အိမ်ထဲမှ အမျိုးသမီးတစ်ဦးထွက်လာသည်။ အသက်အားဖြင့် ၅၀ လောက်ရှိမည်ဟု ခန့်မှန်းရလေသည်။ ခြံတံခါးနှင့် အိမ်ဟာ ပေတစ်ရာလောက်ရှိမလား မသိဘူး။ တော်တော်နှင့် မရောက်နိုင်ပါ။

ကြည့်ရသည်မှာ ခြံစောင့်မရှိဘူးလား မသိဘူး။

ဖိုးတူးမှာ ခြံရဲ့အခြေအနေကို အကဲခတ်ကာ အားလုံးကို အကဲခတ်စောင့်ကြည့်နေမိတယ်။ တရားသူကြီးတစ်ယောက်ဖြစ်ပြီး ဘာကြောင့် ခြံစောင့်မငှားရတာလဲ။ အပြင်သွားရင် ဒီမိသားစုကို စိတ်ချလက်ချ ထားသွားတာပဲလား။ ဒါကြောင့်လည်း သူခိုးနှစ်ယောက်က တရားသူကြီးအကြောင်းသိလို့ ဖောက်ထွင်းဖို့ကြိုးစားတာပေါ့။

ထိုအခါ အဒေါ်ကြီးတစ်ယောက် ခြံတံခါးလာဖွင့်ပေးသည်။ တံခါးဖွင့်ကာ စောင့်နေလေသည်။ တရားသူကြီးဦးလှမောင်က ကားလေးခြံထဲသို့ မောင်းဝင်သွားပြီး ကားကို ဆင်ဝင်အောက်တွင် ရပ်လိုက်လေသည်။

အိမ်လေးကို သေသေချာချာ လှမ်းလာလိုက်သောအခါ ဘိုဆန်ဆန် ဆောက်ထားသောကြောင့် နေချင်စဖွယ်လေးဖြစ်လေသည်။

အိမ်ရှေ့ရောက်တော့ အိမ်ပေါက်ရဲ့ တစ်ဖက်တွင် ညှပ်စားပွဲဝိုင်းတစ်ခုနဲ့ လေညှင်းခံအဆောင်လေး တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



တခြားတစ်ဖက်တွင်တော့ လွှဲပုခက်လေးတစ်ခုနဲ့ ပန်းအိုးလေးများတင်ကာ နားနေဆောင်လေးတစ်ခုလေးပါ ပါသေးသည်။

ခြံထဲမှာလည်း ခရေပင်ကြီးတစ်ပင်၊ ဝိန္ဒွပင်တစ်ခု၊ သရက်ပင်တစ်ပင်ပါ ပါသေးသည်။ ခြံတစ်ခုလုံးကို ဝင်းခတ်တာလည်း လူတစ်ရပ်ပင်ကျော်မလား မသိဘူး။ ခြံရဲ့ ညာဘက်မှာတော့ နှင်းဆီပန်းအိုးများ စီတန်းပြီးစိုက်ထားတာ တော်တော်များတာပဲ။

ဒီလောက်ခြံကျယ်ပြီး နှင်းဆီပန်းတွေလည်း အများကြီးစိုက်ထားပြီး ခြံစောင့်ကို ဘာကြောင့်မတွေ့ရတာလဲ။ ဒါလည်း အံ့ဩစရာပဲ။ တရားသူကြီးကို နောက်မှပဲမေးတော့မည်ဟု ဆုံးဖြတ်လေသည်။ ယခုတော့ နားပါစေဦးလေ။

"မောင်ဖိုးတူး . . . ဘာတွေစဉ်းစားနေတာလဲ။ လာလေ အိမ်ထဲကို။

ဒေါ်ထား . . . မောင်ဖိုးတူးလေးနဲ့ မိတ်ဆက်ပေးရဦးမယ်"

"မောင်ဖိုးတူး . . . ဒါက ဒေါ်ထား။ ထမင်းချက်နဲ့ အိမ်အလုပ် လုပ်တဲ့သူပါ။ သူမှာ တူမလေးတစ်ယောက်ရှိတယ်။ သူ့နာမည်ကတော့ ခင်စိန်တဲ့။ ယခုတော့ မရှိဘူး။





တော ခဏပြန်သွားတယ်။ သူလည်းပဲ အိမ်အလုပ်ဝိုင်းလုပ်တာပဲ။ ဒီတစ်ရက်၊ နှစ်ရက်အတွင်း ပြန်ရောက်လိမ့်မယ်"

"ဟောဒါက . . . ဦးရဲ့ဇနီး ဒေါ်သူဇာနိုင်တဲ့။ ဒါကတော့ ဦးရဲ့တစ်ဦးတည်းသောသမီး မိမိနိုင်တဲ့"

"နောက်ပြီး ခြံစောင့်တစ်ယောက်တော့ အလုပ်ထွက်သွားတာ မကြာသေးဘူး။ လောလောဆယ်တော့ အပင်များစိုက်ပျိုးတတ်တဲ့ လူတစ်ယောက်ရှာနေတုန်းပဲ"

ဖိုးတူးတစ်ယောက် အခုမှ မိသားစုအားလုံးရဲ့အကြောင်းကို သိလိုက်ရလို့ သူ့စိတ်ထဲမှာ အသိတစ်ခုရသွားသည်။ သူ့စိတ်ထဲ ထင်သလိုများဖြစ်နေမလားလို့ စိတ်ထဲမှာ တွေးနေမိသည်။ ဒါကလည်း တကယ်ဖြစ်မလာသေးခင် မထင်တာကောင်းပါတယ်။ တကယ်လို့များ မိမိထင်သလို ဖြစ်လာခဲ့ရင်တော့ ဆရာဦးလှမောင်မှာ အန္တရာယ်ရှိနိုင်သည်။

ဘာဘဲဖြစ်ဖြစ် ငါ့အနေနဲ့ ထမင်းတစ်လုတ် ကျွေးခဲ့တဲ့ ကျေးဇူးရှင်၊ နေဖို့၊ ထိုင်ဖို့၊ အလုပ်အကိုင်ပါ ပေးတဲ့ ကျေးဇူးရှင်ပေါ်မှာ သစ္စာစောင့်သိရမှာပေါ့။ သူ စဉ်းစားနေရင်း . . .

"ဒေါ်ထား . . . သူ့နေဖို့ အခန်းထဲလိုက်ပို့လိုက်ပါ"

ထိုအခါ မောင်ဖိုးတူးက . . .



www.burmeseclassic.com

www.burmeseclassic.com



"ဦး . . . ကျွန်တော် ဘယ်မှာ နေရမှာလဲ"

"ဒီအိမ်ထဲမှာလေ"

"ဒါဆို ကျွန်တော်တစ်ခုလောက် တောင်းဆိုပါရစေ"

"ပြော . . . မောင်ဖိုးတူး . . . ဘာလဲ"

"ကျွန်တော့်ကို အိမ်အပြင်မှာပဲ နေခွင့်ပေးပါ။ ကျွန်တော် လွတ်လွတ်လပ်လပ်နေချင်လို့ပါ"

တရားသူကြီးဦးလှမောင်လည်း မောင်ဖိုးတူး တောင်းဆိုသောစကားကို မပယ်ရှားတော့ဘဲ . . .

"ဒါဆိုရင် အိမ်ဘေးမှာ ကားထားတဲ့ ကားဂိုဒေါင်ဟောင်း တစ်ခုရှိတယ်။ အဲဒီထဲမှာပဲ ရှင်းလင်းပြီးနေပေါ့။ ခုတင်တစ်လုံးပါရှိတယ်"

"ဟုတ်ကဲ့ပါ . . . ဦး။ ဒီလောက်ဆိုရင် လုံလောက်ပါပြီ။ ကျေးဇူးလည်းတင်ပါတယ်"

"ကဲ . . . ဒေါ်ထား သူ့ကို ကားဂိုဒေါင်လိုက်ပို့လိုက်ပါ"

ထိုအခါ ဒေါ်ထားက . . .

"သား . . . မောင်ဖိုးတူး၊ မင်းရဲ့ ပစ္စည်းတွေသွားချခဲ့။ ဒေါ်ထား စောင့်နေမယ်"

"ဟား . . . ဟား . . . ဟား"





ထိုအခါ ရယ်လိုက်သူကတော့ တရားသူကြီးဦးလှမောင် ဖြစ်ပေသည်။ ဒေါ်ထားလည်း ဆရာ တစ်ခါမှဒီလို မရယ်ဖူးပါဘူး။

"ဆရာ ဘာဖြစ်လို့ရယ်တာလဲ။ ကျွန်မ ပြောတာ ရယ်စရာပါလို့လား"

"မဟုတ်ပါဘူး ဒေါ်ထားရယ်"

"ဖိုးတူးကို အဝတ်အစားပစ္စည်းသွားယူခိုင်းလို့ပါ။ တကယ်တော့ မောင်ဖိုးတူးမှာ ချမ်းသာတာဆိုလို ယခု ဝတ်ထားတဲ့ အဝတ်အစားတစ်စုံပဲ"

ထိုအခါ ဒေါ်ထားလည်း မောင်ဖိုးတူးကို ယခုမှပဲ သေသေချာချာ ကြည့်မိသည်။ ဘယ်လိုမှ အချိုးမပြေတဲ့ အဝတ်အစားပဲ။

"ဒါဆို မောင်ဖိုးတူးက သခင်တစ်ထဲကလား"

"မဟုတ်ပါဘူး ဒေါ်ထားရယ်။ သူက ထောင်က ထွက်လာတာ ဒီနေ့ပဲ"

ဒေါ်ထားအနေနဲ့ ကောင်လေးကြည့်ရတာ ထောင်ထွက်နဲ့မတူဘဲ ဖြူဖြူဖွေးဖွေး လူရည်သန့်တစ်ယောက်ဖြစ်နေတော့ ဘယ်လိုမှ မယုံရဲပါ။ ဒါပေမဲ့ ဆရာကိုယ်တိုင်က ပြောတော့ ယုံရမှာပေါ့။

"လာ . . . သားမောင်ဖိုးတူး"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ထားတစ်ယောက် ရှေ့မှဦးဆောင်ကာ အိမ်ဘေးရှိ ကားဂိုဒေါင်သို့ ခေါ်လာခဲ့သည်။ ကားဂိုဒေါင်ဆိုပေမယ့် တော်တော်တော့ကျယ်သည်။ တစ်ယောက်တည်းသမားအတွက်တော့ လုံလုံလောက်လောက် နေလို့ရသည်။ အခန်းထဲသို့ လှည့်ပတ်ကြည့်လိုက်သောအခါ အပင်စိုက်သော ပေါက်တူး၊ ဂေါ်ပြား၊ ပန်းအိုးအဟောင်းများ မြေဩဇာဟု ထင်ရသော အိတ်များတွေ့ရလေသည်။ ဘီးအပိုလည်း ၂ ခု၊ ၃ ခု လောက်လည်း တွေ့ရလေသည်။ ခုတင်တစ်လုံးလည်း အဆင်သင့်တွေ့ရလေသည်။

"သား . . . ဖိုးတူး သားပဲ ပစ္စည်းတွေရှင်းပြီး နေဖို့၊ ထိုင်ဖို့လုပ်တော့ သားအတွက် ဖျာနဲ့ အိပ်ဖို့ခေါင်းအုံး၊ စောင် အဒေါ်ကြီး လာပို့ပေးမယ်"

"ဟုတ်ကဲ့ . . . ဒေါ်ကြီး"

ဒေါ်ထားလည်း မောင်ဖိုးတူးကို မှာစရာရှိတာများ မှာကြားပြီး အိမ်ကြီးပေါ်သို့ ပြန်သွားလေသည်။ ဖိုးတူးလည်း ဂိုဒေါင်ပတ်ဝန်းကျင်ကို လေ့လာချင်၍ ပတ်ဝန်းကျင်ကို ကြည့်ရှုရန်ထွက်လာလေသည်။

အိမ်ကတော့ ခြံရဲ့ ၃ ပုံ၊ ၁ ပုံ ဘက်မှာ ယူပြီး ဆောက်ထားတယ်။ အိမ်အနောက်ဘက်မှာ ဂျမြေတွေပုံနေတာ တွေ့ရလေသည်။ အပင်ကြီးတွေလည်း တွေ့ရသည်။





ဘာအပင်တွေမှန်းတော့ မသိပါ။ ခြံရဲ့ ပတ်ပတ်လည်တော့ အုတ်တံတိုင်းတစ်ဝက် သံတိုင်တစ်ဝက်နဲ့ အပေါ်မှာ သံဆူးကြိုး နှစ်ဆင့် တင်ထားသေးတယ်။ ခြံတော့ တော်တော်လှပါတယ်။ ဒါပေမဲ့ အပင်ကြီးတွေရဲ့ အကိုင်းအခက်တွေက ခြံပြင်ဘက် နည်းနည်းထွက်နေသလားပဲ။ ဒါဆိုရင် လုံခြုံမှု နည်းနည်း အားနည်းသေးတယ်။ နောက်နေ့တွေကျမှပဲ ငါ ကိုယ်တိုင် လုပ်ပေးရမှာပဲ။ ခြံစောင့်မရှိတော့ လောလောဆယ်တော့ ငါပဲလုပ်ပေးရမှာပေါ့။

ဖိုးတူးတစ်ယောက် လုပ်ပေးရမှာကိုတွေးရင်း ဂိုဒေါင်သို့ ပြန်လာခဲ့လေသည်။ ဂိုဒေါင်ရဲ့ဒေါင့်မှာ တံမြက်စည်းများ ရှိမလားဆိုတာ ရှာမိသည်။

ဟော . . . တွေ့ပါပြီ။ ဖိုးတူးလည်း တံမြက်စည်းကိုယူပြီး ပထမ ခုတင်ပေါ်တွင် လှဲလိုက်သည်။ ပြီးနောက် ပစ္စည်းများ ဖရိုဖရဲဖြစ်နေတာကို သိမ်းဆည်းလေသည်။ ပန်းအိုးနဲ့ ဂေါ်ပြား၊ ပေါက်တူးများကို ဂိုဒေါင်ရဲ့ နံဘေးတွင် သွားထားလေသည်။ ဂိုဒေါင်ရဲ့နံဘေးတွင် ရေပိုက်ခေါင်း တစ်ခုပါ တွေ့ရလေသည်။ ရေ လာ.မလာ ဖွင့်ကြည့်မိသည်။ ရေလာတာ တွေ့ရလေသည်။ ပန်းအိုးများထားပြီး ဂိုဒေါင်သို့ ပြန်လာသည်။ ဖုန်များ၊ အမှိုက်များ လှည်းကာ အားလုံးရှင်းလင်း သန့်စင်သွားမှ လက်ဆေးကာ ဒေါ်ထား



www.burmeseclassic.com

www.burmeseclassic.com



အလာ စောင့်နေမိသည်။ စောင့်ရင်း ခုတင်ပေါ် ခေါက်လဲ့နေမိသည်။ ထို အခါ . . .

"အစ်ကို . . . ဖိုးတူး၊ အစ်ကိုဖိုးတူး"

ဖိုးတူးတစ်ယောက် အိပ်မက်လိုလို ခေါ်သံလိုလို ကြားလိုက်ရ၍ မျက်လုံးဖွင့်ကြည့်မိလေသည်။ အနားသို့ ဘယ်အချိန်ကများရောက်နေမှန်းမသိသော မိန်းကလေးတစ်ဦး ဖြစ်နေတာတွေ့လိုက်ရလေသည်။ ကပျာကယာ ထထိုင်လိုက်ပြီး . . .

"ဟာ . . . ညီမပါလား"

"ဟုတ်တယ် . . . ပါးပါးက၊ ကျွန်မကို အကျီနဲ့ လုံချည် ၂ စုံ လာပေးခိုင်းလို့ပါ။ လောလောဆယ် ကိုဖိုးတူးမှာ လဲစရာမရှိဘူးမဟုတ်လား။ ဒါလေးပဲ အရင်လဲဝတ်ထားပါတဲ့။ နောက်နေ့မှပဲ အဝတ်အစားအသစ်တွေ ဝယ်ပေးမယ်တဲ့"

"ဦးတော့ အားနာစရာကြီးဖြစ်နေပြီ။ ကျေးဇူးတင်ပါတယ် ညီမရယ်"

ထိုအချိန်တွင် ဒေါ်ထားတစ်ယောက် ခေါင်းအုံး၊ စောင်များကို ပိုက်ပြီး ရောက်လာခဲ့သည်။

"သမီးလည်း ရောက်နေတာကိုး"

"ဟုတ်ကဲ့ . . . အဒေါ်ကြီး။ ပါးပါးက အကျီနဲ့ပုဆိုး





လာပေးခိုင်းလို့ပါ"

"အင်း . . . မောင်ဖိုးတူးကတော့ ဆရာနဲ့တွေ့ရတာ တော်တော်ကံကောင်းပါပဲ"

ဒေါ်ထားဆီမှ ပစ္စည်းများကို ဖိုးတူးက လက်ဆင့်ကမ်းယူပြီး ခုတင်ပေါ်သို့ တင်လိုက်လေသည်။

"ဒါနဲ့ . . . မောင်ဖိုးတူး မိဘများက ဘယ်မှာနေတာလဲ"

ဒေါ်ထားလည်း မိန်းမတို့ သဘာဝအတိုင်း စပ်စုလိုက်လေသည်။

မောင်ဖိုးတူးလည်း ဘာပြောရမှန်း မသိအောင်ဖြစ်သွားသည်။ လိမ်ညာပြီးလည်း မပြောချင်တော့ပါ။ အမှန်အတိုင်းပဲ ပြောလိုက်လေသည်။

"ကျွန်တော့်မှာ အမေတော့ ငယ်ငယ်ကတည်းက ဆုံးသွားတယ်။ အမေရဲ့နာမည်က ဒေါ်စိန်မြတဲ့။ လှည်းကူးမှာနေတယ်။ အဖေကတော့ နိုင်ငံခြားသား အင်္ဂလိပ်ပါ။ ယခုတော့ အင်္ဂလန်ပြန်သွားတာကြာပြီလို့ ဖြောတာပဲ။ ကျွန်တော်လည်း မမြင်ဖူးလိုက်ဘူး။ တခြားလူတွေ ပြောတာကတော့ ကျွန်တော် ၈ လသား ရောက်ကတည်းက ပြန်သွားတယ်ပြောတယ်"

"ဪ . . . ဪ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ထားလည်း သူမေးမိတာ မှားသွားသလားမသိဘူးဆိုပြီး စိတ်မကောင်းတဲ့ မျက်နှာလေးနှင့်။

"အဒေါ်ကို ခွင့်လွှတ်ပါနော်။ အဒေါ်မှားသွားတယ်"

"အဒေါ်မမှားပါဘူး။ ကျွန်တော်ရဲ့ဘဝကလည်း ဒီလိုဖြစ်လာတော့ ဘယ်တတ်နိုင်မှာလဲ"

မိမိနိုင်သည် ဖိုးတူးရဲ့ဘဝကို ယခုမှသိလိုက်ရတဲ့အတွက် စိတ်မကောင်းဖြစ်သွားသည်။ ထိုအချိန်တွင် . . .

"သမီးရေ . . . သမီး"

အိမ်ကြီးပေါ်မှ မိမိနိုင်လို့ ခေါ်သံကို အားလုံးကြားလိုက်ရလေသည်။

"ကိုဖိုးတူး . . . ညီမသွားဦးမယ်။ မားမား ခေါ်နေတယ်"

"ဟုတ်ကဲ့"

ဖိုးတူးက ခေါင်းညိတ်ရင်း ပြောလိုက်သည်။ ဒေါ်ထားလည်း မိမိနိုင်နဲ့အတူ တပါတည်းလိုက်သွားလေတော့သည်။

× × ×





အခန်း ( ၂ )

## ဘဝခရီးစတင်ပြီ

ဖိုးတူးတစ်ယောက် ယနေ့ပင်ပန်းလာလို့ နားနေရင်း အိပ်ပျော်သွားသည်။ ဒေါ်ထားတစ်ယောက် ထမင်းပန်းကန်လာပို့ရင်း ဖိုးတူး အိပ်ပျော်နေတာတွေ့ရလို့ မနိုးတော့ဘဲ ထမင်းနဲ့ဟင်းကို ရေသန့်ဗူးကို ဒီတိုင်းဖုံးအုပ်ကာထားခဲ့လေသည်။ အိပ်ပါစေဆိုပြီး ပြန်ခဲ့လေသည်။ ညနေစောင်း ၅ နာရီလောက်တွင် နိုးလာခဲ့သည်။

အိပ်ရာမှထကာ စားပွဲပေါ်တွင် စားစရာများအဆင်သင့် တွေ့လိုက်ရလေသည်။ အတော်ပဲ ဗိုက်က



www.burmeseclassic.com

www.burmeseclassic.com

ညည်း ဘောလာသည်။ ဖိုးတူးလည်း ဂိုဒေါင်ဘေးရှိ ရေပိုက်နားသွားကာ မျက်နှာသစ်၊ ခြေလက်ဆေးကာ အထဲသို့ ပြန်လာခဲ့လေသည်။

မိမိကိုယ်ထဲမှာ ထောင်ထွက် အဝတ်အစားများ ချွတ်ကာ ဦးပေးလိုက်သော အဝတ်အစားများလဲကာ ထမင်းစားလေတော့သည်။ ထမင်းစားပြီး ခဏနားကာ ညောင်းလာ၍ မြဲထဲသို့ လမ်းလျှောက်သလို လှည့်ပတ်ကြည့်ရှုလေသည်။

မမျှော်လင့်ထားသော ခြံထောင့်တစ်ခုတွင် မြေကြီးများ နဂိုရှိသင့်ရှိသည့်အမြင့်ထက်ပိုပြီး မြင့်နေတာ တွေ့လိုက်ရလေသည်။ ထိုသို့မြင်သဖြင့် ဖိုးတူး အနားသို့ သွားကြည့်မိသည်။ မသင်္ကာ၍ အနားတွင်ရှိသော သစ်ခြောက် ၂ ပေလောက်ရှိမည့် အကိုင်းတစ်ခုကို ကောက်လာခဲ့သည်။ ၎င်းမြေပုံနားသို့ရောက်သော် မိမိယူလာသော သစ်ကိုင်းခြောက်ဖြင့် ထိုးကြည့်မိသည်။ မြေကြီးက တူးထားတဲ့သဏ္ဌာန်ဖြစ်တဲ့ အထွင်းပျော့နေသည်။

၎င်းသစ်ကိုင်းခြောက်ကို အဆုံးထိ ထိုးလိုက်သောအခါ

ဒုတ် ဒုပ်

ဟင် ဖိုးတူးလည်း အံ့ဩသွားလေသည်။ ဒါ





နဲ့ ဖိုးတူးလည်း မြေကြီးများ ဖယ်ထုတ်ကာ ကြည့်လိုက်လေသည်။ ထိုအထဲတွင် သေနတ်များကို အထုပ်ထုပ်ကာ အပေါ်မှ မြေကြီးများ ကပ်ထားခြင်း ဖြစ်သည်။ ဒါကို အယ်ဖ်ရဲ့ တွေလုပ်ထားပါလိမ့်။ ဒါဟာ မရိုးသားဘူး။ ဆိုတော့ အဲဒီ ဖိုးတူးလည်း သေနတ်များကို ဖယ်လိုက်သောအခါ လူတစ်ယောက်စာ ရှိမည့် တွင်းတူးထားခြင်း ဖြစ်လေသည်။ ရှိသမျှ ပစ္စည်းများ တစ်ဖက်သို့ ရွှေ့လိုက်သည်။ ဖိုးတူး ကြည့်လိုက်သောအခါ ပြုရင်ကြောင်တွင်းသို့ ကျောက်တုံးကဲ့သို့ အပြင်သို့ ထွက်ရန် အပေါက်ဖြစ်နေတာ တွေ့ရလေသည်။

ဒီလိုနဲ့ ဖိုးတူးလည်း ၎င်းလမ်းအတိုင်း ပြန်ဝင်ကာ စထွက်ခဲ့သော နေရာသို့ ပြန်ရောက်လာခဲ့သည်။ သစ်ပြားအဖုံးလေးကို ပြန်ဖုံးကာ မြေကြီးများ ပြန်ဖို့ထားခဲ့လေသည်။ ဖိုးတူးလည်း စဉ်းစားမိလေသည်။ ဒီလို လျှို့ဝှက်ပေါက်ကို အိမ်ရှင်တရားသူကြီးကတော့ လုပ်မှာ မဟုတ်ဘူး။ ဒါဟာ တစ်ဦးဦးက ရည်ရွယ်ချက်တစ်ခုခုဖြင့် လုပ်ထားတာ ဖြစ်မယ်။ ဒါကို ဘယ်သူ့အကြောင်းနဲ့ စုံစမ်းရမည်။ ဦးကိုတော့ မပြောဖူးတာ။ အရင်က ခြံစောင့်တစ်ဦးထားတယ်လို့ ပြောခဲ့တယ်။ အဲဒီခြံစောင့်ကများ လုပ်ခဲ့တာလား။ ဒါမှမဟုတ် တစ်ခုခုမှာ တွေ့ခဲ့တဲ့ နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်များလုပ်ခဲ့တာလား။ ဒါပေမဲ့ သူနိုးနှစ်ယောက်ကို ငါလည်း မမြင်ဖူးလိုက်ဘူး။ နာမည်တော့သိလိုက်တယ်။ တစ်ယောက်က ထွေန်း၊ တစ်ယောက်က ကြွက်နီတဲ့။ နာမည်ပဲ သိလိုက်ရတယ်။

ဘာပဲဖြစ်ဖြစ်လေ ဒီသူနိုးနှစ်ယောက် အိမ်ထဲ ဘယ်လိုဝင်မလဲဆိုတာ ငါ စောင့်ကြည့်ရမယ်။

ဖိုးတူးတစ်ယောက် စဉ်းစားရင်း ခြံကိုတစ်ပတ်ပတ်ကြည့်ပေသည်။ ခြံကို လိုက်ကြည့်လိုက်တော့ ရှေးကျတဲ့ ခြံတစ်ခြံလိုဖြစ်နေသည်။ တချို့နေရာတွင် အုတ်ကျိုး၊ အုတ်ပုံများ တောင်ဂမူလေးများလည်း တွေ့ရလေသည်။

ခြံရဲ့အနေအထားကတော့ တော်တော်ရှေးကျတာပဲ။ သူ့အနေနဲ့ပတ်ဝန်းကျင်ကို လိုက်ကြည့်ရင်း မိုးချုပ်စပြုလာသည်။ အမှောင်ဘက်သန်းတော့မည်။ ဘဘုန်းပြောခဲ့တာ သွားသတိရမိသည်။

ဒီပဲခူးမြို့ဟာ အရင်တုန်းက ဘုရင့်နိုင်ငံတော်တစ်ခုဖြစ်ခဲ့တယ်လို့ ပြောခဲ့တယ်။ ဗုဒ္ဓဘာသာလည်း ထွန်းကားခဲ့တာတော့ ဘုရားပုထိုးများစွာရှိတယ်လို့ ပြောတယ်။ သူ့ ထောင်ကထွက်တုန်းက ထောင်လမ်းတစ်လျှောက်မှာ ဘုရားပုထိုးများစွာ တွေ့ခဲ့ရလေသည်။ တစ်ချို့ ဘုရား





ပုထိုးများဆိုရင် ဖောက်ထားတာတွေ့ရသည်။

အင်း . . . လူတွေဟာ လူလူချင်းခိုးလို့ ဓားပြတိုက်လို့ အားမရလို့ ဘုရားပုထိုးတွေရဲ့ ဌာပနာကို ဖောက်ထွင်းခိုးယူဖို့ လုပ်ကြတာပဲ။ ငါဆိုတဲ့ လူကတော့ သူများပစ္စည်းလိမ်တာကလွဲပြီး ဘုရားပုထိုးပစ္စည်းကိုတော့ ဘယ်တော့မှ မခိုးဘူးလို့ ဆုံးဖြတ်ချက်ချခဲ့တယ် မဟုတ်ပါလား။

ဒီဘဝမှာတောင် ဒီလောက်ဆင်းရဲနေရင် နောက်ဘဝမှာဆိုရင် ဒီထက်များဆိုးမလားပဲ။ မိတကွဲ၊ ဖတကွဲ မက တစ်ကောင်ကြွက်ဘဝနဲ့ ငါ့ရဲ့ဘဝ ဘယ်မှာများဆုံးမလဲ မသိဘူး။ ဒီတော့ ဒီနေ့၊ ဒီရက်ကစပြီး ငါ့ရဲ့ဘဝကို ကောင်းအောင် ငါ ကြိုးစားတော့မယ်။

ဖိုးတူးတစ်ယောက် ပေါက်တူးနဲ့ ဂေါ်ပြားကို ထမ်းကာ မိမိကုဒေါင်သို့ ပြန်ခဲ့လေတော့သည်။ ကုဒေါင်သို့ ပြန်ရောက်သော် ပစ္စည်းများ သူ့နေရာနဲ့သူထားပြီး ရေသန့်ဘူးကိုယူကာ မော့ချလိုက်လေသည်။

ထိုအချိန်တွင် ဒေါ်ထား ရောက်လာပြီး . . .

"မောင်ဖိုးတူး . . . မောင်ဖိုးတူးရေ"

"ဗျာ . . . ဒေါ်လေး။ ကျွန်တော် ဒီမှာရှိတယ်"

ဒေါ်ထားသည် ဖိုးတူးနားရောက်လာပြီး . . .

"ဖိုးတူး ဘယ်တွေ လျှောက်သွားနေတာလဲ။ ခုန



www.burmeseclassic.com

www.burmeseclassic.com



တစ်ခေါက်ရောက်သွားသည်။ မောင်ဖိုးတူးကို မြင်လျှင်ပင် နို့ဝစ်ဝစ်ရှိ ချိုကုပ်ပြီး နီလွန်းလှသည့် ... 

တယ်ဟုံမှမသွားပါဘူး ဖိုးတူး မြို့ထဲမှာ ကြည့်နေတာလား။ ဒါမှလည်း ဒီမြို့ရဲ့အကြောင်း နည်းနည်း ပါးပါး သိရတာပေါ့

"ဒါနဲ့ ခေါ်ထားကို ကျွန်တော် တစ်ခု မေးပါရစေ"

"အာရုံ ရှားလှ မောင်ဖိုးတူး"

"တခြားတော့ မဟုတ်ပါဘူး။ အရင်က မြို့စောင့် တစ်ယောက် ရှိတယ်ဆို၊ နာမည် ဘယ်လို ခေါ်လဲဗျာ

မြို့စောင့်ဟာ နှစ်ဦး၊ သုံးဦး ရှိပြီး ပြောင်းသွားတာ။ ပထမလူကတော့ ကိုရင်သာမောင်တဲ့။ နောက်ဆုံး ထွက်သွားတဲ့သူကတော့ ကိုခင်ထွန်းတဲ့။ သူ ထွက်သွားတာ မကြာသေးဘူး။ တစ်ခုတော့ ရှိသေးတယ်။ သူ့ကို ထောက်ရာနဲ့ အကျော်ကြားဆုံးဟာ ကိုခင်ထွန်း ဆိုတော့ ခေါ်တယ်"

မောင်ဖိုးတူးလည်း ဘုရားမှာ သူကြားခဲ့သော ထွန်းဆိုတဲ့ လူဟာ ဖြစ်နေမလားလို့ တွေးမိလေသည်။

ထိုအခါ ခေါ်ထားက ...

"မောင်ဖိုးတူး သားကို ဆရာကြီး ခေါ်နေတယ်"

"ဟုတ်ကဲ့ ခေါ်ကြီး။ ကျွန်တော် လိုက်လာခဲ့မယ်"

ခေါ်ထားလည်း ပြောပြီး ပြန်သွားလေတော့သည်။



ဖိုးတူးလည်း သိမ်းစရာရှိတာများကို သိမ်းကာ ခေါ်ထားနောက်က လိုက်ခဲ့လေသည်။ အိမ်ရဲ့အနောက်ဘက်သို့ တန်းဝင်သွားလေသည်။

မောင်ဖိုးတူးက ညှော်ခန်းထဲသို့ တန်းပြီးဝင်ခဲ့လေသည်။ ညှော်ခန်းထဲတွင် ဦးရယ်၊ ဖနီးရယ်၊ မိမိနိုင်ပါ တွေ့လိုက်ရလေသည်။

"လာ . . . မောင်ဖိုးတူး . . . လာထိုင်"

ဦးရဲ့နံဘေးတွင် ဆိုဖာထိုင်ခုံပေါ်တွင် ထိုင်နိုင်းလိုက်လေသည်။

ထိုအခါ မောင်ဖိုးတူးက စတင်ကာ . . .

"ဦး . . . ကျွန်တော့်ကိုခေါ်တယ်ဆို"

"ဟုတ်တယ် . . . မောင်ဖိုးတူး၊ ပြောစရာလည်း ရှိတယ်။ မောင်ဖိုးတူးနဲ့ ညှိစရာလေးလည်း ရှိလို့ပါ"

"ဟုတ်ကဲ့ . . . ပြောပါ ဦး"

"တခြားတော့မဟုတ်ပါဘူး"

ယခုဆိုရင် မောင်ဖိုးတူးဟာ ဦးရဲ့အလုပ်ကို စလုပ်တော့မယ်ဆိုတော့ စည်းကမ်းချက်တွေ ပြောထားရမှာပေါ့"

နံနက် ၈ နာရီမှာ ဦးက ရုံးသွားမယ်၊ ရုံးက ပြန်လာပြီး သမီးကို ကျောင်းပို့ပေးရမယ်။ သမီးက ၉ နာရီ

www.burmeseclassic.com

www.burmeseclassic.com



ကျော်မှဆိုတော့ အချိန်ရပါတယ်"

"နေခင်းမှာတော့ အားနေမှာပေါ့။ ညနေ ၄ နာရီမှာ ဦးနဲ့သမီးကို တစ်ခါတည်းကြိုခဲ့ရမယ်။ နေခင်းအားနေရင်တော့ အိမ်မှာ လုပ်သင့်တာလေးတော့ လုပ်ပေးပေါ့။ လောလောဆယ်တော့ ခြံစောင့်ရှာနေတုန်းဆိုတော့ သစ်ပင်တွေ ရေလောင်းဖို့ လိုတာပေါ့"

"လစာကတော့ တစ်လ ၅ဝိ/ ကျပ်ပေးမယ်။ ဒီမှာနေ ဒီမှာစားဆိုတော့ လစာကတော့ မောင်ဗိုးတူး သုံးဖို့ပေးတာပါ"

"ဟာ . . . ဦးကလည်း စားဖို့ နေဖို့ ပေးတာပဲ လုံလောက်နေပါပြီ၊ လစာ မယူပါရစေနဲ့။ ပြီးတော့ လစာကများနေသေးတယ်"

(မှတ်ချက်) ၎င်းခေတ်က အစိုးရဝန်ထမ်း တစ်ယောက်ဟာ အနိမ့်ဆုံး အလုပ်သမားတစ်ယောက်က ၇၅/ ကျပ်သာရှိသည်။

၎င်းအချိန်တုန်းက (လက်ဖက်ရည်တစ်ခွက် ပြား ၃၀) မုန့်ဟင်းခါးတစ်ပွဲ အကြော်ပါမှ (ပြား ၅၀ သာ)ပေးရလေသည်။

မောင်ဗိုးတူးနဲ့ ဘယ်လိုပဲ ငြင်းငြင်း၊ ငြင်းလို့မရတဲ့အတွက် ယူရလေသည်။ ယူပြီးစုထားပေါ့။ လိုတာရှိရင်







ဝယ်ရမည် မဟုတ်ပါလား။ သူ့မှာလည်း ဘာမှမပါတော့ ဝယ်စရာများလည်း အများကြီးရှိတယ်မဟုတ်ပါလား။

"ဒါနဲ့ မောင်ဗိုးတူး ကြိုတင်ငွေ ၂ လစာ ၁ဝဝိ/ ကျပ် ထုတ်ပေးထားမယ်။ လိုအပ်တာလေး ဝယ်လို့ရအောင်။ ရော့ . . . တစ်ခါတည်း ယူသွားပါ"

ဦးလှမောင်က သူ့လက်ထဲသို့ ၁ဝိ/ကျပ်တန် ၁ထုပ် ပေးလိုက်လေသည်။

ဗိုးတူးလည်း ကျေးဇူးတင်တဲ့အကြောင်း ပြောပြီး လက်ခံယူကာ ဦးကို ကျေးဇူးတင်သော အကြည့်ဖြင့် နောက်ပြန်ဆုတ်ကာ မိမိအခန်းသို့ ပြန်ခဲ့လေတော့သည်။

ဗိုးတူးတစ်ယောက် မိမိအခန်းသို့ ပြန်ရောက်ပြီး လက်ထဲ၌ ငွေ ၁ဝဝိ/ ကျပ်ကို ဘာတွေဝယ်ရမလဲဆိုတာ အစီအစဉ် ချနေသည်။ စာရင်းများရေးမှတ်ပြီး မိမိလက်ထဲတွင်လည်း ငွေစလေးနည်းနည်း ထားရမည်မဟုတ်ပါလား။

"အင်း . . . ဆရာကတော့ ငါ့အပေါ်တော်တော်ကောင်းပါလား။ ငါလို တောင်ထွက်တစ်ယောက်ကို အိမ်ခေါ်ထားတာ ငါ့ရဲ့ အကျင့်စာရိတ္တကို ယုံလို့ပဲ။ ငါကလည်း ဆရာ့အပေါ်မှာ ငါ့ရဲ့မိဘလိုမျိုး စိတ်ထားရမယ်၊ အလုပ်ရှင်တစ်ယောက်ရဲ့စိတ်မျိုး မမွေးသင့်ဘူး။ ဒီနေ့ ဒီရက်ကစပြီး ငါ့ရဲ့မိဘလိုမျိုး စိတ်ထဲမှာ ထားတော့မယ်။ မိမိနိုင်လည်း



www.burmeseclassic.com

www.burmeseclassic.com



ငါရဲ့ ညီမတစ်ယောက်လိုချင်ဖို့ စိတ်ပွေးပြီး ကူညီစောင့်ရှောက်သွားတော့မယ်ဟု မိုးတူးတစ်ယောက် ဆုံးဖြတ်ချက်ချလိုက်လေတော့သည်။

မိုးတူးတစ်ယောက် ဒီနေ့တော်တော် အိပ်ရန် ပြင်ဆင်လိုက်တော့သည်။ ခြံတစ်ဝတ် လှည့်ကြည့်လိုက်ရှိ တော်တော်မောသွားသည် မဟုတ်ပါလား။

× × ×



အခန်း (၃)

## မိုးတူးနဲ့ ပုထိုးပုလေများ

ယနေ့ မိုးတူးတစ်ယောက် စောစောနိုးနေသည်။ မနိုးချင်လည်း မရပါ။ ကိုဒေါင်ဘေးရှိ သစ်ပင်ပေါ်မှ ငှက်လေးများရဲ့အော်သံက ဆူညံနေသည်မဟုတ်ပါလား။

အင်း . . . ဒီအသံတွေ မကြားရတာကြာပြီ။ ငါ ထောင်ထဲမှာတုန်းက သဘာဝရဲ့အသံ သာယာနာပျော်တာတွေ ခံစားမှုကင်းမဲ့နေတာကြာပြီ။ ယခုလို စိတ်ကို ပြောင်းလဲပစ်လိုက်လို့လားမသိဘူး။ ပျော်ပါးနေသလို ခံစားရသည်။ ဒါတွေဟာ ဆရာရဲ့ကျေးဇူးကြောင့်ပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဖိုးတူးတွေးရင်း နာရီကို လှမ်းကြည့်လိုက်သည်။ နံနက် ၆ နာရီတောင်ထိုးနေပြီ။ ဖိုးတူး မျက်နှာသစ်၊ ရေချိုး၊ အဝတ်အစားလဲကာ ပန်းပင်များကို ရေလောင်းဖို့လုပ်တော့သည်။ ဂိုဒေါင်ဘေးရှိ ဘုံဘိုင်ခေါင်းတွင် ပိုက်ခွေကိုချကာ ခေါင်းရင်းက ပန်းပင်များကို ရေလောင်းဖို့ ပြင်တော့လေသည်။ နာရီဝက်လောက်ကြာသောအခါ . . .

"ဖိုးတူးရေ . . . သား"

"ဖိုးတူး"

ဒေါ်စိန်ရဲ့ခေါ်သံကို ကြားလိုက်သည်၊ ဒေါ်စိန်က ခေါ်သာခေါ်နေသည်။ ဂိုဒေါင်ဘက်သို့ လှည့်ပြီးခေါ်နေသည်။

"ခင်ဗျား . . . ဒေါ်ကြီး၊ ကျွန်တော်က ဒီဘက်မှာ"

ထိုအခါ ဒေါ်ထားက ပန်းပင်များ စိုက်ထားသောဘက်သို့လှည့်ကာ . . .

"ဩော် . . . မင်းက ရေလောင်းနေတာကိုး။ အဒေါ်က ဂိုဒေါင်မှာ ထင်လို့။

လာ . . . ဆရာက နံနက်စာစားဖို့ ခေါ်ခိုင်းလို့"

"ဟုတ်ကဲ့ . . . ဒေါ်ကြီး လာခဲ့မယ်။ ပြီးခါနီးပါပြီ"

ဒေါ်ထားလည်း ဖိုးတူးကိုခေါ်ပြီး အိမ်ကြီးဆီသို့ ပြန်ခဲ့လေတော့သည်။ ထမင်းစားခန်းသို့ရောက်သော် ဦး





လှမောင်က . . .

"ဒေါ်ထား . . . ဖိုးတူး နိုးပြီလား"

"ဟုတ်ကဲ့ဆရာ . . . ဘယ်အချိန်က နိုးမှန်းတော့ မသိဘူး။ ပန်းပင်တွေ ရေလောင်းနေတယ်၊ ရေလောင်းပြီး လာမယ်လို့ပြောတယ်"

"ဩော် . . . အင်း . . .. အင်း"

ဦးလှမောင်လည်း ဒေါ်ထားပြောပြရှသာစကားကို ကြားပြီး ခေါင်းတညိတ်ညိတ်နှင့် ပြုံးနေလေတော့သည်။

ထိုအချိန်တွင် ဖိုးတူးတစ်ယောက် ထမင်းစားခန်းသို့ရောက်လာခဲ့သည်။ ထိုအခါ ဦးလှမောင်က . . .

"လာ . . . ဖိုးတူး . . . ကော်ဖီလာသောက် မုန့်တွေကတော့ ကြိုက်တာယူစား"

"ရပါတယ် ဆရာ။ ကျွန်တော်က ထမင်းကြမ်းရှိရင် ရပါပြီ"

"ဘယ်ဟုတ်ပါမလဲကွာ။ ဒီမှာဆို ဦးတို့စားသလို စားရမှာပေါ့။ ဘာမှ အားမနာနဲ့။ မိသားစုဝင်လို့ သဘောထား။ စားစရာရှိတာစား။ လုပ်စရာရှိတာလုပ်ပေါ့"

"ဒါနဲ့ ဦးလည်း ခြံစောင့်အလုပ်သမားတစ်ယောက်ရှာနေတယ်။ ရရင်တော့ ဖိုးတူး သစ်ပင်ရေလောင်းဖို့ မလိုတော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဆရာကို တစ်ခုပြောချင်တယ်"

"ဘာများလဲကွယ့် ဖိုးတူး"

"ကျွန်တော်အနေနဲ့ကတော့ ခြံစောင့်မခေါ်စေချင်တော့ဘူး ဆရာ။ ဒီအလုပ်တွေ ကျွန်တော်လုပ်နိုင်ပါတယ်။ ခြံက ဒီလောက်ကျယ်တာမှ မဟုတ်တာ။ ပန်းပင်တွေကို ရေလောင်းဖို့လိုတာမဟုတ်လား။ ဆရာနဲ့ညီမလေးတို့ကို ရုံးပို့ကျောင်းပို့ပြီးရင် ကျွန်တော် အားနေတာပဲ။ ဒါတွေဟာ ကျွန်တော် လုပ်နိုင်ပါတယ်"

နောက်ပြီး ဆရာတို့အိမ်မှာ နောက်ထပ်လူတစ်ယောက် ထပ်ရောက်လာလျှင် စိတ်မရှုပ်ဖို့ပါဆရာ"

ဦးလှမောင်က ဖိုးတူး ပြောနေတာတွေဟာ သူ့အပေါ်မှာ စေတနာပြောတာလား၊ ဒေါနဲ့ပြောတာလား ဆိုတာ ဖိုးတူးရဲ့ မျက်နှာကိုပဲ မျက်နှာကြောခံ စိတ်နေမိသည်။ ပြီးနောက် ဦးလှမောင် ဆုံးဖြတ်ချက်တစ်ခု ချလိုက်လေတော့သည်။

"အေးလေ ... မောင်ဖိုးတူးနိုင်တယ်ဆိုရင်တော့ ကောင်းတာပေါ့။ ဦးတို့လည်း စရိတ်သက်သာတာပေါ့။ ဒါပေမဲ့ မောင်ဖိုးတူးကို လခတော့ ဖိုးပေးမှာပဲ"

"မလိုပါဘူး ဆရာ။ ကျွန်တော့်အပေါ် ဒီလောက် ကောင်းနေတာပဲ၊ ကျွန်တော့်အနေနဲ့ မနေတတ်တော့ပါ





ဘူး"

"ကဲ ... မောင်ဖိုးတူး။ ကားအဆင်သင့်ပြင်ထားပေတော့။ ဦးအလုပ်သွားဖို့ အပေါ်မှာ အဝတ်သွားလဲလိုက်ဦးမယ်"

"ဟုတ်ကဲ့ ... ဆရာ"

ဖိုးတူးလည်း မိမိစားစရာရှိတာကို စားသောက်ပြီး ကားရှိရာသို့ လာခဲ့လေသည်။ ကားထဲမှ အဝတ်ဖွင့်ပြီး ကြွက်မွေးတံမြက်စည်းယူကာ ကားကို ဖုန်များခါနေသည်။ ခဏကြာတော့ ဆရာ ကားနားသို့ ရောက်လာခဲ့သည်။ ထိုအခါ မောင်ဖိုးတူးက ဆရာ့ကို နောက်ခန်းတံခါးဖွင့်ပေးလိုက်လေသည်။ ဆရာကားထဲရောက်တော့ မောင်ဖိုးတူးက ဒရိုင်ဘာနေရာဝင်ကာ ကားမောင်းထွက်ခဲ့လေတော့သည်။ ခြံတံခါးကိုတော့ ဒေါ်တားပဲဖွင့်၊ ဒေါ်တားပဲ ပိတ်ပြီး အိမ်ထဲသို့ ပြန်ဝင်ခဲ့လေသည်။

ပဲခူးမြို့ရဲ့ တရားရုံးဆိုတော့ သိပ်မကြီးလှပါ။ ခြံထဲမှာတော့ သစ်ပင်ပန်းမန် အနည်းအကျဉ်းလောက်ပဲရှိသည်။ ရှေးဆန်တဲ့ အင်္ဂလိပ်လူမျိုးတို့ရဲ့ အိမ်ပုံစံပါပဲ။ ခြံထဲသို့ ကားမောင်းဝင်လာသောအခါမှာတော့ ရုံးရဲ့ ဆင်ဝင်အောက်မှာ ကားကို ရပ်ပေးလိုက်သည်။ ပြီးနောက် ဆရာ့ကို ကားတံခါးဖွင့်ကာ အရိုအသေပေးလိုက်လေသည်။ ရုံးရဲ့ရှေ့မှာတော့



www.burmeseclassic.com

www.burmeseclassic.com



အစောင့်တစ်ယောက်က ဆရာ့ကို အရှိအသေပေးကာ လက်ကို နဖူးကပ်ကာ ဆလံပေးလေလေသည်။

ဇင်းအစောင့်ကို အသေအချာကြည့်လိုက်တော့ ကုလားလူမျိုးဖြစ်နေတာ တွေ့ရလေသည်။

ဖိုးတူးလည်း ဆရာ့ကို ရုံးပို့ပြီး အိမ်သို့ပြန်ခဲ့လေသည်။ ညီမလေး မိမိနိုင်ကို ကျောင်းပို့ပေးရဦးမည် မဟုတ်ပါလား။ ရုံးအပြင်သို့ ကားလေးထွက်လာပြီး လာလမ်းအတိုင်း မောင်းလာနေစဉ် လမ်းတစ်ဝက်သို့အရောက်တွင် လူတစ်ယောက်က သူ၏ကားကို တားလိုက်သည်။ ကားတားပုံက လုံးဝ လမ်းမဖယ်ပေးဘူးဟု ဆုံးဖြတ်ထားလားမသိ။ လမ်းလယ်ကောင်က တားလေသည်။ ဖိုးတူးလည်း ရပ်ပေးလိုက်ရသည်။

အနားရောက်တော့ ဇင်းလူကို သေသေချာချာကြည့်လိုက်သောအခါ အသက်အားဖြင့် ၃၅နှစ် လောက်ပဲရှိမည်။ အသားအရေက မဖြူမညို။ ဆံပင်ပုံစံကတော့ ကတုံးစတောက်ပုံစံဖြစ်လေသည်။ ကြည့်ရသည်မှာတော့ သူ့ကို သိပ်မကြည်မလင်ဖြစ်နေတဲ့ပုံဆိုတာ သိသာသည်။

"ဒီမှာ . . . ညီလေး မင်းက ဒီတရားသူကြီးဆီမှာ အလုပ်လုပ်တာလား"

"ဟုတ်ပါတယ် အစ်ကို။ ဘာကိစ္စရှိလို့လဲ"





"အေး . . . အလုပ်လုပ်တယ်ဆိုရင် ညဘက်မှာ အိမ်ထဲ ဘယ်မှမထွက်နဲ့။ ထွက်ရင် ညီလေးမှာအန္တရာယ်ရှိတယ်။ နောက်ပြီး ကိုယ်နဲ့မဆိုင်တဲ့ ကိစ္စကိုလည်း ဘာမှ မစပ်စုပါနဲ့။ ဘာဖြစ်လို့ ဒီလိုပြောရသလဲဆိုရင် ငါကိုယ်တိုင် ဒီအိမ်မှာ အလုပ်လုပ်ခဲ့လို့ပဲ"

"ဒါဆိုရင် ခြံစောင့်ထွက်သွားတာ မကြာသေးဘူးဆိုတာ အစ်ကိုပဲပေါ့"

"ဟုတ်တယ် ဒါကြောင့် မင်းကို သတိပေးတာ"

"ဟုတ်ကဲ့ပါ အစ်ကို။ ဒါဆိုရင် ကျွန်တော်သွားလို့ ရပြီလား။ ညီမလေး ကျောင်းပို့ရဦးမယ်"

"အေး . . . သွားတော့။ ငါ့စကားကို နားထောင်ရင် မင်းသက်သာမယ်။ ဒါပဲ သွားတော့"

ဖိုးတူးလည်း ခြံစောင့်လုပ်ခဲ့သော ထွန်းရဲ့ ခပ်ပြတ်ပြတ်ပြောလိုက်သော စကားကို မကြားသလိုလုပ်ကာ ကားကို မောင်းထွက်ခဲ့လေသည်။

"အင်း . . . ဒီလူဘာကြောင့် ငါ့ကို ဒီလိုပြောရတာလဲ"

"ညဘက် အပြင်မထွက်နဲ့လို့ ဘာကြောင့် ပြောရတာလဲ"

"ခြံထဲမှာ ဘာရှိလဲ။ သရဲရှိလို့လား။ ဒါမှမဟုတ် ငါ



www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့တဲ့အပေါက်မှ သူဝင်နိုးဖို့ကြံစည်နေတာလား"

တကယ်တော့ ဖိုးတူးတစ်ယောက် ဘုရားပေါ်မှာ သူကြားခဲ့ရသော တရားသူကြီးရဲ့အိမ်ကို ဝင်နိုးဖို့တိုင်ပင်နေကြတဲ့သူ နှစ်ယောက်ထဲမှ တစ်ယောက်ဆိုတာ သူမသိလိုက်ပါ။ အဲဒီအချိန်တုန်းကလည်း သူကနောက်ဘက်မှာ ရှိနေတော့ မသိလိုက်ဘူးပေါ့။

ဖိုးတူး ဆုံးဖြတ်ချက် ချလိုက်လေသည်။ ယခုအချိန်မှာ ဆရာ့ဟာ ငါ့ရဲ့ကျေးဇူးရှင်ပဲ။ ကျေးဇူးရှင်အပေါ် ကျေးဇူးသိတတ်ရမယ် မဟုတ်ပါလား။ သူခိုး ငထွန်းပြောတဲ့ စကားနားထောင်မှာလား။ ဆရာ့စကားကို နားထောင်မှာလား။ ဒါဟာ ရှင်းပါတယ်လေ။ လောလောဆယ်တော့ ဆရာက ငါ့ကို နေဖို့စားဖို့ သုံးဖို့ အားလုံးတာဝန်ယူထားတဲ့ ကျေးဇူးရှင်တစ်ယောက်ပဲ။

ဖိုးတူးအိမ်ရောက်တော့ မိမိနိုင်တစ်ယောက် အိမ်ရှေ့တွင် ကျောင်းသွားဖို့ အဆင်သင့်စောင့်နေတာ တွေ့လိုက်ရလေသည်။

"ကိုဖိုးတူး ကားဘာဖြစ်လို့လဲ ကြာလိုက်တာ"

"ဩော် . . . အင်း . . . ဆီနည်းနည်းပိတ်လို့ပါ ကောင်းသွားပါပြီ"

ဖိုးတူးလည်း ပြီးရင်ပြီးရောဆိုပြီး လိမ်လိုက်ရ





လေသည်။

မိမိနိုင်လည်း ကားတံခါးဖွင့်ကာ ကားထဲဝင်ထိုင်လိုက်လေသည်။

ဖိုးတူးလည်း ကားကိုမောင်းထွက်ခဲ့လေသည်။

"ဘယ်ကျောင်းပို့ရမှာလဲ ညီမလေး"

ညီမလေးဟု သုံးလိုက်ရတာ သူမ ကြိုက်မှကြိုက်ပါမလားဟု စိတ်ထဲမှ တွေးနေမိသည်။ ထိုအခါ မိမိနိုင်က

"အ .ထ .က (၁)ပါ။ ကျွန်မ လမ်းပြပေးပါ့မယ်"

"ဒါနဲ့ ညီမလေး ကျွန်တော် ညီမလေးဟု သုံးတာ ကြိုက်ရဲ့လား"

"ဘာဖြစ်လို့ ကိုဖိုးတူးက မေးရတာလဲ"

"မိမိနိုင် မကြိုက်မှာစိုးလို့ပါ။ ကျွန်တော်က ထောင်ထွက်တစ်ယောက်ဆိုတော့ ညီမအရွယ်ဆို ညီမလေးဟု ခေါ်တာပါ။ မိမိနိုင် မကြိုက်ရင် နာမည်ပဲ ခေါ်ပါ့မယ်"

"ဘယ်သူက မကြိုက်ဘူးလို့ ပြောလို့လဲ။ ကိုဖိုးတူး ကြိုက်သလိုခေါ်ပါ"

"ဒါဆို ညီမလေးပဲ ခေါ်မယ်နော်"

"ကောင်းပါပြီရှင်"

မိမိနိုင်တစ်ယောက် မျက်နှာလေးပြုံးကာ ကိုဖိုးတူး ပြောသော စကားကို ကျေနပ်သလို ဖြစ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ညီမလေးကို အစ်ကိုတစ်ခု မေးချင်တယ်"

"မေးပါ . . . ကိုဖိုးတုး"

"နောက်ဆုံးလုပ်သွားတဲ့ ခြံစောင့်ရဲ့ ပုံပန်းသဏ္ဌာန်ကို ညီမလေး သိရင်ပြောပြပါလား"

"ရပါတယ် ပြောပြပါ့မယ်"

"သူ့နာမည်က ကိုတင်ထွန်း အသက်ကတော့ ၃၅ ကျော်လောက်ရှိမယ်။ မျက်နှာကတော့ . . . ဆံပင်က ကတုံးစတောက်။ မျက်ခုံးထူထူ မျက်နှာလေးထောင့် ပုံသဏ္ဌာန်ရှိတယ်။ အရပ်ကတော့ ၅ ပေ နည်းနည်းကျော်မယ်လို့ ထင်တယ်။ ခြံစောင့်လုပ်တာ ၁နှစ်ကျော်ကျော်ပဲ လုပ်တယ်။ နောက်တော့ ပါးပါးက ဘာဖြစ်လို့ အလုပ်ထုတ်လိုက်သလဲတော့ မသိဘူး။ ကျွန်မသိတာကတော့ ဒါပါပဲ"

"အလုပ်ထွက်သွားတာ ကြာပြီလား"

"မကြာသေးပါဘူး။ တစ်လတောင် မပြည့်သေးဘူး"

"ဒါနဲ့ ကိုတင်ထွန်း အလုပ်ထွက်သွားပြီး နောက်ပိုင်း ခြံထဲမှာ ဘာများထူးခြားမှုတွေရှိလဲ"

"ကိုဖိုးထူးက ဘာဖြစ်လို့ ဒါတွေမေးရတာလဲ။ ကိုဖိုးတုးက ဘာတွေများတွေ့ထားလို့လဲ"

"ကိုဖိုးတုး ဟိုရှေ့ကလမ်းရဲ့ ညာဘက်ချိုးလိုက်ပါ"





မိမိနိုင်က ကိုဖိုးတုးကို မေးရင်း လမ်းညွှန်ပေးလိုက်လေသည်။ ဖိုးတုးကလည်း မိမိနိုင် ညွှန်သောလမ်းအတိုင်း ချိုးလိုက်ပြီး ညာဘက်တွင် အ .ထ .က (၁) ကျောင်းကို တွေ့လိုက်ရလေသည်။ မိမိနိုင်က သူမမေးသော စကားကို ကိုဖိုးတုးက မဖြေဘဲနေသလို ဖြစ်သွားသည်။ ဒါကို မိမိနိုင်က မကျေနပ်သော အမူအရာဖြင့် . . .

"ကိုဖိုးတုး ကျွန်မမေးတာ မဖြေသေးဘူးနော်"

"ဟုတ်ကဲ့ပါ နောက်မှ အေးအေးဆေးဆေး ပြောပြမယ်။ အခုတော့ ကျောင်းတက်လိုက်ဦးနော်"

မိမိနိုင်က ကိုဖိုးတုး ပြန်ဖြေသော စကားကို သိပ်ဘဝင်မကျဖြစ်ကာ မျက်စောင်းထိုးပြီး . . .

"ဒါပဲနော် ညနေကျောင်းဆင်းရင် ပြန်မေးမယ်။ အဲဒီအခါကျမှ ဖြေရင်ဖြေ မဖြေရင်တော့ ပါးပါးနဲ့ တိုင်ပြောမယ်"

မိမိနိုင်တစ်ယောက် ဖြစ်သွားသော အဖြစ်ကို ကြည့်ပြီး ပြုံးကာကျန်ခဲ့လေသည်။ ကားလေးကို ကျောင်းမှ အိမ်သို့ ပြန်မောင်းခဲ့လေသည်။ အိမ်ရောက်သောအခါ ခြံရှေ့တွင် မိန်းကလေးတစ်ယောက် ရောက်နေတာ တွေ့ရလေသည်။ သူနဲ့ မိန်းကလေးက ရှေ့ဆင့်နောက်ဆင့် ဆိုသလို ရောက်လာသောကြောင့် ခြံတံခါးလာဖွင့်ပေးတာ



www.burmeseclassic.com

www.burmeseclassic.com



မတွေ့ပါ။ ဒါနဲ့ ဖိုးတူးလည်း ၎င်းမိန်းကလေးကို သေသေချာချာကြည့်ကာ ကားပေါ်မှ ဆင်းလိုက်လေသည်။ မိန်းကလေးကလည်း ၎င်းအိမ်မှကားမှန်းသိ၍ ၎င်းကားပေါ်သို့ ပါလာသောသူကို ရပ်ကြည့်နေခြင်းဖြစ်သည်။ ထိုအခါ ဖိုးတူးကပင် စတင်ပြီး . . .

"ဒီက ညီမက ဘာကိစ္စများရှိလို့လည်း။ ဘယ်သူနဲ့ တွေ့ချင်လို့လဲဟင်"

ထိုအခါ မိန်းကလေးက ဖိုးတူးကို သေသေချာချာကြည့်ပြီး . . .

"အစ်ကိုက ဒီအိမ်ကလား"

"ဟုတ်ပါတယ် အစ်ကိုက ဒရိုင်ဘာပါ။ မကြာသေးခင်ကမှ အလုပ်စဝင်တာပါ"

"ကျွန်မက မခင်စိန်ပါ။ ဒီအိမ်က ဒေါ်ထားရဲ့ တူမပါ။ ကျွန်မရွာကို ခဏပြန်ပြီး ယခုဒီနေ့မှ ပြန်ရောက်လာတာပါ"

"ဟုတ်ကဲ့ ကျွန်တော်ကို ဆရာပြောဖူးပါတယ်"

"ဒါဆို အိမ်ထဲ ဝင်ရအောင်လေ"

ဖိုးတူးက ခြံရှေ့အုတ်တိုင်ဘေးရှိ ခေါင်းလောင်းကို လှုပ်လိုက်လေသည်။ အိမ်ထဲမှ ခေါင်းလောင်းသံကိုကြား၍ ဒေါ်ထားတစ်ယောက် ပြေးထွက်လာတာ တွေ့လိုက်





ရလေသည်။

ထိုအချိန်တွင် ဖိုးတူးက ကားပေါ်သွား၍ ထိုင်စောင့်နေလေသည်။ ဖိုးတူးတစ်ယောက်က ကားပေါ်မှ ထိုင်စောင့်ရင်း ၎င်းမခင်စိန်ဆိုသော ကောင်မလေးကို ကြည့်နေမိသည်။

"အင်း . . . အသက် ၂၀ကျော်ရုံလေးပဲရှိဦးမယ်။ ကိုယ်လုံးကိုယ်ပေါက်ကတော့ ကြည့်ကောင်းရုံပါ။ မပိန်လွန်း၊ မဝလွန်းပါ။ မျက်နှာလေးကတော့ အသင့်အတင့်ပါပဲ။ တောသူလေးဆိုတော့ အရိုးခံသက်သက်ပေါ့"

ဘုရားပေါ်မှာတုန်းက သူခိုး ထွန်းနဲ့ ကြက်နီတို့ ပြောတာ ဒီကောင်မလေးပဲဖြစ်မယ်။ ငါသူ့ကို သတိထားပြီး ပေါင်းရမယ်။

ထိုအချိန်တွင် ဒေါ်ထားတစ်ယောက် တံခါးလာဖွင့်ပေး၍ သူ့ရဲ့တူမကို အမှတ်မထင်တွေ့သွားပြီး . . .

"ဟဲ . . . ခင်စိန် ဘယ်တုန်းက ရောက်နေတာလဲ"

"အခုလေးတင် အဒေါ်။ ဟိုအစ်ကိုနဲ့တောင် တွေ့ပြီး စကားပြောလိုက်သေးတယ်"

"အေး . . . လာလာ အထဲရောက်မှ ဆက်ပြောရအောင်"

"မောင်ဖိုးတူး ဝင်လေ အဒေါ်ပဲ တံခါးပြန်ပိတ်ပေး



www.burmeseclassic.com

www.burmeseclassic.com



မယ်"

"ဟုတ်ကဲ့ အဒေါ်"

ဖိုးတူးလည်း ကားကို အိမ်ရှေ့သို့မောင်းပြီး ရပ်လိုက်လေသည်။ ထို့နောက် ကားပေါ်မှဆင်းပြီး ကားကို တစ်ပတ် ပတ်ကြည့်နေလေသည်။ ပြီးနောက် ကားခေါင်းစက်ဖုံးဖွင့်ကာ ဒေါက်ထောက်ထားလေသည်။

ဖိုးတူးက သူ့ရဲ့နားခိုရာ ကားဂိုဒေါင်ရှိရာသို့ ထွက်လာခဲ့လေသည်။

ဒေါ်ထားနဲ့ သူ့ရဲ့တူမတို့ကတော့ အိမ်ကြီးထဲသို့ ဝင်ရောက်သွားကြလေသည်။ ထိုအခါ ဖိုးတူးက ကားဂိုဒေါင်ရောက်ပြီး အင်္ကျီလဲရန် ကြယ်သီးဖြုတ်နေစဉ် အမှတ်မထင် ခြံရှေ့သို့ မျက်စိရောက်သွားသည်။ ထိုအခါ ခြံရှေ့တွင် လူနှစ်ယောက် အမှတ်မထင် ခြံထဲသို့ လှမ်းကြည့်နေတာ တွေ့လိုက်ရလေသည်။ ၎င်းတို့ နှစ်ဦးက အိမ်ထဲသို့ ကြည့်နေသည်။ ဖိုးတူးက သူတို့ကိုကြည့်နေသည်။ ၎င်းတို့နှစ်ဦးက ဖိုးတူး သူတို့ကိုကြည့်နေသည်ကို မမြင်ဘဲ အိမ်ထဲသို့သာ စူးစူးစိုက်စိုက် ကြည့်နေလေသည်။

"ဟေ့ကောင် . . . ကြွက်နီ ဒီနေ့ဘာနေ့လဲ"

"သောကြာနေ့လေ"

ထိုအခါ ကျန်တစ်ယောက် ထွန်းက . . .





"ဒါဆို မင်းကောင်မလေးက အမိပြန်လာသားပဲ"

"ဒါပေါ့ ကိုထွန်းရာ ကျွန်တော်ကလည်း သူ့ကိုမှာလိုက်တာပေါ့ အမီပြန်လာပါလို့"

"လာ . . . ဒါဆို ငါတို့သွားစို့။ ယခုအချိန်ထိတော့ အခြေအနေအားလုံး ကောင်းတယ်။ တို့တွေလုပ်စရာရှိတာ ဆက်လုပ်ကြရအောင်"

ထွန်းနဲ့ ကြွက်နီတို့ သူတို့ဘာသာပြောဆိုပြီး ပြန်ခဲ့ကြလေသည်။

ဖိုးတူးလည်း ထွန်းနဲ့ ကြွက်နီတို့ကို စောင့်ကြည့်ရင်း ၎င်းတို့ပြန်သွားမှ အင်္ကျီချွတ်လဲကာ အပြင်သို့ ထွက်ခဲ့လေသည်။ ပြီးနောက် အိမ်ရဲ့ ပတ်ဝန်းကျင်ကို အကဲခတ်ရန် မြက်ရိတ်ဓားတစ်ချောင်းကိုင်ကာ ထွက်လာခဲ့လေသည်။

ခြံရဲ့ ထောင့်တစ်ထောင့်တွင် ချုံပုတ်တစ်ခုကို တွေ့လေသည်။ ၎င်းချုံပုတ်က မမြင့်လွန်း မနိမ့်လွန်းပါ။ ချုံပုတ်နားကပ်ကာ သေသေချာချာကြည့်ရန် လာခဲ့လေသည်။ အဝေးကကြည့်ရင် ချုံပုတ်ဟု ထင်ရပေမယ့် အနားရောက်တော့ ချုံပုတ်မဟုတ်ဘဲ ချုံပုတ်ရဲ့အလယ်တွင် ပုတီးပုလေး အပျက်တစ်ခုကို တွေ့ရလေသည်။ ဒါပေမဲ့ ပုတီးပုလေးမှာ မြေတူးခံထားရတာ တွေ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူတွေကများ တူးထားကြတာပါလိမ့်။ ဘာတွေများ လာရှာထားတာလဲ"

ဖိုးတူးတစ်ယောက် ရင်းပုထိုးပုလေးကို မသက်ာ ဖြစ်လာသည်။ ဒါတွေကို ဆရာလည်းသိရဲ့လား။ ဆရာ့ဆီမှာ ဘာတွေခိုးဖို့ လာတာလဲ။ ဘာပဲဖြစ်ဖြစ်လေ ငါတော့ ငါ့ရဲ့ ကျေးဇူးရှင်ကို ကာကွယ်ပေးရမှာပဲ။ တစ်နေ့တော့ ဆရာ့ကို မေးရဦးမယ်။

"ဖိုးတူးရေ မောင်ဖိုးတူး"

ဖိုးတူးမှာ သူ့ကို ခေါ်သံကြား၍ လိုက်ကြည့်မိသည်။ ဟော . . . တွေ့ပါပြီ။ ဒေါ်ထား သူ့ကိုရှာနေတာ။

"လာပြီ ဒေါ်ဒေါ် ကျွန်တော် ဒီမှာပါ"

ဒေါ်ထားက အသံသာကြား၍ ခြံထဲပတ်ပြီး မျက်လုံးလိုက်ကြည့်နေသည်။ ခြံထောင့်တွင် ဓားတစ်ချောင်းနှင့် အလုပ်ရှုပ်နေသော မောင်ဖိုးတူးကို တွေ့သွားလေသည်။

"မောင်ဖိုးတူး ရေချိုးပြီး ထမင်းစားရအောင် လာခဲ့တော့"

"ဟုတ်ကဲ့ ဒေါ်ထား။ လာခဲ့မယ်"

မောင်ဖိုးတူးလည်း ပုထိုးပုလေးရဲ့ ပတ်ဝန်းကျင်ရှိ အမှိုက်များ ချုံပုတ်များရှင်းလင်းကာ ပြီးသလောက်လုပ်ပြီး ထားခဲ့သည်။ နောက်မှ ဆက်လုပ်တော့မည်ဟု ဒီအတိုင်း





ထားခဲ့လေသည်။

ဖိုးတူးလုပ်နေသော အရာအားလုံးကို စောင့်ကြည့်နေသော အိမ်ဖော်မလေး ခင်စိန်က မီးဖိုချောင် ပြူတင်းမှ ကြည့်နေလေသည်။ ဖိုးတူးက မသိလိုက်ပါ။ သူလုပ်စရာရှိတာ လုပ်ပြီးပြန်ခဲ့လေသည်။ ဂိုဒေါင်သို့ရောက်ပြီး ရေချိုး အဝတ်အစားလဲကာ အိမ်ကြီးထဲသို့ ဝင်ခဲ့လေသည်။

မီးဖိုခန်းတွင် သူ့အတွက် ထမင်းဝိုင်းလေးပြင်ပေးထားလေသည်။ ဖိုးတူးလည်း ထမင်းစားပြီး မိမိအခန်းရှိရာသို့ ပြန်ခဲ့လေသည်။ အိပ်ရာပေါ် ခဏလှဲကာ ဒီနေ့ သူတွေ့ကြုံခဲ့တာတွေ စဉ်းစားနေမိလေသည်။

ဆရာကိုပို့ပြီးအပြန် လူတစ်ယောက်ကားတားပြီး ပြောတာလေးများ ပြန်စဉ်းစားမိသည်။ ဒီလူပြောပုံအရ ဒေါ်ထားပြောပြတာနဲ့ဆိုရင် ဒီလူဟာ ဒရိုင်ဘာကိုတင်ထွန်းခေါ် ငထွန်းပဲ ဖြစ်လိမ့်မယ်။

နောက်ပြီး ခြံထောင့်မှာ ကျင်းတူးထားတာလည်း သူပဲဖြစ်လိမ့်မယ်။ ပုထိုးပုလေးနားမှာလည်း မြေကြီးတွေ တူးထားတာလည်း သူပဲဖြစ်လိမ့်မယ်ထင်တယ်။

ညကျရင် အခြေအနေစောင့်ကြည့်ရမယ်။ ဒီလူတွေဟာ တစ်နေ့နေ့တော့ လာကြမှာပဲ။

"အစ်ကို . . . အစ်ကိုဖိုးတူး"



www.burmeseclassic.com

www.burmeseclassic.com



ဂိုဒေါင်ရှေ့မှ ခင်စိန်ရဲ့ခေါ်သံကို ကြားလိုက်ရ၍ . . .

"လာပြီ . . . လာပြီ"

"ဟင် . . . ခင်စိန်ပါလား။ ဘာကိစ္စရှိလို့လဲ"

"မမကြီးက မြို့ထဲခဏ ကားမောင်းပို့ပေးပါ။ ဝယ်စရာလေးရှိလို့တဲ့"

"ဟုတ်ကဲ့ လာပြီလို့ပြောလိုက်နော်"

ဖိုးတူးလည်း လုပ်လက်စအလုပ်များ လက်စသိမ်းကာ ခြေလက်ဆေးကာ ကားနားသို့အရောက် ပြေးသွားမိသည်။ ထိုအခါ ကားနားတွင် မမကြီးက ရပ်စောင့်နေတာ တွေ့ရလေသည်။ ဖိုးတူးလည်း နောက်ခန်းတံခါး ဖွင့်ပေးလိုက်သည်။ မမကြီးက ကားထဲဝင်ထိုင်ကာ . . .

"ဖိုးတူးရေ မမကြီးကို မြို့ထဲက ဈေးနားပို့ပေးပါကွယ်"

"ဟုတ်ကဲ့ မမကြီး"

ဖိုးတူးတစ်ယောက် ကားကို မြို့ထဲဈေးနားသို့ မောင်းခဲ့သည်။ မမကြီးက ကားထဲမှ ဆင်းကာ ဈေးထဲသို့ ဝင်သွားလေသည်။ ဖိုးတူးက မမကြီးကိုစောင့်ရင်း ဈေးရှေ့ရှိ လက်ဖက်ရည်ဆိုင်တွင် ဝင်ထိုင်ကာ လက်ဖက်ရည်တစ်ခွက် မှာသောက်နေလေသည်။

ခဏကြာတော့ မမကြီး ဈေးထဲမှ အထုပ်များ





ဆွဲကာ ထွက်လာတာ တွေ့ရလေသည်။ ဖိုးတူးလည်း လက်ဖက်ရည်ဖိုးရှင်းပြီး မမကြီး၌ ပါလာသော အထုပ်များကို ဆွဲပြီး ကားထဲသို့ ထားပေးလိုက်သည်။ မမကြီးက ကားထဲဝင်ထိုင်ကာ . . .

"မောင်ဖိုးတူး မမကြီးကို အိမ်ပဲတန်းပြီးပို့တော့"

"ဟုတ်ကဲ့ မမကြီး"

ဖိုးတူးလည်း မမကြီးကို အိမ်သို့ပို့ပြီး နာရီကြည့်လိုက်သောအခါ ရုံးဆင်းချိန်နီးနေတာသိ၍ ကားလေးကို ဆရာ့ရုံးသို့ မောင်းခဲ့လေသည်။

ဒီနေ့တော့ ဆရာက အလုပ်စောစောပြီးနေ၍ မောင်ဖိုးတူးကို မျှော်မိသည်။ ဒါပေမဲ့ မောင်ဖိုးတူးက ရုံးလာတာ နောက်မကျပါ။

"ဟော . . . ကားသံကြားတယ်။ မောင်ဖိုးတူးလာပြီထင်တယ်"

ထိုအခါ ပြာတာ ကုလားလေးက . . .

"ဆရာ . . . ကားလာပြီဆရာ"

"အေး . . . အေး . . . ဆရာလည်းပြန်မယ်"

ထိုအခါ ပြာထာကောင်းလေးက ဆရာ့ဆီမှ အိတ်များ ဖိုင်များ ကူသယ်ပေးကာ ကားဆီသို့ ပို့ပေးလေသည်။ ဖိုးတူးက ပြာတာကုလားလေးလက်ထဲက အိတ်နဲ့ ဖိုင်များ



www.burmeseclassic.com

www.burmeseclassic.com



လက်လွဲယူကာ ကားထဲသို့ ထည့်ပေးလိုက်သည်။ ဆရာကို လည်း ကားတံခါးဖွင့်ပေးလေသည်။ ပြီးနောက် ဖိုးတူးလည်း ကားကို မောင်းထွက်လာခဲ့လေသည်။

"မောင်ဖိုးတူး သမီးကျောင်းဆင်းဖို့ နီးပြီလား"

"ဟုတ်ကဲ့ဆရာ နီးနေပါပြီ"

"ဒါဆိုလည်း တစ်ခါတည်းပဲ ဝင်ကြိုလိုက်ရအောင်"

"ဟုတ်ကဲ့ ဆရာ"

ဖိုးတူးလည်း မိမိနိုင်ရှိရာ ကျောင်းဆီသို့ မောင်းလာခဲ့လေသည်။

× × ×

ညသည် တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသည်။ ပဲခူးမြို့ဟု ဆိုပေမယ့် အိမ်ရာနည်းလေတော့ ပတ်ဝန်းကျင်မှာ သစ်ပင်ကြီးများနှင့် အုပ်အုပ်ဆိုင်းဆိုင်းဖြစ်နေတော့ ညနေ ၆ နာရီ ၇နာရီဆိုလျှင် လူခြေတိတ်လျက်ရှိနေသည်။ ထိုအချိန်တွင် ည၏အမှောင်လို ခတုံးလုပ်ပြီး ကြံစည်နေသော လူသားနှစ်ဦးက အမှောင်ဘက်သို့ စောင့်နေကြလေသည်။ ည၏အမှောင်ပို၍ မှောင်လာမည့်အချိန်ကို စောင့်နေကြသည်။ သူတို့နှစ်ဦးက သစ်ပင်ကြီးတစ်ပင်ရဲ့ အရိပ်ကောင်းသောနေရာတွင်ထိုင်ကာ စကားများပြောနေကြ





လေသည်။ လမ်းသွားလမ်းလာဆိုလို့ လူမပြောနဲ့ ခွေးလေခွေးလွင့် တစ်ကောင်တမြီးတောင် မရှိခဲ့ပါ။

ထိုအချိန်တွင် မောင်ဖိုးတူးက မိမိ၏ ဂိုဒေါင်ရှေ့ရှိ ခုံတန်းတစ်ခုတွင်ထိုင်ကာ ရေဒီယိုအသေးလေးမှ သတင်းနားထောင်နေလေသည်။ ဖိုးတူး သတင်းသာနားထောင်နေသည်။ သတင်းက မထူးတော့ ခြံပတ်ဝန်းကျင်ကိုသာ အာရုံက ရောက်နေသည်။ ထိုအခါ . . .

"ကိုဖိုးတူး . . . ကိုဖိုးတူး"

ဖိုးတူးနား မရောက်တရောက် လျှောက်လာနေသော မိန်းကလေးတစ်ဦးက ခေါ်လိုက်သံကို ဖိုးတူးက ကြားကာ . . .

"ခင်ဗျား လာပါပြီ"

ဖိုးတူးက ပါးစပ်မှလည်းပြော ထဖို့ပြင်နေတုန်း အနားသို့ မိမိနိုင်တစ်ယောက် ရောက်နေတာ တွေ့လိုက်ရသည်။ သူ့အနေနဲ့ အာရုံက ခြံရှေ့သို့ ရောက်နေတော့ အနားသို့ မည်သူရောက်နေမှန်းမသိဘဲ ခေါ်သံလိုကြားလို့သာ ထူးလိုက်မိသည်။

"ဟင် . . . ညီမလေး မိမိနိုင်ပါလား။ ဘာလာလုပ်တာလဲ။ အိပ်မပျော်လို့လား"

"ဟုတ်တယ် နေ့ခင်းကကိစ္စ မပြီးသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ဘာများလဲ ညီမလေး"

ဖိုးတူးတစ်ယောက် မသိသလိုနဲ့ မေးခြင်းဖြစ်သည်။ မိမိနိုင်တစ်ယောက် သူဆီလာကတည်းက နှုတ်ခမ်းရှူပြီးလာတာ သိလိုက်သည်။ သူ့ကိုစိတ်ဆိုးပြီး လာတယ်ဆိုတာ သိလိုက်သည်။ ဒီတစ်ခါတော့ သူ့အနေနဲ့ ရှောင်လို့မရတော့ပါ။ ချော့ရတော့မှာပေါ့။

"ကဲပါ . . . ညီမရယ် နှုတ်ခမ်းကြီးတော့ မရှူထားပါနဲ့"

"ဝက်နှာခေါင်းကြီးနဲ့ တူလို့ပါ"

"သွားပါ။ အခုမှ လာချော့မနေပါနဲ့။ ပြော မနက်က မေးတဲ့ကိစ္စ"

ဖိုးတူးမှာ မိမိနိုင်ကို ဘယ်ကစပြောရမလဲဆိုတာ ခဏ စဉ်းစားလိုက်သည်။ အမှန်အတိုင်း ပြောလိုက်ရမလား။ ဒါမှမဟုတ် လိမ်ပြောရမလား။ အမှန်အတိုင်းပြောလိုက်ရင် မိန်းမသားဆိုတော့ ကြောက်နေမှာလည်း စိုးရိမ်မိသည်။ ဆုံးဖြတ်ချက် ချလိုက်မိသည်။

"ကဲပါ . . . ညီမရယ် အစ်ကိုပြောပါ့မယ်"

"ညီမလေးတို့ ဒီခြံမှာနေတာကြာပြီလား"

"ကြာပြီ ကိုဖိုးတူး။ ညီမက ငယ်ငယ်လေးပဲ ရှိသေးတော့ သိပ်မမှတ်မိဘူး"





"ဘာဖြစ်လို့မေးတာလဲဟင်"

"ဒီခြံထဲမှာ အစ်ကို ပုထိုးပုလေးတွေ တွေ့တယ်။ ဒီခြံဟာ အရင်က ဘုရားမြေများဖြစ်မလားလို့"

"ဒါတော့ ညီမလည်း မသိဘူး။ အရင်ကတော့ ဒီခြံရဲ့ပိုင်ရှင်ဟာ စော်ဘွားတစ်ယောက်ဖြစ်တယ်လို့တော့ ပြောတာပဲ။ ပါးပါးနှင့် ဘယ်လိုပတ်သက်ပြီး ဘယ်လို ဒီကို ရောက်လာသလဲတော့ ညီမလည်း မသိဘူး"

"ကိုဖိုးတူး သိချင်ရင်တော့ ပါးပါးကို မေးကြည့်ပါလား"

"အင်း . . . နောက်ကြုံမှပဲ ဆရာ့ကို မေးရမယ်။ ဒါနဲ့ ဒီနေ့ဘာနေ့လဲဟင်"

"ဒီနေ့ စနေနေ့လေ"

"အင်း . . . စနေနေ့တောင်ရောက်လာပြီပဲ"

"ဘာဖြစ်လို့လဲဟင်"

"ဘာမှ မဖြစ်ပါဘူး။ အစ်ကို ဒီကိုရောက်တာ တစ်ပတ်တောင် ရှိသွားပြီနော်"

"ညီမလေး သွားအိပ်တော့ ညနက်နေပြီ။ အေးလည်း အေးလာပြီ"

"ညီမလေး မေးတာလည်း အစ်ကိုဖြေပြီးပြီနော်။ ကျေနပ်တော့"


www.burmeseclassic.com

www.burmeseclassic.com

မိမိနိုင်တစ်ယောက် သိပ်တော့ ဘဝင်မကျလှပါ။ ကိုဖိုးတူးပြောသော မေးသောအရာများနဲ့ ဒီခြံကို ဘယ်လို ပတ်သက်နေလဲတော့ သူမ မသိပါ။ ဆက်မေးလည်း ဘာမှ ထူးမှာ မဟုတ်တော့ ပြန်ခဲ့ရလေသည်။

မိမိနိုင် ပြန်သွားပြီး ဖိုးတူးလည်း အိမ်ထဲဝင်ကာ မီးများပိတ်လိုက်လေတော့သည်။

× × ×





အခန်း ( ၄ )

## လူနစ်ယောက်သေတ္တာတစ်လုံးနဲ့

ဖိုးတူးတစ်ယောက် မှေးခနဲ အိပ်ပျော်သွားသည်။ ဒါပေမဲ့ သူ့ရဲ့အသိက လှုံ့ဆော်လိုက်သလို လန့်ပြီးနိုးလာသည်။ သူလည်း နိုးနိုးခြင်း နာရီကြည့်လိုက်တော့ ည ၁၂ နာရီ ထိုးနေပြီ။ ထိုအချိန်တွင် ဖိုးတူးလည်း ခြံထောင့်ကို ကြည့်ရင်း၍ ဂိုဒေါင်ရဲ့ အထပ်ခိုးအပေါ်ထိပ်မှ အပေါက်လေး တစ်ပေါက် သူကိုယ်တိုင် ဖောက်ထားခဲ့သည့်နေရာကို ကြည့်လိုက်သည်။ သူထင်သည့်အတိုင်းပင် ပုထိုးလေး နားတွင် လူနစ်ယောက် အုပ်ဆောင်းမီးလင်းတိုင်လေးထွန်း

www.burmeseclassic.com

www.burmeseclassic.com



ကာ ဘာများ လုပ်နေကြလဲမသိပါ။ ဂိုဒေါင်နဲ့ နည်းနည်း လှမ်းနေတော့ သိပ်မမြင်ရပါ။ ဒီအချိန်ဆိုတော့ အိမ်ကြီးထဲမှာ မီးများပိတ်ထား၍ မှောင်နေသည်။ အင်း . . . ဒီလူနှစ်ယောက်ဟာ နေ့ခင်းက ခြံရှေ့မှာတွေ့တဲ့ လူများလား။ ဒါမှမဟုတ် ထွေနွန်းနဲ့ ကြွက်နီများလား။ ဘာတွေရှာနေလဲတော့ မသိပါ။

သူတို့နဲ့ နီးအောင် သွားချောင်းရမယ်။ ဖိုးတူးလည်း တံခါးကို ဖြည်းဖြည်းချင်းဟပြီး အပြင်သို့ ထွက်ခဲ့သည်။ အပြင်မှာ မှောင်နေတော့ အနက်ရောင်အကျီကို ရှာဝတ်ခဲ့လေသည်။ သူတို့နှနီးအောင် အနီးဆုံးချုံပုတ်နားတိုးကာ ကြည့်နေမိသည်။ နေ့ခင်းက သူကြည့်ခဲ့သော ပုထိုးပုလေးရှိသော ချုံနားတွင် မြေကြီးကို ဆက်တူးနေတာ တွေ့ရသည်။ နာရီဝက်ခန့်ကြာသော် သေတ္တာလေးတစ်လုံး ကိုင်ထားတာ တွေ့ရလေသည်။ ပြီးနောက် ဗုဆိုးတစ်ခုနဲ့ ထုတ်လိုက်ပြီး အုပ်ဆောင်းမီးကို ပိတ်လိုက်ကြသည်။ ထို့နောက် ခြံထောင့်သို့ ထွက်သွားကြတာတွေ့ရသည်။ မီးများ ပိတ်လိုက်ကြ၍ ဘာမှမမြင်ရတော့ပါ။

ဖိုးတူးလည်း ခဏကြာသည့်အထိ စောင့်ကြည့်ပြီး ဘာမှမထူးခြားလို့ ပြန်ခဲ့လေသည်။ မနက်ကျမှပဲ သူတို့ တူးခဲ့သောနေရာကို သွားကြည့်တော့မည်ဟု စိတ်ထဲမှာ





တေးကာ မိမိကားဂိုဒေါင်ရှိရာသို့ ပြန်ခဲ့လေသည်။

မိမိအခန်းသို့ ပြန်ရောက်သောအခါ သူတွေ့ခဲ့ရသော သူများကို အဝေးမှာမို့ သဲသဲကွဲကွဲ မမြင်လိုက်ရပါ။ ဒါပေမဲ့ သူထင်ထားသည့်အတိုင်း ခြံရှေ့မှာ ရစ်ဝဲနေသော နှစ်ယောက်များ ဖြစ်မလားလို့ ထင်မိသည်။ ဘာပဲဖြစ်ဖြစ် လေ ဆရာ့မှာ အန္တရာယ်ရှိနေပြီဆိုတာ သူသိလိုက်ရသည်။

ပုထိုးအောက်မှာ ဂူတစ်ခု . . .

မနက်မိုးလင်းတာနဲ့ ဖိုးတူးအရင်ထကာ သူသိချင်လှသောအရာကို သိလို၍ ပုထိုးပုလေးရှိရာ ချုံနားသို့ လာခဲ့သည်။ ချုံနားရောက်တော့ ပုထိုးပုလေးရဲ့အောက်တွင် ကွန်ကရစ်ဂူလေးတစ်ခု။ အကျယ်ကတော့ သိပ်မကျယ်ပါ။ ၂ပေ-၁ပေ လောက်ပဲရှိမည်ဟု ထင်ရလေသည်။ ညက လူနှစ်ယောက်က သူတို့လိုချင်တာရလို့ ပြန်ပြီး ဘာမှမလုပ်ဘဲ ထွက်သွားကြတာကြောင့် ယခုလို သူသိလိုက်ရလေသည်။

ညက သူတို့လက်ထဲက ကိုင်သွားတဲ့ သေတ္တာလေးက ဒီထဲက ယူလိုက်တာဖြစ်မယ်။ ဒါဆိုရင် ဒီလူတွေ ဒီသေတ္တာကို လာရှာတာဖြစ်မယ်။ အရင်တစ်ခါလည်း သူတို့ပဲ တူးတာဖြစ်မယ်။ ဒီနေရာ ဒီခြံမှာ ဒီပုထိုးပုလေးရှိတယ် ဆိုတာ သိထားတဲ့လူဖြစ်မယ်။ ဒီခြံမှာ နေခဲ့တဲ့ လူမှသာ



www.burmeseclassic.com

www.burmeseclassic.com



သိမယ်။ ဒါဆိုရင် ဒီခြံမှာလုပ်သွားတဲ့ အလုပ်သမားများထဲမှ တစ်ယောက်ယောက်ဖြစ်မှာ သေချာတယ်။

ဒီတစ်ယောက်က ခြံစောင့် ကိုတင်ထွန်း ခေါ်ထွန်းများ ဖြစ်မလားဘဲ၊ ဒါမှမဟုတ် ထွန်း၊ အရင်တစ်ယောက်လည်း ဖြစ်နိုင်တာပဲ၊ မိုးတူးလည်း သူ၏ထင်မြင်ချက်ကို စဉ်းစားနေမိလေသည်။ ဒါတွေ နောက်မှပဲ စဉ်းစားတော့မယ်၊ သူတို့တူးခဲ့သော မြေကြီးများကို ပြန်ဖို့ပြီး ပြန်ခဲ့လေသည်၊ သူတို့ထွက်ခဲ့သော ခြံထောင့်သို့ လာခဲ့သည်။ သူထင်သည့်အတိုင်းပင် ခြံပြင်သို့ထွက်တဲ့ လိုဏ်ခေါင်းပေါက်မှ အပြင်သို့ ထွက်သွားကြခြင်း ဖြစ်လေသည်။

ဒါတွေကို ဆရာကိုပြောပြရင် ကောင်းမလား၊ ဒါမှမဟုတ် မသိချင်ယောင်ဆောင်ပြီး နေလိုက်ရမလား။ မသိချင်ယောင်ဆောင်ပြီး နေလိုက်ရင် နောင်ဖြစ်လာမယ့် ပြဿနာမှာ ငါ့အပြစ်မလွတ်ဘဲ ဖြစ်နေမယ်။

ဒါဆိုရင် ဆရာ့ကို သတိပေး ပြောပြလိုက်ရင် ကောင်းမယ်ထင်တယ်။ သတိပေးတဲ့အနေနဲ့ပေါ့။ ပြောလိုက်မည်ဟု မိုးတူးဆုံးဖြတ်လိုက်သည်။

မိုးတူး ကားဂိုဒေါင်နားသို့ ပြန်ရောက်ပြီး ပန်းပင်များ ရေလောင်းဖို့ ပြင်ဆင်လိုက်သည်။

"ဒေါ်ထား . . . ဒေါ်ထား"





ဦးလှမောင်က ထမင်းစားပွဲတွင်ထိုင်ရင်း ဒေါ်ထားကို ခေါ်လိုက်သည်။ ထိုအခါ ခင်စိန်ထွက်လာပြီး . . .

"ဦးလေး ဘာများအလိုရှိလို့လဲ"

"ဒေါ်ထားက ဘယ်သွားလို့လဲ"

"အစ်ကို မိုးတူးကို နံနက်စာစားဖို့ သွားခေါ်နေတယ် ဦး"

"ဪ . . . အေး . . . အေး . . . ဒါဆိုရင် ရပြီ"

ခဏကြာတော့ ဒေါ်ထားပြန်လာတာ တွေ့လိုက်ရသည်။ ဦးလှမောင်က လှမ်းတွေ့၍ ခေါ်လိုက်သည်၊

"ဒေါ်ထား မိုးတူးနိုးပြီလား"

"ဟုတ်ကဲ့ . ‌. . ဆရာ ပန်းပင်တွေ ရေလောင်းနေတယ်၊ ပြီးတော့မယ်"

ဒေါ်ထားက ဆရာမေးတာဖြေပြီး မီးဖိုခန်းထဲသို့ ဝင်သွားလေသည်။ ဦးလှမောင်က အင်း . . . မိုးတူးလေး အလုပ်တော့ ကြိုးစားသားပဲ၊ ဝီရိယလည်းရှိတယ်၊ အလုပ်မှာလည်း မရိုတတ်ဘူး၊ ဦးလှမောင် စဉ်းစားနေတုန်း မိုးတူးရောက်လာခဲ့သည်၊

"လာ . . . မောင်မိုးတူး ဆရာ့နားမှာပဲ လာစားပါ"

"ရပါတယ် ဆရာ၊ ကျွန်တော် မီးဖိုခန်းထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ထမင်းကြမ်းစားနေကျပါ။ ဒေါ်ထားလည်း ပြင်ထားတယ်လို့ ပြောတယ်"

"အေးအေး . . . ဒါဆိုလည်း ပြီးတာပါပဲ။ စားပြီးရင် ဆရာ့ဆီ လာခဲ့ပါဦး။ ဧည့်ခန်းထဲက စောင့်နေမယ်"

"ဟုတ်ကဲ့ပါ ဆရာ"

ဖိုးတူးလည်း ဆရာက ပြောစရာရှိတယ်ဆိုတာနဲ့ ထမင်းကို အမြန်စားလေသည်။ ဖိုးတူး ထမင်းစားနေတာ ဒေါ်ထား မြင်တော့ ဒီကောင်လေး ဘာကြောင့် ဒီလောက် အမြန်စားနေတာလဲ မသိဘူး။

"မောင်ဖိုးတူး ဖြည်းဖြည်းစားပါကွယ်၊ အချိန်ရှိပါသေးတယ်"

"မဟုတ်ဘူး ဒေါ်ထား၊ ဆရာ အကြာကြီးစောင့်နေရမှာစိုးလို့ပါ"

"ရပါတယ်ကွယ်၊ ဆရာက ဘာမှမပြောပါဘူး။ ဆရာက သဘောကောင်းပါတယ်"

ဒေါ်ထားတစ်ယောက် ပြောနေသော စကားကို ပြန်ချေပခြင်း မပြုတော့ဘဲ ထမင်းကိုသာ အမြန်စားပြီး သွားသည်၊ ပန်းကန်နှင့် လက်ဆေးပြီး ဧည့်ခန်းသို့ ထွက်လာခဲ့လေသည်။ ဧည့်ခန်းသို့ရောက်သော် . . .

"ဆရာ . . . ကျွန်တော်ရောက်ပြီ"





"ထိုင်ပါ"

"အေး . . . တခြားတော့ မဟုတ်ပါဘူး။ ဒီတစ်ရက်နှစ်ရက်အတွင်း ဆရာတို့ ခရီးထွက်ရမယ်။ အဲဒါ မောင်ဖိုးတူးကို ဆရာနဲ့လိုက်ခဲ့ဖို့ ပြောတာပါ။ လုပ်စရာရှိတာများရှိရင် ကြိုတင် ပြင်ဆင်ထားလို့ရအောင်ပါ။ ခရီးကတော့ တစ်ရက်နှစ်ရက်လောက်ပဲ ကြာမှာပါ"

"ဟုတ်ကဲ့ပါ ဆရာ။ ကျွန်တော်ပြင်ဆင်ထားပါ့မယ်။ ကားကိုလည်း လိုအပ်တာရှိရင် ပြင်ထားပါ့မယ်"

"မောင်ဖိုးတူး ဆရာက အိမ်ကကား မယူသွားဘူး။ လိုင်းကားနဲ့ သွားမှာပါ။

ခရီးက နှစ်နှစ်နေရာဆိုတော့ အိမ်က ကားနဲ့ဆို အဆင်မပြေဘူး"

"ဟုတ်ကဲ့ပါ ဆရာ။ ကျွန်တော်ဘက်က အဆင်သင့် လုပ်ထားပါ့မယ်"

"အေးအေး . . . ဒါဆို မောင်ဖိုးတူး လုပ်စရာရှိ သွားလုပ်တော့"

"ဒီနေ့တော့ ဆရာအလုပ်ပိတ်တယ်။ မောင်ဖိုးတူးလည်း နားနားနေနေ အနားယူပေါ့။ မင်းရဲ့အဒေါ်နဲ့ ညီမလေး သွားစရာရှိရင် လိုက်ပို့လိုက်ပေါ့"

"ဟုတ်ကဲ့ပါ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



ဗိုးတူးလည်း ဆရာမှာစရာရှိတာများ နားထောင်ပြီး မိမိအခန်းရှိရာသို့ ပြန်ခဲ့သည်။

× × ×





အခန်း ( ၅ )

## တိတ်ဆိတ်သောညနဲ့ ကြမ္မာဆိုး

ညသည် တိတ်ဆိတ်ငြိမ်သက်နေသည်။ ပတ်ဝန်းကျင်ကလည်း မြကျယ်များကြောင့် ပို၍တိတ်ဆိတ်လျက်ရှိလေသည်။ ညငှက်များရဲ့ အော်သံများ တစ်ချက်တစ်ချက်ကြားလိုက်ရသည်။

"ဟော့ကောင် . . . ကြွက်နီ မင်းရဲ့ ကောင်မလေးတို့ သေသေချာချာ ပြောထားရဲ့လား"

"ပြောထားပါတယ် ကိုထွန်း။ အခု ဘယ်နာရီ ရှိသေးလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ကိုထွန်းဆိုသူက သူ၏အိတ်ထဲမှ ကြိုးတပ်နာရီလေးကို ထုတ်ပြီးကြည့်လိုက်သည်။

"ည ၁၀နာရီရှိပြီ"

"ဒါဆို ၁နာရီတောင် လိုသေးတယ်။ သူမ ပြောတော့ ဆရာက ၁၀နာရီထိ စာဖတ်တယ်၊ ဒါကြောင့် ၁၁နာရီချိန်းထားတယ်"

"၁နာရီတောင် စောင့်ရဦးမယ်မှာပေါ့။ အိမ်ထဲဝင်ဖို့ ဘယ်လိုချိန်းထားတာလဲ"

"၁၁ နာရီထိုးရင် သူ့အခန်းက မီးဖွင့်လိုက်မယ်တဲ့။ အဲဒီအခါကျရင် ဝင်ဖို့အချက်ပြတာနဲ့ အတူတူပဲ"

"ဒါဖြင့်ရင် တို့က သူ့အခန်းမီးဖွင့်တဲ့အထိ စောင့်ရမှာပေါ့"

"ဒါပေါ့ ကိုထွန်းရယ်"

ထိုအချိန်တွင် ဖိုးတူးတစ်ယောက်လည်း အိပ်မပျော်ပဲ ရှိနေသည်။ တနင်္ဂနွေနေ့ဆိုတော့ သူ ကြားထားတဲ့သတင်း မှန်မမှန် စောင့်ကြည့်ရမှာပဲ။ ၁၀ နာရီတောင်ကျော်နေပြီ။ ဘာမှလည်း မထူးခြားသေးပါ။ ထိုအချိန်တွင် ရေငတ်လာ၍ ဖိုးတူး အိပ်ရာမှထကာ ရေအိုးရှိရာသို့ ရေသောက်ရန် ထလာခဲ့သည်။ အမှတ်တမဲ့ ခြံထောင့်သို့ လှမ်းကြည့်လိုက်သည်။ ခြံရဲ့အပြင်ဘက်တွင် မီးရောင်မှိန်လေး





လှမ်းတွေ့လိုက်ရသည်၊ အင်း . . . သူတို့ပဲ ဖြစ်လိမ့်မယ်။ အိမ်ပေါ်သို့ လှမ်းကြည့်လိုက်သောအခါ ဆရာ့အခန်းက မီးရောင်မှိန်နေတာ တွေ့လိုက်ရသည်၊ ဆရာတော့ အိပ်ပြီထင်တယ်။

ဒီအတိုင်းဆိုရင်တော့ သူတို့လှုပ်ရှားမှာ အမှန်ပဲ၊ ဒီအချိန်မှာ ခြံထောင့်တွင် မီးရောင်မှိန်မှိန်လေး လှမ်းတွေ့လိုက်ရတယ်ဆိုတာ သူတို့မှလွဲ၍ ဘယ်သူမှ မဖြစ်နိုင်ပါ။ ခဏတော့ စောင့်ကြည့်ရမှာပဲ၊ ခဏကြာတော့ ခင်စိန်အခန်းမှ မီးလင်းတာ တွေ့ရပြန်သည်၊ အင်း . . . ကျိန်းသေပြီး ခင်စိန် အချက်ပြတာဖြစ်လိမ့်မယ်။

ထွန်းနှင့် ကြွက်နီတို့လည်း ခင်စိန်အခန်းမှ မီးရောင်လင်းလာတာ တွေ့လိုက်ရ၍ သူတို့ရဲ့ လုပ်ငန်းစတော့သည်။

"ဟေ့ကောင် . . . ကြွက်နီ စတော့"

"ဟုတ်ကဲ့ . . . ကိုထွန်း"

ကြွက်နီလည်း ချုပ်ထဲဝင်ကာ မလွယ်ပေါက်တံခါးကို ဆွဲတင်ကာ ဘေးသို့လှဲထားလေသည်၊ ပြီးနောက် နှစ်ယောက်သား အထဲသို့ဆင်းကာ တစ်ဦးက လက်နှိပ်ဓာတ်မီးထွန်းကာ ကျန်တစ်ဦးက လက်ဆွဲမီးအိမ်လေးကို ကိုင်ကာ ခြံထဲသို့ လေးဖက်ကုန်းကာ တွားပြီးဝင်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြီးနောက် မြွေထဲသို့ရောက်သော် အောက်မှ အဖုံးကို ခေါက်လိုက်သည်။

ထိုအခါ ခင်စိန်က မြွေထဲမှ အဖုံးပေါ်ရှိ မြေကြီးများကို ဖယ်ရှားနေလေသည်။ ထိုအခြင်းအရာအားလုံးကို ဖိုးတူးက စောင့်ကြည့်နေလေသည်။ ခင်စိန်လည်း မြေကြီးများ ဖယ်ရှားလို့ ပြီးသွား၍ အဖုံးကို ဖွင့်ပေးလိုက်သည်။

"ခင်စိန် အိုကေရဲ့လား"

"အိုကေပါတယ် အစ်ကို။ ဆရာကြီးအိပ်သွားပြီ။ အားလုံးကို အိပ်ဆေးနဲ့ ကော်ဖီ ဖျော်တိုက်ထားတယ်။ အားလုံး အိုကေတယ်"

"အေး . . . ကောင်းတယ်"

ကြွက်နီက ခင်စိန်ကို ပြုံးပြပြီး စိတ်ချယုံကြည်တဲ့ အကြည့်နဲ့ကြည့်ကာ . . .

"ခင်စိန် ရှေ့ကသွားနှင့်"

သူတို့သုံးယောက်လုံး နောက်ဖေးတံခါးဝင်ပေါက်မှ ဝင်လာကြလေသည်။

ထိုအချိန်တွင် ဖိုးတူးက သစ်ကိုင်းခြောက် မစိုမခြောက်တစ်ခုကို ကြိုတင်ရှာထား၍ ၎င်းသစ်ကိုင်းခြောက်ကိုယူကာ ခင်စိန်တို့ မလာခင်ကတည်းက ၎င်းနောက်ဖေးပေါက်သို့ ကြိုတင်ဝင်ခဲ့သည်။





ပြီးနောက် ဆရာ့အခန်းသို့လာကာ ဆရာ့ကို နှိုးသေးသည်။ ဒါပေမဲ့ ဆရာက မနိုးပါ။ သူတို့ကြားသွားမှာကို လည်း စိုးရိမ်မိသည်။ ဒါကြောင့် သူတို့လာမယ့်လမ်းက စောင့်ကြည့်နေသည်။

ဟော . . . ဝင်လာပါပြီ။ ခင်စိန်က ရှေ့ဆုံးက၊ နောက်မှ လူနှစ်ယောက် လိုက်ဝင်လာကြသည်။ ထိုအခါ ခင်စိန်က သူ့အခန်းသို့ဝင်ကာ မီးပိတ်ပြီး ဝင်အိပ်နေလိုက်သည်။ ထွန်းနဲ့ ကြွက်နီတို့က ဆရာ့အခန်းရှိရာသို့ တက်လာခဲ့ကြသည်။ ဆရာ့အခန်းရှိရာသို့ ရောက်သောအခါ အခန်းကို သော့တူဖြင့် ဖွင့်လိုက်သည်။

ဦးလှမောင် တစ်ယောက်ကတော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတာ တွေ့လိုက်ရသည်။ ထွန်းက ဦးလှမောင်ရဲ့ စားပွဲအံဆွဲဖွင့်ကာ ဗီရိုသော့ကို ရှာလေသည်။ ဒါပေမဲ့ ဗီရိုသော့ကို ရှာမတွေ့ပါ။ ရှာလို့မရတဲ့အဆုံး ဦးလှမောင်၏ အိပ်ရာခေါင်းအုံးအောက်သို့ လက်နှိုက်၍ ရှာကြည့်သည်။

ထိုအခါ ဦးလှမောင်က ရုတ်တရက် လန့်နိုးလာသည်။

"ဟင် . . . မင်း . . . မင်းတို့ ဘာလုပ်ကြတာလဲ"

"ဟာ . . . ဒီအဘိုးကြီး ငြိမ်ငြိမ်နေစမ်း"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဦးလှမောင်က သူ့ကိုပြန်ပြောသော သူကို သေသေချာချာကြည့်လိုက်သောအခါ ခြံစောင့် ငထွန်း ဖြစ်နေတာ တွေ့ရလေသည်။

"ဩော် . . . မင်းတို့က ဒီလိုကိုး"

ငထွန်းကာ ဦးလှမောင်ပြောတာကို ဂရုမစိုက်နိုင်ဘဲ . . .

"ဩော် . . . ရှုပ်ပါတယ်။ ဒီအဘိုးကြီး"

"ဒုတ် . . . ဒုတ်"

သူ့လက်ထဲတွင်ပါလာသော လက်နှိပ်ဓာတ်မီးဖြင့် ခေါင်းသို့ ရိုက်ထည့်လိုက်လေသည်။ ဦးလှမောင်လည်း ခေါင်းကိုရိုက်လိုက်၍ အိပ်ရာပေါ်သို့ ပစ်လဲကာ မေ့မျော သွားလေသည်။

ငထွန်းက ခေါင်းအုံးအောက်မှာ သော့ကိုရ၍ ယူပြီး ဗီရို ဖွင့်လေသည်။ ဗီရိုမှာ ရှေးဟောင်းဗီရိုဖြစ်သည်။ လက်ရာအလွန်မြောက်လှသည်။ ကနုတ်ပန်းများဖြင့် ဖော်ထားသည်။ လူတစ်ရပ်ကျော် မြင့်လေသည်။ စစ်စီးအနက်ရောင် သုတ်ထား၍ ပြောင်ပြီးချောမွတ်နေသည်။ ငထွန်းလည်း ဗီရိုကို သော့ဖြင့်ဖွင့်ကာ အံဝှက်အံဆွဲကို ရှာလေသည်။ ရုတ်တရက်ဆိုတော့ အံဝှက်အံဆွဲ မတွေ့ပါ။ ဗီရိုထဲမှ အဝတ်များ၊ ပုဆိုးများဆွဲဖယ်ကာ ရှာလေသည်။ ဒါပေမဲ့





မတွေ့ပါ။ ငထွန်း ရွေးများပျံကာ . . .

"ကြွက်နီ . . . ကြွက်နီ လာပါဦးကွာ"

ထိုအခါ ကြွက်နီက တံခါးနားတွင် ဘယ်သူများ ရောက်လာမလဲဆိုတာ သွားကြည့်နေလေသည်။ ကြွက်နီလည်း ကိုထွန်းခေါ်သံကြား၍ ကိုထွန်းနားသို့ ပြေးသွားသည်။

"ကိုထွန်း ဘာဖြစ်လို့လဲ"

"ဒီမှာ အံဆွဲရှာမတွေ့ဘူး ဖြစ်နေတယ်။ ငါတို့လိုချင်တဲ့အရာ မတွေ့ဘဲ ဖြစ်နေတယ်"

"ဒီအဘိုးကြီး ဘယ်မှာထားလဲ မသိဘူး။ ဘယ်သူ့ကို မေး ဖို့ရမှာလဲ။ အဘိုးကြီးကိုတော့ ငါရိုက်လိုက်လို့ မေ့သွားပြီ"

ထိုအချိန်တွင် ဖိုးတူးလည်း ဆရာ့အခန်းနားသို့ လာကာ သူတို့နှစ်ဦးရဲ့ အခြေအနေကို စောင့်ကြည့်သည်။ နှစ်ယောက်စလုံးဆိုရင် သူ မနိုင်မှာစိုး၍ တစ်ယောက်စီ ယှဉ်ဆိုင်ရအောင် အကြံထုတ်လိုက်သည်။

ဖိုးတူး အကြံတစ်ခု ရသွားသည်။ အနားတွင်ရှိသော ပန်းအိုးတစ်ခုကို လှေကားအောက်သို့ ပစ်ချလိုက်သည်။

ဂွမ် . . . ဂွမ် . . . ဂွမ် (ပန်းအိုးမှာ လှေကားမှ



www.burmeseclassic.com

www.burmeseclassic.com



လိမ့်ဆင်းသွားသည်)

ရုတ်တရက် အသံကြားလိုက်၍ ထွေန်းက . . .

"ကြွက်နီ သွားကြည့်စမ်း။ အောက်မှာ ဘယ်သူ တက်လာသလဲလို့ တွေ့တဲ့သူကို ဆော်ထည့်ကွ"

"ဟုတ်ကဲ့ . . . ကိုထွန်း"

ကြွက်နီလည်း ကိုထွန်းပြောတာ နားထောင်ပြီး ဦးလှမောင်၏ အခန်းပြင်သို့ ထွက်လာသည်။ အခန်းပြင်သို့ ရောက်သော် . . .

"ဒုတ် . . . ဒုတ်"

ဖိုးတူးလည်း မိမိလက်တွင်ပါလာသော တုတ်ဖြင့် နှစ်ဆင့်ရိုက်လိုက်သည်။ ကြွက်နီလည်း နေရာတွင် ပုံကျကာ လဲကျသွားသည်။

ထွေန်းမှာ ကြွက်နီ မလာတာကြာ၍ သူ့အခနေနဲ့ အံဆွဲကို လိုက်ရှာသော်လည်း မတွေ့ပါ။ ကြွက်နီဘာများ ဖြစ်နေသလဲ သိလို၍ သူပါ အခန်းပြင်သို့ ထွက်လာကြည့် သည်။

ဖိုးတူးလည်း ကြွက်နီကို ရိုက်ပြီး၍ ထွေန်းထွက် လာတော့မည်ဆိုတာသိ၍ အခန်းရဲ့ အပြင်ဘက်မှ အဆင် သင့် စောင့်နေသည်။ သူထင်သည့်အတိုင်းပင် ထွေန်းက နောက်မှလိုက်၍ ထွက်လာသည်။ ထွေန်းရဲ့ခေါင်း အခန်း





ပြင်သို့အထွက် ဖိုးတူးက တုတ်ဖြင့် ဆော်ထည့်လိုက်လေ သည်။

"ဒုတ် . . . ဒုတ်"

နှစ်ချက်ဆိုလျှင် လုံလောက်ပြီဟု သူ့ရဲ့လက်ချည် ကို သူသိလိုက်သည်။ ထွေန်းလည်း ပုံလျက်သား လဲကျ သွားလေသည်။

ဖိုးတူးမှာ ဆရာ့ကို လှမ်းကြည့်လိုက်သောအခါ အိပ်ရာပေါ်တွင် ပက်လက်အနေအထားဖြင့် မှေ့နေသည်ကို တွေ့ရလေသည်။ အနားသို့ရောက်သောအခါ ခေါင်းတွင် သွေးများထွက်နေသည်ကို တွေ့လိုက်ရ၍ စိတ်ပူက ဖိုးတူး လည်း အိမ်သားများလို့ လိုက်နိုးလိုက်လေသည်။ ဆရာရဲ့ ဇနီးကတော့ အိပ်လျက်သားတွေ့သည်။ ဖိုးတူးက ဆရာရဲ့ ဇနီးကို တော်တော် လှုပ်နိုးရလေသည်။ တော်တော်လေး အိပ်မောကျနေပုံရသည်။

ဆရာရဲ့ဇနီး နိုးလာသောအခါ ဦးလှမောင်ရဲ့ခေါင်း မှ ဒဏ်ရာကိုတွေ့သောအခါ ဘာလုပ်ရမှန်းမသိဘဲ ဖြစ်နေ သည်။ ဖိုးတူးလည်း အိမ်သားများ ရောက်လာသောအခါ ဆရာ့ကို ဝိုင်းပြီးပြုစုကြလေသည်။ ပြီးနောက် ရဲစခန်းသို့ ဖုန်းဖြင့် အကြောင်းကြားလိုက်လေသည်။ ခဏကြာတော့ ရဲသားများ ရောက်လာကြလေသည်။ စခန်းမှူးက ထွေန်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြွက်နီကို လှုပ်နိုးပြီး လက်ထိတ်ခတ်လိုက်သည်။ တရားသူကြီး ဦးလှမောင်ကိုတော့ မနှုတ်ဆက်တော့ပါ။ ဘာကြောင့်လည်းဆိုတော့ ဦးလှမောင်က သတိမရသေးလို့ပါ။

ထိုအခါ ဆရာ့ဇနီးက ဖုန်းဖြင့် မိသားစုဆရာဝန်ဆီသို့ ဖုန်းခေါ်လိုက်သည်။ ၁၀မိနစ်ခန့်ကြာတော့ ဆရာဝန်ရောက်လာသည်။ ဆရာဝန်လည်း လိုအပ်တာများ ပြုလုပ်ပေးပြီး လူနာကို စောင့်ကြည့်သည်။ သိပ်မကြာလိုက်ပါ။ ဦးလှမောင် သတိရလာသည်။

"ကိုမောင် . . . ကိုမောင်"

ဆရာရဲ့ဇနီးက သတိရလာသော ဦးလှမောင်ကို ခေါ်နေသည်။ ဦးလှမောင်လည်း ပထမအချက် ညည်းလိုက်ပြီး မျက်လုံးကို တဖြည်းဖြည်း ဖွင့်ကြည့်လိုက်သည်။ အနားတွင် သူ့ကိုဝိုင်းပြီး စောင့်ကြည့်နေကြသော သူများကို တွေ့လိုက်ရသည်။ ပထမဦးဆုံး . . .

"သူဇာ . . . ဘာမှမဖြစ်ဘူးနော်"

"ကျွန်မ ဘာမှမဖြစ်ပါဘူး။ ဖြစ်တာက ကိုမောင်ပါ။ ခေါင်းမူးသေးလား"

"မမူးတော့ပါဘူး။ ဟင် . . . ဆရာလည်း ရောက်နေတာလား"

ထိုအခါ ဒေါက်တာက သူ့ကိုလည်း မြင်သွား၍





နှုတ်ဆက်လိုက်သောကြောင့် . . .

"ဟုတ်တယ် ဦးလှမောင်။ ဦးလှမောင် ဒဏ်ရာရလို့ ဒေါ်သူဇာ ခေါ်လိုက်တာပါ"

"ဒါနဲ့ဆရာ ကျွန်တော့်တပည့်လေး ဖိုးတူးကော ဘာများဖြစ်သေးလဲ"

ထိုအခါ ဖိုးတူးက နောက်နားကနေပြီး သူ့ကို ခေါ်သံကြား၍ ရှေ့သို့တိုးလာပြီး . . .

"ဆရာ . . . ကျွန်တော် ဘာမှမဖြစ်ပါဘူး။ ကျွန်တော်ရှိပါတယ်။ ဆရာ နေသာသလိုနေပါ။ ယခုလို ဆရာ ဘာမှမဖြစ်တော့မှပဲ ကျွန်တော် စိတ်ချသွားပြီ"

"ဒါနဲ့ ဒီလူနှစ်ယောက် အိမ်ထဲဘယ်လို ဝင်လာကြသလဲ"

"ဟာ . . . ကိုမောင်ကလည်း ဒဏ်ရာကြီးနှင့် နောက်မှ အေးအေးဆေးဆေးမေးပါ"

ဒေါ်သူဇာက သူ့ရဲ့ယောကျ်ားကို စိတ်မချသော အမူအရာဖြင့် ပြောလိုက်သည်။ ဤသို့ဖြင့် ဒေါက်တာကလည်း . . .

"ဟုတ်တယ် ဦးလှမောင်။ မနက်ကျမှပဲ မေးပါ။ ယခုတော့ အနားယူလိုက်ပါဦး။ ကျွန်တော်လည်း ဦးလှမောင် စိတ်ချရတဲ့ အနေအထားဖြစ်သွားလို့ ဝင်လာပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကျွန်တော်လည်း ပြန်ဦးမယ်။ ဒီမှာ ဆေးတွေပေး ထားတယ်"

"ဒေါ်သူဇာ ဆေးတွေ မှန်မှန်တိုက်လိုက်နော်"

"ဟုတ်ကဲ့ပါ ဒေါက်တာ"

ဒေါက်တာလည်း ထိုင်ရာမှထပြီး အားလုံးကို နှုတ်ဆက်ကာ ပြန်သွားတော့သည်။ ဖိုးတူးလည်း ဆရာနဲ့ ဆရာကတော်ကို နှုတ်ဆက်ပြီး မိမိအခန်းရှိရာသို့ ပြန်ခဲ့သည်။ အိမ်ဖော်ဒေါ်ထားနဲ့ ခင်စိန်တို့သာ ကျန်ခဲ့လေသည်။

ဖိုးတူးလည်း မိမိအခန်းသို့ ပြန်ရောက်သောအခါ ငွေနဲ့ ကြွက်နီတို့ ရှာဖွေသွားတာများကို လေ့လာကြည့်သည်။ သူတို့ တစ်ခုခုကို ရှာသွားကြတဲ့ပုံပဲ။ ဗီရိုထဲမှာ ထည့်ထားသော ရတနာသေတ္တာဘူးလေး တွေ့ရဲ့သားနဲ့ မယူဘဲ ဘာများရှာကြတာလဲ။ ရတနာထက် အဖိုးတန်လို့ပဲ ဖြစ်မယ်။ မနက်ကျမှပဲ ဆရာကို မေးကြည့်မယ်။

ဖိုးတူးလည်းဆက်ပြီး မစဉ်းစားတော့ပဲ။ ခြံပတ်လည်ကို တစ်ခေါက်လှည့်လာပြီး သော့များစစ်ဆေးကာ မိမိအခန်းသို့ ပြန်ပြီး အနားယူတော့သည်။

× × ×





အခန်း ( ၆ )

## ပေစာ၊ ပုရပိုက် ဘယ်မှာလဲ

ဦးလှမောင်တစ်ယောက် ညက အဖြစ်အပျက်ကြောင့် စိတ်ထဲမှာ တနုံ့နုံ့နဲ့ ခံစားနေရသည်။ ဒီကောင်ငွေနီ ငါ့ကို ဘာရန်ညှိုးရှိလို့ ရိုက်ရတာလဲ။ ဗီရိုထဲမှာ ဘာလာရှာတာလဲ။ ဗီရိုရဲ့ အံဝှက်အံဆွဲကို ငါကလွဲ၍ ဘယ်သူမှ မသိတော့ ဘာမပစ္စည်းမှ ပါမသွား၍ တော်သေးသည်။ တကယ်တော့ ရင်းဗီရိုသည် အဘိုးအဘွားများ လက်ထက်မှ မိမိကို ပေးထားခဲ့ခြင်းဖြစ်သည်။ ဗီရိုရဲ့ အံဝှက်က ဗီရိုရဲ့ အောက်ခြေ ၁ပေ အထူရှိသောကြောင့် အောက်ဆုံးမှာ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ထားတာဖြစ်သည်။ အံဝှက်အပေါက်က ရုတ်တရက်ကြည့်လျှင် ဇီရိုနဲ့ တစ်သားတည်းဟု ထင်ရလေသည်။ မနက်ကျမှ အိပ်ရာထထခြင်း ခြေရာလက်ရာကြည့်တော့ ဘာမှမထူးခြား၍ ဆက်မကြည့်တော့ပါ။ နောက်မှပဲ အေးအေးဆေးဆေး စစ်ဆေးတော့မည်ဟု ဆုံးဖြတ်လိုက်သည်။ မိမိလည်း အနာသက်သာသွား၍ အိမ်အောက်သို့ ဆင်းခဲ့သည်။ ဒေါ်သုဇာကတော့ မနက်ကတည်းက မီးဖိုခန်းထဲတွင် ဝင်သွား၍ ဘာများလုပ်နေသလဲတော့ မသိပါ။

ဦးလှမောင်လည်း ဧည့်ခန်းတွင် ဆက်မထိုင်တော့ဘဲ ဖိုးတူးအခန်းသို့ လာခဲ့သည်။ ထိုအခါ ဖိုးတူးမှာ ပန်းပင်များရေလောင်းနေတာ တွေ့လိုက်ရသည်။ ဦးလှမောင် ကားဂိုဒေါင်နားသို့လာနေတာ ဖိုးတူးက လှမ်းတွေ့လိုက်သည်။ ရေပိုက်ကိုပစ်ချပြီး ဆရာ့ဆီကို ပြေးလာခဲ့သည်။

"ဆရာ . . . ဆရာ . . . ဘာများလိုချင်လို့လဲ။ ရှုံးသွားဖို့ စောသေးတယ်လေ"

"ဘာမှ မလိုပါဘူး ဖိုးတူး။ ဆရာ ဒီနေ့ ရုံးမသွားဘူး။ တစ်ရက်တော့ အနားယူလိုက်ဦးမယ်။ ဒါနဲ့ ဖိုးတူးကို မေးစရာရှိလို့ စောင့်မနိုင်တော့လို့ ဆရာလာခဲ့တာ"

"ဟုတ်ကဲ့ ဆရာ။ လာ . . . ဒီမှာ ထိုင်ပါ။ ကျွန်တော်ကို ဘာများမေးစရာရှိလို့လဲ မေးပါ ဆရာ"





"ညက အဖြစ်အပျက်ကို ဖိုးတူး ဘာတွေသိလဲ။ သိသလောက် ဆရာ့ကို မချန်ဘဲ ပြောပြပါ"

ဖိုးတူးလည်း ခဏစဉ်းစားလိုက်သည်။ ခင်စိန်ကိစ္စကို ချန်ပြီးပြောလိုက်ရင် ကောင်းမယ်။ ဖိုးတူးလည်း ဆုံးဖြတ်လိုက်လေသည်။ ဖိုးတူးလည်း လမ်းမှာ ကားတားပြီး ငွေနှင်းသူကိုပြောတာ ဘုရားမှာ ဆရာ့အိမ်ကို တနင်္ဂနွေနေ့မှ ဝင်မယ်ဆိုတာရယ် သူ့အနေနဲ့ ဆရာ့ကို ကူညီမယ်ဆုံးဖြတ်ခဲ့တာတွေရယ်။

"ခြံတဲမှာ မလွယ်ပေါက်လုပ်ထားတာတွေရယ်"

"ပုတိုးပုလေးကိုတူးပြီး သေတ္တာလေးယူသွားတာရယ်"

"အိမ်ထဲဝင်ပြီး ဆရာ့အခန်းကို ရှာတာတွေရယ်"

"လူဆိုးများကို သူရိုက်ပြီး ရဲစခန်းကို ပို့တာရယ်။ အစမှအဆုံး ပြောပြလိုက်သည်"

ဦးလှမောင်တစ်ယောက် ဖိုးတူးပြောတာတွေကို ခေါင်းတညိတ်ညိတ်နဲ့ လုပ်ရင်း စဉ်းစားနေမိသည်။ ဖိုးတူးတစ်ယောက် မိမိတို့အိမ်သားတွေပေါ် တကယ်ကူညီခဲ့တာပဲ။ ကျေးဇူးသိတတ်တဲ့ လူငယ်တစ်ယောက်ပဲ။ ဦးလှမောင်သည် သူနှင့် တိုင်ပင်သင့်တဲ့သူဆိုတာ ယုံကြည်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖိုးတူးလည်း ဆရာသူ့ကို ဘာမှမပြောဘဲ စဉ်းစားနေတာတွေ့၍ ဆရာများ ဘာများပြောစရာရှိသေးလည်းဆိုတာ နားထောင်နေလေသည်။ ခဏကြာတော့ ဦးလှမောင် သတိဝင်လာပြီး ဖိုးတူးကို . . .

"မောင်ဖိုးတူး"

"ခင်ဗျား . . . ဆရာ ဘာလုပ်ပေးရမလဲ"

"ဘာမှလုပ်စရာမလိုပါဘူး"

"ဆရာတို့ ဒီတစ်ရက်နှစ်ရက်အတွင်း ခရီးထွက်ရမယ်။ ဖိုးတူး ယူစရာရှိတာတွေ အဆင်သင့်လုပ်ထား။ အိမ်က ကားမယူသွားဘူး။ လိုင်းကားနဲ့သွားမယ်"

"ဟုတ်ကဲ့ ဆရာ . . . ကျွန်တော့်ဘက်က အဆင်သင့်ပဲ"

ဦးလှမောင်တစ်ယောက် ဖိုးတူးကို မှာစရာရှိတာ မှာပြီးနောက် အိမ်ကြီးပေါ်သို့ ပြန်ခဲ့လေသည်။

"ဟော . . . ကိုမောင်က အပြင်မှာ လမ်းထွက်လျှောက်နေတာလား"

ဒေါ်သူဇာရဲ့ လှမ်းမေးလိုက်သောစကားကြောင့် စကားရှည်နေမှာစိုးကြောင့် မိမိ ဖိုးတူးဆီသွားတဲ့အကြောင်း မပြောတော့ဘဲ . . .

"အေး . . . ဟုတ်တယ်။ သူဇာ . . . အစ်ကို





နံနက်စာ စားတော့မယ်"

ဒေါ်သူဇာလည်း ဘာမှဆက်မမေးတော့ဘဲ ထမင်းစားခန်းသို့ ဝင်သွားသည်။ ဦးလှမောင်လည်း ဒေါ်သူဇာနောက်မှ ဝင်လိုက်ခဲ့ပြီး ထမင်းစားပွဲတွင် ဝင်ထိုင်လိုက်သည်။

ဒေါ်သူဇာက လိုအပ်တာများလုပ်ပေးပြီး သူပါ ဝင်ထိုင်လိုက်သည်။ ထိုအခါ ခင်စိန်က လိုအပ်တာများ လာချပြီး ဆရာဦးလှမောင်အတွက် ကော်ဖီပန်းကန်ရှေ့သို့ တိုးထားပေးလိုက်သည်။

ဦးလှမောင်က ကော်ဖီပန်းကန်ကိုယူပြီး တစ်ငုံသောက်လိုက်သည်။ ပြီးနောက် ဒေါ်သူဇာကိုကြည့်ပြီး . . .

"သူဇာ"

"ဘာလဲ အစ်ကို"

"သမီးလေး နိုးပြီလား"

"ဟုတ်ကဲ့ နိုးပါပြီ။ လာပါလိမ့်မယ်"

"အစ်ကိုတို့ သန်ဘက်ခါ ခရီးတစ်ခု ထွက်မယ်။ သူဇာတို့ အိမ်မှာ သတိဝီရိယနဲ့နေနော်။ သမီးလေးကိုလည်း ပြောထားလိုက်ဦး။ အစ်ကိုတို့ တစ်ရက်နှစ်ရက်ပဲ ကြာလိမ့်မယ်။ ဒီထက်ပိုကြာရင်တော့ အစ်ကိုတို့ ဖုန်းနှင့် အကြောင်းကြားမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သူဇာတစ်ယောက် ဦးလှမောင် ပြောသော စကားကို သိပ်ဘဝင်မကျပါ။ ဘာဖြစ်လို့လဲဆိုတော့ ဘယ်သွားမယ်၊ ဘယ်နေရာဆိုတာကို မပြောတဲ့အတွက် စိတ်ထဲမှာတော့ တစ်မျိုးဖြစ်မိသည်။

သည်လိုနဲ့ မနေနိုင်တဲ့အတွက် တစ်ခွန်းတော့ မေးလိုက်မိသည်၊

"ကိုမောင်တို့က ဘယ်ကိုသွားမှာလဲ"

"တောင်ငူဘက်ကိုပါ"

ဒေါ်သူဇာလည်း ဆက်မမေးတော့ပါ၊ ဒီမျှနှင့်ပဲ ကျေနပ်လိုက်သည်။ ဆက်မေးရင်လည်း သိပ်ဖြေချင်ပုံမရ၍ မမေးရဲတော့ပါ။ ထိုအချိန်တွင် မောင်ဖိုးတူး ရောက်လာသည်။ ကော်ဖီသောက်ရန် ပြင်ဆင်နေတုန်း မိနိုင် ရောက်လာသည်။ မိမိနိုင်က အမေရဲ့အနား ဝင်ထိုင်လိုက်ပြီး ကော်ဖီငှဲ့ကာသောက်သည်။ မုန့်တစ်ခု ယူစားပြီး . . .

"ပါးပါး ဒီနေ့ ရုံးတက်မှာလားဟင်"

"ပါးပါး ဒီနေ့ ရုံးမတက်သေးဘူး။ နားလိုက်ဦးမယ်"

"ဒါဆိုရင် သမီး ဒီနေ့ကျောင်းစောစောသွားချင်လို့ပါ။ ကိုဖိုးတူးကို စောစောခေါ်သွားချင်လို့ပါ"

"သွားလေ . . . သမီးသွားချင်တဲ့အချိန် သွားပါ"

မိနိုင်က ပါးပါးဆီမှအဖြေရ၍ ဖိုးတူးဘက်သို့ လှည့်





ကာကြည့်လိုက်သည်၊ ထိုအခါ ဖိုးတူးက ရယ်ပြ၍ မိနိုင်က ပြုံးလျက် နှုတ်ဆက်လိုက်သည်။

ဦးလှမောင်တစ်ယောက် ကော်ဖီသောက်ပြီး၍ အပေါ်ထပ်သို့ တက်ခဲ့လေသည်၊ အခန်းထဲသို့ရောက်သော် တံခါးကို ဂျက်ချလိုက်သည်။ နောက်ပြီး ဗီဒိုနားသို့သွားကာ ခြေရာလက်ရာများကို သေသေချာချာ လိုက်ကြည့်သည်၊ ပြီးနောက် ဗီရိုကို ဖွင့်လိုက်သည်။ ဗီရိုကို ဖွင့်ပြီးနောက် ထိုင်လိုက်သည်။ ထိုင်ပြီးနောက် ဗီရိုရဲ့အောက်ခြေရှိ အကျီများကို ဖယ်လိုက်သည်။ ပြီးနောက် ဗီရိုအောက်ခြေရှိ သစ်ပြားများကို ကွက်တိဖုံးထားတာကို ခွာကာဖယ်လိုက်သည်။ ၎င်းသစ်ပြားများ ဖယ်လိုက်သောအခါ အံဝှက်ခွက်လေး ပေါ်လာသည်။ ၎င်းအံဝှက်ခွက်ကလေးကို လက်နှိုက်လိုက်သောအခါ ကတ္တီပါစလေးနှင့် ထုပ်ထားသော အထုပ်ကလေးတစ်ထုပ် တွေ့ရလေသည်၊

ဦးလှမောင်လည်း ကတ္တီပါစလေးကို ဖြည်ကြည့်လိုက်သောအခါ ပေစာလေး ၂ ရွက်ထွက်လာသည်။ ၎င်းပေစာလေးကို ဦးလှမောင် တစ်နစ်တစ်ခါ ထုတ်ကြည့်နေကျဖြစ်သည်။ ဒီတစ်ခါထုတ်တာတော့ နောက်ဆုံးလို့ သူ့ကိုယ်သူ ပြန်ပြောနေမိသည်။ ပြီးနောက် ၎င်းပေစာများကို ပြန်ထုပ်ကာ သူ့နေရာအတိုင်း ပြန်လည်သိမ်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၇ )

## ပေစာနောက်လိုက်ခြင်း

ဦးလုမောင်တစ်ယောက် ပေစာများကိုကြည့်ပြီး သေသွားခဲ့ပြီဖြစ်တဲ့ အဘိုးနဲ့ အဘွားတို့ကို သတိရမိသည်။ အဘိုးရဲ့ အမှာစကားကိုလည်း သူ့အနေနဲ့ ယခုအချိန်ထိ အမှတ်ရနေမိသည်။ ဒါပေမဲ့ သူ့အနေနဲ့ မှာတဲ့အတိုင်း လိုက်မလုပ်နိုင်ခဲ့ပါ။ ယခုတော့ မလုပ်၍မဖြစ်တော့ပါ။ လုပ်ရတော့မည်။ မသမာသူတို့ရဲ့ လက်ထဲရောက်သွားရင် ကာကွယ်နိုင်တဲ့ ရှေးဟောင်းအမွေအနှစ်များ တိုင်းတစ်ပါးနိုင်ငံသို့ ရောက်သွားမှာ စိုးမိသည်။





"အင်း . . . အဘိုးရေ ကျွန်တော် ဒီတစ်ခါတော့ အဘိုးရဲ့စကားကို နားထောင်ပြီးလုပ်တော့မယ်၊ အန္တရာယ်များမှန်းသိပေမယ့် သား ရအောင် လုပ်ဆောင်ပေးတော့မှာပါ"

ဦးလုမောင် စိ . . ထဲမှာ ပြောနေမိသည်။ ပြောသည့်အတိုင်းလည်း လုပ်ဆောင်တော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်လေတော့သည်။

မိမိနိုင်တစ်ယောက် ဇီးလိမ်းပြင်ဆင်ပြီး၍ လှေကားအတိုင်း ဆင်းလာခဲ့လေသည်။ လှေကားအောက်ခြေသို့ရောက်သော် အမေကို လှမ်းကြည့်သည်၊ လှမ်းကြည့်သည် ဆိုပေမဲ့ ရှာတယ်ဆိုတာက ပိုမှန်လိမ့်မည်၊ ဒါပေမဲ့ ဒေါ်သူဇာက မီးဖိုခန်းထဲရောက်နေတော့ သူမ မမြင်ပါ။ မိမိနိုင်က မီးဖိုခန်းထဲထိ လိုက်ရှာသည်။ ဟော . . . တွေ့ပြီ။

"မားမား . . . မားမားရေ"

"ဪ . . . သမီးပါလား ဘာလိုချင်လို့လဲ"

"မုန့်ဖိုး . . . မုန့်ဖိုး ကုန်နေလို့"

ဒေါ်သူဇာလည်း လုပ်စရာရှိတာတွေ လက်စသတ်ကာ အပြင်သို့ ထွက်လာခဲ့လေသည်။

"သမီးက ဘယ်လောက်လိုချင်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မားမားပဲ ကြည့်ပေးပါ။ သမီးမပြောလိုဘူး"

ဒေါ်သူဇာလည်း ပိုက်ဆံအိတ်ထဲမှ သမီးကို နှိုက်ထုတ်ပေးလိုက်သည်။ မိမိနိုင်လည်း ပျော်၍သွားလေသည်။

မိမိနိုင်လည်း ဖိုး[illegible]ဒေါင်သို့ ထွက်လာခဲ့သည်။ ဂိုဒေါင်ရှေ့တွင်ရပ်ပြီး . . .

"ကိုဖိုးတူး . . . ကိုဖိုးတူးရေ"

မိမိနိုင်က ပါးစပ်မှခေါ်ပြီး အထဲသို့ လှမ်းကြည့်လိုက်သည်။ ဒါပေမဲ့ ကိုဖိုးတူးက အထဲမှ ထွက်မလာပါ။

မိမိနိုင်လည်း အခန်းထဲမှ ထွက်လာတာ မတွေ့၍ ခြံထဲသို့ မျက်လုံးကစားကြည့်သည်။ ဒါပေမဲ့ မတွေ့ပါ။ နောက်မှ ဂိုဒေါင်၏ အနောက်ဘက်မှ ရုတ်တရက် ပေါ်လာခဲ့သည်။

"ဟင် . . . ညီမလေးပါလား။ ကျောင်းသွားတော့မလို့လား"

"ဟုတ်ကဲ့ ကိုဖိုးတူး။ ဒီနေ့ စောစော သွားချင်လို့ပါ"

"ရတယ်လေ အခုသွားတော့မလား"

"အခု မဟုတ်ပါဘူး။ ရေမိုးချိုးလိုက်ဦးမယ်။ ကိုဖိုးတူး ပြင်စရာရှိတာလေးများ ပြင်ထားလို့ရအောင် ကြိုတင်လာပြောတာပါ"





"ဟုတ်ပြီလေ ဒါဆို အစ်ကို အဆင်သင့်လုပ်ထားလိုက်မယ်"

ဖိုးတူးလည်း မိမိနိုင် ပြန်သွားပြီးနောက် ကားနားသို့ လာခဲ့သည်။ ကားကို သန့်ရှင်းရေးလုပ်ကာ ဆီ၊ ရေ၊ လေ အားလုံးစစ်ဆေး အဝတ်အစားအမြန်လဲကာ ကားနားသို့ အဆင်သင့်စောင့်နေလေသည်။

ခဏကြာတော့ မိမိနိုင် အိမ်ပေါ်ထပ်မှ ဆင်းလာသည်၊

"အစ်ကိုဖိုးတူး အဆင်သင့်ဖြစ်ပြီလား"

"ဟုတ်တယ် ညီမလေး။ အားလုံးအဆင်သင့်ပဲ"

မိမိနိုင်လည်း ကားတံခါးဖွင့်ကာ ကားပေါ်သို့တက်လေသည်။ ဖိုးတူးက ဒရိုင်ဘာနေရာ ဝင်ထိုင်ကာ ကားမောင်းထွက်ခဲ့လေသည်။ လမ်းမပေါ်ရောက်သော် . . .

"ညီမလေး . . . ဘယ်ကိုမောင်းရမလဲ"

"ဘုရားကိုမောင်းပါ။ ဘုရားသွားချင်လို့။ ကျောင်းသွားဖို့ စောသေးတယ်"

ဖိုးတူးလည်း ရွှေမော်ဓောဘုရားသို့ မောင်းခဲ့လေသည်၊ ဘုရားရဲ့အရှေ့ဘက်မုခ် သစ်ပင်ရိပ်ကောင်းသောနေရာတွင် ကားကိုရပ်ပေးလိုက်သည်။ ကားရပ်ပြီး မိမိနိုင်က ကားပေါ်မှ ဖြည်းဖြည်းချင်း ဆင်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



အခုမှ ညီမလေးကို သေသေချာချာကြည့်မိသည်။ အပျိုဖော်ဝင်နေပြီဆိုတော့ မိန်းကလေးတို့ရဲ့သဘာဝ ရှိသင့်ရှိထိုက်တာ အားလုံးပြည့်စုံနေပြီဟု ဆိုရမလားဘဲ။

ညီမလေးရဲ့ ကိုယ်လုံးကိုယ်ပေါက်နဲ့ တင်၊ ရင်၊ ခါးတို့မှာ အချိုးအစားညီစွာရှိနေသောကြောင့် ယောကျ်ားများရဲ့ အာရုံကို ဆွဲဆောင်နေသလား ထင်ရလေသည်။ သူ့အနေနဲ့ကလည်း ညီမလေးနဲ့ သူကလည်း ဘာမှမတော်တော့ စိတ်ကစားမိတာ အမှန်ပဲ။ ဒါပေမဲ့ ဆရာ့ရဲ့ကျေးဇူးတရားနဲ့ မိမိနိုင်တို့ရဲ့ အခွင့်အရေးပေးမှုတွေပေါ်မှာ သူ့အနေနဲ့ အခွင့်အရေးမယူသင့်ဘူး မဟုတ်ပါလား။

သူ့အနေနဲ့ကလည်း ထောင်ထွက်တစ်ဦး။ ခြေသလုံး အိမ်တိုင်သမားအဖို့ မိမိနိုင်လို ပညာတတ်တစ်ဦးနဲ့ ဘယ်လိုမှ မနှိုင်းစပ်နိုင်ပါ။ ကိုဖိုးတူးတစ်ယောက် စိတ်လျှောက ာ အာရုံကို ပြောင်းလိုက်လေသည်။

မိမိနိုင်ကလည်း ကိုဖိုးတူးတစ်ယောက် သူမကိုကြည့်ပြီး သက်ပြင်းချနေတာ တွေ့ရ၍ အစ်ကိုဖိုးတူး ဘာများစဉ်းစားနေပါလိမ့်။ ငါ့ကို ဘာများပြောစရာရှိပါလိမ့်။ဘာလို့သက်ပြင်း ခဏခဏ ချနေရတာလဲ။

"ကိုဖိုးတူး လာလေ ဘုရားပေါ်တက်ရအောင်"

"ညီမလေးပဲ သွားပါ။ အစ်ကို ကားနားမှာပဲ စောင့်





နေမယ်"

"ဟာ . . . အစ်ကိုဖိုးတူးကလည်း ညီမလေး တစ်ယောက်တည်း မသွားရဲပါဘူး။ လာပါ ဘုရားဖူးပြီး ကျောင်းသွားရဦးမယ်"

ကိုဖိုးတူးလည်း မိမိနိုင်တစ်ယောက် အတင်းအဓမ္မခေါ်နေတာကြောင့် လိုက်သွားခဲ့ရသည်။ ပတ်ဝန်းကျင်ရဲ့ ကြည့်သည့်ဒဏ်ကို ခံရပြန်သည်။ တချို့ကလည်း မကြားတကြား ပြောသွားကြတာလည်း ကြားခဲ့ရသည်။ သူ့အနေတာတော့ ဘာမှမဖြစ်ပါဘူး။ ညီမလေး သိက္ခာကျမှာကိုတော့ သူ့အနေနဲ့ မလိုလားပါ။ ဒါကြောင့် ညီမလေး မိမိနိုင်နှင့် ခပ်လှမ်းလှမ်းမှ ခွာ၍ လိုက်ခဲ့လေသည်။

ဒါကို မိမိနိုင်ကလည်း ရိပ်မိသည်။ သူမကတော့ မိန်းကလေးဆိုတော့ ဘာမှမပြောနိုင်ပါ။

ဘုရားပေါ် ရောက်လာခဲ့သည်။ ပန်းသည်များထဲမှ ပန်းအချို့ကိုဝယ်ကာ အနီးဆုံး ဘုရားတစ်ဆူထံသို့ဝင်ပြီး ဘုရားဝတ်ပြုလေသည်။ ဖိုးတူးကတော့ အပြင်ကပဲ ဘုရားနှိုးကာ လေပုကားထစ်တွင် ထိုင်၍ စောင့်နေသည်။ ဖိုးတူးတစ်ယောက် ထိုင်စောင့်ရင်း ပတ်ဝန်းကျင်သို့ မျက်လုံးအစားကာ လျှောက်ကြည့်နေသည်။ ထိုအခါ လူနှစ်ယောက်အိတ် ၁၅၀ လောက်အကွာမှာ သူတို့ကို စောင့်ကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



သလို စံစားလိုက်ရသည်။ ဖိုးတူးက မသိချင်ယောင်ဆောင်ကာ မိမိနိုင် ဘုရားဝတ်ပြုပြီးသည့်အထိ စောင့်နေမိသည်။

ထိုအခါ မိမိနိုင်က . . .

"လာလေ ကိုဖိုးတူး။ စကားနည်းနည်း ပြောရအောင်"

"ညီမလေးက ဘာပြောစရာရှိလဲ။ ပြောလေ"

"တခြားတော့ မဟုတ်ပါဘူး။ ဟိုတစ်ညက ကိုဖိုးတူး ဖမ်းပေးလိုက်တဲ့ သူခိုးနှစ်ယောက်အကြောင်းပါ"

"သူတို့ဝင်လာတာ ကိုဖိုးတူး ဘယ်လိုသိတာလဲ ဟင် . . ."

"ဒါလား"

ကိုဖိုးတူး အမှန်တိုင်း ပြောသင့် မပြောသင့်ဆိုတာ စကားဖြတ်ကာ စဉ်းစားလိုက်သည်။ ခင်စိန်အကြောင်းကိုတော့ မပြောဘဲ ကျန်တာပြောပြလိုက်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။

"ဒီလို ညီမလေး အစ်ကိုလည်း အိပ်မပျော်တာနဲ့ စဉ်းစားရင်း ည ၁၂ နာရီကျော်သွားတယ်။ အဲဒီအချိန်မှာပဲ ခြံထောင့်က မီးရောင်တစ်ခု မြင်တာနဲ့ အစ်ကိုလည်း စောင့်ကြည့်နေခဲ့တယ်။ ၎င်းမီးရောင်က အိမ်နောက်ဖေးမှာ ပျောက်သွားတယ်။ မကြာခင်မှာပဲ အိမ်ထဲရောက်သွား





တယ်ဆိုတာ သိလိုက်တယ်။ ဒါနဲ့ အစ်ကိုလည်း နောက်ဖု့သာင်ခံလိုက်ခဲ့တော့ ဆရာ့အခန်းထဲ ဝင်သွားတာ တွေ့လိုက်ရတယ်"

"ခဏကြာတော့ ဒုတ် . . . ဒုတ်ဆိုပြီး ရိုက်တဲ့အသံကြားရတယ်။ ဒါနဲ့အစ်ကိုလည်း ချောင်းကြည့်လိုက်တော့ ဆရာ့ကို ရိုက်လိုက်တာ တွေ့ရတယ်။ ပြီးတော့ ဗီရိုသော့ရှာပြီး ဗီရိုဖွင့်နေတာ တွေ့ရတယ်။ သူတို့ ဘာရှာလည်းတော့ မသိဘူး။ ဒါနဲ့ အစ်ကိုလည်း ပန်းအိုးယူပြီး ပစ်ချလိုက်တယ်။ သူတို့နှစ်ယောက်ထဲက တစ်ယောက်က အပြင်ထွက်လာတယ်။ ပထမဆုံးထွက်လာတဲ့ သူကို အစ်ကိုက တုတ်နဲ့ ရိုက်လိုက်တာပေါ့။ ခဏကြာတော့ ပထမလူ ပြန်မလာလို့ နောက်တစ်ယောက်လည်း ထွက်လိုက်လာတယ်။ သူ့ကိုလည်း အစ်ကိုက လက်ဦးမှုရယူလိုက်တာပဲ။ ကျန်တာကတော့ ညီမလေးတို့ သိတဲ့အတိုင်းပဲ"

"တော်သေးတာပေါ့ ကိုဖိုးတူး ကူညီလိုက်လို့ ညီမလေးတို့မိသားစု သက်သာသွားတာ။ ဒါပေမဲ့ ထူးဆန်းတာက ဒီသူခိုးတွေက ပစ္စည်းတော့ မယူဘူး။ ဘာရှာတာလဲ မသိဘူး။ အဲဒါ ကိုဖိုးတူး သိလားဟင်"

"အစ်ကိုက ဘယ်လိုသိမှာလဲ။ အစ်ကိုက ဒီရောက်တာ မကြာသေးဘူးလေ။ ဒါပေမဲ့ ဆရာ့မှာတော့



www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်ရှိတယ်ဆိုတာတော့ သေချာတယ်"

"အရင်လုပ်သွားတဲ့ အလုပ်သမားတွေတုန်းက ဘာအန္တရာယ်မှ မဖြစ်ခဲ့ဘူး။ အခုမှ ဘယ်ကဘယ်လို ပေါ်လာတာလဲ"

"ကဲပါ . . . ညီမရယ် ဒါတွေ မစဉ်းစားနဲ့တော့။ ခေါင်းရှုပ်ပါတယ်။ လာ . . . ကျောင်းချိန်နီးနေပြီ။ အစ်ကို ကျောင်းလိုက်ပို့ပေးမယ်"

ဖိုးတူးလည်း မိမိနိုင် စဉ်းစားတာများသွားမှာစိုးလို့ စကားဖြတ်ကာ ကျောင်းသို့ ပို့လိုက်လေသည်။ ညီမလေးရယ် ဆရာနဲ့ ညီမတို့ဆီမှာရှိတဲ့အန္တရာယ်ကို အစ်ကို ကာကွယ်ပေးပါ့မယ်။ ဒါကလည်း ဆရာတို့ အစ်ကိုအပေါ်မှာရှိတဲ့ ကျေးဇူးတရားကို အစ်ကို ဘယ်တော့မှ မမေ့ပါဘူး။ ဒီကျေးဇူးတွေကို အစ်ကိုအနေနဲ့ တတ်နိုင်သလောက် ပြန်ဆပ်ပေးပါ့မယ်။ ဖိုးတူး မိမိနိုင်ကို ကျောင်းပို့ပြီး အိမ်သို့ပြန်လာခဲ့လေသည်။

× × ×





အခန်း ( ၈ )

## ခရီးစတင်ပြီ

ဦးလှမောင် ခရီးဆောင် ဟမ်းဘတ်အိတ်ကိုယူ၍ ဆင်းလာသည်။ အောက်ထပ်သို့ရောက်သော် ခင်စိန်ကို လှမ်းတွေ့၍ . . .

"ခင်စိန် . . . မောင်ဖိုးတူးတို့ ပြီးရင်လာခဲ့ဖို့ သွားပြောလိုက်"

"ဦးလေး မောင်ဖိုးတူးက ရောက်နေပြီ။ (ဦးလေးတို့ စောင့်နေတာ)

"ဟေ . . . အေး . . . ဒီလိုတော့လည်း မောင်ဖို



www.burmeseclassic.com

www.burmeseclassic.com



တူးက ဝီရိယကောင်းသားပဲ"

"လာ . . . မောင်ဖိုးတူး နံနက်စာ လာစား။ စားပြီးရင် သွားရအောင်"

"ဟုတ်ကဲ့ ဆရာ"

မောင်ဖိုးတူးလည်း အဝတ်အစား ထည့်ထားသော လွယ်အိတ်ကို ဧည့်ခန်း၌ထားခဲ့ပြီး ထမင်းစားခန်းသို့ ဝင်လာသည်။ ဒေါ်ထားက ဆရာနဲ့ မောင်ဖိုးတူးစားဖို့ ပြင်ဆင်ပေးနေသည်။

ခင်စိန်ကတော့ မီးဖိုဆောင်သို့ဝင်ကာ လုပ်စရာရှိတာ သွားလုပ်နေလေတော့သည်။

ဦးလှမောင်နဲ့ ဖိုးတူးသို့ နံနက်စာ စားသောက်ပြီး၍ အဝေးပြေးဂိတ်သို့ ကားငှားပြီး ထွက်လာခဲ့ကြသည်။ တောင်ငူသို့ သွားရမှာဆိုတော့ အိမ်က ကားနဲ့သွားရင် နောက်ဆံတင်းနေရမှာမို့ ကားကိုမယူဘဲ လိုင်းကားနဲ့ သွားရခြင်းဖြစ်သည်။ ခရီးက တစ်နေရာတည်းနဲ့ မပြီးတော့ ကိုယ်ပိုင်ကားနဲ့ဆိုရင် အဆင်မပြေဘူးလေ။

ဒီလိုနဲ့ ဆရာတပည့်နှစ်ယောက် အဝေးပြေးဂိတ်သို့ ရောက်လာသည်။ အဝေးပြေးဂိတ်သို့ရောက်တော့ တောင်ငူထွက်မည့် လိုင်းကားကိုကြည့်သည်။ ဟော . . . တွေ့ပါပြီ။ ဒါနဲ့ ဦးလှမောင် ကားလက်မှတ်ဖြတ်ပြီး အချိန်





နည်းနည်း စောနေသေး၍ ခရီးသည်များ နားနေဆောင်သို့ဝင်ကာ နားနေလေသည်။ သူတို့နားနေသော နေရာနဲ့ မလှမ်းမကမ်းတွင် လူနှစ်ယောက်က သူတို့ရဲ့လုပ်ရပ်ကို စောင့်ကြည့်နေသည်ကို ဆရာတပည့် နှစ်ယောက်စလုံးက မသိလိုက်ပါ။

ခဏကြာတော့ စပယ်ယာက ကားထွက်ရန် အဆင်သင့်ဖြစ်၍ ကားစက်နိုးကာ အသံပေးလိုက်သည်။ ဟွန်းလည်း ၂ ချက်၊ ၃ ချက် တီးလိုက်သည်။ ထိုအခါ ဆရာတပည့်နှစ်ဦးက ကားဆီသို့ လျှောက်လာခဲ့လေသည်။ ကားပေါ်သို့တက်ကာ နေရာရှာ၍ ထိုင်လိုက်သည်။

ထိုအချိန်တွင် ဦးလှမောင်တို့ကို အကဲခတ်နေသော လူနှစ်ယောက်က ဖုန်းဆိုင်သို့ပြေး၍ ဖုန်းဆက်လိုက်သည်။ ခဏကြာတော့ ဖုန်းဆက်ပြီး၍ ဦးလှမောင်တို့ ကားပေါ်သို့ တက်လာခဲ့ကြသည်။ ၁၀ မိနစ်ခန့်ကြာသော် ကားက စထွက်လေသည်။

ရင်းလူနှစ်ယောက် နောက်ဆုံးမှ တက်လာသည်ကို ဖိုးတူးက သတိထားမိသည်။ ဒါပေမဲ့ အမှတ်တမဲ့ပဲ နေလိုက်သည်။

တောင်ငူသို့ ကားလေး စထွက်လာခဲ့သည်။ ဦးလှမောင်တစ်ယောက် လွန်ခဲ့သော တစ်ပတ်က သူဆီသို့ စာ



www.burmeseclassic.com

www.burmeseclassic.com



တစ်စောင် ရောက်လာခဲ့သည်ကို ပြန်၍တွေးနေမိသည်။ စာထဲ ပါတာကတော့ . . .

သို့ . . .

ဦးလှမောင် . . .

ငါ ချစ်တင် စာရေးလိုက်ပါတယ်။ အကြောင်းကတော့ လွန်ခဲ့တဲ့ ၃၊ ၄ ရက်လောက်က ငါ့ဆီကို လူနှစ်ယောက် ရောက်လာတယ်။ ပေစာအကြောင်း လာဆွေးနွေးတယ်။ သူမှာပါလာတဲ့ ပေစာလည်း ထုတ်ပြတယ်။ ဒါပေမဲ့ ပေစာက မစုံတော့ ငါ့ဆီမှာရှိတဲ့ ပေစာနဲ့ တွဲကြည့်ချင်တယ်လို့ ပြောတယ်။ အဲဒါ ငါ့ဆီမှာ ပေစာရှိတယ်ဆိုတာ ဒီလူ ဘယ်လိုလုပ်သိတာလဲ။ ပေစာနဲ့ ပတ်သက်လို့ မင်းနဲ့ ငါသာသိတာ။ အထူးသဖြင့် မိသားစုကိုတောင် အသိမပေးတဲ့အကြောင်းကို ဒီလူနှစ်ယောက်က သိတယ်ဆိုတော့ . .

ဒီလူနှစ်ယောက်ကို လျှော့တွက်လို့မရဘူး။ ပြီးတော့ ပြောသေးတယ်။ ပေစာနဲ့ပတ်သက်လို့ ရရှိတဲ့အကျိုးအမြတ်ကို ခွဲဝေယူဖို့လည်း ပြောသေးတယ်။ ငါ့ကို စဉ်းစားဖို့ အချိန်တစ်လ ပေးသွားတယ်။ တစ်လပြည့်ရင် ပြန်လာခဲ့မယ်လို့ပြောပြီး ပြန်သွားကြတယ်။

ဒါကြောင့် မင်းဆီကို ငါစာရေးလိုက်တာပါ။ မင်းနဲ့ ငါ လုပ်စရာရှိတာလုပ်လို့ရအောင် မင်းဆီကို ငါစာရေးလိုက်တာပဲ။ ငါကတော့ ကျန်းမာရေးမကောင်းတော့ မင်းဆီကို ငါမလာနိုင်ဘူး။ မင်းလာခဲ့ရင် ကောင်းမယ်။ လာဖြစ်အောင် လာခဲ့ပါ။

ကိုချစ်တင်

ကိုချစ်တင်ဆိုတာ သူ့ရဲ့ ညီကိုဝမ်းကွဲတော်သည်။ အဖေချင်း ညီအစ်ကိုဖြစ်လို့ အဘိုးနဲ့ အဘွားက ပေစာနဲ့ ပတ်သက်ပြီး ခွဲပေးထားသည်။ အဖေတို့ မရှိတော့တဲ့အတွက် သူ့တို့ကို လက်ဆင့်ကမ်းခဲ့သည်။ ပေစာနဲ့ ပတ်သက်ပြီးလည်း အကြောင်းစုံပြောပြခဲ့ကြသည်။ ဒါပေမဲ့ ပေစာက သူတို့နှစ်ယောက်ထံနှင့် မစုံတော့ ဘာမှမလုပ်ဘဲ နေခဲ့ကြခြင်း ဖြစ်သည်။ အခုတော့ သူတို့နှစ်ယောက်နဲ့ အခြားတစ်ယောက်မှာပါ ရှိတယ်ဆိုတော့ ပေစာက စုံလောက်ပြီလို့ ယူဆရသည်။ ဒါကြောင့်လည်း ကိုချစ်တင်တို့ဆီကို လာတဲ့လူက ဒီအကြောင်းတွေကို သိထားတဲ့လူဖြစ်မယ်။ ကိုချစ်တင်ကို အေးအေးဆေးဆေး သွားပြောတာဖြစ်မယ်။

ငါ့ဆီမှာလည်း ပေစာရှိတယ်ဆိုတာသိလို့ ဟိုတစ်နေ့က လာရှာတာဖြစ်မယ်။ ဒါပေမဲ့ သူ ပေစာသိမ်းထားတဲ့နေရာ ဘယ်သူမှမသိတဲ့အတွက် လာရှာတဲ့လူလည်း ရမသွားခဲ့ဘူး။ ပေစာက အားလုံး (၆)ခု ဖြစ်မယ်။ သူ့မှာက



www.burmeseclassic.com

www.burmeseclassic.com



၂ ခု။ ကိုချစ်တင်မှာက ၂ ခုဖြစ်မယ်။ ကိုချစ်တင်အိမ်ကို လာသွားတဲ့လူက သူ့မှာရှိတဲ့ ပေစာပြတယ်ဆိုတော့ သူ့ဆီမှာလည်း ၂ ခု ရှိလိမ့်မယ်လို့ထင်တယ်။ ဒါကြောင့် စုံသွားလို့ ယခုလို လာဆွေးနွေးတာ ဖြစ်လိမ့်မယ်။

ငါ့ဆီက ပေစာရမသွားတဲ့အတွက် ကိုချစ်တင်ဆီကို သွားဆွေးနွေးတာလည်း ဖြစ်နိုင်တယ်။ တကယ်လို့သာ သူ့ဆီက ပေစာရသွားရင် ကိုချစ်တင်ကို ဆွေးနွေးမှာ မဟုတ်ဘူး။ သူ့ဆီမှ ရမသွားတဲ့အတွက် ယခုလို ကိုချစ်တင်ကို ဆွေးနွေးတာ ဖြစ်လိမ့်မယ်။ ဒီလူဟာ ဘယ်သူများဖြစ်မလဲ။ ပေစာနဲ့ ပတ်သက်ပြီး ဘာတွေများ သိထားတာလဲ။ အကြောင်းစုံသိထားလို့လည်း ပေစာနောက် သည်းကြီးမည်းကြီး လိုက်နေတာလည်း ဖြစ်နိုင်တာပဲ။ ဘာပဲဖြစ်ဖြစ်လေ ကိုချစ်တင်ဆီရောက်မှာပဲ အကြောင်းစုံ မေးရတော့မည်။ အခုတော့ ခေါင်းရှုပ်ပါတယ်။

ကားလေးသည် တောင်ငူမရောက်ခင် လမ်း၌ ကားပျက်သွားသည်။ ကားလေးသည် လမ်းဘေးသို့ ခဏရပ်ကာ စက်ဖုံးဖွင့်ကာ ကားဆရာက ပြင်နေသည်။ ၁၅မိနစ်ခန့်ကြာသော် ကားလေးက ပြန်ကောင်းသွားသည်။ ခရီးသည်များ ကားပေါ်သို့ ပြန်တက်ကာ တောင်ငူသို့ ဆက်ထွက်လာခဲ့သည်။





မွန်းလွဲ ၂-၃ နာရီခန့်တွင် ရောက်သည်။ ရောက်ရောက်ချင်းပဲ ဦးလှမောင်သည် ဗိုက်ဆာလာ၍ လက်ဖက်ရည်ဆိုင်သို့ ထွက်ခဲ့သည်။

"မောင်ဖိုးတူး လာ ကော်ဖီသွားသောက်ရအောင်"

"ဟုတ်ကဲ့ပါ ဆရာ။ ဒါနဲ့ . . . သွားရမှာ တော်တော်ဝေးသေးလား"

"သိပ်မဝေးတော့ပါဘူး။ ဒီကနေ တောင်ဘက်ရွာကဲကို ဆင်းရမှာ"

"လမ်းလျှောက်ရဦးမယ်ဆိုတော့ ဗိုက်ဖြည့်ထားမှ"

ဦးလှမောင်နှင့် ဖိုးတူးတို့ ကားဂိတ်မှ အနီးဆုံး ကော်ဖီဆိုင်သို့ ဝင်ခဲ့သည်။ ဆိုင်ထဲသို့ရောက်သော် . . .

"ဆရာတို့ ဘာသောက်ကြမလဲ"

ဦးလှမောင်က . . .

"ငါ့ကို လက်ဖက်ရည်တစ်ခွက် ကျစိမ့်လေး လုပ်ပေးကွာ"

"မောင်ဖိုးတူးက ဘာသောက်မှာလဲ"

ထိုအခါ ဖိုးတူးက စားပွဲထိုးဘက်သို့လှည့်ကာ . .

"ညီလေး အစ်ကိုကိုလည်း လက်ဖက်ရည်ပဲပေး ပါ့ ပုံမှန်ပဲ လုပ်ပေးပါ"

စားပွဲထိုးကောင်လေးမှ လက်ဖက်ရည်ဖျော်တဲ့ဆီ



www.burmeseclassic.com

www.burmeseclassic.com



ကိုသွား၍ မှာကြားလိုက်သည်။ ငြိ ..က် မုန့်များလာချပေး
သည်၊ ခဏကြာတော့ လက်ဖက်ရည်များ ရောက်လာခဲ့
သည်၊ ဖိုးတူးလည်း လက်ဖက်ရည်သောက်ရင်း ပတ်ဝန်း
ကျင်ကို လေ့လာလိုက်သည်။ ထိုအခါ မမျှော်လင့်ဘဲ သူတို့
ဆိုင်ရဲ့ မျက်စောင်းထိုးဆိုင်တွင် သူ့တို့ကားနဲ့ အတူပါလာ
သော လူနှစ်ယောက်ကို တွေ့လိုက်ရသည်။

ဒီတစ်ခါတွေ့လိုက်ရတာကတော့ ဖိုးတူး မသင်္ကာ
ဖြစ်သွားသည်။ ဆရာကိုတော့ မပြောသေးပါ။ ဘာကြောင့်
လည်းဆိုတော့ မသေချာသေးတဲ့အတွက် အခြေအနေ
စောင့်ကြည့်ရဦးမယ် မဟုတ်ပါလား။

လက်ဖက်ရည်ကို တဖြည်းဖြည်း သောက်ရင်း
ဆရာ့ကို လှမ်းကြည့်လိုက်သည်။ ဆရာကတော့ ဘာမှမသိ
သလို နေသည်၊ ထိုအခါ မောင်ဖိုးတူးဘက်လှည့်ကာ . . .

"ဖိုးတူး ယခု တို့သွားမယ့်နေရာရောက်ရင် ဝီရိယ
တော့ထားနော်"

"နောက်ပြီး တို့နောက်က ရှုဒိုးလိုက်တာ တွေ့ရင်
လည်း သတိထားဦး"

ထိုအခါ မောင်ဖိုးတူးက သူ့ဆရာက အစမှပြော
သည်။ သူက ကြိုတင် သတိထားပြီးသားဆိုတာ ဆရာ့ကို
ပြောပြလိုက်ရင် ကောင်းမလား။ ဒါမှမဟုတ် သူတို့နောက်





ကို လူနှစ်ယောက် လိုက်နေတယ်ဆိုတာ ပြောလိုက်ရင်
ကောင်းမလား။ ဖိုးတူးမှာ ဇဝေဇဝါဖြစ်နေသည်၊ ဒါပေမဲ့
ဖိုးတူး ဆုံးဖြတ်လိုက်သည်၊ ပြောလိုက်ရင် ပိုကောင်းမယ်။
ဒါမှ ဆရာလည်း သတိထားလို့ရတာပေါ့။ ထိုအခါ ဖိုးတူး
က . . .

"ဆရာ . . . ဆရာ့ကို ကျွန်တော် ...စရာရှိ
တယ်။ ပြောစရာရှိတာဆိုတာထ... သက်ာစ... ကောင်း
တာက ပိုမှန်လိမ့်မယ်"

"ဘာများ ... ပြောလေ"

"တခြား... မဟုတ်ပါဘူး။ ကျွန်တော်တို့
နောက်ကို လူနှစ်ယောက် လိုက်နေတယ်လို့ ထင်ရတယ်"

"ပဲခူးမှာကတည်းက ကျွန်တော် သတိထားမိ
တယ်။ ဒီအထိ ပါလာတုန်းပဲ"

"ဘယ်မှာလဲ"

"ဆရာ ချက်ချင်းမကြည့်နဲ့နော်။ မသိမသာကြည့်
ကျွန်တော်တို့ ထိုင်နေတဲ့ဆိုင်နဲ့ မျက်စောင်းထိုးမှာပါ။ သူတို့
ဝတ်စားထားတာလည်း ရှမ်းလိုလို ကရင်လိုလို ဝတ်ထား
တယ်"

ထိုအခါ ဦးလှမောင်လည်း ဖိုးတူး ပြောပြသည့်
အတိုင်း မသိမသာ အကဲခတ်လိုက်သည်၊ ဖိုးတူးထင်သည့်



www.burmeseclassic.com

www.burmeseclassic.com



အတိုင်းပင် သူတို့နောက်သို့ လိုက်ရ[illegible]သဲဆိုတာ သေချာသွားသည်။ ဒါပေမဲ့ ဟန်မပျ[illegible]တဲ့ သူတို့သွားစရာရှိတဲ့ နေရာကိုတော့ ရောက်အောင်သွားရမှာပဲ။

"ဖိုးတူး မင်းလ[illegible]တိထားနော်။ ယခုအချိန်ထိတော့ သူတို့ တို့ကိုရန်လုပ်မှာ မဟုတ်သေးဘူး။ အပြန်ကျမှပဲ ဂရုစိုက်ရမှာ"

"ဟုတ်ကဲ့ ဆရာ ကျွန်တော် သတိထားပါ့မယ်"

ဒီလိုနဲ့ ဦးလှမောင်တို့ စားသောက်ပြီး၍ ပိုက်ဆံရှင်းကာ ခရီးဆက်ထွက်ခဲ့ကြသည်။ မြို့ပြင်ရောက်တော့ ရွာလမ်းကလေးအတိုင်း လျှောက်လာရသည်။ ရွာလမ်းဆိုပေမဲ့ သစ်ပင်ကြီးများဖြင့် အုံ့အုံ့ဆိုင်းဆိုင်းဖြင့် လျှောက်ရလေသည်။ တစ်ခါတစ်ခါ သေနတ်သံများ ကြားရသည်။ ဒါကလည်း တောပစ်ထွက်တဲ့ မုဆိုးများရဲ့ အသံဆိုတာ သိသာပါသည်။ တစ်ချက်နဲ့တစ်ချက် တော်တော်ကြာသည်။

ဖိုးတူးက သေနတ်သံကြား၍ ဆရာ့ဘက်သို့ လှည့်ကြည့်သည်။ ဆရာကတော့ ဒီသေနတ်သံများကို သိပြီးသားမို့ ဘာမှမဖြစ်သလို ဆက်ပြီး သွားလေသည်။ မကြာခင်မှာဘဲ ရွာထဲသို့ ရောက်လာသည်။ ကိုချစ်တင်ရဲ့ အိမ်ကို သိပ်မရှာလိုက်ရမှာ။ ဟော . . . တွေ့ပါပြီ။ ကိုချစ်တင်က အိမ်ရှေ့ရှိ ကွပ်ပျစ်ပေါ်တွင်ထိုင်နေသည်။ ဦးလှမောင်





နဲ့ အခြားတစ်ယောက်ကို တွေ့သွား၍ . . .

"ဟင် . . . ကိုလှမောင်တို့ပါလား။ လာ . . . လာ လာ . . . ထိုင်"

ကိုချစ်တင်က ဦးလှမောင်တို့ကို ကြိုဆိုလိုက်သည်။ အနားသို့ရောက်သောအခါ ကွပ်ပျစ်တွင် ဝင်ထိုင်လိုက်ကြသည်။ ကိုချစ်တင်က . . .

"ကျွန်တော်က တစ်ရက်နှစ်ရက်ကြာမှ ရောက်မယ်ထင်တာ . . ."

ထိုအခါ ဦးလှမောင်က . . .

"ဟုတ်တယ် ကိုချစ်တင်ရေ။ ကျွန်တော်လည်း ဖြည်းဖြည်းမှလာမယ်လို့ လုပ်နေတာ။ ဒါပေမဲ့ အရေးကြီးတိစ္ဆဖြစ်လာလို့"

"ဘာများဖြစ်လို့လဲ"

ထိုအခါ ဦးလှမောင်က သူ့အိမ်တွင် သူခိုးဝင်တဲ့ တိစ္ဆပါ ကိုချစ်တင်ကို ပြောပြလိုက်သည်။ ကိုချစ်တင်ဆီမှာလည်း သူတို့လာသွားတယ်ဆိုတော့ အားလုံးကို တိုက်ဆိုင်နေပြီ။ ဒါဆိုရင် ဒီကိစ္စကို အမြန်အကောင်အထည်ဖော်မှ ဖြစ်တော့မယ်။

"ဒါနဲ့ ဦးလှမောင် ဒီမှာ တစ်ညတည်းပေါ့။ မနက်မှပြန်ပါ"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ ယခုလည်း မိုးချုပ်သွားပြီပဲ၊ အိပ်မှ ရတော့မယ်"

ဒီလိုနဲ့ ဦးလှမောင်တို့ ဒီည ဒီမှာပဲ အိပ်လိုက်ကြတော့သည်။

ညဘက်ရောက်တော့ ကိုချစ်တင်က သူ့မှာရှိသော ကတ္တီပါစလေးနဲ့ ထုတ်ထားသော အထုပ်တစ်ထုပ်ကို ဦးလှမောင်ဆီသို့ လာပေးလေသည်။ ဦးလှမောင်တို့လည်း အိမ်ရှေ့ရှိ ဘုရားခန်းတွင်ထိုင်ကာ ထန်းလျက်နဲ့ ရေနွေးကြမ်း သောက်နေကြသည်။

ကိုချစ်တင် ယူလာပေးသော ကတ္တီပါစလေးကို ကြည့်ပြီး ကြိုးစလေးကို ဖြည်းဖြည်းချင်း ဖြည်လိုက်လေသည်။ ထိုအခါ ရွှေအိုရောင် မွဲညစ်ညစ်နဲ့ ပေစာလေး ၂ချပ် ထွက်လာသည်။ ၎င်းပေစာပေါ်တွင် စာလုံးများကို ကြည့်လိုက်သောအခါ ပန်းစလုံးလေးများ တစ်ခုနဲ့တစ်ခု ဆက်လျက် ညီညီညာညာ ရေးချယ်ထားတာ တွေ့ရလေသည်။ ဒါပေမဲ့ ပေစာရဲ့ ထိပ်မှာတော့ နံပါတ်ကိုကြည့်လိုက်သောအခါ ၃၊ ၅ ဟု ၂ချပ်တွေ့ရလေသည်။ ၎င်းပေစာကို ဖတ်သော်လည်း စာဆက်များ ချိတ်ဆက်မမိဘဲ လိုနေသလိုဖြစ်နေသည်။ ဒါကြောင့် ပေစာအားလုံးစုံမှသာ အဓိပ္ပာယ်ဖော်လို့ရမှာဖြစ်တဲ့အတွက် အမည်မသိလူတွေက လိုက်ပြီး





ရှာနေကြသည် မဟုတ်ပါလား။ တကယ်တော့ ဦးလှမောင်နဲ့ ကိုချစ်တင်တို့တွင် ရှိနေသော ပေစာများ ပေါင်းလျှင်လည်း စာဆက်များ ဖတ်လို့ရမှာ မဟုတ်ပါ။ နောက်ထပ်ပေစာ ဘယ်နှစ်ချပ် ကျန်သေးလဲဆိုတာတော့ မသိသေးပါ။ ဒါပေမဲ့ ဦးလှမောင်ရဲ့ အဖေပြောခဲ့တဲ့ စကားအရဆိုရင်တော့ ပေစာအားလုံး ခြောက်ခုလို့ သိရသည်။ ယခု ကိုချစ်တင်မှာ ၂ချပ် ရှိနေသည်။ ကိုလှမောင်မှာလည်း ၂ချပ်ရှိနေသည်။ ကျန်တဲ့ ၂ချပ်က ဘယ်သူ့ဆီမှာဖြစ်မှာလဲ၊ ဘယ်သူများ ရသွားပြီလဲဆိုတာ သူ့အနေနဲ့ စုံစမ်းရဦးမည် မဟုတ်ပါလား။ ဦးလှမောင်တစ်ယောက် ပေစာကိုကြည့်ရင်း ရင်လေးနေမိသည်။

ဒီအကြောင်းတွေ အားလုံးကိုတော့ မိုးတူးကို ပြောပြထားမှ ဖြစ်မယ်၊ ငါဟာ တစ်ခုခုဖြစ်ခဲ့ရင် မောင်မိုးတူးလေး သိထားတော့ သူ့ပဲဆက်ပြီး လုပ်နိုင်မှာ မဟုတ်လား။

ဒီလိုနဲ့ ဦးလှမောင်လည်း ပေစာကိုကြည့်ပြီး မောင်မိုးတူး ဘက်လှည့်ကာ မောင်မိုးတူးကို ပြောပြလိုက်သည်။

"မောင်မိုးတူး ဒီကိစ္စတွေအားလုံး ဆရာ မကွယ်ဝှက်ပဲ မောင်မိုးတူးကို ပြောပြမယ်။ မောင်မိုးတူးက ဆရာ့ရဲ့ အသက်သခင် ကျေးဇူးရှင်ဖြစ်တဲ့အတွက် ဆရာတို့ကို

www.burmeseclassic.com

www.burmeseclassic.com



အစမှအဆုံး ကူညီပါလို့ ဆရာမှာချင်တယ်"

"ဟုတ်ကဲ့ပါ ဆရာ။ ပြောပါ"

ထိုအခါ ဦးလှမောင်က ပေစာနဲ့ ပတ်သက်ပြီး သူ၏အဘိုးပြောပြခဲ့သော ဇာတ်လမ်းလို . . . ဖိုးတူးကို ဇာတ်ကြောင်းခင်း၍ ပြောပြလိုက်လေတော့သည်။

× × ×





အခန်း ( ၉ )

## အတိတ်က အဖြစ်အပျက်

အင်္ဂလိပ်တို့ တောင်ငူမြို့ကို သိမ်းပြီးခါစ . . .

ဒေါက်တာ ကင်းနစ်ဟာ သူ့ရဲ့ ရုံးစိုက်ဖို့အတွက် မြေနေရာ လိုက်ရှာလေသည်။ ကင်းနစ်ဟာ တောင်ငူမြို့ရဲ့ အထွက်တွင် တောင်ကမူလေးတစ်နေရာကို တွေ့ရသည်။ ၎င်းနေရာကို သဘောကျ၍ သူ၏တပည့်များကို မှတ်သား ထားခိုင်းသည်။ ပြီးနောက် မြေနေရာကို သူလိုချင်သလောက် နေရာသတ်မှတ်လိုက်သည်။

ဒေါက်တာကင်းနဲ်သည် မကြာခင်မှာပဲ မြေနေ



www.burmeseclassic.com

www.burmeseclassic.com



ရာရှင်းလင်းဖို့ လူတစ်စုကို ခေါ်ခဲ့သည်။ ၎င်းလူတစ်စုတွင် ခေါင်းဆောင်အဖြစ် ညီအစ်ကိုနှစ်ဦးက ဦးဆောင်လေသည်။ ၎င်းညီအစ်ကိုများဖြစ်တဲ့ ဦးအိုက်ခမ်းနှင့် ကိုအိုက်စံ ညီအစ်ကိုများဖြစ်ကြသည်။ သူတို့နှစ်ဦးက အခကြေးငွေရ၍ တပည့် ၅ဦးအပါအဝင် အားလုံး ၇ဦးဖြင့် အလုပ်လက်ခံလိုက်သည်။

ပထမတွင် မြေနေရာများကို ရှင်းလင်းဖို့အတွက် တာဝန်များ ခွဲဝေယူကြလေသည်။ အရှေ့ဘက်တွင် ၂ဦး၊ အနောက်ဘက်တွင် ၂ဦး၊ တောင်ဘက်တွင် ၂ဦး၊ မြောက်ဘက်တွင် ၁ဦးသာ ဖြစ်လေသည်။ ပထမရက်တွင် အပင်များ ရှင်းလင်းကြလေသည်။ ကိုအိုက်ခမ်းနှင့် ကိုအိုက်စံ နေရာတွင် သစ်ပင်များ ရှင်းလင်းလိုက်ရာ စေတီပုထိုး ထွက်ပေါ်လာသည်။ ဒါကို အိုက်ခမ်းနှင့် အိုက်စံက စေတီကို မတူးတော့ဘဲ ချန်လှပ်ထားခဲ့သည်။ ဒါကို ဒေါက်တာကင်းနစ်က တွေ့သွားပြီး ၎င်းစေတီကို ဖယ်ရှားခိုင်းလေသည်။

အိုက်ခမ်းနှင့် အိုက်စံကလည်း ဒေါက်တာကင်းနစ်ရဲ့စကားကို မလွန်ဆန်ဝံ့၍ တောင်းပန်ပြီး ဖယ်ရှားလိုက်ကြသည်။

ထိုအခါ အိုက်စံက . . .





"အစ်ကို ဒီစေတီကို မဖယ်ရှားလို့ မရဘူးလား။ ကျွန်တော်တို့ မြန်မာလူမျိုးမှာ ဘုရားပုထိုးကို မဖယ်ရှားကောင်းဘူးလေ"

"ဟာ . . . အိုက်စံကလည်း ငါတို့က ဖယ်ချင်လို့ ဖယ်ရှားတာ မဟုတ်ဘူး။ သခင်တို့က ဖယ်ခိုင်းတာပဲ။ ဒါက သူ့ဆီက ငွေစလေးယူထားတော့ လုပ်ရမှာပဲ"

"ဒီတော့ ဒီစေတီရဲ့ဌာပနာ တစ်ခုခုရရင် ယူပြီးပြန်လည် တည်ဆောက်ပေးပါ့မယ်လို့ တောင်းပန်ရတော့မှာပဲ။ မတတ်နိုင်တော့ဘူး"

အိုက်စံလည်း ဘာမှ ဆက်မပြောတော့ဘဲ ဆက်ပြီးတူးလေတော့သည်။ မကြာခင်မှာဘဲ စေတီရဲ့ အောက်ခြေတွင် အုတ်ဂူလေးတစ်ခု ၂ ပေ ပတ်လည်လောက် ရှိမည်ဟု ခန့်မှန်းရပါသည်။ ၎င်းအုတ်ဂူလေး တွေ့တော့ အိုက်စံလည်း အံ့ဩသွားလေသည်။ သူ့ရဲ့ အစ်ကိုကိုခေါ်၍ . . .

"အစ်ကို အိုက်ခမ်း ဒီမှာလာကြည့်ပါဦး"

အိုက်ခမ်းလည်း သူ့ရဲ့ညီခေါ်သံကြား၍ ဘေးတွင် ချုံများရှင်းနေရာမှ ထလာပြီး အိုက်စံပြသော အုတ်ဂူလေးကို ရှပ်လုံးပေါ်အောင် ဖော်လိုက်သည်။ ပြီးနောက် အဖုံးလေးလို လုပ်ထားသော ကျောက်ချပ်ပြားလေးကို ဖယ်ထုတ်လိုက်သည်။ အထဲတွင် ရေတစ်ကောင်းအိုးလေး တစ်လုံး။



www.burmeseclassic.com

www.burmeseclassic.com



သေတ္တာလေး အကြီးတစ်လုံး၊ အသေးတစ်လုံးနဲ့ မြေအိုးလေး နှစ်လုံး တွေ့ရလေသည်။ ပထမ ရေတစ်ကောင်းအိုးလေးကို ဖွင့်ကြည့်လိုက်သောအခါ အထဲ၌ အမှုန့်လိုလို အရာများ တွေ့ရလေသည်။ ပြီးနောက် သေတ္တာ အသေးတစ်လုံး ဖွင့်ကြည့်လိုက်သောအခါ ပတ္တမြား ၃လုံး တွေ့ရလေသည်။ သေတ္တာလေးတွင် ပုရပိုက် ၃စုံ တွေ့ရလေသည်။

မြေအိုးများတွင်တော့ ရွှေငွေ ဒင်္ဂါးပြားများ တွေ့ရလေသည်။

"ကဲ . . . ညီလေး အိုက်စံ ဒါတွေကို ဘယ်သူမှ မမြင်အောင် အစ်ကို တစ်နေရာမှာ သွားထားခဲ့မယ်။ ကျန်တာ ညီလေးက ဟန်မပျက်ဆက်တူးနေ။ ကျန်တဲ့ အလုပ်သမားတွေကို ကြည့်ထားလိုက်နော်"

အိုက်စံလည်း အလုပ်သမားရဲ့ အခြေအနေကို စောင့်ကြည့်လိုက်သည်။ အလုပ်သမားများမှာ သူတို့အလုပ်နဲ့ သူတို့လုပ်နေကြ၍ သူတို့ကို ဂရုမစိုက်အားပါ။

"ရပြီ အစ်ကိုကြီး ဆက်လုပ်တော့"

အိုက်ခမ်းလည်း ၎င်းပစ္စည်းများကို မိမိ ပခုံးတွင် တင်ထားသော မျက်နှာသုတ်ပဝါစဖြင့် ထုတ်ပြီး သူတို့တူးနေသော နေရာရဲ့အပြင်ဘက် ခပ်လှမ်းလှမ်းသို့ ထွက်သွား





ခဲ့လေသည်။ ပြီးနောက် မကြာခင်တွင် ပြန်လာပြီး ဆက်ပြီး ဟန်မပျက် အလုပ်ပြန်လုပ်နေလေသည်။

ညနေဘက် အလုပ်သမားများနားချိန် ပြန်ချိန်တွင် သူတို့ညီအစ်ကိုနှစ်ဦးက အေးအေးဆေးဆေးမှ ပြန်ရန် ချန်ခဲ့လေသည်။ သူတို့ ၎င်းခြံမြေနေရာကို ရှင်းနေသည်မှာ ၂ရက်မြောက်နေပြီ။ နောက်ထပ် ၃ရက်လောက် ရှင်းလျှင် ပြီးပါပြီ။ ဒါဆို သူတို့လည်း အလုပ်ပြီးပါပြီ။

"အိုက်စံ . . . အိုက်စံ"

အစ်ကိုဖြစ်သူက သူ့ညီကို လှမ်းခေါ်လိုက်သည်။

"ဘာလဲ အစ်ကို"

"တို့ . . . ဒီပစ္စည်းတွေကို အလုပ်တွေအားလုံးပြီးမှပဲ လာဖော်ထုတ်မယ်။ ဒါမှလည်း တို့ အေးအေးဆေးဆေး ကျန်တာ ဆယ်လုပ်လို့ရတာပေါ့"

"အစ်ကို သဘောပါပဲ"

ဒီလိုနဲ့ ညီအစ်ကို နှစ်ယောက် ပြန်ခဲ့ကြလေသည်။

သူတို့အလုပ်သမားများကို ခြံရဲ့ ပတ်ဝန်းကျင်နှင့် မနီးမဝေးတွင် တဲထိုး၍ နေစေသည်။ အလုပ်သမားများသည် ပြန်မှပဲ ချက်ပြုတ်စားသောက်ကြလေသည်။ သူတို့ အလုပ်သမားများ ညစာစားသောက်ပြီး ညဘက်တွင် ဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့၍ အလုပ်မှအကြောင်းများ ဆွေးနွေးကြသည်။ အလုပ်သမားများထဲမှ တစ်ဦးက . . .

"အစ်ကို အိုက်ခမ်း ကျွန်တော် တစ်ယောက်ထဲ ရှင်းတဲ့ဘက်မှာ အရိုးစု ၂ခု ၃ခု တွေ့တယ်။ ဒါနဲ့ ကျွန်တော်လည်း ကျောချမ်းချမ်းနဲ့ ၎င်းအရိုးစုတွေကို မြေဖို့ပြီး ပြန်မြှုပ်ပေးလိုက်တယ်"

အိုက်ခမ်းမှာ နည်းနည်း စဉ်းစားသွားသည်။ ဒီအရိုးစုတွေက ဘာတွေဖြစ်မလဲ၊ ဘယ်သူ့အရိုးစုတွေလည်း ဘာကြောင့် ဒီနေရာကို ရောက်နေရတာလဲ၊ အိုက်ခမ်းလည်း ဆက်ပြီး မစဉ်းစားတော့ဘဲ အိပ်ရာဝင်ခဲ့လေတော့သည်။

× × ×





အခန်း ( ၁၀ )

## နေရာရွှေ့၍ထားခြင်း

အိုက်ခမ်းသည် ဒီနေ့အလုပ်ကို နောက်ဆုံးနေ့ဖြစ်၍ ရင်လေးနေမိသည်။ သူတို့ရရှိထားသော ပေတာနှင့် ရှေးဟောင်းပစ္စည်းများကို ဘယ်နေရာမှာ ထားရင်ကောင်းမလဲဟု စဉ်းစားနေမိသည်။ ညီလေး အိုက်စံနှင့် တိုင်ပင်ရင်ကောင်းမယ်။ ဒါမှလည်း သူတို့လိုချင်သည့်အခါ လွယ်လင့်တကူ တူးဖော်၍ ၎င်းစေတီကို ပြန်လည်တည်ထားရမည် မဟုတ်ပါလား။ ထိုအချိန်တွင် . . .

"အစ်ကို အိုက်ခမ်း။ အစ်ကို မသွားသေးဘူးလား"

"သွားမယ်လေ မင်းကိုစောင့်နေတာ"

အခြားအလုပ်သမားများမှာ အလုပ်ခွင်သို့ ထွက်



www.burmeseclassic.com

www.burmeseclassic.com



သွားကြသည်မှာ သူတို့နှစ်ယောက်သာ ကျန်ခဲ့သည်။ ထို အခါ အိုက်ခမ်းက . . .

"အိုက်စံ။ တို့ ပစ္စည်းတွေ ဘယ်နေရာရွှေ့ထားရင် ကောင်းမလဲ။ တို့ အခုရှင်းတဲ့ မြုံနှင့်တော့ မနီးစေချင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ တို့လာဖော်တဲ့အခါ အန္တရာယ်ရှိနိုင် တယ်။ ဒီတော့ အေးအေးဆေးဆေး တူးဖော်လို့ရမယ့် နေရာမှာ ရွှေးထားရင်ကောင်းမယ်"

ထိုအခါ အိုက်စံက စဉ်းစားမိသွားပြီး . . .

"ဒါဆိုရင် ဒီလိုလုပ်ပါလား အစ်ကို"

"အေး . . . ပြောစမ်းပါဦး။ မင်းစဉ်းစားမိတာ"

"ဒီမြို့ရဲ့အနောက်ဘက် သချိုင်းထိပ်မှာ သွားမြှုပ် ထားရင် ကျွန်တော်တို့ အချိန်မရွေး လာယူလို့ရတာပေါ့။ အဲ ဒါပေမဲ့ သချိုင်းထဲမှာတော့ မမြှုပ်နဲ့ ခပ်လှမ်းလှမ်းမှာ မြှုပ် မယ်"

"ဒါလည်း ကောင်းတာပဲ။ ဒါဆိုရင် မနက်ဖြန် တို့လာဖော်ပြီး ပြန်တဲ့အခါ တစ်ခါတည်း လုပ်မှဖြစ်မယ်"

အိုက်ခမ်းတို့သည် အလုပ်ခွင်တို့ ဝင်လာကြ သည်။ အလုပ်ခွင်၌ စိတ်ပါလက်ပါ လုပ်ကြပြီး အချိန်ကို စောနိုင်သမျှ စောအောင် ပြီးအောင် လုပ်ကြသည်။ ညနေ ၃နာရီလောက်တွင် စောစောပြီးသွားကြသည်။ အလုပ်ခွင်





ပြီးစီး၍ ကျန်သောအလုပ်သမားများ လုပ်အားခငွေများ ထုတ်ပြီး မိမိတို့ပစ္စည်းများကို သိမ်းကာ ပြန်သွားကြလေ သည်။ အလုပ်သမားထဲတွင် အိုက်ခမ်းနှင့်အိုက်စံ ညီအစ်ကို တို့ နှစ်ဦးသာ ကျန်ခဲ့သည်။ သူတို့ ညီအစ်ကိုနှစ်ဦးကတော့ အကြံနှင့်ချန်ခဲ့၍ သူတို့ကို ဘယ်သူမှလည်း သံသယမဖြစ် ပေ။ ထိုအခါ အိုက်ခမ်းနှင့် အိုက်စံတို့သည် ပစ္စည်းများရှိရာ နေရာသို့ ရောက်လာခဲ့ကြသည်။

အိုက်ခမ်းက ပစ္စာ်းများကို တူးဖော်ကာ မိမိတို့ တွင် ပါလာသော စာသားလွယ်အိတ်အတွင်းသို့ ထည့် သည်။ ပြီးနောက် မြို့ရဲ့အနောက်ဘက် သချိုင်းသို့ ထွက် လာခဲ့ကြသည်။ သချိုင်းနှင့် မနီးမဝေးရှိ တောအုပ်ဘက်ရှိ နေရာတစ်ခုကို သတ်မှတ်ကာ ပစ္စည်းများကို မြှုပ်ကြလေ သည်။ ပစ္စည်းများကို အားလုံးမမြှုပ်ဘဲ ပေစာထုတ် တစ် ထုတ်ကိုတော့ ချန်ခဲ့လေသည်။

ဇင်းပေစာကို ညီအစ်ကိုနှစ်ယောက် ယူခဲ့ပြီး မိမိ တို့နေသောရွာ တောင်ငူနှင့် ၁၀မိုင်အကွာရှိ မြိုင်သာရွာသို့ ပြန်ခဲ့ကြလေသည်။ ရွာသို့ပြန်ရောက်ပြီး ညီအစ်ကိုနှစ် ယောက် မအိပ်နိုင် မစားနိုင်ဖြစ်ကာ အစ်ကိုဖြစ်သူ အိုက် ခမ်းက . . .

"အိုက်စံ တို့ယူလာခဲ့ ပေစာကို ဖတ်ကြည့်ရ



www.burmeseclassic.com

www.burmeseclassic.com



အောင်ကွာ။ ဘာတွေများ ရေးထ လို့"

"အစ်ကို သဘောပဲ ဖတ်လေ"

အစ်ကိုဖြစ်သူ အိုက်ခမ်းကလည်း အိပ်ခန်းထဲရှိ သေတ္တာထဲ၌ ထား သော ပေစာထုပ်ကို ယူထုတ်လာပြီး ဖတ်ကြည့်ကြလေသည်။ ညီအစ်ကိုနှစ်ယောက် ပေစာကို ဖတ်ပြီး အရမ်းအံ့သြကာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ မှင်သက်နေမိကြသည်။ ထိုအခါ အိုက်ခမ်းက

"ညီလေး အိုက်စံ ဒီပေစာကို မသမာသူတွေ လက်ထဲ မရောက်အောင် အစ်ကိုတို့ နှစ်ယောက် ခွဲဝေယူထားရအောင်။ ယခုဆိုရင် ဂျပန်တွေ မြန်မာပြည်ထဲ ဝင်လာတော့မယ်လို့ သတင်းရတယ်။ ဒီတော့ ဒီပေစာတွေကို ညီလေးနှင့် အစ်ကိုတို့ ၃ပုံ ပုံ။ တစ်ပုံကို ဒီခြံထဲက တစ်နေရာမှာ မြှုပ်မယ်။ ကျန်တဲ့ ၂ပုံကိုတော့ တို့ညီအစ်ကို နှစ်ယောက်က ခွဲဝေယူကြတာပေါ့။ တစ်နေ့မှာ စစ်ကြီးပြီးလို့ အေးအေးဆေးဖြစ်တဲ့အခါ တို့ညီအစ်ကိုနှစ်ယောက် အတူတူ လာဖော်တာပေါ့"

"ဟုတ်ကဲ့ အစ်ကို အစ်ကိုကောင်းသလိုလုပ်ပါ"

ဒီလိုနဲ့ ညီအစ်ကိုနှစ်ယောက် ပေစာကို သုံးပုံ ပုံလိုက်သည်။ တစ်ပုံကို သေတ္တာလေးထဲထည့်ကာ ခြံထောင့် တစ်နေရာတွင် မြှုပ်လိုက်ကြလေသည်။ ၎င်းနေရာကို





အမှတ်အသားဖြင့် ပုထိုးပုလေး ပုံသဏ္ဌာန် အုတ်ဖြင့်ပုံကာ အမှတ်အသား လုပ်ခဲ့ကြလေသည်။ မကြာခင်မှာဘဲ ဂျပန်များ ဝင်လာ၍ စစ်ကြီးစဖြစ်သည်။ ထိုအခါ ညီအစ်ကို နှစ်ယောက်တို့မှာ တစ်ကွဲတစ်ပြားဖြစ်ကာ အစ်ကိုဖြစ်သူ အိုက်ခမ်းက မြို့သို့ရောက်ခဲ့ပေသည်။ ညီအိုက်စံကတော့ ရွာနဲ့ အနီးဆုံးတွင် ခိုလှုံကာ နေခဲ့ကြသည်။ ၎င်းတို့ ခဲ့သော နေရာတွင်ပင် ဇနီးသားသမီးများ စီးပွားရှာစားခဲ့ရလေ သည်။ ဒါပေမဲ့ သူတို့ ပွင့်ရှိသော ပေစာများကို တော့ ကိုယ်နဲ့မကွာ သိမ်းထားခဲ့ကြလေသည်။

ဂျပန်များ စစ်ကြီးပြီးလို့ မြန်မာပြည်မှ ဆုတ်ခွာသောအခါ လမ်းတစ်လျှောက်လုံး ရွာများ အိမ်များကို ဖျက်ဆီးသွားကြလေသည်။ တချို့ဂျပန်များသည် ရွာထဲရှိ မိန်းကလေးများကိုပါ ဖျက်ဆီး၍ ရသမျှရွှေငွေများကို လုယက်သွားကြလေသည်။

မြန်မာပြည်ကြီး တည်ငြိမ်အေးချမ်းသောအခါ အိုက်စံက မြို့မှ မိမိနေခဲ့သော ရွာသို့ပြန်လာခဲ့လေသည်။ ရွာသို့ရောက်သောအခါ မိမိနေခဲ့သော အိမ်လေးဟာ ပျက်စီးယိုယွင်းနေတာ တွေ့ရလေသည်။ ၎င်းအိမ်နှင့်ခြံကို မြို့မှ ပါလာသော ငွေစများဖြင့် အိမ်ကြီးအိမ်ကောင်းဆောက်ကာ နေထိုင်ခဲ့လေသည်။ မြို့တွင်ကျန်ခဲ့သော မိမိတို့ရဲ့ မိသားစု



www.burmeseclassic.com

www.burmeseclassic.com

ကိုပါ ပြန့်ခေါ်ကာ ရင်းရွာတွင် နေထိုင်ခဲ့ကြသည်။ မိမိရဲ့ သားအကြီးဆုံး တင်ထွန်းပင် လူကြီးဖြစ်နေလေပြီ။

တစ်နေ့တွင် အိုက်စ်သည် မိမိကိုယ်တိုင် လျှို့ဝှက်ထားသောအကြောင်းကို မိမိရဲ့သားကြီးကို ပြောပြမည်ဟု ဆုံးဖြတ်လိုက်သည်။ မိမိကိုယ်တိုင်ကလည်း အသက်အရွယ်ရလာပြီ မဟုတ်ပါလား။ မိမိရဲ့သားကို လက်ဆင့်ကမ်းမှ ဖြစ်မည်ဟု ဆုံးဖြတ်ရတော့သည်။

ဒီလိုနဲ့ တစ်နေ့တွင် လသာသော ညတစ်ညတွင် အိမ်ရှေ့ကွပ်ပျစ်တွင်ထိုင်ရင်း သားအဖနှစ်ယောက် တိုင်ပင်ခဲ့လေသည်။ သူ၏အစ်ကိုကိုရှာရန်လည်း ပြောသည်။ အိုက်ခမ်းကိုတွေ့ရင် သူတို့တိုင်ပင်ထားသော အရာများ အောင်မြင်ပြီဟု ပြောခဲ့သည်။

တင်ထွန်းလည်း မိမိဖခင်က ပေစာအကြောင်းနှင့် ခြံထဲ၌ မြှုပ်ထားသော ပုထိုးပုလေးကို လိုက်ရှာခဲ့လေသည်။ ရင်းဘုရားပုလေးသည် နှစ်ကြာသောအခါ မြေကြီးများဖုံးကာ နေရာရှာ၍မရဘဲ ဖြစ်ခဲ့သည်မဟုတ်ပါလား။ သူ၏ဖခင်ကလည်း သူ့ကို ဒီအကြောင်းတွေပြောပြီး မကြာခင်မှာပဲ ရောဂါဝေဒနာဖြင့် ဆုံးခဲ့သည်။

ပေစာများထားသော နေရာကိုလည်း တင်ထွန်းကို ပြောပြသွား၍ သူမှတ်မိခဲ့သည်။ သူကိုယ်တိုင်ကလည်း





တစ်ခါလောက်ကြည့်ခဲ့လေသည်။ ဒီလိုနှင့် ကိုလှမောင်တစ်ယောက် တိုင်းပြည် အေးချမ်းသာယာသောအခါ မိမိနေထိုင်သော ရွာသည်ပင် အိမ်ခြေများဖြင့် မြို့တစ်မြို့လိုပင် ဖြစ်ခဲ့ပြီ မဟုတ်ပါလား။

ဒီလိုနဲ့ တစ်နေ့တွင် တင်ထွန်းတစ်ယောက် သူ၏ ဘကြီးတော်စပ်သော အိုက်ခမ်းတစ်ယောက် ပဲခူးမြို့တွင် နေထိုင်ကြောင်း သတင်းကြားခဲ့သည်။ ပဲခူးမြို့သို့လာခဲ့သည် ဘကြီးအိမ်တွင် အလုပ်ရအောင်လုပ်မည်ဟု ဆုံးဖြတ်လိုက်သည်။

ဒါပေမဲ့ သူပဲခူးသို့ရောက်သောအခါ ဘကြီးမှာ မရှိတော့ပါ။ သေဆုံးသွားကြောင်း သိခဲ့ရသည်။ သူ၏အစ်ကိုဝမ်းကွဲတော်သူ ကိုလှမောင် သူသိခဲ့ရသည်။ သူကိုယ်တိုင်လည်း ကိုလှမောင်ကို ရှာခဲ့သည်။ ကိုလှမောင် နေထိုင်သော ပဲခူးမြို့သို့ ရောက်လာခဲ့သည်။ ကိုလှမောင်ကို သိပ်မရှာရပါ။ တရားသူကြီး ဦးလှမောင်ဆိုတာ သိခဲ့ရ၍ ကိုလှမောင်အိမ်တွင် အလုပ်သမားအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ကိုလှမောင်လို့ ညီအစ်ကိုတော်ကြောင်း မပြောဘဲ သူ၏အကြံကို အကောင်အထည် ဖော်လေတော့သည်။ သူကိုယ်တိုင်ကလည်း ညီအစ်ကိုတော်ကြောင်း မပြောဘဲ ကိုလှမောင်အိမ်တွင် အလုပ်ဝင်လုပ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပေစာအကြောင်းကို သူကိုယ်တိုင်သိခဲ့ရ၍ ဘကြီးရဲ့ပေစာများ ဘယ်မှာထားခဲ့သလဲဆိုတာ ရှာခဲ့လေသည်။ တကယ်လို့များ အလုပ်ပြုတ်သွားရင်လည်း အလွယ်တကူ ဝင်ထွက်နိုင်ဖို့ မလွယ်ပေါက်လည်း လုပ်ခဲ့သည်။ တစ်နေ့ အိမ်ထဲဝင်ရှာရင်း ဖိုးတူးကြောင့် သူတို့ ပေစာများထားသောနေရာလည်း ရှာမတွေ့ ဖြစ်ခဲ့သည်။ သူကိုယ်တိုင်ပင် ထောင်ကျခဲ့ပြီ မဟုတ်ပါလား။ ဒါတွေဟာ ဖိုးတူးကြောင့်ပင်။ ဖိုးတူးကို သူ ဘယ်တော့မှ ကျေမှာ မဟုတ်ပါ။

ဖိုးတူးရေ မင်းအလှည့်တစ်နေ့ဖြစ်လာမှာပါ။ ဖြစ်လာအောင်လည်း ငါလုပ်မယ်။

တင်ထွန်းတစ်ယောက် ထောင်မှ လွတ်လာခဲ့သည်။ သူလွတ်သောနေ့တွင် ဦးလှမောင်နှင့် ဖိုးတူးတို့ ခရီးထွက်ခဲ့ကြသည် မဟုတ်ပါလား။ သူ၏တပည့်ပြောပြ၍ တပည့်နှင့်အတူ ဦးလှမောင် ထို့နောက်လိုက်ရန် ပြင်ဆင်ခဲ့သည်။ ဒါပေမဲ့ သူကို ကိုလှမောင်က မှတ်မိနေ၍ သူ့အစား တခြားတပည့်တစ်ယောက်ကို သုံးကာ ကိုလှမောင်နောက်သို့ လိုက်နိုင်းခဲ့သည်။

ယခုဆိုရင် ကိုလှမောင်တို့သွားသော နေရာတစ်လျှောက် လိုက်ခဲ့၍ နောက်ဆုံးရောက်ခဲ့သောအိမ်ကို သိခဲ့လေသည်။





ဦးလှမောင်တစ်ယောက် ပြောပြခဲ့သောဇာတ်လမ်းကို ဖိုးတူးတစ်ယောက်အစမှ အဆုံးသိခဲ့ရသည်။ မိမိပါဇာတ်လမ်းတွင် တစ်ပိုင်းတစ်စမှ ပါဝင်သူ ဖြစ်နေပါလားဆိုတဲ့အသိနဲ့ ၎င်းသူ၏ကျေးဇူးရှင်ဖြစ်တဲ့ ဦးလှမောင်ကိုလည်း ကျေးဇူးဆပ်ရာရောက်မည်ဟု ဆုံးဖြတ်ခဲ့သည်။

သူ့ရဲ့ဆရာပြောပြခဲ့သော အကြောင်းများထဲမှ ပေစာ ၂ချပ်က ဦးချစ်တင်ဆိုတဲ့ လက်ထဲ ဘယ်လိုရောက်ခဲ့သလဲဆိုတာတော့ မပြောပြခဲ့ပါ။ ဦးချစ်တင်နှင့် ဦးလှမောင်က ဘယ်လို ပတ်သက်ခဲ့တာလဲ။ ဒါကို ဖိုးတူး နားမလည်ဖြစ်နေသည်။ ဦးလှမောင်ကို မေးမည်ဟု ဆုံးဖြတ်လိုက်သည်။ မနက်ဖြန်မှ မေးမည်ဟု ဆုံးဖြတ်လိုက်လေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ရှာတွင် တစ်ရက်နေပြီး ဖိုးတူးကို မိမိတို့နေသော ပဲခူးသို့ ပြန်ရမည်မဟုတ်ပါလား။ နံနက်စာစားပြီး အိမ်တွင် ဦးလှမောင်နှင့် ဖိုးတူးတို့ ကျန်ခဲ့သောအချိန်တွင် . . .

"ဆရာ . . . ကျွန်တော် တစ်ခုလောက် မေးချင်တယ်"

"မေးလေ . . . ဘာများလဲ ဖိုးတူး"

"ဆရာနဲ့ ဦးချစ်တင်တို့ ဘယ်လိုပတ်သက်ခဲ့တာလည်း"

"ဩော် . . . ဆရာ မေ့သွားတယ်၊ ဖိုးတူးကို ဒီအဖြစ်ကြောင်းတွေ မပြောပြရသေးဘူး"

"ဒီလို ဖိုးတူး၊ ဦးချစ်တင်ဟာ ဆရာရဲ့ ညီအငယ်ဆုံး သဘောကောင်းတဲ့ညီ၊ စိတ်ရင်းကောင်းတဲ့ညီ လက်ထဲမှာ အစ်ကိုပေစာ ၂ချပ် အပ်ခဲ့တာပေါ့။ ဒီပေစာ ၂ချပ်က ဆရာကိုယ်တိုင် ဂျပန်လက်ထက်က ပထမနေရာမှာ ရှန်ခဲ့တဲ့ ပေစာကို ဆရာကိုယ်တိုင် သွားရှာပြီး ဖော်ခဲ့တာ။ တကယ်လို့များ ဆရာရဲ့ဘကြီး ဦးအိုက်စံက သစ္စာဖောက်ရင် ပေစာများ မစုံလို့ရှိရင် ဒီရတနာတွေ ဘယ်တူးလို့ရမှာလဲ။

ယခုပဲကြည့်လေ ဆရာ့လက်ထဲမှာရှိတဲ့ ပေစာကို





တောင် လာရှာနေတယ် မဟုတ်လား။ ဒါပေမဲ့ သူတို့ ရမသွားဘူး။ အဲ . . . ညီချစ်တင် လက်ထဲမှာများ ရှိမလား ဆိုပြီး သူတို့ မောင်ချစ်တင်ကို ရန်ရှာကြတယ်လေ။ မောင်ချစ်တင်က သူ့မှာရှိတဲ့ ပေစာကို စိတ်မချလို့ ဆရာ့ကို အမြန်လာယူခိုင်းတာပေါ့။ ဒါဆို ဖိုးတူး နားလည်ပြီ မဟုတ်လား။

"ဟုတ်ကဲ့ နားလည်ပါပြီ"

"ဒါဆို ပေစာအားလုံး ၄ချပ်ရပြီပေါ့။ ၂ချပ်ပဲ လိုတော့တယ်။ အဲဒီ ၂ချပ်က ဘယ်သူ့ဆီမှာလဲဟင်"

"၂ချပ်ကတော့ ဆရာရဲ့ဘကြီး ဦးအိုက်စံရဲ့ သားတွေထဲက တစ်ယောက်ယောက်ဆီမှာ ရှိမှာပဲ၊ သူတို့ ဘယ်မှာနေလဲဆိုတာ ဆရာစုံစမ်းပြီးပြီ။ ဒီကပြန်ရင် သူတို့ဆီသွားမယ်လို့ ဆုံးဖြတ်လိုက်တာပဲ"

"အဲဒါကောင်းတယ်။ ပေစာများ အမြန်စုပြီး အမြန်ဖော်ကာ တိုင်းပြည်အပ်လိုက်တာ ကောင်းပါတယ်"

"ဒါပေမဲ့ မောင်ဖိုးတူး ဒီ အင်္ဂလိပ်တွေရဲ့ လက်ထဲကိုတော့ ဆရာ မအပ်ချင်ဘူး။ တို့တိုင်းပြည်ကြီး လွတ်လပ်ရေး ရကာနီးနေပါပြီ။ အချိန်နည်းနည်းတော့ စောင့်ရမှာပေါ့"

"ဟုတ်ကဲ့ပါ ဆရာ၊ ဒါတွေတော့ ဆရာက နား



www.burmeseclassic.com

www.burmeseclassic.com



လည်ပါတယ်"

"ဒါနဲ့ ဆရာ ဗိုလ်ချုပ်တို့ စစ်သင်တန်းတက်ပြီး ပြန်လာကြပြီလို့ ပြောနေကြတယ်။ ဒါဆို ပြန်တိုက်တော့မှာ ပေါ့နော်"

"ဒါပေါ့ တို့နိုင်ငံကြီး တကယ့်ကို လွတ်လပ်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်လာတော့မှာပါ"

"ဟုတ်ကဲ့ပါဆရာ။ ဒီအတိုင်းဖြစ်ပါစေလို့ ကျွန်တော် ဆုတောင်းပါတယ်"

ဆရာတပည့်နှစ်ယောက် စကားပြောရင်း အချိန်များ ကုန်ခဲ့ကြသည်။ မနက်ဖြန်ဆို သူတို့ ပြန်ကြရမည် မဟုတ်ပါလား။

× × ×





အခန်း ( ၁၁ )

## ပေစာများနှင့်အတူ

ယနေ့ ဦးလှမောင်တစ်ယောက် နံနက်စောစောကြီး အိပ်ရာမှ နိုးနေသည်။ နေမထွက်ခင်သွားမှ သက်သာမည် မဟုတ်ပါလား။

"ဖိုးတူးရေ အဆင်သင့်ဖြစ်ပြီလား"

"ဟုတ်ကဲ့ပါဆရာ ပြီးပါပြီ"

"မောင်ချစ်တင်ရေ ငါတို့ သွားဦးမယ်။ မင်းအတွက်တော့ ပေါ့သွားပြီ။ ငါတို့ကတော့ ဆက်ပြီးလှုပ်ရှားရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မြင်ပါစေလို့ ဆုတောင်းပါတယ် အစ်ကို။ သတိဝီရိယထားပြီး သွားနော်။ ခေတ်ကြီးကလည်း သိပ်ကောင်းတာ မဟုတ်ဘူး"

ဦးလှမောင်နှင့် ဖိုးတူးတို့ နံနက် ၇နာရီတွင် ရွာမှ စထွက်လာခဲ့ကြသည်။ နေရာလေးက ရွာမကျ မြို့မကျ ဖြစ်နေ၍ ၇နာရီဆို လမ်းတစ်လျှောက် အလုပ်သွားမည့်သူများ ဈေးသွားမည့်သူများဖြင့် စည်ကားနေသည်။ သူတို့နေထိုင်ရာနေရာက ၎င်းရွာရဲ့ အရှေ့ဘက်ဆိုတော့ ကားဂိတ်သို့ တော်တော်လျှောက်ရမည်ဖြစ်သည်။

သူတို့ ဈေးနားသို့ရောက်လာသည်။ ထိုအခါ ဦးလှမောင်က . . .

"ဖိုးတူးရေ တို့ ကော်ဖီဝင်သောက်ရအောင်"

"ဟုတ်ကဲ့ ဆရာ"

ဒီလိုနဲ့ ဆရာတပည့်နှစ်ယောက် ကာကာကြီး နွားနို့ဆိုင်သို့ ရောက်ခဲ့သည်။ ဦးလှမောင်က ထောင့်စားပွဲတွင် ဝင်ထိုင်လိုက်သည်။

ထိုအခါ ၁၅ နှစ်သားခန့်ရှိမည်ဟု ယူဆရသော ကုလားလေးတစ်ယောက် ရောက်လာသည်။

"ဆရာတို့ ဘာများသောက်ကြမလဲ ခင်ဗျာ"

ထိုအခါ ဦးလှမောင်က ကုလားလေးကို သေ-





သေချာချာ ကြည့်ပြီး . . .

"ကော်ဖီ နှစ်ခွက်လုပ်ကွ။ နွားနို့များများနော်"

"ဟုတ်ကဲ့ ဆရာ"

ကုလားလေးက ဖျော်တဲ့နေရာသွားပြီး လိုအပ်တာ မှာခဲ့သည်။ ပြီးနောက် ပေါင်မုန့်နဲ့ လုပ်ထားသော မုန့်များ လာချပေးသည်။ သူတို့ကော်ဖီနှင့် မုန့်များစားနေစဉ် ဆိုင်ထဲသို့ လူနှစ်ယောက် ဝင်လာသည်။ သူတို့နှင့် တစ်ဖက် ထောင့်စားပွဲတွင် ဝင်ထိုင်လိုက်သည်။ ဖိုးတူးတစ်ယောက် ၎င်းလူနှစ်ယောက်ကို မှတ်မိသွားသည်။ သူတို့ ပဲခူးမြို့မှ စတင်ထွက်ကတည်းက ကားဂိတ်ထိ လိုက်ခဲ့သောသူများ ဖြစ်နေသည်။ ဦးလှမောင်တစ်ယောက်က ၎င်းလူများကို သတိမထားမိပါ။

ဖိုးတူးလည်း သူ့ရဲ့ဆရာကို ပြောလိုက်ရင် ကောင်းမလား မပြောဘဲနေရင် ကောင်းမလား ဒွိဟဖြစ်ကာ စဉ်းစားနေသည်။ သူ့ရဲ့ဆရာတွင်ပါလာသော ပေတာများနောက်ကို လိုက်နေတဲ့ လူများဖြစ်မှာကိုလည်း စိုးရိမ်မိသည်။ သူတို့က ခရီးဝေးသွားရဦးမည် မဟုတ်ပါလား။ ဒီလိုနဲ့ မပြောဖြစ်ဘဲ မသိသလို နေလိုက်သည်။

ဦးလှမောင်တို့သည် ကော်ဖီသောက်ပြီး၍ ရွာထဲမှ ကားလမ်းပေါ်သို့ လျှောက်လာသည်။ ရွာနဲ့ ကားလမ်းက



www.burmeseclassic.com

www.burmeseclassic.com



၂မိုင် ခုမိုင်လောက်ဝေးသည်။ သတိထားပြီးတော့ သွားရမှာပဲ။

ဆရာတပည့်နှစ်ယောက် ရွာထဲမှ စထွက်ခဲ့ကြသည်။ ၁၅ မိနစ်ခန့်ကြာသောအခါ သစ်ပင်များ အုပ်ဆိုင်းဆိုင်းနားသို့ ရောက်သောအခါ . . .

"ဟိတ် . . . နောင်ကြီးတို့ ခဏနေပါဦး"

ဦးလှမောင်တို့နောက်မှ ခေါ်သံကြားလိုက်၍ ဦးလှမောင်နှင့် ဖိုးတုးတို့ လှည့်ကြည့်လိုက်ကြသည်။ လူနှစ်ယောက် မျက်နှာဖုံးစွပ်ထားသည်။ မျက်နှာဖုံးဆိုပေမယ့် မျက်နှာတစ်ခုလုံး မလုံခြုံပါဘူး။ တစ်ဝက်တော့ ပေါ်နေသည်။ ဒါကို ဖိုးတုးတဲ ရိပ်မိသွားသည်။ ကော်ဖီဆိုင်ထဲသို့ ဝင်လာသော လူနှစ်ယောက်ဆိုတာ သိလိုက်သည်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ဝတ်ထားသော အဝတ်အစားများက သိက်သေပဲလေ။ ဒါပေမဲ့ ဆရာကတော့ မသိရှာပါဘူး။ လူဆိုးများရဲ့ လက်ထဲမှာလည်း ဓားမြှောင်များပါသည်။

ရှေ့မှ လူတစ်ယောက်က . . .

"ဒီကနောင်ကြီး လွယ်အိတ်ထဲမှာ ပါတာတွေ ထုတ်ပါ။ ဟိုကောင် ငြိမ်ငြိမ်နေနော်။ ရီးတီးယားတားတော့ လုပ်မယ်မကြံနဲ့။ ဒီမှာတွေ့လား"

လူဆိုးက ဓားမြှောင်ကို ထောင်ပြလိုက်သည်။





ဖိုးတုးလည်း ဂုဏ်းလူဆိုးကို အကဲခတ်လိုက်သည်။ ထိုအခါ ဦးလှမောင်က . . .

"မောင်ရင်တို့က ဘာလိုချင်လို့လဲ။ ငွေတွေလား။ ရော့ . . . ဦးတို့ဆီမှာ ပါသမျှဆိုရင် ဒီငွေစအကုန်ပဲ။ မယုံရင် လွယ်အိတ်ထဲမှာ ရှာကြည့်ပါ"

လူဆိုးလည်း ဦးလှမောင် ပြောတာတွေကို ဂရုမစိုက်ဘဲ လွယ်အိတ်ထဲ၌ ကတ္တီပါစနဲ့ ထုတ်ထားသော ပေစာထုပ်ကို လက်ညှိုးထိုးပြလိုက်သည်။

"ဒါက ဘာလဲ"

"ဒါက ငွေတွေ မဟုတ်ပါဘူး။ ပေစာတွေပါ။ မောင်ရင်တို့အတွက် အသုံးဝင်မှာ မဟုတ်ပါဘူး။ ဒီမှာ ပါသမျှ ငွေစတွေပါ ယူပါ"

ထိုအခါ နောက်လူဆိုးတစ်ဦးက လောဘတတ်ပြီး . . .

"ကျွန်တော်တို့ ငွေစတွေရော ဒီအထုပ်ပါယူမယ်။ မပေးရင်တော့ သတ်ပစ်မှာနော်"

ဖိုးတုးမှာ မနေသာတော့ပဲ . . .

"ဒီက နောင်ကြီးတို့ ငွေစတွေပေးနေပြီပဲ။ ဘာများ ထပ်လိုချင်သေးလို့လဲ"

"ဟိတ်ကောင် . . . မင်းအသာနေစမ်း။ မင်းနဲ့ ဘာ



www.burmeseclassic.com

www.burmeseclassic.com



မှမဆိုင်ဘူး"

လူဆိုးတစ်ဦးက ဦးလှမောင်ဆီမှ အထုတ်ကို ဆွဲလုလိုက်သည်။ ဦးလှမောင်က ပြန်လုပြီး မပေးဘဲ လုပ်နေသည်။ ထိုအခါ ရှင်းလူဆိုးက ဦးလှမောင်ကို ဓားနောက်ဖြင့် ထုရိုက်လိုက်သည်။ ထိုအခါ ဖိုးတူးလည်း မနေသာတော့ပဲ . . .

သူ့ဆရာကို ရိုက်လိုက်သောလူဆိုးကို ခြေထောက်ဖြင့် ဆောင့်ကန်လိုက်သည်။ ပြန်မထမီ လက်သီးဖြင့် နှစ်ချက် ထိုးလိုက်သည်။ ကျန်လူဆိုးက ဦးလှမောင်ကို ဓားဖြင့် ထိုးရန်ချိန်လိုက်သည်။ ဦးလှမောင်လည်း ဖိုးတူးနဲ့ လူဆိုး သူတစ်ပြန် ကိုယ်တစ်ပြန် ချနေသည်ကိုကြည့်ပြီး ကျန်လူဆိုးကို အကဲခတ်နေသည်။ ပြီးနောက် မိမိနားတွင် သစ်ကိုင်းတုတ်တစ်ချောင်းကို တွေ့သွား၍ ကောက်ယူပြီး ရိုက်ရန်ပြင်လိုက်စဉ် . . .

လူဆိုးက သူ့ရဲ့ အသက်ကို ကာကွယ်ရန် ဦးလှမောင်ကို ဓားဖြင့် ပစ်ပေါက်လိုက်သည်။

ဓားမှာ ဦးလှမောင်၏ ရင်ဝသို့ တန်းတန်းမတ်မတ် စိုက်ဝင်သွားသည်။ ဒါပေမဲ့ ဦးလှမောင်က သူ့ရဲ့ လွယ်အိတ်ကိုတော့ အသေဆုပ်ထားသည်။ ထိုအချိန်တွင် ဖိုးတူးမှာ သူ့ဆရာဘက်သို့ လှည့်ကြည့်လိုက်သောအခါ ဓားဒဏ်ရာ





ဖြင့် လဲနေသည်ကို တွေ့သွား၍ ပထမလူဆိုးကို ခုနရှိအနီးမှာရှိသော ကျောက်တုံးဖြင့် ထုရိုက်လေသည်။ ၎င်းလူဆိုးမှာ မထနိုင်တော့ဘဲ နေရာမှပင် ငြိမ်သက်သွားလေသည်။

ဒုတိယလူဆိုးက သူ့ရဲ့အဖော် မဟန်တော့မှန်းသိ၍ ထပြေးရန် ပြင်လိုက်သည်။ ဒါကို ဖိုးတူးကသိ၍ ကျန်သော ကျောက်ခဲတစ်လုံးဖြင့် ပစ်ပေါက်လိုက်သည်။ ၎င်းလူဆိုးရဲ့ နောက်စေ့ထိပြီး လဲကျသွားလေသည်။ လူဆိုးနှစ်ယောက်မှာ မထနိုင်တော့ဘဲ ခေတ္တတော့ မေ့နေကြပြီဖြစ်သည်။

ထိုအခါ ဖိုးတူးတစ်ယောက် သူ့ဆရာဆီသို့ပြေးလာပြီး ဆွဲထူကာ . . .

"ဆရာ . . . ဆရာ သက်သာရဲ့လား"

ဖိုးတူးမှာ မေးသာမေးနေရသည်။ ဆရာရဲ့ရင်ဝမှ ဓားဒဏ်ရာကြောင့် သွေးများ အဆမတန် ထွက်နေသည်။ ၎င်းသွေးများကို အထွက်တိတ်ဖို့အတွက် သူ၏ လွယ်အိတ်ထဲမှ စွပ်ကျယ်အကျီစများထုတ်ကာ ဖိကပ်ပေးလေသည်။ ထိုအခါ ဦးလှမောင်က . . .

"ဖိုးတူး . . . ဖိုးတူး"

"ဆရာ . . . ဘာများပြောချင်လို့လဲ ဆရာ"

"တကယ်လို့များ ဆရာမရှိရင် မောင်ဖိုးတူး ဆရာ



www.burmeseclassic.com

www.burmeseclassic.com



တာဝန်တွေ ဆက်လုပ်ပါနော်"

"ဟုတ်ကဲ့ပါ ဆရာ။ ဆရာ ဘာမှမဖြစ်ပါဘူး။ ကျွန်တော် ဆေးရုံရောက်အောင်ပို့မှာပါ"

"နောက်ပြီး၊ အိမ်မှာရှိတဲ့ ဆရာ့အခန်းက ဗီရို အောက်ဆုံးမှာ ပေစာတွေ ရှိသေးတယ်။ ယခုဒီမှာပါတာနဲ့ ဆိုရင် ၄ခုဖြစ်လိမ့်မယ်။ ၂ခုပဲ ကျန်တော့တယ်။ ၎င်းပေစာကို အဓိပ္ပာယ်ဖော်ပြီး ဖိုးတူးပဲ ဆက်လုပ်ပေးပါ"

"ဆရာ ဒါတွေ မပြောပါနဲ့။ ကျွန်တော် သိပါတယ်။ ဆရာသာ နေသာသလိုသာနေပါ။ ကျွန်တော် ဆရာကို ထမ်းပြီးခေါ်သွားမယ်"

"မလုပ်ပါနဲ့ ဖိုးတူးရာ ဆရာ့အခြေအနေကို ဆရာ သိပါတယ်"

"အိမ်မှာရှိတဲ့ မင်းရဲ့အဒေါ်နဲ့ ညီမကိုလည်း စောင့်ရှောက်လိုက်ပါနော်"

"ဟုတ်ကဲ့ပါ ဆရာ ကျွန်တော် ကတိပေးပါတယ်"

ဖိုးတူး ပြောလိုက်ပြီး မကြာခင်မှာဘဲ သူ့ဆရာ တစ်ယောက် ငြိမ်သွားသည်ကို တွေ့လိုက်ရလေသည်။ သူ ရဲ့ဆရာတော့ သေသွားပြီဆိုတာ သိလိုက်ရတဲ့အချိန်က စပြီး ဖိုးတူးမှာ ဝမ်းနည်းမိသည်။ ဆရာမရှိရင် သူမှာ အားငယ်မိမှာတော့ အမှန်ပဲ။ ဒါပေမဲ့ အားငယ်နေလို့ပြီးမှာ





မဟုတ်တာ။

လောလောဆယ်တော့ ဆရာ့ရဲ့အလောင်း မြေချရမည် မဟုတ်ပါလား။ အနီးနားမှာရှိတဲ့ လမ်းရဲ့တစ်ဖက်သို့ ဆရာအလောင်းကိုရွှေ့ပြီး မြေကြီးတူးကာ ကောင်းမွန်စွာ မြှုပ်နှံခဲ့သည်။ ကားလမ်းသို့ အမြန်လျှောက်ကာ ကားတစ်စီးကိုတားကာ ပဲခူးမြို့သို့ ပြန်ခဲ့လေသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၂ )

## နှောင်းတမြေ့မြေ့

ကားပေါ်မှာ . . .

ဖိုးတူးတစ်ယောက် ကားပေါ်မှာ အိပ်ရင်း လိုက်ပါလာသည်။ သူသည် မျက်လုံးကသာ အိပ်နေပေမယ့် အသိစိတ်ကတော့ နိုးနေသည်။ သူ့ဆရာကို မြေချပြီး ပေတာများဖြင့် ပဲခူးသို့ပြန်ခဲ့ပေမယ့် သူ့အနေနဲ့ စိတ်မချပါ။ ဒါကြောင့် ၎င်းပေတာများကို တစ်နေရာရာမှာ လုံခြုံတဲ့နေရာမှာ သိမ်းထားမှဖြစ်တော့မည်ဆိုတာသိ၍ သူ့အနေနဲ့ ဆုံးဖြတ်ချက်ချလိုက်လေသည်။





မြို့ထဲသို့ ဖိုးတူးတစ်ယောက် ခင်လာသည်။ ပထမဆုံး သူ့ကို တွေ့လိုက်သူကတော့ ဒေါ်ထားပင်ဖြစ်သည်။ ဒုတိယ ခင်စိန်ဖြစ်သည်။ ခင်စိန်က ဖိုးတူးပြန်လာတာသိ၍ အပေါ်ထပ်ရှိ ဆရာကတော်ကို တက်ပြောလေသည်။ ဆရာကတော်လည်း ဝမ်းသာအားရဖြင့် ပြေးဆင်းလာသည်။ ဒါပေမဲ့ မြို့ထဲသို့ဝင်လာသည်မှာ ဦးလှမောင်မဟုတ်ဘဲ ဖိုးတူးတစ်ယောက်သာ ဖြစ်နေသည်။ စိတ်ပူပင်သောမျက်နှာဖြင့် . . .

"မောင်ဖိုးတူး မင်းဆရာကော ပါမလာဘူးလား"

ဖိုးတူးက ခေါင်းခါပြလေသည်။

"ဒါဖြင့် ဘယ်မှာ ကျန်ခဲ့တာလဲ၊ မြန်မြန်ပြောလေ"

ဒေါ်သူဇာတစ်ယောက် စိတ်မရှည်တော့သဖြင့် လေသံဖြင့် ခပ်ဆတ်ဆတ်ပြောလိုက်သည်။ ထိုအခါ ဖိုးတူးက . . .

"ဆရာဆုံးပြီ ဒေါ်ဒေါ်"

"ဟင်"

ဒေါ်သူဇာမှာ ဖိုးတူးပြောတာ မယုံချင်ပေမယ့် ဖိုးတူးရဲ့ မျက်နှာကဲခတ်ကာ ယုံသွားလေသည်။

"ဘယ်လိုဖြစ်တာလဲ ဖိုးတူးရယ်၊ ဒေါ်ဒေါ်ကို ပြောပြစမ်းပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ဖိုးတူးလည်း ဆရာနဲ့ လူဆိုးများ တိုက်ခိုက်ပုံများ အစ နောက်ဆုံး ဆရာဆုံးတဲ့အထိ မှာကြားသွားပုံများပါ ပြောပြလိုက်သည်။

"ယခုဆိုရင် ဒေါ်ဒေါ်တို့လည်း သတိဝီရိယနဲ့ နေကြပါနော်။ ဒီပုရပိုက်ကို လူဆိုးတွေက အရမ်းလိုချင်နေကြတယ်။ အိမ်မှာ ၂ခုရှိတာလည်း ဆရာပြောပြခဲ့လို့ ကျွန်တော်သိခဲ့တယ်။ နယ်ကရခဲ့တဲ့ ပေစာတော့ ကျွန်တော် လုံခြုံတဲ့နေရာမှာ ထားခဲ့တယ်။ ကျန်တဲ့ ပေစာ၂စုံရှမှာပဲ သွားဖော်တော့မယ်"

"ကျွန်တော့်အနေနဲ့ ဆရာကို ကတိပေးထားတဲ့အတိုင်း ကျန်တဲ့ပေစာ ၂ခုကို ကျွန်တော် ရှာရဦးမယ်"

"မောင်ဖိုးတူးလည်း သတိထားဦး။ ဒေါ်ဒေါ်တို့မှာ အားကိုးစရာဆိုလို့ မောင်ဖိုးတူးပဲ ရှိတော့တယ်။ မင်းညီမကိုလည်း ဂရုစိုက်ပါနော်"

"ဟုတ်ကဲ့ပါ ဒေါ်ဒေါ် စိတ်ချပါ"

ဒေါ်သူဇာတစ်ယောက် တရားရှိသူဖြစ်၍ တရားနှင့် ဖြေခဲ့မိသည်။ မနက်ဖြန် သွားလေသူအတွက် သဝိတ်သွပ်ရအောင် ဘုန်းကြီးပင့်ရအောင်။

"ဒေါ်ထားရေ ဒေါ်ထား"

"ကျွန်မတို့ ပင့်နေကျ ဘုန်းကြီးကျောင်းကိုသွား



မနက်ဖြန် ဆွမ်းစားကြွဖို့ ပြောခဲ့နော်"

"ဟုတ်ကဲ့ ဆရာကတော်"

"မောင်ဖိုးတူးလည်း နားလိုက်ဦး။ မင်းညီမကတော့ ကျောင်းကမပြန်သေးဘူး"

ဒေါ်သူဇာမှာ အားငယ်သောစိတ် ငြိုးငယ်သောမျက်နှာထားဖြင့် အပေါ်ထပ်သို့ တက်သွားလေသည်။

ဖိုးတူးတစ်ယောက် မိမိနေသောအခန်းသို့ ထွက်လာခဲ့သည်။ အခန်းသို့ရောက်သော် မိမိနေသော အခန်းတွင် လူတစ်ယောက် လာရှာထားတဲ့ ပုံစံဖြစ်နေသည်။ ခြေရာလက်ရာလောက်ပဲ လွဲနေသည်။ ပစ္စည်းကတော့ မပျောက်ပါ။ ဒါဟာ ညီမလေးကတော့ လုပ်မှာ မဟုတ်ဘူး။ ဒေါ်ထားကော မဖြစ်နိုင်ဘူး။ ဒါဆိုရင် ခင်စိန်ပဲ ဖြစ်နိုင်တယ်။ ခင်စိန်က ဘာများရှာပါလိမ့်။

ဖိုးတူးမှာ ဘာမှထပ်ပြီးမစဉ်းစားတော့ဘဲ ခဏနားသည်။ ခဏနားပြီး ရေမိုးချိုးသည်။ ညနေစောင်းအက်သို့ ရောက်လာ၍ ညီမလေးကို ကျောင်းကြိုသွားရဦးမည် မဟုတ်ပါလား။ ဖိုးတူးအဝတ်အစားလဲပြီး အိမ်ကြီးသို့ ထွက်လာခဲ့သည်။ ဒါပေမဲ့ ညီမလေးက ပြန်ရောက်နေသည်။ သူ့ကိုတွေ့၍ စိမ်းစိမ်းကြီး ကြည့်နေသည်ကို တွေ့ရလေသည်။ ညီမလေးရဲ့ မျက်လုံးများက ဖိုးတူးကို မယုံသလို

www.burmeseclassic.com



ကြည့်နေသည်ကို ဖိုးတူးသိလိုက်သည်။

"ညီမလေး မိနိုင် အစ်ကို့ကို ဒီလိုမကြည့်ပါနဲ့။ အစ်ကို အကျိုးအကြောင်းအားလုံး ဒေါ်ဒေါ်ကို ရှင်းပြခဲ့ပြီးပြီ ဒါမှမယုံရင်တော့ အဲ့စ်ကို ဘာလုပ်ပေးရမလဲ"

မိနိုင်တစ်ယောက် ဘာမှမပြောသေးဘဲ။ တည်ငြိမ်စွာပဲ ကြည့်နေသည်။ ဖိုးတူးလည်း ဘာမှမေးလို့မရ၍ ဆက်ပြီး မမေးတော့ပါ။

အင်း . . . ညီမလေးက ငါ့ကို မယုံကြည့်တော့ပါလား။ ငါဘာလုပ်ပေးရမလဲ။ မိနိုင်တစ်ယောက် သူ့ကို စကားမပြောတော့ပါ။

တစ်ရက်။

နှစ်ရက်။

သုံးရက် မြောက်သောနေ့တွင် . . .

ညသည် လဆန်းကွေးလေးဖြစ်သည်။ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေသည်။ ဖိုးတူးတစ်ယောက် မြံထဲမှာ ထိုင်နေသည်မှာ ကြာခဲ့ပြီ။ နာရီကိုကောက်ကြည့်လိုက်သောအခါ ညစနာရီထိုးနေပြီ။ မြံထဲမှာ ထိုင်နေတာကြာသွား၍ အေးစိမ့်စိမ့်ဖြစ်လာသည်။ ဒါနဲ့ မိမိနေသော ဂိုဒေါင်သို့ ဝင်ရန်ပြင်လိုက်စဉ် မြံ၏အပြင်ဘက်တွင် လူရိပ်နှစ်ခု တွေ့လိုက်ရသည်။ ဒါနဲ့သူလည်း ဂိုဒေါင်ထဲသို့ အမြန်





ဝင်ပြီး မီးများပိတ်လိုက်သည်။ ပြီးနောက်အထဲမှ အပေါက်တစ်ခုဖြင့် ချောင်းနေလိုက်သည်။

ဖိုးတူး ထင်သည့်အတိုင်းပင် မြံပြင်မှ လူနှစ်ယောက်မြံထဲသို့ ခုန်ဝင်လာသည်။ သူတို့၏ ကိုယ်ပေါ်တွင် တစ်ကိုယ်လုံး အမည်းဝတ်စုံများ ဝတ်ထားလေသည်။ ၎င်း အမည်းဝတ်စုံနဲ့ လူနှစ်ဦး အိမ်ကြီးနားသို့ တဖြည်းဖြည်း ကပ်လာသည်။ ပတ်ဝန်းကျင်ကိုလည်း ဟိုကြည့်ဒီကြည့် လုပ်နေသည်။ ဂိုဒေါင်ဘက်ကိုတော့ သူတို့က မမြင်ရပါ။ ဂိုဒေါင်ထဲမှ ဖိုးတူးက ကြိုတင်မြင်ထား၍ ၎င်းတို့ နှစ်ဦးကို အကဲခတ်နေသည်။

ထိုအချိန်တွင် အိမ်ကြီးပေါ်တွင် ညီမလေး မိနိုင် အခန်းမှလွဲ၍ မီးများအားလုံး ပိတ်ထားသည်။ မိမိနိုင်ကတော့ စာဖတ်နေ၍ မီးမပိတ်သေးဘဲ စာကြည့်နေသည်။

၎င်းအမည်းဝတ်စုံနဲ့ လူနှစ်ဦး အိမ်ကြီး၏အနောက်ဘက်သို့ ကပ်လာသည်။ အိမ်နောက်ဖေးမှ တံခါးကိုဖွင့်ပြီး ဝင်လာခဲ့သည်။ အိမ်နောက်ဖေးတံခါးက ဘာကြောင့်များ မပိတ်ထားတာလဲ။ ခင်စိန်များ မေ့သွားတာလား။ ဒါမှမဟုတ် ဒေါ်ထားပဲ မေ့သွားလို့လား။ ဖိုးတူး စဉ်းစားမရ ဖြစ်နေသည်။

ဖိုးတူးလည်း အပေါ်ထပ်သို့တက်တဲ့လှေကားနား



www.burmeseclassic.com

www.burmeseclassic.com



သို့ ရောက်သောအခါ အကဲခတ်လိုက်သည်။ တစ်ယောက်က ဒေါ်သူဇာအခန်းနားသို့ ရောက်နေသည်။ တစ်ယောက်က ညီမလေး မိမိုင်အခန်းနားမှာ အပြင်ကစောင့်နေသည်။

ဒေါ်သူဇာ အခန်းနားသို့ရောက်နေသော လူက တံခါးကို ဖြည်းဖြည်းခေါက်လိုက်သည်။ ထိုအခါ ဒေါ်သူဇာက အိမ်သားထဲမှ တစ်ဦးလာခေါက်တယ်ထင်ပြီး တံခါးဖွင့်ပေးလိုက်သည်။ ထိုအခါ ငင်းလူက ဒေါ်သူဇာရဲ့ ပါးစပ်ကို အတင်းပိတ်ကာ အခန်းထဲသို့ ဆွဲခေါ်သွားသည်။ တံခါးကိုတော့ နောက်ပြန်ပိတ်လိုက်သည်။

မိမိုင် အခန်းနားတွင် ရောက်နေသော လူကလည်း မိမိုင်အခန်းကို တံခါးဖြည်းဖြည်းချင်း ခေါက်လိုက်သည်။ မိမိုင်ကလည်း အမေများ ဘာလုပ်ဖို့ လာခေါ်တာလဲထင်ပြီး ဖွင့်ပေးလိုက်သည်။ ထိုအခါ ငင်းလူက မအော်ရန် ပြောပြီး ဓားမြှောင်ဖြင့် ချိန်ထားလိုက်သည်။ မိမိုင်လည်းကြောက်ပြီး မအော်ရဲတော့ပါ။

ထိုအခါ ဖိုးတူးက စဉ်းစားလိုက်သည်။ ငင်းအခန်းနှစ်ခန်းကို ဘယ်သူ့အခန်းကို အရင်ဝင်ရင်ကောင်းမလဲ စဉ်းစားလိုက်သည်။ ညီမလေး မိမိုင်အခန်းကို သူစိတ်ပူသွားသည်။ ဆုံးဖြတ်ချက်ချပြီး ညီမလေးအခန်းကို အရင်ဝင်မည်ဟု ဆုံးဖြတ်လိုက်သည်။

မြိုက်စာပေ



ဒါနဲ့ ဖိုးတူးလည်း တံခါးနားသို့ အသာလေး ကပ်ကာအထဲသို့ အကဲခတ်လိုက်သည်။ အမည်းရောင်ဝတ်စုံဝတ်ထားသော သူက သူ့ကိုကျောပေးထား၍ သူ့အနေနဲ့ ဘာလုပ်ရမလဲဆိုတာ တစ်ခါတည်း အသိဝင်လာပြီး . . .

"ဒုတ် . . . ဒုတ် . . ."

ဖိုးတူး သူ၏လက်ထဲတွင် ပါလာသော တုတ်ဖြင့် နှစ်ချက်ဆောင့်ပြီး ရိုက်လိုက်သည်။ ငင်းလူသည် နေရာတွင်ပင် ပုံလျက်လဲကျသွားသည်။ ဖိုးတူးလည်း ငင်းလူရဲ့ လက်နှစ်ဖက်နှင့် ခြေထောက်နှစ်ချောင်းကို ကြိုးများတုတ်လိုက်သည်။ သူခြုံလာသော ခြုံလွှာကို ဖယ်လိုက်သောအခါ ရွာတွင် သူနဲ့ တိုက်ခိုက်ခဲ့သော သူတစ်ဦး ဖြစ်နေသည်။

ငင်းလူ၏ ခြုံလွှာကို ဖိုးတူးက သူ့ခေါင်းတွင် ခြုံလိုက်ပြီး ဒေါ်သူဇာအခန်းသို့ ထွက်လာခဲ့သည်။

"ကဲ . . . အဒေါ်ကြီး ကျွန်တော် တောင်းတာပေးလေ"

ဖိုးတူးရောက်လာသောအခါ ငင်းလူက ဒေါ်သူဇာဆီမှာ ဘာများတောင်းနေသလဲဆိုတာ သေသေချာချာ မကြားလိုက်ပါ။ ဒါနဲ့ ဆက်ပြီးနားထောင်ကြည့်သောအခါ .

"အဒေါ်ကြီး ဦးလှမောင် သိမ်းထားတဲ့ [illegible]တစ်

www.burmeseclassic.com



စုံ အမြန်ဆုံးပေးပါ အချိန်မရှိပါဘူး"

ဖိုးတူး နားလည်လိုက်ပါပြီ။ ဒါနဲ့ ဖိုးတူးလည်း မြုံလွှာမြုံထားတဲ့အတွက် သူ့ကိုမမှတ်မိနိုင်ဘူးဆိုပြီး ဒေါ်သူဇာ အခန်းထဲသို့ ဟန်မပျက်ဘဲ ဝင်လာခဲ့သည်။

ထိုအခါ ငှင်းလူက . . .

"ဟိတ်ကောင် ကောင်မလေးအခြေအနေကောင်း ရဲ့လား"

ဖိုးတူးလည်း အသံမပြုဘဲ ခေါင်းငြိမ့်ပြလိုက်သည်။

ထို့နောက် ငှင်းလူက ဒေါ်သူဇာဘက်လှည့်ပြီး ဆက်ပြီးပြောနေသည်။ ထိုအခါ ဖိုးတူးက အခြေအနေကို အလွတ်မပေးဘဲ နောက်မှ မိမိလက်ထဲတွင်ပါလာသော သစ်သားတုတ်ချောင်းဖြင့် . . .

"ဒုတ် . . . ဒုတ် . . ."

နှစ်ချက်ဆက်တိုက် ရိုက်လိုက်သည်။ ဒေါ်သူဇာလည်း အံ့သြကာ ငှင်းလူကို ကြည့်လိုက်သည်။ ထိုအခါ ဖိုးတူးက ခေါင်းတွင် စွပ်ထားသော မြုံလွှာကို ချွတ်လိုက်သည်။

"ဟင် . . . မောင်ဖိုးတူး . . . မင်းဘယ်ကိုရောက် လာတာလဲ"





ထိုသို့ပြောနေစဉ် အခန်းထဲသို့ မိမိနိုင်နှင့် ဒေါ်ထားတို့ ရောက်လာသည်။ ကိုဖိုးတူးက သစ်အခန်းကို အရင်ရောက်လာပြီး လူဆိုးကို တုတ်နဲ့ ရိုက်လိုက်တာ။ မိမိနိုင်က သူ့၏အမေကို ရှင်းပြနေသည်။ ဖိုးတူးက လဲကျနေသော လူဆိုးတို့ ခေါင်းစွပ်ချွတ်လိုက်သည်။

"ဟင် . . . ကိုတင်ထွန်း"

ဒေါ်သူဇာနဲ့ ဒေါ်ထားတို့ အံ့သြကာ . . .

"လုပ်ရက်လိုက်တာ တင်ထွန်းရယ်"

တင်ထွန်းမှာ ဖိုးတူး ရိုက်လိုက်၍ မေ့နေသည်။ စခန်းသို့ အကြောင်းကြားလိုက်သည်။ ရဲစခန်းမှ ရဲများ ရောက်လာပြီး သူတို့နှစ်ယောက်ကို ခေါ်သွားကြလေသည်။

မောင်တင်ထွန်းဟာ ဒါကြောင့် ဒီမှာ အကြံနှင့် အလုပ်လာလုပ်တာကိုး။ သူလည်း ပေတာအကြောင်းသိတဲ့ သူဆိုတော့ ကျန်တဲ့ပေတာတစ်စုံနဲ့ တစ်ခုခုတော့ ပတ်သက်နေမှာပဲ။ သူ့ကို မေးကြည့်ရင်ကောင်းမယ်။

ဒေါ်သူဇာလည်း နောက်တစ်နေ့တွင် ရဲစခန်းသို့ လိုက်သွားသည်။ မောင်တင်ထွန်းနဲ့ တွေ့ခွင့်တောင်းကာ ပေတာများအကြောင်း မေးလေသည်။

မောင်တင်ထွန်းလည်း သူသည် ဦးအိုက်စံ၏ သား ဖြစ်ကြောင်း ပြောပြလေသည်။ အဖေ မသေခင်တုန်းက



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းစုံ ပြောပြသွား၍ ကျွန်တော် သိခဲ့ရတယ်။ ညီနစ်ယောက်ကတော့ ဒါတွေ စိတ်မဝင်စားဘူး။ ကျွန်တော်က ဖြတ်လမ်းလိုက်ပြီး ကြီးပွားချင်လို့ ယခုလို အစ်ကိုဝမ်းကွဲဆီက ပေတာကို လိုချင်တပ်မက်တဲ့ စိတ်နဲ့လုပ်မိတယ်။ ယခုတော့ အစ်ကိုဝမ်းကွဲ ကိုလှမောင်လည်း ဆုံးသွားပြီဆိုတော့ အစ်မတို့အနေနဲ့လည်း ဘာမှ သိမှာမဟုတ်ဘူးထင်လို့ပါ။

"မောင်တင်ထွန်း မင်းဟာလေ လောဘတက်လှချည်လား။ ဒါတွေဟာ ဘုရားပစ္စည်းတွေပါ မစားထိုက်ဘူး။ တစ်ဝက်ယူ တစ်ဝက်လှူရမှာ တတ်နိုင်ရင် အားလုံးလှူလိုက်တာကောင်းတယ်"

"အခုတော့ မင်းဘဝလည်း ကောင်းသေးရဲ့လား။ အချုပ်ခန်းထဲ နစ်ခါရှိနေပြီ။ ဒီတစ်ခါဆိုရင်တော့ မင်းလည်း သေဖို့ပဲရှိတော့တယ်။ မမိုက်ချင်စမ်းပါနဲ့။ အဒေါ်သို့ ရရင်လည်း အားလုံးနောက်တက်တဲ့ အစိုးရလက်ထဲအပ်မှာပါ။ သူတို့လက်ထဲက ဆုကြေးရတာလေးနဲ့ မကျွတ်မလွတ်သေးတဲ့ သတ္တဝါတွေကို လှူပေးကြတာပေါ့"

"ဒါနဲ့ . . . မင်းလက်ထဲမှာ ပေတာ ၂စုံရှိမှာပေါ့ ဟုတ်လား"

"ဟုတ်ကဲ့ ရှိပါတယ်။ အဖေပေးသွားတဲ့ ပေတာရှိ





ပါတယ်"

"ဒါဆိုရင် မင်းလက်ထဲမှာရှိတဲ့ ပေတာနဲ့ အစ်မတို့လက်ထဲမှာရှိတဲ့ ပေတာများပေါင်းပြီး ဖော်ကြရတာပေါ့။ ဒါပေမဲ့ အခုတော့ မဟုတ်သေးဘူး။ တိုင်းပြည်ကြီးလည်း လွတ်လပ်ရေးရကာနီးနေပြီဆိုတော့ အချိန်နည်းနည်းစောင့်ရဦးမှာပေါ့"

"ဟုတ်ကဲ့ . . . အစ်မ။ ကျွန်တော်လည်း နောင်တရပါပြီ။ ကျွန်တော် ထောင်ကထွက်ရင် အစ်မတို့နဲ့ အတူပူးပေါင်းပြီး လုပ်ဆောင်ပါတော့မည်"

ဒေါ်သူဇာတစ်ယောက် မောင်တင်ထွန်း ပြောနေသော စကားများကို တကယ်ယုံကြည်လိုက်သည်။

မောင်တင်ထွန်းဆီမှ ဒေါ်သူဇာပြန်လာပြီး ဖိုးတူးကို အားလုံးပြောပြလိုက်သည်။ ဖိုးတူးလည်း ဝမ်းသာသွားသည်။ တကယ်ပဲ မောင်တင်ထွန်းတစ်ယောက် အသိတရား တကယ်ရသွားပြီလား။ ဒါမှမဟုတ် ဒေါ်သူဇာကို ကျေနပ်အောင်များ ပြောလိုက်သလားဆိုတာ မယုံတစ်ဝက်ယုံတစ်ဝက် ဖြစ်နေမိသည်။

"အင်း . . . ကိုတင်ထွန်း ထောင်ကထွက်ရင်တော့ စောင့်ကြည့်ရဦးမှာပေါ့"

ဖိုးတူးတစ်ယောက် ဒေါ်သူဇာပြောပြသော စကား

www.burmeseclassic.com

www.burmeseclassic.com



များကို နားထောင်ပြီး ဒေါ်သူဇာကတော့ တူလေးတစ်ယောက် ယခုလို အမြင့်မှန်ရလို့ အားရမိပါသည်။ ဒီပေစာကြောင့် ကျန်တဲ့လူတွေကိုလည်း ဘာမှမဖြစ်စေချင်ပါ။

"ဒေါ်ဒေါ် . . . ကျွန်တော်သွားဦးမယ်။ ခြံထဲမှာ လုပ်စရာရှိတာလေးတွေ လုပ်လိုက်ဦးမယ်"

"အေး . . .အေး"

ဖိုးတူး ထွက်သွားရာသို့ ဒေါ်သူဇာတစ်ယောက် အနောက်မှ ကြည့်နေမိသည်။ မောင်ဖိုးတူးလေးဟာ တို့အပေါ်မှာ တော်တော်ကောင်းတာပဲ။ ဘာမှ သွေးမတော်သားမစပ်ပဲ တို့ရဲ့မိသားစုအပေါ် အသက်နဲ့လဲပြီး ကာကွယ်တယ်။ အင်း . . . ဒီကိစ္စတွေ အားလုံးပြီးသွားရင်တော့ မောင်ဖိုးတူးလေးကို သမီးနှင့် နေရာချထားပေးလိုက်ရင် ကောင်းမယ်၊ ဒါမှလည်း ငါလည်း စိတ်ချလက်ချ တရားစခန်း သွားလို့ရမည်။

ဒေါ်သူဇာတစ်ယောက် သူ့စိတ်ထဲမှာ ဖြစ်စေချင်သော အကြောင်းများ စိတ်ကူးနဲ့ အကွက်ချနေမိသည်။

အင်း . . . သမီးလေးလည်း အသက်မငယ်တော့ဘူး။ ဘာမဟုတ်တဲ့လူနဲ့ ဖြစ်သွားမှာလို့ စိုးရိမ်မိတယ်။ တစ်နေ့တော့ သမီးလေးနဲ့ တိုင်ပင်ရဦးမယ်။

"မားမားရေ . . . မားမား . . . ထမင်းစားရအောင်"





ဒေါ်သူဇာ နာရီလှမ်းကြည့်လိုက်သည်။ အချိန်တညနေ ၅နာရီတောင် ထိုးပြီးပါပေါ့လား။

သမီးဆီမှ အသံကြားမှ ဒေါ်သူဇာလည်း သတိဝင်လာပြီး . . .

"သမီး . . . မားမားဆင်းလာခဲ့မယ်။ ခဏစောင့်"

ခဏကြာတော့ ဒေါ်သူဇာ အဝတ်အစားများလဲပြီး ထမင်းစားခန်းသို့ ဆင်းလာခဲ့သည်။ ထမင်းစားခန်းတွင် မိမိနိုင်က အဆင်သင့် စောင့်နေသည်။ မိမိနိုင်က မားမားကို ကြည့်ပြီး မျက်ရည်များကျလာသည်။ ယခုလို ထမင်းစားရင် ဖိုးပါးကို သတိရမိသည်။ ခါတိုင်းဆိုရင် သားအမိသုံးယောက် စားနေကျမဟုတ်ပါလား။ ယခုတော့ မိမိတို့ သားအမိပဲ စားရမှာပါလား။ မိမိနိုင် သတိတစ်ခုရလိုက်သည်။

"ခင်စိန် . . . ခင်စိန်"

"ဟုတ်ကဲ့ . . .မမလေး ဘာများလိုချင်လဲ"

"ဘာမှမလိုချင်ပါဘူး။ သွား . . .ကိုဖိုးတူးကို ထမင်းစားဖို့ တစ်ခါတည်း လိုက်ခဲ့ပါလို့ သွားပြော"

"ဟုတ်ကဲ့ မမလေး"

ခင်စိန်လည်း ထမင်းစားခန်းမှ တစ်ခါတည်း ထွက်ခဲ့သည်။ ဖိုးတူးနေသော အခန်းသို့ရောက်သောအခါ ဖိုးတူးကို မတွေ့ပါ။ ခြံပတ်ဝန်းကျင်ကို လိုက်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထင်သည့်အတိုင်းပင် ခြံထောင့်တွင် မြေကြီးများ ဖို့နေတာ တွေ့ရသည်။

"ကိုဖိုးတူး . . ကိုဖိုးတူး . . ,မမလေးက ထမင်းစားဖို့ တစ်ခါတည်း လိုက်ခဲ့ပါတဲ့"

"အေး . . .အေး . . . လာခဲ့မယ်"

ဖိုးတူးလည်း လုပ်လက်စများထားကာ ဂိုဒေါင်နားသို့ ပြန်ခဲ့သည်။ ဂိုဒေါင်ဘေးရှိ ဘုံပိုင်ခေါင်းကိုဖွင့်ကာ ခြေလက်များ ဆေးလိုက်သည်။ ပြီးနောက် ထမင်းစားခန်းသို့ ထွက်ခဲ့သည်။ ထမင်းစားခန်းသို့ရောက်သော အခါနှံ မိမိနိုင်က ထမင်းမစားသေးဘဲ သူ့ကိုစောင့်နေတာ တွေ့ရသည်။

ဖိုးတူးလည်း သူ့ကိုစောင့်နေတာတွေ့တော့ အားနာသွားမိသည်။

"ဒေါ်ဒေါ်တို့ ထမင်းမစားဘဲ ဘာဖြစ်လို့ ကျွန်တော်ကို စောင့်နေရတာလဲ။ စားနှင့်ရောပေါ့ အဒေါ်ရယ်"

"ဟာ . . . ကိုဖိုးတူးကလည်း ညီမတို့မှာ ရှိတာဆိုလို့ ဒီ ၃ယောက်ပဲရှိတော့တာ၊ အားလုံးအတူတူစားချင်လို့ပါ"

ဒေါ်သူဇာကတော့ သမီးလေး မိနိုင်ပြောနေတာကို ကြည့်ပြီး ခေါင်းညိတ်နေသည်။ ဒါပေမဲ့ ဖိုးတူး အားနာ





ပြီး မနေတတ်မှာစိုးလို့ . . .

"ဟုတ်တယ် . . . မောင်ဖိုးတူး အဒေါ်တို့လည်း သိပ်မဆာသေးလို့ပါ။ မောင်ဖိုးတူး လာမှပဲ စားမယ်လို့ စောင့်နေတာပါ"

ဖိုးတူးလည်း ထမင်းစားပွဲသို့ ဝင်ထိုင်လိုက်ပြီး ပထမ ဟင်းပွဲကိုကောက်ယူပြီး ဒေါ်သူဇာ ပန်းကန်နှင့် ညီမလေး ပန်းကန်ထဲသို့ ဟင်းတုံးများထည့်ပေးလိုက်သည်။

"စားပါ . . . မောင်ဖိုးတူး ဒေါ်ဒေါ်တို့အတွက်ရည်းမထည့်နဲ့ဦး။ မောင်ဖိုးတူးပဲ စားပါ"

"ဟုတ်ကဲ့ပါ . . . ဒေါ်ဒေါ်"

"ညီမလေးလည်း စား"

"ဟုတ်ကဲ့ . . . ကိုဖိုးတူး"

ထမင်းစားပွဲလေး ပျော်ရွှင်မှုဖြင့် ပြီးဆုံးသွားကြသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၁၃ )

အဖေနဲ့ ဆုံတွေ့ခြင်း

မိုက်ကယ်ဒေါ်နယ်တစ်ယောက် မြန်မာပြည်ကို ဒုတိယအကြိမ် ပြန်လာခဲ့ရလို့ သူ့အတွက် မစိမ်းပါ။ ဒါပေမဲ့ သူမှာ ရှာဖွေဖို့တစ်ခုရှိနေတော့ ဘယ်လိုစပြီး သွားရမှန်း





မသိ ဖြစ်နေသည်။ ဒါပေမဲ့ သူနေခဲ့သော လုပ်ခဲ့သော နေရာတော့ သူမှတ်မိသည်။

မိုက်ကယ်အနေနဲ့ ယခုဆိုရင် အသက် ၅၀ကျော်သာရှိပေမယ့် နုပျိုဆဲရှိနေသည်။ မိုက်ကယ်လေယာဉ်ကွင်းမှ ထွက်ခဲ့သည်။ အငှားကားများက လူခေါ်နေကြသည်။

"မစ္စတာ . . ."

ထိုအခါ မိုက်ကယ်က သူသွားချင်သောနေရာသို့ အိတ်ထဲမှ ရေးယူလာသော လိပ်စာကို ကားသမားကို ပြလိုက်သည်။ ကားသမားကကြည့်ပြီး ချေးစကားပြောကာ တည့်သွားကြသည်။

ကားလေးသည် ပဲခူးလမ်းကြီးအတိုင်း မောင်းလာခဲ့သည်။

ပဲခူးမြို့ကိုကျော်ကာ ဖြူးမြို့မရောက်ခင် လမ်းပေါ်၌ ရွာနာမည်တစ်ခုကို တွေ့သွားသည်။ ကားသမားက အိမ် ၂လုံးတွေ့၍ ရပ်မေးလိုက်သည်။ ပြီးနောက် အင်္ဂလိပ်စကား နားမလည်ဘဲ ယောင်ဝါးဝါးမဖြစ်အောင် ရှင်းပြန်မာများကို မိတ်ဆက်ပေးလိုက်သည်။ ကားသမားက . .

"ဒီက နောင်ကြီးတို့က ညောင်ပင်ဆိပ် ရွာက လား"

"ဟုတ်ပါတယ် မောင်ရင်၊ ဘယ်သူနဲ့ တွေ့ချင်လို့



www.burmeseclassic.com

www.burmeseclassic.com



လဲ"

"ဒီရွာက သူကြီးဦးဖိုးမှန်နဲ့ တွေ့ချင်လို့ပါ။ ဒီက နိုင်ငံခြားသားက တွေ့ချင်တာပါ။ ကျွန်တော်က ကူညီပြီး မေးပေးတာပါ"

"သူကြီး ဦးဖိုးမှန်ကတော့ ဆုံးသွားပြီ။ ၄၊ ၅ နှစ် လောက်ရှိတော့မယ်။ ဒါပေမဲ့ ရွာထဲမှာတော့ သူကြီးနှင့် သက်တူရွယ်တူ လူကြီးပိုင်းတွေတော့ ရှိကြပါတယ်။ ဒီက နောင်ကြီး သိချင်ရင်တော့ လိုက်ပို့ပေးပါမယ်"

ကားသမားလည်း နိုင်ငံခြားသား မိုက်ကယ်ကို အင်္ဂလိပ်လို ပြန်ပြောလိုက်သည်။ မိုက်ကယ်က သူ့ကို ကူညီပေးပါရန် တောင်းဆိုလိုက်သည်။ ပြီးတော့ မောင်ရင်နဲ့ ဒီနေ့စရိတ်အားလုံး သူပေးပါမယ်လို့လည်း မက်လုံးပေး လိုက်သည်။

ကားသမားလည်း သဘောကျသွားပြီး ကားရော လူရော မပင်ပန်းပဲ နေတွက်ရမှာမို့ ပျော်သွားသည်။

ဒီလိုနဲ့ ကားသမားနဲ့ မိုက်ကယ်တို့ ရွာခံလူရဲ့ နောက်သို့ လိုက်ခဲ့ကြသည်။ ရွာလေးမှာ မိုက်ကယ်အရင် က တွေ့ခဲ့သော ရွာနဲ့မတူတော့ဘဲ သပ်ရပ်ပြီး အိမ်ခြေများ လည်း တိုးနေတာ တွေ့ရသည်။

ရွာလမ်းအတိုင်း လျှောက်လာခဲ့ကြရာ ရွာရဲ့ တစ်





ဝက်လောက်မှာ အိမ်ကြီးအိမ်ကောင်းတစ်ခုကို တွေ့ရလေ သည်။ ရွာခံလူက . . .

"ဒီအိမ်ကတော့ ယခုလက်ရှိ လူကြီးအိမ်ပဲ"

"ဒီကနောင်ကြီးက လိုအပ်တာမေးပြီး အကူအညီ တောင်းပေတော့"

"ဟုတ်ကဲ့ပါ။ မိတ်ဆွေ ယခုလို ကျွန်တော်တို့ ကို ကူညီတာ ကျေးဇူးတင်ပါတယ်"

မိုက်ကယ်ကလည်း သူ့ရဲ့ ပိုက်ဆံအိတ်ထဲမှ ဒေါ်လာ ၅၀ တန်တစ်ရွက် ထုတ်ပေးလိုက်သည်။ ရွာခံလူ လည်း ဝမ်းသာအားရဖြင့် လက်ခံယူပြီး ရွာထိပ်သို့ ပြန်ခဲ့ လေသည်။

ကားသမားနဲ့ မိုက်ကယ်ဒေါ်နယ်တို့ လူကြီးအိမ် ထဲသို့ ဝင်ခဲ့ပြီး . . .

"ဒီကမိတ်ဆွေက ဒီအိမ်ကလား"

အိမ်ပိုင်ရှင်ဟု ထင်ရသော လူလတ်ပိုင်းလူတစ် ယောက်က ကားသမားနှင့် နိုင်ငံခြားသားကိုကြည့်ပြီး အံ့သြ နေသည်။

ကားသမားလည်း ဒုတိယအကြိမ်ထပ်ပြီး မိတ်ဆက် ပေးရပြန်သည်။ ထိုအခါ ၎င်းလူက . . .

"ဟုတ်ပါတယ် ဘာများကူညီပေးရမလဲ အမိန့်ရှိ



www.burmeseclassic.com

www.burmeseclassic.com



ပါ"

ကားသမားက သူတို့လာရင်းကိစ္စကို ပြောပြပြီး သူတို့သိချင်သော သူကြီးဦးဖိုးမှန်ကို မေးလေသည်။

"သူကြီး ဦးဖိုးမှန်ဆိုတာ ကျွန်တော်ရဲ့ အဖေပါ။ အဖေဆုံးတာ ၄-၅နှစ်ရှိပါပြီ။ ကျွန်တော့်နာမည်က ဦးလှမှန် ပါ"

"ဒါဆိုရင် ဦးဖိုးမှန်နှင့် သက်တူရွယ်တူ လူကြီးများ ရှိသေးရင် ကျွန်တော်တို့ကို လမ်းညွှန်ပေးပါလား။ ကျွန်တော်တို့ လူတစ်ယောက်ကို ရှာချင်လို့ပါ"

"ဟုတ်ကဲ့ ကျွန်တော် တပည့်လေးတစ်ယောက်နဲ့ ထည့်ပေးလိုက်ပါ့မယ်"

"ဟုတ်ကဲ့ ကျေးဇူးပါပဲ"

ထိုအခါ ဦးလှမှန်က အိမ်ရဲ့နောက်ဖေးတွင် ထင်းခွဲနေသော လူတစ်ယောက်ကို ခေါ်လိုက်သည်။

"ကြက်ဖရေ ကြက်ဖ"

"ဟုတ်ကဲ့ . . . ဆရာ . . . လာပါပြီ"

ကြက်ဖဆိုသောလူက အိမ်နောက်ဖေးမှ ထွက်လာခဲ့သည်။

"ရွာအနောက်ဘက်က ဦးမှုံဖြစ်ဖြစ် ဦးချစ်လှဖြစ်ဖြစ် တစ်ယောက်ယောက်နဲ့ တွေ့ပေးလိုက်ပါ"





"ဟုတ်ကဲ့ ဆရာ"

"လာ . . . ဆရာလေးတို့ ကျွန်တော်နဲ့ လိုက်ခဲ့ပါ"

ကြက်ဖဆိုသောလူက ကားသမားနှင့် နိုင်ငံခြားကို ရှေ့မှာဦးဆောင်ခေါ်သွားသည်။ ရွာရဲ့ အနောက်ဘက် ခြံဝင်းတစ်ခုထဲသို့ ဝင်သွားလေသည်။

"ဘကြီးမှုံ . . . ဘကြီးမှုံ . . . ဧည့်သည်တွေ ပါတယ်"

အိမ်ကြီးထဲမှ အဘိုးကြီးတစ်ဦး တောင်ဝှေး ထောက်ကာ ထွက်လာသည်။ မျက်စိကတော့ ကောင်းပြီး ခါးက ကိုင်းနေသည်။ ကြက်ဖဆိုသော သူကိုတွေ့၍ . . .

"ဘယ်သူတွေများလဲကွဲ့"

ထိုအခါ ကြက်ဖက . . .

"ကျွန်တော် ကြက်ဖပါ။ ဘကြီး မှုံ"

"ဪ . . . အေး . . . မောင်ကြက်ဖ လာလာ ဧည့်သည်တွေလည်း ထိုင်ပါ။ ဘကြီးဘာများ ကူညီပေးရမလဲ"

ထိုအခါ ကြက်ဖက ဧည့်သည်ဘက်လှည့်ပြီး ကားသမားကို . . .

"ကဲ . . . အစ်ကိုကို ကျွန်တော်တော့ ဘကြီးမှုံ အိမ်ကိုပို့ပြီးပြီ။ ကျန်တာတော့ အစ်ကိုတို့ပဲ မေးတော့။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ပြန်ပါဦးမယ်"

"ကျေးဇူးတင်ပါတယ် ကိုကြက်ဖ"

"ရပါတယ် အစ်ကို။ ကျွန်တော် ပြန်ပါဦးမယ်"

ကားသမားလည်း ကိုကြက်ဖပြန်သွားပြီးနောက် ဘကြီးမှုံဘက်လှည့်ကာ . . .

"ဒီလိုပါ ဘကြီးမှုံ ဒီက ညှိသည်က လွန်ခဲ့တဲ့ ၁၅နှစ်လောက်က လူတစ်ယောက် ဒီမှာရှိသေးလားလို့ မေးချင်လို့ပါ"

"အေး . . . မေးပါ။ ဘယ်သူများလဲကွဲ့"

"ဦးဘမောင်ရဲ့ သမီးဒေါ်စိန်မြတစ်ယောက် ရှိပါသလားတဲ့။ သူ့မှာ သားတစ်ယောက်လည်းရှိတယ်လို့ ပြောတယ်"

"ဩော် . . . မစိန်မြလား ဒီကလေးမက ဆုံးသွားပြီကွဲ့။ သားတစ်ယောက်မွေးပြီး ဆုံးသွားတယ်။ သူ့သားတော့ ရွာထိပ်က ဘုန်းကြီးကျောင်းမှာထားတာ။ ယခုတော့ ဘယ်ရောက်နေလဲ မသိပါဘူး"

"သူ့ရဲ့သားနာမည် ဘယ်လိုခေါ်လဲ ဘကြီး"

"ဘုန်းဘုန်း မေးမှသိမယ်ကွဲ့။ ဘကြီးလည်း သိပ်မမှတ်မိပါဘူးကွယ်"

ကားသမားသည် မိုက်ကယ်ဘက်လှည့်ပြီး အင်္ဂလိပ်





လို ဘာသာပြန်ပြီး ပြောလိုက်သည်။

ထိုအခါ အင်္ဂလိပ် မိုက်ကယ်က ဘုန်းဘုန်းဆီ သွားရအောင်ဆိုပြီး . . .

ဘကြီးမှုံဆီမှာ ခွင့်တောင်းကာ ရွာထိပ်သို့ ထွက်ခဲ့လေသည်။

ရွာထိပ်သို့ရောက်သော် ဘုန်းကြီးကျောင်းပေါ်သို့ တက်ခဲ့သည်။ အဆင်သင့်ပင် ဘုန်းဘုန်းက ဘုရားစာအုပ် ဖတ်နေတာ တွေ့ရလေသည်။

"ဘုန်းဘုန်း တပည့်တော်တို့ကို ဝင်ခွင့်ပြုပါ ဘုရား"

"လာလာ . . . ဒကာတို့"

"ဒီလိုပါ ဘုန်းဘုန်း။ လွန်ခဲ့တဲ့ ၁၅နှစ်ကျော်လောက်က ဒေါ်စိန်မြရဲ့သား ဒီကျောင်းမှာနေတယ်လို့ ရွာထဲက ဘကြီးမှုံက ပြောလို့ပါ"

"မယ်စိန်မြရဲ့သား မောင်သုညကို ပြောတာလား"

"တပည့်တော်တို့ နာမည်မသိပါဘူး ဘုရား။ အခု ဘုန်းဘုန်းပြောမှ မောင်သုညဆိုတာ သိတာပါ"

"မောင်သုညက ဆိုးလွန်းလို့ ထောင်ခဏခဏကျတယ်။ အခုလည်း ထောင်ကလွတ်ပြီး ဒီကိုလည်း ပြန်မလာဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကားသမားလည်း မိုက်ကယ်ကို အကျိုးအကြောင်း ရှင်းပြနေလေသည်"

"အဲ . . . ဘုန်းဘုန်းပြောချင်တာ တစ်ခုကတော့ ပဲခူးမြို့မှာရှိတဲ့ ထောင်ကိုသွားမေးရင် သိနိုင်လိမ့်မယ်"

"တပည့်တော်တို့လည်း ဒီလိုလုပ်ဖို့ပဲ ရှိတော့တာပဲ။ တပည့်တော်တို့ကို ခွင့်ပြုပါဦး ဘုရား"

"သွား . . . အေး . . . အေး"

ကားသမားနဲ့ မိုက်ကယ်တို့ ဘုန်းဘုန်းဆီမှ ပြန်ခဲ့ကြပြီး ပဲခူးထောင်သို့ ထွက်ခဲ့ကြသည်။

ပဲခူးထောင်သို့ရောက်သော် ထောင်မှူးကြီးနှင့် တွေ့ခွင့်တောင်းသည်။ မောင်သုညအကြောင်း စုံစမ်းကြသည်။ ထောင်မှူးကြီးက မောင်သုညကြောင်းကို အစမှအဆုံး ပြောပြလိုက်သည်။ နောက်ဆုံး သူရောက်ရှိနေသောနေရာကိုလည်း ပြောပြလိုက်သည်။ ထောင်မှူးကြီးက ဖိုးတုတ်သုညဟာ တရားသူကြီး ဦးလှမောင်ဆီမှာရှိတယ်ဆိုတာ ပြောပြလိုက်သည်။

ကားသမားနဲ့ မိုက်ကယ်တို့ ပဲခူးမြို့ရဲ့ တရားသူကြီး ဦးလှမောင်အိမ်သို့ လိုက်ရှာပြီး မေးမြန်းကာ ရောက်ရှိလာကြသည်။

ကားသမားနဲ့ မိုက်ကယ်တို့ ဦးလှမောင်အိမ်သို့





ရောက်လာကြသည်။

အငှားကားလေး ဦးလှမောင်ခြံရှေ့သို့ ရောက်လာသည်။ ကားဟွန်းသံပေးကာ . . .

တီ . . . တီ . . . တီ . . .

ကားဟွန်းသံကြား၍ အိမ်ထဲမှ ဒေါ်ထားထွက်လာသည်။ ခြံဝနားသို့ရောက်သော် . . .

"ဒီက မောင်ရင်တို့ ဘယ်သူနဲ့ တွေ့ချင်လို့လဲကွယ်"

"တရားသူကြီး ဦးလှမောင်နှင့် တွေ့ချင်လို့ပါ"

"ဆရာကြီးက ဆုံးသွားပြီ မကြာသေးပါဘူး။ ဆရာကတော်တော့ ရှိတယ်။ ဘယ်သူလို့ ပြောရမလဲ"

"မောင်ဖိုးတုတ်နဲ့ ပတ်သက်တယ် ပြောပေးပါ"

"ကောင်းပါပြီ ရှင်"

ဒေါ်ထားလည်း အိမ်ကြီးထဲသို့ ပြန်ဝင်သွားပြီး ဒေါ်သုဇာရှိတဲ့ အခန်းထဲသို့ ဝင်လာသည်။

"မမရေ . . . မမရေ . . . ခြံဝမှာ ဧည့်သည်တွေလို့ပြောတယ်။ မောင်ဖိုးတုတ်ရဲ့ ဧည့်သည်တွေလို့ပြောတယ်"

"မောင်ဖိုးတုတ်က အပြင်ထွက်သွားနေတယ်။ လာနီးနေပါပြီ"

"ဒါဆိုလည်း ဧည့်သည့်တွေကို ဝင်လိုင်းခိုင်းထား



www.burmeseclassic.com

www.burmeseclassic.com



ပါ"

"ဟုတ်ကဲ့ မမကြီး"

ဒေါ်ထားတစ်ယောက် ဒေါ်သူဇာထံမှ ခွင့်ပြုချက်အရ ဧည့်သည်တွေဆီသို့ ပြန်လာပြီး ဧည့်ခန်းတွင် ထိုင်ခွင့်ပြုထားလေသည်။ ထိုအချိန်တွင် အပေါ်ထပ်မှ ဒေါ်သူဇာက ဧည့်သည်များကို ဧည့်ခံရန် ဆင်းလာခဲ့သည်။

"ဧည့်သည်တွေဆိုတာ မောင်လေးတို့လား"

"ဟုတ်ကဲ့ ဒေါ်ဒေါ်"

ကားသမားက ဂါရဝပြုကာ ခေါင်းညိတ်လိုက်သည်။ ပြီးနောက် ကားသမားကဆက်ပြီး . . .

"ကျွန်တော်နာမည်က မောင်ဇော်ပါ။ အငှားကား မောင်းပါတယ်။ ဒါက မိုက်ကယ်ပါ။ နိုင်ငံခြားက ဒီနေ့ပဲ ရောက်ပါတယ်။ ဒီမှာနေတဲ့ ဖိုးတုးနဲ့ တွေ့ချင်တယ်လို့ ပြောလို့ပါ။ ကျွန်တော်တို့ ဖိုးတုးဆီကို အဆင့်ဆင့်မေးပြီးနောက် ရောက်လာခဲ့ကြတဲ့ သူတွေပါ"

"အင်း . . . ဖိုးတုး ကျောင်းပို့သွားတာ လာခါနီးပါပြီ"

"ခင်စိန်ရေ . . . ခင်စိန် . . . လာပါဦး"

"ဟုတ်ကဲ့ . . . အန်တီ လာပါပြီ"

နောက်ဖေးဆောင်မှ ခင်စိန်က ပြေးထွက်လာပြီး



"အန်တီ ဘာများအလိုရှိပါသလဲ"

"ဒီက ဧည့်သည်တွေစားဖို့ ကော်ဖီနဲ့မုန့်တွေ ယူခဲ့ပါ"

"ဟုတ်ကဲ့ပါ အန်တီ"

ထိုအခါ ကားသမား မောင်ဇော်က မိုက်ကယ်ဘက်သို့လှည့်ကာ အင်္ဂလိပ်လို ပြောလိုက်သည်။ ဖိုးတုး အပြင်ခဏသွား၍ လာတော့မည့် အကြောင်းဖြစ်သည်။ ထိုအခါ မိုက်ကယ်က စောင့်ပါမည်ဆိုပြီး ခေါင်းညိတ်ပြလိုက်သည်။

ထိုအချိန်တွင် ခင်စိန်က ဗန်းလေးတစ်ချပ်ဖြင့် ကော်ဖီနှင့် မုန့်များယူပြီး ထွက်လာခဲ့သည်။ ဧည့်သည်များကို ကော်ဖီနှင့် မုန့်ကိုချပေးကာ . . .

"သုံးဆောင်ပါနော်"

"ဟုတ်ကဲ့ ကျေးဇူးပဲ ညီမ"

ကားသမား မောင်ဇော်က ခင်စိန်လက်ထဲမှ ကော်ဖီများယူကာ မိုက်ကယ်ကို တစ်ခွက် လှမ်းပေးလိုက်သည်။ ပြီးနောက် သူပါ တစ်ခွက်ယူသောက်လိုက်သည်။ ထိုအခါ ဒေါ်သူဇာက ဆက်ပြီး . . .

"ဒါနဲ့ မောင်ဖိုးတုးနဲ့ ဒီက ကိုမိုက်ကယ်နဲ့ ဘယ်လိုများ ပတ်သက်နေလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သူဇာရဲ့အမေးကို မောင်ဇော်က မိုက်ကယ်ကို အင်္ဂလိပ်လိုပြန်ပြီး မေးလိုက်သည်။ ထိုအခါ မိုက်ကယ်က

"မောင်ဖိုးတူးဟာ . . . ကျွန်တော်ရဲ့သားပါ။ လွန်ခဲ့တဲ့ ၁၅နှစ်လောက်က ဒီမှာ တာဝန်ထမ်းဆောင်တုန်း ဒီက မစိန်မြနဲ့ အိမ်ထောင်ကျခဲ့တယ်။ ကလေး ၁နှစ်သားမှာ ကျွန်တော့်နိုင်ငံ အင်္ဂလန်ပြန်ခဲ့ရတယ်။ နောက်မှ ပြန်လာခေါ်မယ်လို့ ပြောခဲ့တာ၊ ဟိုမှာ အကြောင်းကိစ္စတွေ များတာကြောင့် ပြန်လာမခေါ်ဖြစ်ခဲ့ဘူး။ ယခုတော့ ကျွန်တော်တို့မှာ အေးချမ်းပြီး အလုပ်မှလည်း အနားယူလိုက်ပါပြီ။ ဒါကြောင့် ကျွန်တော်ရဲ့မိန်းမနဲ့ ကလေးကို ပြန်လာခေါ်တာပါ"

မိုက်ကယ်ပြောပြတာကို ဒေါ်သူဇာတစ်ယောက် ကြားရသောအခါ အံ့သြကာ ဖိုးတူးကိုလည်း ဘယ်လိုပြောရမှန်း မသိတော့ပါ။ ယခု အချိန်မှာ ဖိုးတူးက မိမိတို့အိမ်မှာ နေ့သားကျနေပြီ မဟုတ်ပါလား။ ဖိုးတူးလာမှပဲ သူ့ဆီက အဖြေကို စောင့်ရတော့မှပဲ။

ထိုအချိန်တွင် . . .

"တီ . . တီ"

ခြံဝမှ ကားဟွန်းသံကြားရသည်၊ ဒေါ်သူဇာက . .

"ခင်စိန်ရေ . . . ခြံဝမှာ ကားသံကြားတယ်။ သွား





လိုက်ပါဦး"

"ဟုတ်ကဲ့ အန်တီ"

ခင်စိန်လည်း ခြံဝသို့အပြေးတစ်ပိုင်း ထွက်သွားမည်။ ခြံဝသို့ရောက်သော် ဖိုးတူးပြန်လာတာ တွေ့လိုက်ရသည်။ ထိုအခါ ခင်စိန်က ဖိုးတူးကို . . .

"ကိုဖိုးတူး ဧည့်သည်တွေရောက်နေတယ်။ အစ်ကိုရဲ့ဧည့်သည်တွေကို ပြောတယ်"

ဖိုးတူးမှာ ခင်စိန်ပြောလိုက်သောစကားကြောင့်

အင်း . . . သူ့ ဘယ်က ဧည့်သည်မှ လာတွေ့ဖို့မရှိပါဘူး။ တူးဆန်းလှချေလား။ ခင်စိန်များ နားကြားလွဲလို့ ပြောလိုက်တာလား မသိဘူး။ ဒါမှမဟုတ် ဆရာကြီးရဲ့ ဧည့်သည်များလားမသိဘူး။

တစ်ခုခုတော့ တစ်ခုခုပဲ ဘာပဲဖြစ်ဖြစ်လေ အိမ်ထဲရောက်တော့ သိရမှာပေါ့။

ဖိုးတူးလည်း ကားကိုခြံထဲသို့ မမောင်းဘဲ စဉ်းစားနေမိသည်၊ ထိုအခါ ခင်စိန်က တံခါးဖွင့်ထားတာကြာပြီဖြစ်၍ . . .

"အစ်ကိုလေး ဝင်လေ ဘာလုပ်နေတာလဲ"

ထိုအခါမှ ဖိုးတူးလည်း သတိဝင်လာပြီး စဉ်းစားတာဖြတ်ကာ ကားလေးကို မောင်းဝင်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့သို့ ကားရောက်သောအခါ အိမ်ထဲသို့ ဖြည်းဖြည်းချင်း ဝင်လာခဲ့သည်။ အိမ်ထဲသို့ ဝင်လာသော လူငယ်လေးကို မိုက်ကယ်က ကြည့်လိုက်သောအခါ . . .

အသားအရေမှာ ဖြူပြီး လူပျိုပေါက်လေးဖြစ်ကာ သန်မာထွားကြိုင်းသော လူငယ်လေးတစ်ယောက်ဖြစ်တယ်ဆိုတာ သိလိုက်ရသည်။ ကိုယ်လုံးကိုယ်ပေါက် အရိုးအစားမှာ ပြေပြစ်ကာ သူ့ရဲ့ငယ်ပုံစံလေးဖြစ်နေတာ တွေ့ရသည်။

ထိုအခါ ဒေါ်သူဇာက နောက်သို့လှည့်ကြည့်ပြီး .

"လာ . . . မောင်ဖိုးတူး။ ဒီမှာ မင်းရဲ့ဧည့်သည်တွေပဲ"

"ကဲ . . . မောင်ဖော် မင်းပဲဆက်ပြီး ရှင်းပြပေတော့။ အန်တီကတော့ ဖိုးတူးရောက်လာပြီဆိုတာ အန်တီသွားနားလိုက်ဦးမယ်"

"ဟုတ်ကဲ့ . . ဟုတ်ကဲ့"

"လာ . . . မောင်ဖိုးတူး အစ်ကိုရှင်းပြမယ်"

ကားသမား မောင်ဖော်က သူတို့ လာခဲ့ရတဲ့ အကြောင်း အစမှအဆုံး ရှမ်းပြလိုက်သည်။

"မောင်ဖိုးတူး ဒါက မိုက်ကယ်တဲ့ လွန်ခဲ့တဲ့ ၁၅နှစ်က ဖိုးတူးအမေရဲ့ မစိန်မြရဲ့ ယောက်ျား။ ညီလေးရဲ့ ဖခင်ပဲ။





အခု လာခေါ်တာပါ"

ထိုအခါ ဖိုးတူးလည်း သူ့ရဲ့ ဖခင်ကို အခုမှ မြင်ဖူးသည်။ နိုင်ငံခြားသားဆိုတာတော့ သိခဲ့သည်။ ဒါပေမဲ့ မမြင်ဘူးခဲ့ပါ။ ဖခင်ဆိုတာ. သိလိုက်ရတော့ ရင်ထဲမှ ဝမ်းသာမိပါသည်။ ဒါပေမဲ့ သူ ဘယ်လိုလုပ်ရမလဲဆိုတာ စဉ်းစားမရ ဖြစ်နေသည်။

ထိုအခါ မိုက်ကယ်က . . .

"သားဖိုးတူး အဖေက ဒီမြန်မာပြည်မှာ တစ်ပတ်လောက်နေဦးမှာပါ။ သ စဉ်းစားပါ။ အဖေနဲ့ လိုက်ဖြစ်တယ်ဆိုရင် နောက် ၄၊ ၅ရက်မှာ အဖေတစ်ခေါက်ပြန်လာခေါ်မယ်"

"အခုတော့ သားရှိတဲ့နေရာ အဖေသိပြီဆိုတော့ အဖေ ဝမ်းသာတယ်။ သားတစ်ယောက် သက်ရှိထင်ရှားရှိတယ်ဆိုတာ ပိုပြီးတောင် ဝမ်းသာမိတယ်။ သားဒီမှာ နေရတာ အဆင်ပြေရဲ့လား"

"ဟုတ်ကဲ့ အဖေ။ အဆင်ပြေပါတယ်"

သားအဖနှစ်ယောက် စကားများအကြာကြီး ပြောကြပြီး မိုက်ကယ်တစ်ယောက် ပဲခူးမြို့တွင်ပဲ ဟိုတယ်တစ်ခုတွင် ဝင်တည်းလေသည်။ မိုက်ကယ်က ကားသမား မောင်ဖော်ကိုပဲ သူသွားချင်တဲ့နေရာပို့ဖို့ နေ့တိုင်းခေါ်ထားလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဖိုးတူးတစ်ယောက် သူ့ရဲ့အဖေမိုက်ကယ်ပြန်သွားပြီးနောက် ငိုင်ပြီးကျန်ခဲ့လေသည်။ သူဘာလုပ်ရမလဲဆိုတာ စဉ်းစားသည်။

သူ့ကိုယ်သူလည်း ပြန်မေးနေမိသည်။

ငါ . . . ဒီမိသားစုနဲ့ခွဲပြီး နေနိုင်ပါ့မလား။ ဟိုမှာက အဖေ။ ဒီမှာက ဘာမှတော့ မဆိုင်သေးဘူး။ သူ့စိတ်ထဲမှာတော့ မိမိနိုင်ကို ချစ်နေတာ အမှန်ပဲ။ ဒါပေမဲ့ ကျေးရွာရှင်ရဲ့သမီးဆိုတော့ ဘယ်လိုဆုံးဖြတ်ရမလဲဆိုတာ မသိပါ။ တစ်ခုခုတော့ ဆုံးဖြတ်ရမှာပဲ။ မိမိနိုင် ညီမလေး ကျောင်းမှ ပြန်လာတဲ့အခါ သူ့ကိုဆုံးဖြတ်နိုင်းကြည့်မယ်။ သူ့ဆီက အဖြေကို ယူရမှာပဲ။

အဲဒါပဲကောင်းပါတယ်လေ။ တစ်ယောက်တည်း ဦးနှောက်နဲ့ဆိုရင် မကောင်းဘူး။ နှစ်ယောက်ဦးနှောက်နဲ့ဆိုတော့ အဖြေတစ်ခုခုတော့ရမှာပဲ။

ဖိုးတူးလည်း အကြံတစ်ခုရသွား၍ ပြုံးကာ ရေချိုးခန်းထဲသို့ ဝင်ခဲ့တော့သည်။

"ဒေါင် . . . ဒေါင် . . . ဒေါင် . . . ဒေါင် . . ."

တိုင်ကပ်နာရီမှ ညနေ ၄နာရီ ထိုးသံကြားလိုက်ရသည်။ ဖိုးတူးလည်း ကားဆီသို့သွားပြီး ညီမလေး မိမိ





နိုင်ကို ကြိုရန်ထွက်ခဲ့လေသည်။ ကျောင်းနားသို့ရောက်သော် မိမိနိုင်က သူ့ကိုစောင့်နေကျနေရာတွင် ထိုင်စောင့်နေတာ တွေ့လိုက်ရသည်။ အနားရောက်တော့ မျက်နှာလေး စူပုပ်နေတာ တွေ့ရသည်။ ထိုအခါ ဖိုးတူးက ကားပေါ်မှ ဆင်းကာ . . .

"ညီမလေး အစ်ကို နည်းနည်းနောက်ကျသွားတယ်"

မိမိနိုင်က ဘာမှမပြောဘဲ ကားပေါ်သို့ တက်ထိုင်လေသည်။ ဖိုးတူးလည်း ဘာမှဆက်မပြောတော့ဘဲ ကားလေးကို မောင်းထွက်ခဲ့သည်။ လမ်းတစ်ဝက်သို့ရောက်သော် . . .

"ညီမလေး ဘာဖြစ်နေတာလဲ အစ်ကို့ကို စိတ်ဆိုးနေတာလား"

"ဟုတ်တယ် စိတ်ဆိုးတယ်"

"ဘာဖြစ်လို့လဲ"

"အစ်ကိုဖိုးတူး နောက်ကျတော့ ကျောင်းသားတွေက လာစကြတာပေါ့။ ပြီးတော့ စာလည်း လိုက်ပေးတယ်"

"ဩော် . . . ဒါများ ငါ့ညီမက ရောတာကိုး။ လူငယ်တွေကြိုက်တာ ညီမဆီမှာ ရှိလို့နေမှာပေါ့။ ညီမကော



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့ကိုမှ မကြိုက်ဘူးလား။ ကြိုက်တဲ့လူကောရှိလား။ အစ်ကိုကြည့်ပြီး ဆုံးဖြတ်ပေးမယ်လေ"

"သွားပါ သူပါ အလိုတူ အလိုပါပြောနေတာ။ ဘာလဲ ညီမကို ယောက်ျားပေးစားချင်နေပြီလား"

"မဟုတ်ပါဘူး ညီမရယ်။ ညီမက အရွယ်ရောက်နေပြီလေ။ အရွယ်မလွန်စေချင်လို့ပါ။ မဟုတ်တဲ့ လူတွေနဲ့ တွေ့သွားရင် အစ်ကိုစိတ်ကောင်းမှာ မဟုတ်ဘူး။ ဒါကြောင့်ပါ"

"ဒါဆိုလည်း ညီမယောကျ်ား မယူတော့ဘူး။ ကိုဖိုးတူးပဲ တစ်သက်လုံး လုပ်ကျွေးပေါ့"

ဖိုးတူးတစ်ယောက် မိမိနိုင်ပြောလိုက်သော စကားကြောင့် အံ့သြစိတ် မထင်မှတ်သော စကားကြောင့် သူမ ရုတ်တရက် ထွက်သွားသော စကားကြောင့် ဖိုးတူးကို ရှက်ကိုးရှက်ကန်းနဲ့ ကြည့်လိုက်ပြီး မျက်နှာလေးကို အောက်သို့ ငုံ့သွားလေသည်။ ထိုအခါ မိမိနိုင်တစ်ယောက် ရှက်သွားမှန်းသိ၍ ကားမောင်းရင်း နောက်သို့မကြည့်တော့ဘဲ ကားလေးကို ဆက်မောင်းနေသည်။ ဒါပေမဲ့ စိတ်ထဲမှာတော့ မနေနိုင်ဘဲ . . .

"ညီမလေး တကယ်ပြောတာလား"

ဖိုးတူးက နောက်ကြည့်မှန်မှ တစ်ချက်လှမ်းကြည့်





လိုက်သည်။ မိမိနိုင် ရှက်နေသောမျက်နှာလေးကို အောက်သို့ ငုံ့နေသည်။

မိနိုင်ဆီမှ ဘာမှတုံ့ပြန်မှု မရှိလာပါ။ စကားလည်း ဘာမှမပြောတော့ဘဲ အိမ်သို့ ရောက်လာခဲ့သည်။ အိမ်ရှေ့သို့ရောက်သော် မိမိနိုင်တစ်ယောက် ဖိုးတူးကို လှည့်မကြည့်ဘဲ အိမ်ထဲသို့ ဝင်ပြေးသွားလေသည်။ ဖိုးတူးလည်း ဘာမှ မမေးမပြောတော့ဘဲ ကားကိုသိမ်းကာ မိမိအခန်းရှိရာသို့ ပြန်ခဲ့လေသည်။

မိမိနိုင်တစ်ယောက် ကားပေါ်မှ ဆင်းဆင်းချင်း အပြေးတစ်ပိုင်းဖြင့် အိမ်ပေါ်သို့ တက်သွားတာ ဧည့်ခန်းတွင် ထိုင်နေသော ဒေါ်သူဇာက တွေ့လိုက်သည်။ ဤမျှခုတော့ အမေတစ်ယောက်လုံး ထိုင်နေတာ မတွေ့ရအောင် ဘာတွေများ ဖြစ်လာပါလိမ့်။ ဘာကြောင့်များပါလိမ်။ ဒေါ်သူဇာတစ်ယောက် စိတ်လှုပ်ရှား စိတ်ပူလာပြီး မနေနိုင်ကာ သမီးအခန်းဆီသို့ တက်လာခဲ့လေသည်။

မိမိနိုင်မှာက အိပ်ခန်းသို့ရောက်သော် ရှက်တဲ့စိတ်ကြောင့် ခုတင်ပေါ်သို့ ပစ်လှဲချပြီး မျက်နှာဝှက်ထားလိုက်သည်။ ထိုအခါ ဒေါ်သူဇာ သမီးရဲ့ အိပ်ခန်းရှေ့ရောက်လာပြီး . . .

"ဒေါက် . . . ဒေါက်"



www.burmeseclassic.com

www.burmeseclassic.com



"သမီး . . . မိနိုင် သမီး မားမားပါ။ တံခါးဖွင့်ပါဦး"

"ဟုတ်ကဲ့ မားမား"

မိမိနိုင်တစ်ယောက် အိပ်ရာမှထပြီး အင်္ကျီများပြင်ဆင်ကာ တံခါးလာဖွင့်ပေးလိုက်သည်။

"ဘာဖြစ်လို့ မားမား"

"မားမား သမီးလေး ဘာများဖြစ်လာလဲလို့ လာမေးတာ"

"ဘာမှမဖြစ်ပါဘူး မားမား"

ဘာမှမဖြစ်ပါဘူး ပြောလိုက်သောစကားကို ဒေါ်သူဇာက သမီးရဲ့ မျက်နှာကဲခတ်ကာ စိတ်ချသွားသည်။ ဘာဖြစ်လို့လဲဆိုတော့ သမီးရဲ့ မျက်နှာမှာ အပြုံးရိပ်သန်းနေတာကြောင့် စိတ်ထိခိုက်စရာမဟုတ်ဘဲ စိတ်လှုပ်ရှားစရာတစ်ခုကြောင့်ဆိုတာ မားမားသိလိုက်ပါပြီ။

"သမီး . . . ဒါဆိုလည်း ရေချိုးပြီး ဆင်းခဲ့၊ ထမင်းစားရအောင်"

"ဟုတ်ကဲ့ မားမား"

ဒေါ်သူဇာတစ်ယောက် သမီး အခန်းမှပြန်လာပြီး ထမင်းစားခန်းသို့ သွားသည်။ ထမင်းဝိုင်းကို ဒေါ်သူဇာနှင့် ခင်စိန်ပါ ပူးတွဲပြင်လေသည်။ ခဏကြာတော့ သမီးလေး မိနိုင် ရောက်လာသည်။





"ခင်စိန် နင့်အစ်ကို ဖိုးတူးသွားခေါ် ထမင်းစားရအောင်လို့"

"ဟုတ်ကဲ့ ဒေါ်ဒေါ်"

ခင်စိန်တစ်ယောက် ဖိုးတူးနေသော အခန်းသို့ ထွက်လာခဲ့လေသည်။ ဖိုးတူးကို ထမင်းစားဖို့ခေါ်ပြီး ပြန်ခဲ့လေသည်။ တစ်အောင့်ကြာတော့ ဖိုးတူး ထမင်းစားခန်းသို့ ရောက်လာခဲ့သည်။ ထမင်းဝိုင်းတွင် သူ့ကိုစောင့်နေသော ဒေါ်သူဇာနှင့် မိမိနိုင်ကို တွေ့လိုက်သည်။ မိမိနိုင်ကတော့ မျက်နှာအောက်ငုံ့ပြီး ရှက်နေသည်။ ထိုအခါ ဒေါ်သူဇာက သမီးလေးကို အကဲခတ်ကာ သူနားလည်လိုက်ပါပြီ။ နောက်မှပဲ မေးတော့မည်ဟု . . .

"လာထိုင် မောင်ဖိုးတူး ထမင်းစားရအောင်"

"ဟုတ်ကဲ့ ဒေါ်ဒေါ်"

"ထမင်းစားပြီး ဧည့်ခန်းကို ခဏလာခဲ့နော်"

ထမင်းစားကြပြီးနောက် ဧည့်ခန်းတွင် ဒေါ်သူဇာနှင့် မိမိနိုင်တို့ သစ်သီးအချို့ စားနေကြသည်၊ ထိုအခါ ဖိုးတူးက ရောက်လာခဲ့သည်။

"မောင်ဖိုးတူးကို မေးစရာရှိလို့ပါ ထိုင်"

"ဒါနဲ့ မောင်ဖိုးတူး ဖိုးတူးအဖေနဲ့အတူ နိုင်ငံခြားလိုက်သွားဖို့ ဆုံးဖြတ်လိုက်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သူဇာရဲ့ မထင်မှတ်သောစကားကြောင့် ဖိုးတူး ဘာပြောရမှန်းမသိ ဖြစ်သွားသည်။ ဒီကိစ္စအတွက် ဖိုးတူးမှာ အဖြေရှာမရ ဖြစ်နေသည်။ မိနိုင်ဘက်သို့ လှမ်းကြည့်လိုက်သည်။ ထိုအခါ မိမိနိုင်ကလည်း ဖိုးတူးကို လှမ်းအကြည့်နှင့် မျက်နှာချင်းဆိုင်သွားသည်။

မိမိနိုင်ရဲ့ အကြည့်က ဖိုးတူးအဖေဆိုသော စကားကြောင့် အံ့သြသောစိတ်နဲ့ ကြည့်လိုက်မိသည်၊ သူလည်း ဒီအကြောင်းတွေ ဘာမှမသိလိုက်ပါလား၊ ဘာကြောင့်များ သူ့ကို မပြောပါလိမ့်။ ထိုအခါ ဒေါ်သူဇာက စကားဆက်ပြီး

"မောင်ဖိုးတူး ဘယ်လိုဆုံးဖြတ်ထားလဲ၊ မင်းဆရာရဲ့ လုပ်ရပ်ကိုလည်း ဒီအတိုင်းပဲ ထားသွားတော့မှာလား"

ဒေါ်သူဇာရဲ့ စကားဆိုလိုချက်ကို ဘယ်လိုလည်းဆိုတာ မောင်ဖိုးတူး နားလည်လိုက်သည်။ တကယ်တော့ ဒေါ်သူဇာရဲ့ ရင်ထဲမှာတော့ ဖိုးတူးကို လိုက်မသွားစေချင်ပါ။ သူ့မအနေနဲ့ကလည်း ဖိုးတူးနဲ့ မိနိုင်ကို ပေးစားချင်နေသည်။

ဒါပေမဲ့ လူငယ်ချင်းက မေတ္တာမမျှသေးတော့ မပြောသေးပါ၊ အချိန်လည်း မကျသေး၍ မပြောသေးပါ။ နောက်တစ်ခုက သွားလေသူရဲ့ ပေတာကိစ္စကလည်း ဖိုးတူး



ပဲ သိနေတော့ ဆုံးခန်းတိုင်အောင် လုပ်စေချင်သည်။ ဒါကြောင့် ဒေါ်သူဇာက ဖိုးတူးရဲ့ စိတ်ဆန္ဒကို သိချင်၍ (ဒီအတိုင်းပဲ ထားသွားတော့မှာလား) ဟု မေးလိုက်ခြင်း ဖြစ်သည်။

ထိုအခါ ဖိုးတူးက မိမိနိုင်ဘက်လှည့်ပြီး . . .

ညီမ မိနိုင် အစ်ကိုလိုက်သွားရမှာလား၊ ဒီမှာပဲ နေရမှာလားဆိုတဲ့အကြည့်မျိုး ကြည့်လိုက်သည်။ ဒါကို မိနိုင်က သဘောပေါက်ကာ ခေါင်းကို အောက်သို့ငုံ့လိုက်သည်။ ဒါကို ဒေါ်သူဇာက မြင်လိုက်သည်။ သမီးလေး ရှက်နေတာ၊ ဝမ်းနည်းနေသော မျက်နှာလေးဖြင့် ခေါင်းကို အောက်သို့ ငုံ့ပြီးနေတာ တွေ့သွားပြီး ဒေါ်သူဇာက . . .

"သမီး . . . မိနိုင်"

"ရှင် . . . မားမား"

"မောင်ဖိုးတူးအပေါ် သမီးကော ဘယ်လိုဖြစ်စေချင်တာလဲ၊ မားမားတို့ကို ပြောပါဦး"

"ဟာ . . . မားမားကလည်း ဒါက အစ်ကိုဖိုးတူးရဲ့ ဆုံးဖြတ်ချက်ပဲလေ၊ သမီးက ဘယ်လိုပြောရမှာလဲ"

ဒေါ်သူဇာက ဖိုးတူးဘက်လှည့်ပြီး . . .

"ကဲ . . . မောင်ဖိုးတူးပဲ ဆုံးဖြတ်တော့ အဒေါ်တို့ကတော့ ဘာမှမပြောလိုတော့ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါမှမဟုတ် စဉ်းစားချင်သေးတယ်ဆိုရင်လည်း တစ်ရက်နှစ်ရက်လောက် စဉ်းစားပေါ့"

"ဟုတ်ကဲ့ . . . ဒေါ်ဒေါ် ကျွန်တော် စဉ်းစားလိုက်ပါဦးမယ်"

"ဒါဆို ဒေါ်ဒေါ်အပေါ်တက်ပြီး ဘုရားဝတ်ပြုလိုက်ဦးမယ်။ မင်းတို့မောင်နှမနှစ်ယောက် စကားပြောကျန်ခဲ့ကြပေါ့"

ထိုအခါ မောင်ဖိုးတူးက ဒေါ်သူဇာဘက်လှည့်ပြီး ခေါင်းညိတ်ပြလိုက်သည်။ သမီး မိနိုင်ကတော့ ဘာမှပြန်မပြောဘဲ ခေါင်းကိုသာ အောက်သို့ ငုံ့နေလိုက်သည်။ ဒေါ်သူဇာတစ်ယောက် ဧည့်ခန်းမှ အပေါ်သို့တက်သွားလေတော့သည်။

ထို့နောက် မောင်ဖိုးတူးက မိမိနိုင်နဲ့ နီးနိုင်သမျှနီးအောင် အနားသို့တိုးသွားပြီး . . .

"ညီမလေး"

"ညီမလေး"

ဖိုးတူးက တိုးတိုးလေးခေါ်တာ မကြားချင်ယောင်ဆောင်နေသော မိမိနိုင်ကို သေသေချာချာ ကြည့်လိုက်သည်။ မျက်လုံးအိမ်တွင် မျက်ရည်လေး ဥနေတာ တွေ့လိုက်ရသည်။ ဖိုးတူးလည်း ရင်ထဲ၌ တစ်မျိုးကြီး ခံစားသွား





ရသည်။ ဒီတစ်ခါ ခံစားရတာ သူ့အတွက် ပထမဦးဆုံးဖြစ်လေသည်။ မိန်းကလေးများနှင့် ပတ်သက်လျှင် ဒါက သူ့အတွက် ပထမဦးဆုံး ခံစားရတယ်ဆိုတာ သူနားလည်လိုက်သည်။ တတိယအကြိမ် ထပ်ခေါ်လိုက်လေသည်။

"ညီမလေး မိနိုင်"

ထိုအခါ မိနိုင်က ခေါင်းလေးမော့ကာ ဖိုးတူးရဲ့ မျက်နှာလေးကို မော့ကြည့်လိုက်သည်။ ထိုအခါ နှစ်ဦးစလုံးရဲ့ အကြည့်များက ထပ်တူနေတယ်ဆိုတာ နှစ်ယောက်စလုံး စိတ်ချင်းယှက်နွယ်ကာ သိလိုက်ကြသည်။ ထိုအချိန်တွင် ဖိုးတူးက အားပေးနှစ်သိမ့်လိုသောစိတ်များ ဖြစ်ပေါ်လာပြီး ညီမလေးရဲ့အနားကို ဒီထက်ပိုနီးအောင်ကပ်သွားပြီး လက်ဖမိုးလေးကို သူ့ရဲ့လက်လေးနှင့် အုပ်ကာ နှစ်သိမ့်ပေးလိုက်သည်။

မိမိနိုင်လည်း ဖိုးတူးရဲ့ လက်လေး သူမလက်ပေါ် အုပ်မိုးထားတာ မရုန်းဘဲ ငြိမ်နေလိုက်သည်။ သူ့ရဲ့စိတ်ထဲမှာလည်း ရုန်းကန်ဖို့ အင်အားလည်း မရှိတော့ပါ။ ဒါကို ဖိုးတူးက သိသွားပြီး . . .

"ညီမလေးရယ် အစ်ကို့ စိတ်မကောင်းပါဘူးကွာ။ ညီမလေးတို့ရဲ့ ကျေးဇူးဟာ အစ်ကို့ပေါ်မှာ အများကြီးပါ။ ညီမလေးကို ရင်ထဲမှာ ချစ်နေတာကြာခဲ့ပြီ။ ဒါပေမဲ့ အစ်ကို



www.burmeseclassic.com

www.burmeseclassic.com



ပြောမထွက်ခဲ့ပါဘူး။ ဘာကြောင့်လည်းဆိုတော့ အစ်ကိုရဲ့ ဘဝက ဘာမှန်းမသိတဲ့ လူတစ်ယောက်ဖြစ်နေလို့ပါ။ ဒါကြောင့် ရင်ထဲမှာ သိမ်းထားတာကြာခဲ့ပါပြီ"

"ညီမလေး ကားပေါ်မှာ ပြောလိုက်သောစကားကို အစ်ကိုကြားလိုက်ရတော့ အစ်ကို့ရင်ထဲမှာ အရမ်းဝမ်းသာသွားတယ်။ တကယ်လားဆိုတာ အစ်ကို အရမ်းသိချင်နေတာ"

"ညီမလေး တကယ်လားဟင်"

"ဘာကိုမေးတာလဲ"

"ကားပေါ်မှာ ပြောတာလေ"

"ညီမလေး တစ်သက်လုံး ယောကျ်ားမယူတော့ဘူး။ ကိုဖိုးတူးပဲ တစ်သက်လုံး လုပ်ကျွေးပေ့ါဆိုတဲ့ စကားလေ"

ထိုအခါ မိမိနိုင်က ဖိုးတူးကိုကြည့်ပြီး မျက်စောင်းလေးထိုးကာ . . .

"ဒီမှာ လက်ကိုကိုင်ထားပြီးတော့ ဒီအကြောင်းကို ပြောဖို့လိုသေးလို့လား"

"တာ . . . ဟုတ်သားပဲ။ အစ်ကိုမေ့သွားတယ်။ အရမ်းဝမ်းသာတာပဲ ညီမလေးရယ်။ ညီမလေးရဲ့ အဖြေရလိုက်တော့ အစ်ကို ဆုံးဖြတ်ချက်ချလိုက်ပြီ။ ညီမလေးတို့



မိသားစုနဲ့ တစ်သက်လုံး မခွဲတော့ဘူးလို့။ ပြီးတော့ ဆရာကိုပေးထားတဲ့ ကတိစကားကိုလည်း အစ်ကို ပြီးဆုံးအောင် လုပ်ပေးမယ်လို့ ဆုံးဖြတ်လိုက်ပြီ"

"ပြီးတော့ မားမားကိုလည်း စိတ်ချမ်းသာတော့လို့ ညီမလေးပဲ ပြောလိုက်နော်"

"ဘာ . . . မားမားလည်း အစ်ကိုနော်။ သိပ်ပြီး အသားမယူနဲ့"

"နောက်ဆိုရင် အစ်ကိုရဲ့ မားမားဖြစ်တော့မှာပဲ ဥစ္စာ"

"သွား"

မိမိနိုင်က ဖိုးတူးကို မချိတရိလေး မျက်စောင်းထိုးကာ ခေါင်းငုံ့လိုက်လေတော့သည်။

× × ×

www.burmeseclassic.com



အခန်း ( ၁၄ )

## အပြုံးများဝေနေခြင်း

ယနေ့ မိမိနိုင်တစ်ယောက် နံနက်အစောကြီးနိုးနေသည်။ ပြတင်းပေါက်မှ ပတ်ဝန်းကျင်ကို လှည့်ပတ်ပြီး ကြည့်နေလိုက်သည်။ စိတ်ထဲမှာ ပေါ့ပါးနေသလို ခံစားရပြီး ကြည်နူးမှုများပါ ရင်ထဲမှာအပြည့်ဖြစ်နေမိပြီ မဟုတ်ပါလား။ ထိုအချိန်တွင် ပန်းအိုးများကြား ရေလောင်းနေသော အစ်ကိုဖိုးတူးကို တွေ့လိုက်ရသောအခါ . . .

အစ်ကိုဖိုးတူးကလည်း သူ့ရဲ့ ပြတင်းပေါက်သို့ လှမ်းအကြည့်နဲ့ ဆုံသွားသည်။ နှစ်ဦးစလုံးရဲ့ ရင်ထဲမှာ ပြော





မပြတတ်အောင် ကြည်နူးသွားကြသည်။ ထိုအခါ မိမိနိုင်က လက်ကလေးပြကာ အထဲဝင်သွားလေတော့သည်။

ထိုအချိန်တွင် ဖိုးတူးနားသို့ ခင်စိန်ရောက်လာပြီး

"အစ်ကို ဖိုးတူး ဒေါ်ဒေါ်က ကော်ဖီသောက်ဖို့ လာခဲ့ပါတဲ့"

"အေး . . . အေး"

ဖိုးတူးလည်း ရေလောင်းလက်စများ ဖြတ်ကာ ကော်ဖီသောက်ရန် အိမ်ကြီးထဲသို့ ရောက်လာလေသည်။ အိမ်ထဲသို့ဝင်တဲ့အခါ [illegible]ထပ်သို့ လှမ်းကြည့်မိသည်။ ဒါပေမဲ့ ဘယ်သူမှ မတွေ့[illegible]။ သူ့အနေက မိမိနိုင်များ ဆင်းလာလေမလားလို့ မျှော်လင့်ချက်နှင့် ကြည့်မိသည်မှာ အမှန်ပါ။

ထမင်းစားခန်းသို့ရောက်သောအခါ အဒေါ်တစ်ယောက်တည်း ထမင်းစားပွဲတွင် ထိုင်စောင့်နေတာ တွေ့ရလေသည်။

"လာ . . . မောင်ဖိုးတူး ကော်ဖီသောက်ရအောင်"

"ညီမလေးကော မရောက်သေးဘူးလား"

"လာတော့မှာပါ"

"မောင်ဖိုးတူး သောက်လေ"

ဒေါ်သူဇာက မောင်ဖိုးတူးသောက်ရန် ကော်ဖီခွက်



www.burmeseclassic.com

www.burmeseclassic.com



ထဲသို့ ကော်ဖီများထည့်ပေးနေသည်။

"ဒေါ်ဒေါ် ရပါတယ်။ ကျွန်တော့်ဘာသာ ကျွန်တော် ထည့်သောက်မှာပါ"

ဒေါ်သူဇာလည်း ထည့်လက်စဖြစ်နေ၍ ထည့်ပေးလိုက်လေသည်။ ဖိုးတူးလည်း ဝေကော်ဖီအိုးကို လှမ်းယူပြီး ဒေါ်သူဇာ ပန်းကန်ထဲသို့ သူကိုယ်တိုင်ပဲ ထည့်ပေးလိုက်လေသည်။

ထိုအချိန်တွင် မိမိနိုင်တစ်ယောက် ရောက်လာခဲ့သည်။ ကုလားထိုင်တွင် ဝင်ထိုင်လေသည်။ ဖိုးတူးက တစ်လက်စတည်း မိမိနိုင် ပန်းကန်ထဲသို့ ဆက်ပြီးထည့်ပေးလိုက်လေသည်။ ထိုအချိန်တွင် ကော်ဖီသောက်ရင်း ဒေါ်သူဇာက သမီးရဲ့မျက်နှာကို အကဲခတ်လိုက်လေသည်။ သမီးရဲ့မျက်နှာလေး ရွှင်ပြနေတာ တွေ့လိုက်ရလေသည်။ ဒေါ်သူဇာကြည့်နေသည်ကို မိမိနိုင်တလည်း လှမ်းအကြည့်နှင့် ဆုံသွားပြီး ရှက်သွားလေသည်။ ဒါကို ဒေါ်သူဇာက ရိပ်မိ၍ ပြုံးလိုက်သည်။

"ဒါနဲ့ မောင်ဖိုးတူး သန်ဘက်ခါဆိုရင် မိုက်ကယ် ဒေါ်နယ် ရောက်လာတော့မယ်။ အဖြေစဉ်းစားပြီးပြီလား"

"ဟုတ်ကဲ့ . . . ဒေါ်ဒေါ်"

"ဘယ်လို အဖြေများလဲကွဲ့။ ဒေါ်ဒေါ် မသိရဘူး





လား"

"ဟုတ်ကဲ့ . . . သိရပါတယ်။ ကျွန်တော် ဒေါ်ဒေါ်တို့နဲ့ တစ်သက်လုံး မခွဲဘဲ နေသွားပါ့မယ်လို့ ညီမလေးကိုလည်း ပြောပြီးပါပြီ"

ဒေါ်သူဇာက မောင်ဖိုးတူး အဖြေကို သဘောကျကာ ခေါင်းတညိတ်ညိတ်ဖြင့် သမီးဘက်ကို လှမ်းကြည့်ရင်း ပြုံးနေမိတော့သည်။

ထိုအခါ ဒေါ်သူဇာက ကော်ဖီသောက်ပြီး၍ ဖိုးတူးနဲ့ သမီးတို့ လွတ်လွတ်(  )ပ် စကားပြောရအောင်ဆိုပြီး စားပွဲမှ ထလာခဲ့တော့သည်။

"ညီမလေး . . . မိနိုင်"

မိမိနိုင်က ပြောဆိုသည့်တဲ့သဘော ခေါင်းလေး မော့ကာ ဖိုးတူးရဲ့ မျက်နှာလေးကို လှမ်းကြည့်သည်။ ထိုအခါ ဖိုးတူးက . . .

"ဒေါ်ဒေါ်တော့ သဘောပေါက်သွားပြီထင်တယ် အစ်ကိုတို့ကို ဘာမှမပြောဘဲ ထသွားတယ်။ ကျေးဇူးတင်ပါတယ် မားမားရေ"

ဖိုးတူးပြောလိုက်သော စကားကို မိမိနိုင်က မျက်တောင်းလေးထိုးကာ ထိုင်ရာမှ ထရန်ပြင်လိုက်သည်။ ထိုအချိန်တွင် ဒေါ်ထားရောက်လာပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"သမီး . . . မိမိနိုင် ဒေါ်ထားရေးသွားမလို့ ဘာမှာ လိုက်ဦးမှာလဲ"

"မမှာတော့ပါဘူး ဒေါ်ထား။ ကြည့်ပြီးသာ ဝယ်ခဲ့တော့"

မိနိုင်တစ်ယောက် ကော်ဖီသောက်ပြီး ကျောင်းသွားရန် ပြင်ဆင်ရဦးမှာမို့ အပေါ်ထပ်သို့ တက်သွားလေတော့သည်။ ဖိုးထူးမှာ တစ်ယောက်ထဲကြောင်ပြီး ကျန်ခဲ့လေသည်။

× × ×





အခန်း ( ၁၅ )

## ဝမ်းနည်းစွာနဲ့ ပြန်ခဲ့ခြင်း

ခြံရှေ့သို့ ကားတစ်စီး ထိုးဆိုက်လာသည်။

"တီ . . . တီ . . . တီ"

ဒေါ်ထားတစ်ယောက် ကားဟွန်းသံကြား၍ အိမ်ထဲမှ ပြေးထွက်လာသည်။ ခြံရှေ့သို့ ရောက်သောအခါ အငှားကားတစ်စီး ထိုးထားတာ တွေ့လိုက်ရသည်။ ကားပေါ်မှ မနေ့ကလာခဲ့သော ကားသမားနဲ့ နိုင်ငံခြားသားဖြစ်နေ၍ ခြံတံခါးဖွင့်ပေးလိုက်သည်။

ကားလေးအိမ်ရှေ့သို့ရောက်သောအခါ ဒေါ်ပုဏ



www.burmeseclassic.com

www.burmeseclassic.com



က တံခါးဝမှ ညှော့ဝင်ပြကာ . . .

"လာ . . . လာ . . . ထိုင်ကြပါ"

ထိုအခါ ဒေါ်သူဇာက အိမ်ထဲသို့ . . .

"ခင်စိန်ရေ . . . ခင်စိန် . . . နှင့်အစ်ကို ဖိုးတူး သွားခေါ်ခဲ့ပေ့"

"ဟုတ်ကဲ့ . . . ဒေါ်ဒေါ်"

ခဏကြာတော့ ဒေါ်ထားရောက်လာပြီး ဒေါ်သူဇာက . . .

"ဒေါ်ထားရေ ညှော့သည်တွေအတွက် ကော်ဖီလေး ဘာလေး လုပ်ပါဦး"

"ဟုတ်ကဲ့ . . . မမ" နဲ

ဒေါ်သူဇာက ကားသမားဘက်သို့လှည့်ပြီး . . .

"ညှော့သည်က ဘယ်နေ့ပြန်ဖို့ လုပ်ထားတာလဲ ဟင်"

ကားသမားက နိုင်ငံခြားသားဘက်သို့လှည့်ပြီး ဘာသာပြန်ကာ ပြောလိုက်သည်။

ထိုအခါ ညှော့သည်က . . .

"ဒီက ကိစ္စတွေ ချောမောပြေပြစ်တဲ့အခါ အမြန် ဆုံးပြန်နိုင်အောင် စီစဉ်ထားသည့်အကြောင်း ပြန်ပြော လေသည်"





ထိုအချိန်တွင် မောင်ဖိုးတူး ရောက်လာသည်။ ထိုအခါ . . .

မိုက်ကယ်က သားလေးရဲ့ မျက်နှာကိုကြည့်ပြီး ပြောလာမယ့် စကားကို မျှော်လင့်နေမိသည်။ သူ့အနေနဲ့ ကလည်း သားလေးနှင့်အတူ ပြန်ရချင်နေသည်မှာ မျှော်လင့် နေပါသည်။ ထိုသို့ မျှော်လင့်နေစိုက် မောင်ဖိုးတူးက . . .

"အဖေ သားတော့ ပြန်မလိုက်တော့ဘူး။ ဒီက မိသားစုက သားအပေါ်မှာ အရမ်းကောင်းနေလို့ပါ။ ပြီးတော့ ဆုံးသွားတဲ့ ဆရာကြီးကိုလည်း ကတိပေးထားတာရှိနေလို့ ဒီတစ်ခေါက် သားမလိုက်နိုင်သေးဘူး အဖေ"

လို့ ပြန်ပြောလိုက်လေသည်။

မိုက်ကယ်လည်း သားလေး ဘာကိုဆိုလိုသည်ကို နားလည်ပါသည်။ သူ့အနေနဲ့ အဖေဆိုပေမယ့် အခုမှသိရ တော့ နည်းနည်းတော့ စိမ်းနေမှာပဲလို့ သူတွက်ထားသည်။ ဒါပေမဲ့ သားရဲ့ဆန္ဒကို သူ့အနေနဲ့ မကန့်ကွက်ပါ။ သူ့ရဲ့ သား လေး လူ့လောကထဲမှာ ရှိနေသေးတယ်လို့ သိလိုက်ရတာ ကိုပဲ သူ့အနေနဲ့ ဝမ်းသာလှပါပြီ။

"သားရဲ့ သဘောပါ။ ဒီက မိသားစုကလည်း သား ရဲ့ မိသားစုလို ဖြစ်နေတယ်ဆိုတာ အဖေသဘောပေါက်ပါ တယ်။ အဖေလည်း လာသာ လာရတယ်၊ အဖေ့ရဲ့ရင်



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာတော့ မကောင်းလှပါဘူး။ ဒါကြောင့် ကျိတ်တွက်ဆပြီး ယူလာတဲ့ ဟောဒီငွေသားကို အဖေရဲ့ မေတ္တာနဲ့ မပြုစုခဲ့ရတဲ့ ပျက်ကွက်မှုတွေကို အဖေ တတ်နိုင်သလောက် ဖြည့်ဆည်းပေးခဲ့တာပါ။

နောင်ဆိုရင် သားရဲ့နေရာသိနေတော့ အဖေပဲ တွေ့ချင်တဲ့အခါ လာခဲ့ပါ့မယ်။ သားအတွက်လည်း အဖေ အင်္ဂလန်ကနေ ငွေတွေပို့ပေးနေပါ့မယ်"

ဖိုးတူးမှာ မိုက်ကယ်ပြောနေသော စကားများကို ကြားလိုက်ရတဲ့အတွက် ဖခင်တစ်ယောက်ရဲ့ မေတ္တာငတ်နေမှုနဲ့ သားတစ်ယောက်ကို မပြုစုလိုက်ရတဲ့အတွက် ဝမ်းနည်းနေမှုကို တွေ့လိုက်ရတဲ့အတွက် စိတ်မကောင်းဖြစ်မိသည်။

အပေါ်ထပ်မှ မိမိနိုင်က ဖိုးတူးနဲ့ မိုက်ကယ်တို့ရဲ့ မျက်နှာများကို အကဲခတ်ကာ ချောင်းနေသည်။

မိုက်ကယ်က သူ အဆင်သင့်ထုပ်လာသော ငွေထုတ်ကို သားလက်ထဲသို့ ရောက်အောင်ထည့်နိုင်ခဲ့သည့်အတွက်လည်း ဝမ်းသာနေမိသည်။ မိုက်ကယ်က ထိုင်ရာမှ ထကာ သားဆီသို့လာခဲ့ပြီး . . .

သားအဖနှစ်ယောက် တစ်ဦးကိုတစ်ဦး ဖက်လဲတကင်း ပြုကာနှုတ်ဆက်လိုက်ကြသည်။ ပြီးနောက်





မိုက်ကယ်က . . .

"သား လိုအပ်တာရှိရင် အဖေဆီ စာရေးနော်။ အဖေ သားလိုအပ်တာ အင်္ဂလန်မှ ပို့ပေးနေမှာပါ။ အဖေရဲ့ လိပ်စာကတ်လေး သားလေးယူထားလိုက်ပါ"

မိုက်ကယ်က လိပ်စာကတ်လေးပေးကာ အားလုံးကို လှည့်ပြီးနှုတ်ဆက်လေသည်။

"သား . . . အဖေပြန်ဦးမယ်"

"အဖေရဲ့ မျှော်လင့်ချက်တွေ ပြည့်စုံသွားလို့ မနက်ဖြန်ပဲ အင်္ဂလန်ပြန်တော့မယ်"

"အားလုံးကို နှုတ်ဆက်ခဲ့ပါတယ်"

မိုက်ကယ်က နှုတ်ဆက်ပြီး ကားဆီသို့ ထွက်လာခဲ့လေသည်။

ဖိုးတူးနဲ့ အားလုံးက နောက်မှလိုက်ခဲ့ပြီး ကားပေါ်သို့တက်ပြီး ခြံထဲမှ ထွက်သွားသည်အထိ နှုတ်ဆက်ကြလေသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၁၆ )

## အိပ်မက်လေလား၊ တကယ်လား

ယနေ့ညတွင်ပင် ဖိုးတူးမှာ အိပ်မပျော်နိုင်ဘဲ ရှိနေသည်။ မနက်တုန်းက အဖေရဲ့မျက်နှာလေးနှင့် အဖေမေးသွားသော ငွေများကိုကြည့်ပြီး မျက်ရည်ကျမိသည်။ သူ့အနေနဲ့ လူမှန်းသိတတ်စမှ ယခုအထိ အဖေဆိုတာ မမြင်ဖူးခဲ့ပါ။ မြင်ဖူးပြန်တော့ အဖေနဲ့အတူ မနေရဘဲ သံယောဇဉ်နှောင်ဖွဲ့များဖြင့် ရစ်နှောင်ခံခဲ့ရပြီ မဟုတ်ပါလား။

တစ်ဖက်က အဖေ . . .

တစ်ဖက်က ကျေးဇူးရှင်တွေ . . .



ငါဆုံးဖြတ်တာ မှန်ကန်ရဲ့လား . . .

ဖိုးတူးမှာ မိမိဆုံးဖြတ်ခဲ့တာ မှန်ကန်မှုရှိရဲ့လားဆိုပြီး မိမိကိုယ်ကို ပြန်မေးနေမိသည်။ စဉ်းစားရင်း ဖိုးတူးတစ်ယောက် မှေးခနဲ အိပ်ပျော်သွားခဲ့သည်။

"မောင်ဖိုးတူး . . . မောင်ဖိုးတူးရေ"

ဖိုးတူးမှာ သူ့ကိုခေါ်သံကြား၍ လန့်ကာနိုးသွားသည်။

"ဟာ . . . ဆရာကြီးပါလား ဘာကိစ္စများရှိလို့လဲ"

"ကိစ္စကတော့ ကျုန်တဲ့ ပေတာတစ်စုံ မနက်ဖြန်မင်းသွားယူမှ ဖြစ်တော့မယ်။ ဒါမှမဟုတ်ရင် သူတို့က မင်းဆီမှာ လာယူလိမ့်မယ်"

"ကျုန်တဲ့ ပေတာတစ်စုံက ဘယ်မှာသွားယူရမှာလဲ ဆရာကြီး"

"ကျုန်တဲ့ပေတာတစ်စုံက ငါ့ရဲ့ညီဖြစ်တဲ့ တင်ထွန်းဆီမှာပဲ အခု တင်ထွန်းက ထောင်ကထွက်လို့ အိမ်ရောက်နေပြီ"

"မောင်ဖိုးတူးက အကျိုးအကြောင်းပြောပြပြီး သွားယူပေတော့"

"ဟုတ်ကဲ့ . . . ဆရာကြီး"

ထိုအခါ ဆရာကြီးဆိုသူက ရုတ်တရက် ပျောက်

www.burmeseclassic.com



ကွယ်သွားလေသည်။ မောင်ဖိုးတူးလည်း အိပ်ရာမှ လန့်နိုးကာ ကြောင်နေမိသည်။

"အင်း . . .ဆရာကြီးကတော့ ငါ့ကိုလာပြီး သတိပေးနေပြီ။ ဒီပေစာတွေကိစ္စကို ငါ့အနေနဲ့ အမြန်ဆုံး ဆောင်ရွက်မှ ဖြစ်တော့မယ်"

ဖိုးတူးလည်း အိပ်ရာမှလန့်နိုးပြီး နာရီကို လှမ်းကြည့်မိသည်။ အချိန်က ၄နာရီပဲ ရှိသေးသည်။ အချိန်က စောနေသည်။ ဒါပေမဲ့ အိပ်မပျော်တော့တဲ့အတွက် သစ်ပင်များရေလောင်းဖို့ကိစ္စ ပြင်ဆင်ရတော့သည်။ ထိုအခါ ဖိုးတူးသည် အိမ်ကြီးဆီသို့ လှမ်းကြည့်လိုက်သည်။ အားလုံး အိပ်နေကြသည်။

ထိုအချိန်တွင် အိမ်ကြီး၏အနောက်ဘက်မှ လူရိပ်တစ်ခုကို အမှတ်မထင် တွေ့လိုက်ရသည်။ ဖိုးတူးလည်း အသာလေး အိမ်ကြီးနားသို့ကပ်ကာ ဇင်းအရိပ်နဲ့ နီးနိုင်သမျှ ဇင်းအရိပ်နားသို့ ရောက်သောအခါ သေချာကြည့်လိုက်တော့ ခင်စိန်ဖြစ်နေတာ သိလိုက်ရသည်။ ဖိုးတူးလည်း ဘာများဆက်ပြီး ထူးခြားမလဲဆိုတာ ဆက်ပြီးကြည့်နေလိုက်သည်။

ထိုအခါ ခင်စိန်သည် အိမ်၏အနောက်ဘက်အပြင်သို့ ထွက်သော မလှွယ်ပေါက်နားသို့ ရောက်သွားပြီး





အပြင်သို့ လှမ်းကြည့်လိုက်သည်။ ထိုအချိန်တွင် မလှွယ်ပေါက် အပြင်ဘက်မှ လူတစ်ယောက်က ခင်စိန်နား ကပ်လာပြီး စကားများပြောနေကြသည်။ ပြီးနောက် ခင်စိန်က အိမ်ကြီးနားသို့ပြန်လာပြီး အိမ်ထဲသို့ ဝင်သွားလေသည်။

ဖိုးတူးလည်း ခင်စိန်နှင့် တွေ့သောသူမှာ မည်သူလဲ။ ဘာကိစ္စများ ခင်စိန်နှင့် လာတွေ့တာလဲ။ ခင်စိန်တစ်ယောက် ရိုးမှရိုးသားရဲ့လား ဒီအတိုင်းဆိုရင် ခင်စိန်ကိုလည်း သတိထားရတော့မယ်။ မျက်ခြေမပြတ်လိုက်ပြီး စောင့်ကြည့်ရမှာပဲ . . .

"အင်း . . . အခုဒေါ်နဲ့ ညီမလေးတို့မှာ အပြင်ရန်ရော အတွင်းရန်ပါ ရှိနေပြီ မဟုတ်ပါလား။ ငါသာမရှိရင် သူတို့တော့ ဒုက္ခရောက်မှာ။ ဆရာကြီးဆီမှာရှိတဲ့ ပေစာပုရပိုက်တွေကြောင့် အန္တရာယ်တွေ ဝိုင်းဝိုင်းလည်နေသည် ဒီကိစ္စကို မြန်မြန်အကောင်အထည်ဖော်မှ ဖြစ်တော့မည်"

မနက်ဖြန် ညီမလေးကျောင်းပို့ပြီး ဒီကိစ္စအတွက် မြို့ထဲမှာ သွားစုံစမ်းမှ ဖြစ်တော့မယ်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၇ )

## ဝေစာနောက်လိုက်ခြင်း

ဖိုးတူး မြို့ထဲသို့ ထွက်လာခဲ့သည်။

ဖိုးတူးတစ်ယောက် ကိုတင်ထွန်းဝေထောင်က လွတ်သွားပြီဆိုတဲ့သတင်း ကြားသိလိုက်ရသည်။ ဒါပေမဲ့ သူ၏ အိမ်သို့မပြန်သေးဘဲ ပဲခူးမြို့ရှိ သူ၏သူငယ်ချင်း အိမ်တွင် နေထိုင်သည်ဟုလည်း သတင်းရခဲ့သည်။ သူ၏ သူငယ်ချင်းဆိုတာလည်း ကြွက်နီပဲ ဖြစ်လိမ့်မည်။ သူတို့တွေ ဘယ်မှာများနေပါလိမ့်။

ဖိုးတူးတစ်ယောက် မြို့ထဲ၌ ဝယ်စရာရှိတာများ



ဝယ်ခြမ်းပြီး အိမ်သို့ပြန်ရန် ကားမှတ်တိုင်သို့ လာခဲ့သည်။ အိမ်က တားကိုတော့ သူ မယူခဲ့ပါ။ ကားပါရင် သွားရလာရတာ မလွတ်မလပ်ဖြစ်မှာစိုးလို့ အိမ်၌ပြန်ထားခဲ့သည်။ ကားထားခဲ့တာလည်း ကောင်းသည်။ ဒါမှလည်း သူ့အနေနဲ့ လွတ်လွတ်လပ်လပ် သွားရလာရသည် မဟုတ်ပါလား။

ထိုအခါ သူစဉ်းစားမိသည်။ ဘုရားပေါ် တစ်ခေါက်လောက် ပြန်သွားချင်မိသည်။ ဒါကြောင့် ပဲခူးရွှေမော်ဓော ဘုရားပေါ်သို့ တက်လာမိခဲ့သည်။ ဘုရားဝတ်ပြုပြီး ဘုရားသိမ်တစ်ခုရဲ့ အတွင်းဘက်တွင် ခဏနားကာ စဉ်းစားနေမိသည်။

ထိုအချိန်တွင် ဘုရားပတ်ဝန်းကျင်သို့ အကဲခတ်လိုက်သောအခါ လူနှစ်ယောက် သူနားသို့ လျှောက်လာနေတာ တွေ့လိုက်ရသည်။ ဒါပေမဲ့ ၎င်းလူနှစ်ယောက်သည် သူနဲ့ ခပ်လှမ်းလှမ်းမှာ ရှိနေသေးသည်။ သူ့ကိုတော့ မြင်ဟန်မတူပါ။ ဒါကြောင့် ဖိုးတူးလည်း ဘုရားရဲ့ အတွင်းဘက်သို့ တိုးဝင်ပြီး ကျောက်ဆင်းတုနောက်၌ ပုန်းနေလိုက်သည်။

ထိုအခါ တော်ကြာက လူနှစ်ယောက်လည်း သူထိုင်ခဲ့သော ဘုရားအိမ်ရဲ့ အရှေ့လှေကားထစ်တွင်ထိုင်ကာ

"ဟိတ်ကောင် ကြွက်နီ။ ညကကိစ္စ သေသေ

www.burmeseclassic.com

www.burmeseclassic.com



ချာချာ ရှိန်းခဲ့ရဲ့လား၊ အရင်တစ်ခါလို ဖြစ်နေဦးမယ်၊ ဒီတစ်ခါ မအောင်မြင်ရင်တော့ မင်းနဲ့ငါ လမ်းခွဲပဲ"

"သေချာပါတယ် အစ်ကိုရာ၊ ကျွန်တော့် ကောင်မလေးကို ကျွန်တော်ပိုင်ပါတယ်၊ ဆရာသာ ဝေစုခွဲပေးဖို့ မမေ့ပါနဲ့"

"အေးပါကွ . . . ငါနားလည်ပါတယ်"

"အခုက . . . ငါ့မှာက ပေစာတစ်စုံပဲရှိတယ်။ ငါ့ရဲ့အစ်ကိုကြီးဆီမှာ ကျန်တာအားလုံး ရှိတယ်လို့ ငါသိခဲ့ရတယ် ခက်နေတာက ဟိုကောင် ဖိုးတူးက ကြားဝင်ရှုပ်နေတယ်၊ ပြီးတော့ အစ်ကိုကလည်း ဆုံးသွားပြီဆိုတော့ ပေစာတွေ ဘယ်မှာထားမှန်းမသိ ဖြစ်နေတယ်၊ တောကို ပြန်ယူတဲ့ ပေစာတွေလည်း ဘယ်လိုရောက်နေသလဲဆိုတာ ငါစဉ်းစားမရ ဖြစ်နေတယ်"

"ဟာ . . အစ်ကိုကလည်း တောကရတဲ့ ပေစာက မောင်ဖိုးတူးသိမှာပေါ့၊ သူ့ကို ဖမ်းပြီးမေးရင်တော့ မရနိုင်ဘူးလား"

"အဲဒါကတော့ လွယ်ပါတယ်၊ လောလောဆယ်တော့ အိမ်ထဲမှာရှိတဲ့ ပေစာတို့ကို အရင်ရအောင် ယူရမယ်၊ နောက်မှ ဖိုးတူးကိုဖမ်းပြီး ကျန်တာမေးလိုက်ရင် ရပြီပေါ့၊ တို့တွေချမ်းသာပြီ"





ဖိုးတူးလည်း သူတို့ပြောနေသော စကားကိုကြားရတဲ့အတွက် သူသိချင်သောအကြောင်းအရာတွေ သူသိခဲ့ရသည်။ ဘုရားပေါ်လာခဲ့တာ ငါ့အတွက် အကြောင်းအရာတွေ ပိုသိခဲ့ရပြီပေါ့၊ ငါလည်း သတိထားမှ ရတော့မယ် ဒီအတိုင်းဆို မလွယ်ဘူး။ ဒါပေမဲ့ သူတို့ ငါ့ကို သေအောင်လုပ်ရုံမှာ မဟုတ်ဘူး၊ ဘာကြောင့်လဲဆိုတော့ ဆီမှာရှိတဲ့ ပေစာတစ်စုံ သူတို့ လိုချင်နေတာ

ဆရာကြီးနဲ့သူ တောကရခဲ့တဲ့ ပေစာကို သူ့အနေနဲ့ စိတ်မချ၍ ရွာအစ . . . ယူမြှုပ်ခဲ့တာ ခပ်ကောင်းကောင်းပဲ၊ မဟုတ်ရင် ဒီပေစာ . . . သူတို့ရသွားရင် မလွယ်ဘူး။

အခုတော့ ဒေါ်ဒေါ်နဲ့ ညီမလေးမှာ အန္တရာယ်ရှိနေပြီ၊ ငါတော့ ဂရုစိုက်ရတော့မယ်၊ ယုတ်မာလိုက်တဲ့ တင်ထွန်းရယ်။ ကိုယ့်ရဲ့ တစ်ဝမ်းကွဲအဒေါ်နဲ့ညီမအပေါ်မှာတောင် လောဘဇောတက်နေပါလား၊ ဒီပေစာမှာ ဘာများပါလို့လည်း ရတနာဘယ်လောက်များများ ရှိနေလို့လဲ။

ဒီအတိုင်းဆိုရင် ဒီပေစာတွေကို ငါမိတ္တူကူးပြီး ယူထားမှ ဒီပေစာတွေသာ သူတို့လက်ထဲရောက်သွားရင် တိုင်းပြည်အတွက် ရတနာတွေ အဖိုးမဖြတ်နိုင်တဲ့ ရှေးဟောင်းအမွေအနှစ်တွေပါသွားရင် မလွယ်ဘူး။

ဒီကောင်တွေကတော့ ဘယ်သူသေသေ ငတေ



www.burmeseclassic.com

www.burmeseclassic.com



မာရင်ပြီးရော ဆိုတဲ့ကောင်တွေ။ မင်းတို့တော့ အကုသိုလ်ကံအကျိုးပေးမှာ။

ဖိုးတူးတစ်ယောက်တစ်ယောက်တည်း စိတ်ထဲရှိတာ တွေးပြီးရှိနေခိုက် . . .

"လာ . . . ကြွက်နီ တို့တွေ မနက်ဖြန် လုပ်ငန်းစရအောင်"

"ဟုတ်ကဲ့ . . အစ်ကို"

"တို့တည်းတဲ့ ရွာထဲသွားရအောင်"

ကြွက်နီနဲ့ တင်ထွန်းတို့ သူတို့ကိစ္စတိုင်ပင်ပြီး၍ နေတဲ့ဆီကို ပြန်ခဲ့ကြသည်။ ထိုအခါကျမှ ဖိုးတူးလည်း ပုန်းနေရာက ထွက်ခဲ့ပြီး တစ်အောင့်ကြာ အိမ်သို့ ပြန်ခဲ့လေသည်။ သူ့အနေနဲ့ ဘုရားပေါ်သို့ တက်ခဲ့တာ အကျိုးရှိသွားသည်။

ဒီအတိုင်းဆိုရင် တင်ထွန်းတို့ ဒေါ်ဒေါ်တို့ဆီကို တစ်နေ့နေ့တော့ လာလိမ့်မယ်။ ငါတော့ သတိဝီရိယနဲ့ စောင့်ကြည့်ရမယ်။ ငါ့အနေနဲ့ တင်ထွန်းဆီမှာရှိတဲ့ ပေတယူဖို့ကိစ္စ ဘယ်လိုလုပ်ရမလဲ။ တင်ထွန်းကိုတွေ့ပြီး စည်းရုံးရင် ကောင်းမလား။ ဒါမှမဟုတ် သူ လာစည်းရုံးတာ လက်ခံရမလား။ ဒါပေမဲ့ တင်ထွန်းကတော့ လာစည်းရုံးမှာ မဟုတ်ဘူး။ တစ်ဦးတည်းလိုချင်နေတဲ့သူဆိုတော့ စည်းရုံး





တာ လက်ခံမှာ မဟုတ်ဘူး။ ဘယ်လိုလုပ်ရင် ကောင်းမလဲ။

ဖိုးတူးတစ်ယောက် စဉ်းစားရင် အချိန်လင့်လာသည်။ အိမ်ပြန်ဖို့ သတိရသွားသည်။

"ဟော . . . ညီမလေးကျောင်းကြီးကို ပြန်ရဦးမယ်။ ဒါတွေနောက်မှပဲ စဉ်းစားတော့မယ်"

ဖိုးတူး အိမ်သို့ပြန်လာပြီး ကားထုတ်.ဟ မိမိခိုင်ကျောင်းကို မောင်းလာခဲ့လေသည်။ မိမိခိုင်ကတော့ သူ့ကို အဆင်သင့် စောင့်နေသည်။

"အစ်ကို နေ.. ကျလှချည်လား"

"အစ်ကို . . . ဘုရားပေါ် ခဏသွားနေလို့ပါ။ ပြီးတော့ မြို့ထဲမှာ ဝယ်စရာရှိတာလေးများလည်း ဝယ်နေလို့ပါ"

"ဒါနဲ့ အစ်ကို မနက်ဖြန် အစ်ကိုရဲ့ အဖေပြန်မယ့်နေ့နော်။ လိုက်ပို့ရဦးမလား"

"လိုက်ပို့ရမှာပေါ့။ အဖေနဲ့ အခုမှ စတွေ့တာ။ အခုတော့ ပြန်မယ်ဆိုတော့ အစ်ကိုမပို့ရင် ဘယ်သူပို့မှာလဲ"

"ဒါလည်းဟုတ်တာပဲ ဒါနဲ့အစ်ကို မနက်ဖြန် ညီမလေး ကျောင်းမတက်တော့ဘူး။ အစ်ကိုနဲ့အတူ လိုက်ပို့ချင်တယ်။ ကားယူသွားတာပေါ့။ ပဲခူးနဲ့ ရန်ကုန်ဆိုတော့ ခနရှိကျော်ပဲ ကြာတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ညီမလေး လိုက်ချင်လို့လား"

"အင်း"

ဖိုးတူးက ကားရဲ့ နောက်ကြည့်မှန်မှ မိမိနိုင်၏ မျက်နှာလေးကို လှမ်းကြည့်လိုက်သည်။ (အင်း)ဟု ပြောလိုက်သော မိနိုင်ရဲ့ မျက်နှာလေးနှင့် ဖိုးတူးအကြည့်တို့ တစ်ပြိုင်နက်တည်း ဖြစ်သွားလို့ မိမိနိုင်တစ်ယောက် ရှက်သွေးဖြာသွားပုံကို ဖိုးတူးတစ်ယောက် ရန်စုန်သွားမိသည်။

ကားလေး အိမ်သို့ရောက်လာသည်။ အိမ်ရှေ့တွင် ဒေါ်သူဇာက သမီးအလာကို ထွက်ကြိုနေတာ တွေ့ရလေသည်။

× × ×





အခန်း ( ၁၈ )

## ပေစာများ ဘယ်ရောက်နေလဲ

ယနေ့ ဖိုးတူး၏ဖခင် မိုက်ကယ်ဒေါ်နယ် ပြန်မယ့်နေ့ဖြစ်သည်။ ဖိုးတူးနဲ့ မိနိုင်တို့နှစ်ယောက် မိုက်ကယ်တည်းခိုသော ဟော်တယ်သို့ ရောက်လာခဲ့သည်။ မိုက်ကယ်က သားလာမယ်ဆိုလို့ အဆင်သင့်စောင့်နေမိသည်။ ဒီကနေ ရန်ကုန်ထိ ကားမောင်းရဦးမည် မဟုတ်ပါလား။ မိမိတို့က လေယာဉ်အချိန်ကို ကြိုတင်ရောက်နေဖို့ လိုသည်။

"တီ . . . တီ"



www.burmeseclassic.com

www.burmeseclassic.com



ကားလေး ဟိုတယ်ဆင်ဝင်အောက်သို့ ရောက်လာခဲ့သည်။ ဖိုးတူးနဲ့ မိနိုင်တို့က ဧည့်ကြိုကောင်တာဆီသို့ သွားပြီး မိုက်ကယ်အခန်းနံပါတ်ပြောကာ ရောက်နေပြီဆိုတဲ့အကြောင်း သတင်းပို့လေသည်။

ခဏကြာတော့ မိုက်ကယ်တစ်ယောက် ဟော်တယ်ရဲ့လှေကားမှ ဖြည်းဖြည်းချင်း ဆင်းလာခဲ့သည်။ အသက်အားဖြင့် ၅၀ကျော်လောက်ရှိသော မိုက်ကယ်ဒေါ်နယ်သည် လူကြီးလူကောင်းတစ်ယောက်ပမာ ခန့်ခန့်ကြီး ရှိလေသည်။ ကြည့်လို့လည်း အလွန်ကောင်းသောသူတစ်ဦး ဖြစ်သည်။ မိုက်ကယ်ရဲ့ ရှပ်ဆင်းအင်္ကျီအားလုံး ဖိုးတူးတစ်ယောက်မှာလည်း လာပြီးစုနေသလားဟု ထင်မှားရလေသည်။

မိုက်ကယ်က သားဖိုးတူးဆီရောက်တော့ နိုင်ငံခြားသားတို့ရဲ့ ထုံးစံအတိုင်း သားအဖနှစ်ယောက် ဖက်လဲတကင်းပြုကာ ရင်ချင်းအပ်ပြီး နှုတ်ဆက်ကြလေသည်။

"သမီးလေးလည်း ပါလာတာကိုး။ အဖေကို လိုက်ပို့မို့လား"

"ဟုတ်တဲ့ . . . သမီးပါလိုက်ချင်လို့ ကိုဖိုးတူးကို ပြောထားတာ"

"ကောင်းတာပေါ့ သမီးလေးလည်းပါတော့ အဖေ





ပိုပြီး အားရှိသွားတာပေါ့"

"လာ . . . သား . . . သွားစို့ လေယာဉ်ချိန်နောက်ကျနေမယ်"

သူတို့၃လောက်သား တားပေါ်သို့တက်ကာ ရန်ကုန်မြို့တော်ဆီသို့ မောင်းခဲ့ကြလေသည်။

လေဆိပ်သို့ရောက်သော် လေယာဉ်ထွက်ရန် အချိန်စောနေသေး၍ သားအဖနှစ်ဦး လိုအပ်တာများ မှာကြားနေကြသည်။ မိမိနိုင်က သားအဖနှစ်ဦး လွတ်လွတ်လပ်လပ်ပြောကြရန် ဟိုနားဒီနား လျှောက်ကြည့်နေလိုက်သည်။

ထိုအခါ စပီကာမှ လေယာဉ်ခရီးသည်များသို့ လေယာဉ်ပေါ်တက်ကာ နေရာယူပေးထားပါရန် အကြောင်းကြားနေသည်။ ထိုအခါကျမှ မိမိနိုင်လည်း ဖိုးတူးတို့နားလာကာ မိုက်ကယ်ကို လေယာဉ်နားသွားသော လမ်းကြောင်းနားထိ လိုက်ပို့ကြသည်။

ဖိုးတူးနဲ့ မိနိုင်တို့ လေယာဉ်ထွက်ပြီးမှ ပဲခူးသို့ ပြန်ခဲ့ကြသည်။

ကားလေး အိမ်ရှေ့သို့ရောက်သော် ကားဟွန်းတီးလိုက်သည်။

"တီ . . . တီ"

www.burmeseclassic.com

www.burmeseclassic.com



"တီ . . . တီ"

ကားဟွန်းနှစ်ခါတီးသည့်အထိ အိမ်ထဲမှ တစ်ယောက်မှ ထွက်မလာပါ။ ဒါနဲ့ ဖိုးတုးလည်း မသက်သာ၍ ခြံဝမှ အိမ်ထဲသို့ လှမ်းကြည့်လိုက်သည်။ ထူးခြားမှု ဘာမှမရှိပါ။ ဒါနဲ့ ဖိုးတုးလည်း ခြံတံခါးကို ကျော်ခွ၍ အိမ်နားသို့ တဖြည်းဖြည်းချင်း ကပ်လာသည်။

အိမ်ထဲသို့ ပြတင်းပေါက်မှ ချောင်းကြည့်လိုက်သောအခါ ဧည့်ခန်းတွင် အမျိုးသမီး ၃ဦးစလုံးကို ကြိုးနဲ့တုပ်ထားတာ တွေ့ရလေသည်။ ကြိုးနဲ့တုပ်သည့် လူတွေတော့ မတွေ့တော့ပါ။ ဒါနဲ့ ဖိုးတုးလည်း အိမ်နောက်ဖေးပေါက်မှ ဝင်ခဲ့လေသည်။

"ဟင် . . . အဒေါ်မှာလည်း သွေးတွေနဲ့ပါလား"

"ဒေါ်ထား ဘယ်လိုဖြစ်တာလဲဗျာ"

ပြောလည်းပြော သူတို့၃ဦးစလုံးကို ကြိုးများလည်း ဖြေပေးလိုက်သည်။

"ခင်စိန် ခြံဝမှာ ကားရပ်ထားတယ်။ တံခါးသွားဖွင့်ပေးလိုက်"

"ဟုတ်ကဲ့ . . . အစ်ကိုလေး"

ဖိုးတုးလည်း အဒေါ်ရဲ့ခေါင်းမှာ သွေးများတိတ်အောင် အရင်လုပ်ပေးပြီး အားလုံးပြီးသွားမှ . . .





"ဘယ်လိုဖြစ်တာလဲ ဒေါ်ဒေါ်"

"မောင်ဖိုးတုးတို့ ကားလေးထွက်သွားပြီး သိပ်မကြာပါဘူး။ လူဆိုးနှစ်ယောက် မျက်နှာဖုံးစွပ်နဲ့ ဝင်လာကြတယ်။ အဒေါ်တို့ကို အားလုံးခေါ်ထုတ်ပြီး ကြိုးနဲ့တုပ်တော့တာပဲ"

"ပြီးတော့ ဦးလှမောင် သိမ်းထားတဲ့ ပေစာတွေ ဘယ်မှာထားလဲ မေးတယ်။ အဒေါ်လည်း ဘာမှမသိလို့ မသိဘူးပြောတာ သူတို့က ခေါင်းကိုရိုက်ပြီး မေးတော့တာပဲ။ ပြီးတော့ အပေါ်ထပ်တက်ပြီး ရှာဖွေတော့တာပဲ။

ဒါပေမဲ့ ဘာမှရမသွားဘူး။ ခြံဝက ကားဟွန်းသံကို မင်းတို့ရောက်တာတွေ့လို့ အိမ်နောက်ဖေးမှ ထွက်ပြေးသွားကြတာပဲ"

ဖိုးတုးလည်း ဒေါ်ဒေါ်ပြောသော စကားကို နားထောင်ပြီး အပေါ်ထပ်သို့တက်ပြီး ဆရာထားခဲ့သောနေရာကို ကြည့်လိုက်သည်။

ဘာမှ လက်ရာမပျက်ဘဲ ရှိနေသေးသည်။ သူတို့ရမသွားဘူးဆိုတာ သေချာသွားပြီ။ ဒါပေမဲ့ နောက်တစ်ခေါက်တော့ လာဦးမှာပဲ။

"ဒါနဲ့ဒေါ်ဒေါ် ကျွန်တော် သန်ဘက်ခါ ခရီးသွားဦးမယ်။ ဒေါ်ဒေါ်တို့ကို သူတို့ထပ်ပြီး လာရှာဦးမှာပဲ။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကျေနပ်မှာ မဟုတ်ဘူး။ အဲဒီအခါကျရင် ကျွန်တော်ပဲ သိတယ်လို့ပြောလိုက်။ ကျွန်တော်ဆီကိုပဲ လွှဲချလိုက်"

ဖိုးတူးလည်း ဦးလှမောင်ထားခဲ့နေရာကို ဒေါ်သူဇာကိုလည်း မပြောပါ။ သူပဲသိထားတယ်ဆိုတော့ သူ့ဘက်သို့ လှည့်လာမှာ ကျိန်းသေတယ်။

မိမိနိုင်လည်း အမေခေါင်းကို ရိုက်ခံရတာသိတော့ နည်းနည်းတော့ ကြောက်သွားမိသည်။ ဖိုးတူးပြောပုံရဆိုရင်လည်း ဖိုးတူးအပေါ် စိတ်မချဖြစ်မိသည်။ ဖိုးတူးကို တစ်ခုခုလုပ်လိုက်လျှင် သူတို့သားအမိ အားကိုးစရာမရှိ ဖြစ်တော့မည်မဟုတ်ပါလား။

"အစ်ကို . . . မနက်ဖြန် ခရီးသွားရင် သတိဝီရိယနဲ့ သွားပါနော်"

မိမိနိုင် သူ့ကိုကြည့်ပြီး ပြောလိုက်သော မျက်နှာလေးကို ဖိုးတူးတစ်ယောက် နားလည်လိုက်သည်။ စိတ်မချသော မျက်နှာလေး စိုးရိမ်နေသော မျက်နှာလေးမှန်း ဖိုးတူး သိလိုက်သည်"

"အင်း . . . စိတ်ချပါ ညီမလေးရယ် အစ်ကို သတိထားပါ့မယ်"

ဖိုးတူးလည်း အားလုံးကိစ္စများပြီး၍ မိမိနေသော အခန်းသို့ နားရန်ပြန်ခဲ့သည်။





အခန်း ( ၁၉ )

## ဒုတိယအကြိမ် ပေတာပြန်ပေးရခြင်း

ဖိုးတူးတစ်ယောက် မနက်စောစောကြီး အိမ်မှထွက်ခဲ့သည်။ မိမိဘယ်သွားမယ်ဆိုတာ အဒေါ်နဲ့ မိနိုင်သာ သိသည်။ ကျန်လူများကို မပြောပါ။ အထူးသဖြင့် ခင်စိန်သိရင် မလွယ်ပါ။ ဒါကြောင့် နံနက်စောစော အိမ်မှထွက်ခဲ့သည်။ သူထွက်သည့်အချိန်တွင် ဘယ်သူမှ မနိုးသေးပါ။

အဝေးပြေးဂိတ်သို့ရောက်လျှင် ကားများမထွက်သေးပါ။ ကားထွက်ရန် စောသေးသဖြင့် ကော်ဖီတစ်ခွက် ဝင်သောက်ရန် ကားဂိတ်နှင့်နီးသောဆိုင်သို့ ဝင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်းဆိုင်သည် အိန္ဒိယကုလားများ ဖွင့်သောဆိုင် ဖြစ်သည်။ ဖိုးတူးဆိုင်ထဲ ဝင်လာသောအခါ ကုလားလေး တစ်ယောက် အသက်အားဖြင့် ဆနစ်ခန့်သာ ဖြစ်မည်ဟု ထင်သည်။

"ဆရာကြီး ဘာသောက်မလဲ"

"လက်ဖက်ရည် ကျကျလေး တစ်ခွက်ပေးကွ။ နံပြားတစ်ချပ်ပါ လုပ်ခဲ့"

"ဟုတ်ကဲ့ . . . ဆရာကြီး"

ကုလားလေးထွက်သွားပြီး လက်ဖက်ရည်ဖျော်တဲ့ ဆီသွားပြီး မှာကြားတာ ကြားနေရသည်။ ထိုအခါ လက်ဖက်ဆိုင်ထဲသို့ လူနှစ်ယောက်ဝင်လာသည်။ ရင်းလူနှစ်ယောက်ကို ကြည့်ရတာ မသင်္ကာဖြစ်မိသည်။ တစ်ယောက်က ထန်းလက်ဦးထုပ် ဆောင်းထားသည်။ လွယ်အိတ်တစ်လုံးပါ လွယ်ထားသည်။ ကျန်တစ်ယောက်ကတော့ ဘာမှ မဆောင်းထားပါ။ သူတို့နှစ်ဦး သူနားက စားပွဲတွင် ဝင်ထိုင်လိုက်သည်။

သူတို့နှစ်ဦး ထိုင်ပြီးနောက် စားပွဲထိုးကုလားလေးက . . .

"ဆရာတို့ ဘာများ သုံးဆောင်ကြမလဲ"

ဦးထုပ်ဆောင်းထားသော သူက . . .





"လက်ဖက်ရည် နှစ်ခွက်ပေးကွ။ အကြော်ကြွေး ရှိရင် ချ"

"ဟုတ်ကဲ့ . . . ဆရာတို့"

"ဖိုးထောင် တို့ယခု ဂုနာရီထွက်မယ့်ကားနှင့် လိုက်ရအောင်။ ဟိုမှာ သူတို့စောင့်နေမယ်လို့ပြောတယ်"

ဦးထုပ်ဆောင်းတဲ့သူက ကျန်တစ်ယောက်ကို ပြောလိုက်သည်။

"ဟုတ်ကဲ့ ဒါနဲ့အစ်ကို ကျွန်တော်တို့က ဘယ်သူ့ကို စောင့်ရမှာလဲ။ ဘာလုပ်ရမှာလဲ"

ဖိုးထောင်ဆိုတဲ့လူက ဦးထုပ်ဆောင်းတဲ့သူကို ပြန်မေးလိုက်သည်။

"အဲဒါ . . . ငါလည်း အတိအကျမသိဘူးကွ။ ဟိုရောက်မှ သူတို့ကပြမှာ။ ပြီးရင် ငါတို့က သူ့ဆီကပစ္စည်း ပြန်လုပေးရုံပဲ။ ပစ္စည်းရရင် သူတို့လက်ထဲ အပ်ရမှာ။ အပ်ပြီးရင် ငါတို့ကို လုပ်အားခကောင်းကောင်းရမှာကွ"

"ဒါနဲ့ အဲဒီလူက ဒီနေ့လာမယ်လို့ ပြောလို့လား။ ကျိန်းသေရဲ့လား"

"ကျိန်းသေပါတယ်။ သူဒီနေ့လာမယ်လို့ အတိအကျ သိထားလို့ တို့ကို လွှတ်တာပေါ့ကွ"

"ဒါနဲ့ ကိုကျန်။ သူ့ဆီက ဘာပစ္စည်းယူရမှာ



www.burmeseclassic.com

www.burmeseclassic.com



လဲ၊ ဘာတွေမို့လို့လဲ"

ထိုအခါ ကိုကျန်ဆိုသူက . . .

"ငါလည်း အတိအကျ မသိဘူးကွ၊ သူ့ဆီက ပေစာဆိုလား ပုရပိုက်ဆိုလားပဲ"

"ဒင်းပေစာ ပုရပိုက်တွေက ဘာလုပ်မလို့လဲ"

"ငါဘယ်သိမလဲကွ၊ ငါမှ တစ်တော်တာ၊ ငါက လုပ်အားခရရင်ပြီးပြီ၊ မင်းပါရစေချင်လို့ တို့နှစ်ယောက်လုပ်မှာလို့ ပြောထားတာ"

"အေးလေ . . . ကျွန်တော်တို့ လုပ်အားခရရင် တော်ပြီ၊ သူတို့ဟာ သူတို့ဘာပဲဖြစ်ဖြစ်"

"တား . . . ဖိုးထောင်၊ ဂုနာရီထိုးတော့မယ်၊ ကားထွက်သွားဦးမယ်"

ထိုအခါ ဖိုးတူးက သူနားက လူများဖြစ်တဲ့ ဦးကျန်နဲ့ ဖိုးထောင်တို့ နှစ်ဦးပြောနေသောစကားကို ကြားလိုက်ရတဲ့အတွက် သူ့နောက်ကို လိုက်နေတယ်၊ သူသွားမယ့်လမ်းကို ကြိုသိနေကြတယ်ဆိုတော့ အတွင်းထဲမှာ သူလျှိုရှိနေပြီ၊

သူ့နောက်ကို လိုက်နေကြတယ်ဆိုတော့ တစ်နည်းတော့ကောင်းပါတယ်၊ ဒေါ်ဒေါ်နဲ့ မိမိနိုင်တို့မှာ အန္တရာယ်မရှိတော့ဘူးပေါ့၊ တောင်းတယ်၊ ငါ့နောက်ကို လိုက်လည်း





သူတို့ ငါ့ကိုသေအောင်လုပ်မှာ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ပေစာတွေက မစုံသေးဘူး၊ ငါ့ဆီမှာက ၄ ခုရှိတယ်၊ သူတို့ဆီမှာရှာ ၂ခုပဲ ရှိတော့ သူက သာနေသည်၊

ထိုအခါ ကားစပယ်ရာက . . .

"ခရီးသည်များ ခင်ဗျာ၊ တောင်ငူ ဂုနာရီ ကားထွက်တော့မှာမို့ ကားပေါ်သို့တက်ပြီး နေရာယူပေးကြပါရန် မေတ္တာရပ်ခံပါတယ်"

ဖိုးတူးလည်း လက်ဖက်ရည်ဖိုးရှင်းပြီး ကားပေါ်သို့ တက်သွားတော့သည်၊ ဦးကျန်နှင့် ဖိုးထောင်တို့ကတော့ သူ့နောက်မှ လိုက်လာလေသည်၊ ကားပေါ်သို့ ရောက်သောအခါ ဒင်းတို့နှစ်ဦးက သူ့ရဲ့နောက်နားက နေရာရကြသည်၊ ကားလေးသည် ဂုနာရီထိုးသောအခါ စထွက်ခဲ့လေသည်၊ ဖိုးတူးလည်း သူထားခဲ့သော ပေစာကို ဘယ်လို ယူရင်ကောင်းမလဲလို့ စဉ်းစားနေမိသည်၊ သူသွားမယ့်နေရာတွင် သူ့ကို စောင့်နေကြမည် မဟုတ်ပါလား၊ ဒါပေမဲ့ သူထားခဲ့သောနေရာတော့ သူတို့မသိပါ၊ ဒါပေမဲ့ သူတို့ကားဂိတ်က စောင့်နေမှာတော့ သေချာသည်၊ ဒီတော့ ငါက ဒင်းနေရာသို့မရောက်ခင် လမ်းမှာကြိုဆင်းမယ်၊ ဒင်းနေရာမှပဲ လာပြီး ကြုံတဲ့ကားနဲ့ စီးတာကောင်းမယ်၊

ဖိုးတူးလည်း သူ့၏အစီအစဉ်အတိုင်း မိမိသွားချင်



www.burmeseclassic.com

www.burmeseclassic.com



သောနေရာသို့ မရောက်ခင် လမ်းတစ်ဝက်တွင် ကြိုဆင်းလိုက်သည်။ ပြီးနောက် ကားလမ်းအတိုင်း လယ်ကွင်းမှဖြတ်ကာ သူထားခဲ့သော သချိုင်းကုန်းနားသို့ လာခဲ့လေသည်။ ပြီးနောက် ပေစာများဖော်ကာ ပြန်ခဲ့လေသည်။

သူသည်လာလမ်းအတိုင်း ပြန်ခဲ့ပြီး ကြုံတဲ့ကားဖြင့် ယနေ့ပဲ ချက်ချင်း ပြန်ခဲ့လေသည်။ ဒါပေမဲ့ ပဲခူးကားဂိတ်သို့ရောက်သော် သူမထင်ထားသော လူနှစ်ယောက်က သူ့နားကပ်လာပြီး ဓားဖြင့် အနောက်မှထောက်ကာ . . .

"ငြိမ်ငြိမ်လေး နေပေးပါ။ မင်းဆီမှာ ပါလာတဲ့ ပေစာပဲလိုချင်တယ်။ ကျန်တာဘာမှ မယူဘူး။ အသာတကြည်ပေးပါ။ မပေးရင်တော့ အိမ်မှာကျန်ခဲ့တဲ့ ဟိုသားအမိဖမ်းပြီး သတ်ပစ်မယ်"

ဖိုးတူးလည်း စဉ်းစားလိုက်သည်။ လူ့အသက်ထက် ဘာမှတန်ဖိုးမရှိဘူးဆိုတာ သူနားလည်သည်။ သူ့အနေကလည်း ပေစာများရဲ့ . . .

"တသားတချို့ကို သူကူးထားပြီးပြီမို့ သူတို့လက်ထဲပေးလိုက်ရင်လည်းရသည်။ သူတို့နဲ့ ထိုက်မှ သူတို့ရမှာပါ"

"အေး . . . ကောင်းပြီ အိမ်မှာရှိတဲ့ ဟိုသားအမိဘာမှ မလုပ်ဘူးဆိုရင် ပေးမယ်"

"ဒါဆိုရင် အိမ်နားရောက်မှပေးမယ်။ အိမ်ထဲသို့





လှမ်းကြည့်လို့ သူတို့ရှိနေရင်ပေးမယ်"

"မင်းစကားနှင့် မင်းတည်ပါစေ။ လာ . . . တို့မှာကားပါလာတယ်"

သူတို့ ၃ဦး အငှားကား တစ်စီးပေါ်တက်ကာ တရားသူကြီးအိမ်သို့ မောင်းလာခဲ့လေသည်။ အိမ်သို့ရောက်သော် ကားဟွန်းတီးလိုက်သည်။ အိမ်ထဲမှ ဒေါ်ထားထွက်လာပြီး . . .

"လာ . . . မောင်ဖိုးတူး ပြန်လာပြီလား"

"ဟုတ်ကဲ့ . . . ဒေါ်ထား ဒါနဲ့ အထဲမှာ ဒေါ်ဒေါ်နဲ့ မိမိခိုင်ရှိလား"

"ရှိပါတယ်ကွယ်"

ထိုအခါ ဖိုးတူးလည်း သူ့စကားနဲ့သူ ကားနားသို့ ပြန်လာပြီး သူ့အိတ်ထဲ လက်နှိုက်ကာ အထုပ်တစ်ထုပ်ကို ကားထဲ၌ထိုင်နေသော လူနှစ်ယောက်ကို လှမ်းပေးလိုက်သည်။ ၎င်းလူနှစ်ယောက်လည်း အထုပ်ကိုဖြေကြည့်လိုက်သည်။ ကျေနပ်သော မျက်နှာများဖြင့် . . .

"ကဲ . . . မင်းလည်းကျေနပ်ပြီ၊ တို့လည်း လိုတာရပြီဆိုတော့ပြန်ပြီ။ ကောင်းသော မင်္ဂလာဖြစ်ပါစေ"

× × ×



www.burmeseclassic.com

www.burmeseclassic.com



ပြန်လာသော ခြံဝရောက်တဲ့အထိ အားလုံးပြောပြလိုက်သည်။ ထိုအခါ ဒေါ်သူဇာက . . .

"မောင်ဖိုးတူးရယ် လူ့အသက်ထက် ဘာမှ အရေးမကြီးပါဘူး။ အသက်ကို ရန်မရှာတာပဲ ကျေးဇူးတောင်တင်ရဦးမယ်"

"ဒါနဲ့ ညီမလေးကော"

"ရှိပါတယ် မောင်ဖိုးတူး။ ကျောင်းသွားတယ်"

"အခေါက်ကို ပြောရဦးမယ်၊ ဆရာကြီးသိမ်းထားတဲ့ ပေစာတစ်စုံရှိသေးတယ်၊ အဲဒါတော့ သူတို့တစ်နည်းနည်းနဲ့ရအောင် ပြန်လာယူလိမ့်မယ်၊ ကျွန်တော်တော့ စိုးရိမ်နေပြီ၊ ဆရာကြီး သိမ်းထားတဲ့ ပေစာတစ်စုံရရင် သူတို့မှာ အားလုံးစုံသွားပြီ၊ ကျွန်တော်တို့တော့ ဂရုစိုက်ရတော့မယ်"

"အဲဒီတော့ မောင်ဖိုးတူး ဘာလိုလုပ်မှာလဲ၊ ဒီပေစာပါ သူတို့ကို ပေးလိုက်မှာလား"

"အသက်နှင့်ရင်းရင်တော့ ပေးရမှာပဲ ဒေါ်ဒေါ်၊ ဒါပေမဲ့ ပေစာပါ အကြောင်းကိုတော့ ကျွန်တော် ကူးထားလိုက်မယ်"

"ကျွန်တော်တို့လည်း တစ်နည်းနည်းနှင့် သွားရမှာပဲ"

"မောင်ဖိုးတူးရယ် အန္တရာယ်များလှပါတယ်"





ဖိုးတူးလည်းပေစာများ လူဆိုးလက်ထဲထည့်ပေးပြီး အိမ်ထဲသို့ ဝင်ခဲ့လေသည်၊ ဒါပေမဲ့ ပေစာမှာပါသော အကြောင်းအရာများ သူကူးရေးထားပြီးဖြစ်သည်၊ အိမ်ထဲသို့ရောက်သော် . . .

"ဒေါ်ဒေါ်တို့ ဘာမှမဖြစ်ဘူးနော်"

"မောင်ဖိုးတူးလည်း ဘာအန္တရာယ်မှ မဖြစ်ခဲ့ဘူးမဟုတ်လား"

"အဲဒီလိုပဲ ပြောရမှာပဲ"

"မောင်ဖိုးတူးရဲ့ စကားကလည်း တစ်မျိုးပဲ၊ အခေါ်ရင်တုန်လိုက်တာ အကျိုးအကြောင်းလေး ပြောပါဦး"

"ဒီလိုပါ အခေါ်"

ဖိုးတူးလည်း ဒီက သွားကတည်းက အဖြစ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ဒါပေ့ါ ဒေါ်ဒေါ်ရယ်။ ဒါပေမဲ့ ရှေးဟောင်းပစ္စည်းတွေ သူတို့လက်ထဲ မပါစေချင်လို့။ ကျွန်တော်သွားမှာပါ။ ရရင် တိုင်းပြည်ကိုအပ်မှာပါ"

ဖိုးတုးလည်း ဒေါ်သူဇာကို ရှင်းပြနိုင်သလောက် ရှင်းပြပြီး သူ့ရဲ့ ဆရာပြောထားခဲ့သော နေရာသို့ လာရှာသည်။ ဒေါ်သူဇာလည်း မောင်ဖိုးတုးရဲ့ လုပ်ရပ်ကို နားမလည်သလို ကြည့်နေသည်။ မောင်ဖိုးတုးလည်း ပေစာရှိသော ထားသောနေရာသို့ တစ်ခုခြင်း တဖြည်းဖြည်း ဖော်နေလေသည်။

သူ့ရဲ့ ဆရာကတော့ ပေစာထားသောနေရာကို သေသေချာချာ လျှို့ဝှက်စွာ သိမ်းထားနိုင်၍ ယခုထိ လူဆိုးများ ရှာမတွေ့တာပါ။ မောင်ဖိုးတုးကိုတော့ သေသေချာချာပြောပြထားလို့ မောင်ဖိုးတုးတစ်ယောက်သာ ထုတ်ယူနိုင်ခဲ့လေသည်။

ဖိုးတုးလည်း ပေစာများရပြီး အားရှင်း ကူးယူလိုက်သည်။ သူ့၌ရှိသော ပေစာများမှ တများသည် ပြည့်စုံသလောက်ရှိနေသည်။ ဒါကိုသိသော ဖိုးတုးက ဝမ်းသာသော အပြုံးဖြင့် ခေါင်းညိတ်နေမိသည်။

ဖိုးတုးတစ်ယောက် ညနေကျောင်းဆင်းချိန်တွင် မိမိနိုင် ကြိုရန် ကျောင်းသို့လာခဲ့သည်။ ကျောင်း၌ ကျောင်း





သားများ နည်းနည်းရှင်းနေသလို ဖြစ်နေသည်။ တစ်ယောက် ၀ နှစ်ယောက်စ ကျောင်းသားများတွေ့၍ မေးကြည့်သည်။

"ဒီက . . . ညီမတို့ ဒီနေ့ ကျောင်းအစောကြီးလွှတ်တာလား"

"ဟုတ်ကဲ့ . . . အစ်ကို။ အခုနကပဲ မိမိနိုင်ကို လူနှစ်ယောက် လာခေါ်သွားတာ တွေ့တယ်။ အစ်ကိုက အခုမှ ဘာဖြစ်လို့ လာတာလဲ"

"ဟင် . . . လူနှစ်ယောက် လာခေါ်သွားတယ် ဟုတ်လား"

ဖိုးတုးမှာ အံ့သြကာ မှင်သက်နေမိသည်။ ဒါတော့ မရိုးသားဘူးဆိုတာ သိလိုက်သည်။ သူနှုတ်ဆက်မေးလိုက်သော ကျောင်းသူနှစ်ဦးက သူနဲ့ မိမိနိုင်ကို လာကြိုနေကျဆိုတာ သိသည်။ ဖိုးတုးလည်း အချိန်မဆွဲတော့ဘဲ၊

"ဒါဆို ညီမတို့ အစ်ကိုလိုက်သွားလိုက်ဦးမယ်"

"ဟုတ်ကဲ့ . . . အစ်ကို"

ဖိုးတုးလည်း ကားပေါ်တက်ကာ အမြန်မောင်းလာခဲ့သည်။ အိမ်သို့ရောက်သော် . . .

"ဒေါ်ဒေါ် ညီမလေး ပြန်ရောက်ပြီလား"

"ဟင် . . . မောင်ဖိုးတုးပဲ သွားကြိုတာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ကျောင်းရောက်တော့ လူနှစ်ယောက် လာခေါ်သွားတယ်လို့ပြောတယ်။ အဲဒါ အိမ်များပြန်ရောက် နေပြီလဲလို့"

"မရောက်သေးပါဘူးကွယ်။ သမီးလေးများ တစ်ခုခု ဖြစ်နေပြီလား"

"လုပ်ပါဦး မောင်ဖိုးတူးရယ်"

"ကျွန်တော် ထင်သလို ဖြစ်နေပြီလား မသိဘူး"

"ဘာများလဲကွယ် အဒေါ်ရင်တုန်လိုက်တာ"

"လူဆိုးတွေများ ပေစာလိုချင်လို့ ညီမလေးကို ခေါ်သွားတာ ဖြစ်နိုင်တယ်။ သူတို့ ဘယ်နည်းနှင့်ဖြစ်ဖြစ် ညီမလေးတို့နဲ့ ပေစာ လဲလှယ်လုပ်လာလိမ့်မယ်။ အဲဒီအချိန်ကို ကျွန်တော်တို့ စောင့်နေရမှာပဲ"

ထိုအခါ ခြံရှေ့၌ လူတစ်ယောက် ခေါင်းလောင်းခေါက်သံ ကြားလိုက်ရသည်။ ခေါင်းလောင်းက အိမ်ထဲသို့ လူခေါ်ခေါင်းလောင်းဖြစ်သည်။ ခေါင်းလောင်းသံကြား၍ မောင်ဖိုးတူးနဲ့ ဒေါ်သူဇာပါ။ ခြံထဲသို့ ထွက်ကြည့်ကြသည်။ ထိုအချိန်၌ ခြံရှေ့တွင် လူတစ်ယောက်က စာအိတ်ထောင်ပြသည်။ မောင်ဖိုးတူးက စာပို့လုလင်အောက်မေ့ကာ အပြေးလာမိသည်။ ဂုဏ်လူနားရောက်သော . . .

"ဒီအစ်ကိုက ဒီခြံရှင်လား ခင်ဗျာ"





"ဟုတ်ပါတယ်"

"လူတစ်ယောက်က ကျွန်တော့်ကို စာပေးခိုင်းလို့ပါ"

ထိုအခါ ဖိုးတူးက စာအိတ်လှမ်းယူပြီး စာကို ဖွင့်ဖောက်ကြည့်သည်။

သို့ . . .

ဒေါ်သူဇာ

ဦးလှမောင် သိမ်းထားသော ပေစာတစ်စုံကို ကျွန်တော့်ဆီ လာပေးပါ။ မပေးရင်တော့ ဒေါ်သူဇာရဲ့ ချစ်သမီးလေး ကျွန်တော်တို့လက်ထဲမှာရှိတယ်။ ပေစာနဲ့ အလဲအလှယ် လုပ်မယ်။ ရဲကို အကြောင်းကြားရင် ဒေါ်သူဇာသမီးကို သတ်ပစ်မယ်။ ပေစာနဲ့ သမီး လဲလှယ်ဖို့အတွက် နေရာ အောက်မှာ ရေးထားသည်။

မနက်ဖြန်ညနေ ၆နာရီ ရွှေမော်ဓောဘုရား အနောက်ဘက်ဇရပ်မှာ တွေ့မယ်။ ရဲကို အကြောင်းကြားရင်တော့ ခင်ဗျားသမီးရဲ့ အသက်ပဲရမယ်။

ပုံ . . .

ဖိုးတူးလည်း စာဖတ်ပြီး ဂုဏ်စာလာပေးသူကို သတိမေ့နေသည်။ ထိုအခါ စာလာပေးသူကိုကြည့်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သောအခါ ထွက်သွားတာ မတွေ့လိုက်တော့ပါ။ ဖိုးတူးက စာဖတ်ပြီး ဒေါ်သူဇာကို ပြန်ဖတ်ပြလေသည်။

"မောင်ဖိုးတူး ဘယ်လိုလုပ်မလဲ"

"ဒေါ်ဒေါ်ရယ် သူတို့ပြောသလိုပဲ လုပ်ရတော့မှာပေါ့။ ညီမလေးရဲ့အသက်က ပိုအရေးကြီးတယ်"

ဖိုးတူးလည်း တစ်ခဏစဉ်းစားလိုက်သည်။ စဉ်းစားလို့ရပြီး ကျေနပ်သွားသည်။

× × ×





အခန်း ( ၂၀ )

## လူ့အသက်နဲ့ ပေစာလဲခြင်း

မောင်ဖိုးတူး ညနေ ၆နာရီရောက်အောင် စောင့်နေမိသည်။ သူစောင့်နေသည်မှာ ဘုရားပေါ်တွင်ဖြစ်သည်။ သူလည်း စောစောကတည်းက ရောက်နေပြီး ပတ်ဝန်းကျင်ကို အကဲခတ်နေသည်။ ဒါပေမဲ့ ဘာမှမထူးခြားပါ။ ညနေ ၆နာရီထိုးရန် ၁၀မိနစ်သာ လိုတော့သည်။

ဒါနဲ့ ဖိုးတူးလည်း စောင်းတန်းအနောက်ဘက်သို့ လျှောက်လာခဲ့သည်။ စောင်းတန်းတစ်လျှောက် ဆင်းလာခဲ့သည်။ စောင်းတန်းတစ်လျှောက်တွင် ညနေခိုင်းဖြစ်၍

www.burmeseclassic.com

www.burmeseclassic.com



လူများမတွေ့ပါ။ တစ်ယောက်စ နှစ်ယောက်စသာ တွေ့သည်။

ဗိုးတူးလည်း စောင်းတန်းဆုံး၍ အောက်ဘက်သို့ လျှောက်ခဲ့သည်။ ဘုရားရဲ့ အနောက်ဘက်သည် တောချုံများ၊ ချုံပုတ်များနှင့် သစ်ပင်ကြီးများ အုပ်ဆိုင်းနေသည်။ ပတ်ဝန်းကျင်ကလည်း တိတ်ဆိတ်နေ၍ လူသူသွားလာ ပြတ်သည်။

သူတို့ချိန်းထားသော နေရာသို့ ဗိုးတူးရောက်လာသည်။ ဇရပ်ပေါ်သို့ တက်လိုက်သည်။ ထိုအခါ ဇရပ်ပေါ်တွင် လူတစ်ယောက်ကို တွေ့လိုက်ရသည်။ ၎င်းလူက ဗိုးတူးကို ဘာမှမပြောသေးဘဲ ပတ်ဝန်းကျင်ကို အကဲခတ်နေတာ တွေ့လိုက်ရသည်။ ပြီးနောက် . . .

"သူငယ်ချင်း ပေစာပါလား"

"ပါတယ် ဘယ်မှာလဲ ငါ့ညီမလေး"

"စိတ်ချ လာလိမ့်မယ်"

ဗိုးတူးလည်း ညီမလေးရဲ့ အရိပ်အယောင်တောင် မတွေ့၍ နည်းနည်းတော့ စိတ်ပူမိသည်။ ၎င်းလူကိုလည်း စိတ်မချ ဖြစ်မိသည်။ ၎င်းလူကလည်း မျက်နှာဖုံးစွပ်ထား၍ ဘယ်သူမှန်းတော့မသိပါ။

ပြီးနောက် ၎င်းလူက လက်ဟန်ခြေဟန် ပြလိုက်



သည်။ ထိုအခါ ခပ်လှမ်းလှမ်းရှိ ချုံတစ်ခုထဲက လူတစ်စု စုစုပေါင်း ၄၊၅ ယောက် လောက်ရှိမည်။ ဇရပ်နားသို့ လျှောက်လာခဲ့ကြသည်။ ပတ်ဝန်းကျင်ကလည်း အမှောင်ဘက်ရောက်လုနီးပါးဖြစ်နေ၍ လူများကို သဲသဲကွဲကွဲ မမြင်ရပါ။ တဖြည်းဖြည်းနှင့် နီးလာမှ ယောက်ျား ၄ဦးနှင့် မိန်းကလေး တစ်ဦးဖြစ်နေတာ တွေ့ရသည်။ မိန်းကလေးကို တော့ မျက်လုံးပိတ်ထားသည်။ အနားရောက်တော့

"ညီမလေး . . . ညီမလေး . . . အစ်ကိုဗိုးတူးပါ"

"အစ်ကို . . . အစ်ကို ဗိုးတူးနော်"

"ဟုတ်ပါတယ်"

ထိုအခါ ဗိုးတူးက အနားမှ လူများကို . . .

"မင်းတို့ ညီမလေး မျက်နှာဖုံး ချွတ်ပေးလိုက်ပါ"

ထိုအခါ ၎င်းလူများထဲမှ တစ်ယောက်က . . .

"ဟိတ်ကောင် . . . ချွတ်ပေးလိုက်စမ်း"

"ညီမလေး ဘာမှမဖြစ်ဘူးနော်"

"ဘာမှမဖြစ်ပါဘူး။ သူတို့က ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ"

"ဒါတွေနောက်မှမေးပါ"

"ကဲ . . . မင်းတို့လိုတဲ့ ပေစာ ဒီမှာရော့"

"ငါ့ရဲ့ ညီမလေး ငါ့ဆီလွှတ်လိုက်"

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကျန်လူတစ်ယောက်က မိမိနိုင်ကို လက်လွှတ်ပေးလိုက်သည်။ မိမိနိုင်လည်း လက်လွှတ်ပြီးချင်း ဖိုးတူးနားသို့ ပြေးသွားလေသည်။ ကျန်တစ်ယောက်က ပေတာကို လှမ်းယူပြီး ကြည့်နေသည်။ ပြီးနောက် ကျန်လူများကို ခေါင်းညိတ်ပြလိုက်သည်။

ပြီးနောက် အားလုံးလူစုခွဲကာ ပြန်ခဲ့ကြလေသည်။ ဖိုးတူးတို့ကို အရင်ပြန်နိုင်းလေသည်။

ဖိုးတူးလည်း ဘုရားပေါ် ပြန်တက်ပြီး အရှေ့ဘက်မှ ဆင်းကာ ဒေါ်သူဇာကို စောင့်နေသော ကားဆီသို့ လျှောက်လာခဲ့ကြလေသည်။

"သမီးလေး ဘာမှမဖြစ်ပါဘူးနော်"

"ဘာမှမဖြစ်ပါဘူး မားမား။ သူတို့သမီးကို ကောင်းကောင်းမွန်မွန် ထားပါတယ်။ သူတို့ထဲက တစ်ယောက်ဆိုရင် သမီးကို စကားလာပြောတယ်၊ ဒါပေမဲ့ မျက်နှာဖုံးစွပ်ထားလို့ ဘယ်သူမှန်း မသိဘူး"

"သူလာပြောတာက"

"ညီမလေး ဘာမှမကြောက်ပါနဲ့။ အစ်ကိုတို့လိုချင်တဲ့ ပစ္စည်းရရင် ပြန်လွှတ်ပေးမယ်။ ညီမလေးကို မှဲ့တစ်ပေါက် မစွန်းစေရပါဘူး။ အစ်ကိုတာဝန်ယူပါတယ်လို့ ပြောတယ်"



တကယ်လည်း ဘာမှမဖြစ်ပါဘူး။ ပြီးတော့ စားစရာများလည်း ကောင်းကောင်းမွန်မွန်ကျွေးပါတယ်။

ထိုအခါ ဖိုးတူးက . . .

"ကဲ . . . ညီမလေးတို့ ကားပေါ်တက်တော့ ပြန်ရအောင် မှောင်လာတော့မယ်"

ဖိုးတူးလည်း ကားလေးမောင်းကာ အိမ်သို့ ပြန်ခဲ့ကြလေတော့သည်။ အိမ်ရောက်သောအခါ အားလုံး ဧည့်ခန်း၌ထိုင်ကာ ခဏနားကြသည်။ ထိုအခါ မိမိနိုင်က .

"အစ်ကိုဖိုးတူး သူတို့ ဘာတောင်းတာလဲဟင်"

"ပေတာပါ"

"ပေတာက ဘယ်ကရတာလဲ"

တကယ်တော့ ပေတာနဲ့ ပတ်သက်တာ မိမိနိုင် တစ်ယောက် သေသေချာချာ ဘာမှမသိပါ။ မမေးလည်း မမေးပါ။

ကျောင်းစာနှင့်အိမ်သာ သူ့စိတ်ထဲရှိသည်။ ယခုလည်း သူတို့ဘာကြောင့် ဖမ်းတာလဲ၊ ဘာလိုချင်လို့လဲဆိုတာ သူ မမေးပါ။ ဒါကြောင့်လည်း သူမှာ ဘာမှပူပင်မှုဆိုတာ မရှိခဲ့ပါ။ မောင်ဖိုးတူး ပြောပြမှပဲ မိမိနိုင် အခုမှ သိလိုက်ရတော့သည်။

ဖိုးတူးလည်း မိမိနိုင် မေးလာသော စကားကို ရှင်း

www.burmeseclassic.com

www.burmeseclassic.com



တရက် ဘယ်လိုဖြေရမှန်းမသိဘဲ ဖြစ်သွားသည်။

"ပေစာက ဆရာကြီးဆီမှာ ရှိတာပါ။ ဆရာကြီး မသေခင်က အစ်ကို့ကို နေရာပြောပြထားလို့ သိရတာပါ။ ခုလည်း ညီမလေး အသက်နှင့် ရင်းရမယ်ဆိုလို့ အစ်ကို လည်း မနေ့မြောတော့ဘူး။ ပေးလိုက်ပါပြီ။ ဒါပေမဲ့ အစ်ကို့ မှာ အားလုံးကူးထားတာရှိတယ်။ ဆရာကြီးရဲ့ ဖြစ်စေချင်တဲ့ ဆန္ဒကို အစ်ကိုကြိုးစားပြီး ဖြေရှင်းပေးမှာပါ"

ယခုဆိုရင် သူတို့မှာ ပေစာတွေ အားလုံးစုံသွားပြီ မို့ သူတို့အနေနဲ့အမြန် ခရီးထွက်ကြမှာပါ။

ထိုအခါ မိမိနိုင်က . . .

"ဒါဆိုရင် အစ်ကိုလည်း ခရီးထွက်ရမှာပေါ့နော်။ ညီမလေးလည်း လိုက်ချင်လိုက်တာ"

"ညီမလေးလိုက်လို့ ဘယ်ဖြစ်မလဲ၊ ခရီးက ကြမ်း တယ်။ ပြီးတော့ ကျောင်းကလည်း ရှိသေးတယ်။ အစ်ကို လည်း တစ်ယောက်တည်း ဘယ်သွားမလဲ။ လူငှားတစ် ယောက် နှစ်ယောက်ခေါ်သွားမယ်လေ"

"ဒါဆို အစ်ကိုတို့ ဘယ်တော့ သွားမှာလဲ"

"သွားမည့်ရက်က"

× × ×



အခန်း ( ၂၁ )

## လသာသော ညနေတစ်နေ့

"အစ်ကို"

"ဘာလဲ ညီမလေး"

"အစ်ကို ခရီးထွက်ရင် ညီမလေးတော့ လွမ်းနေ တော့မှာပဲ။ ဘယ်နှစ်ရက်လောက်ကြာမှာလဲဟင်"

"အစ်ကိုလည်း မပြောနိုင်ပါဘူး။ ခရီးဆိုတာ ကြို တွက်ထားလို့မရဘူး။ မမျှော်လင့်တဲ့ အဖြစ်အပျက်တွေရှိ သေးတော့ ကြိုပြောထားတာ မကောင်းပါဘူး"

"အစ်ကို အမြန်ဆုံး ပြန်လာခဲ့မှာပါ။ ဒီခရီးက လည်း ဆရာကြီးကို ကတိပေးထားတဲ့ ခရီးမို့ ပြီးအောင်

www.burmeseclassic.com

www.burmeseclassic.com



တော့ လုပ်ဆောင်မှာပါ"

ဖိုးတူးနဲ့ မိမိနိုင်တို့ စကားများပြောလာခဲ့တာ ညသည် တော်တော်နက်လာသည်။ ပတ်ဝန်းကျင်ရဲ့ အအေးဓာတ်ကလည်း ပိုပြီးအေးလာသလို ခံစားရသည်။ မိမိနိုင်လည်း အအေးအက်ကြောင့် လက်ဖျားများ အေးလာလို့ ဆုပ်နယ်နေမိသည်။ ဒါကိုဖိုးတူးက တွေ့သွား၍ မိမိနိုင်ရဲ့ လက်ကလေးကို ဆုပ်ကိုင်လိုက်သည်။ မိမိနိုင်လည်း ဖိုးတူးရဲ့ ရုတ်တရက် ဆုပ်ကိုင်လိုက်သော လက်ကို မရုန်းဘဲ ငြိမ်သက်နေမိသည်။

ဖိုးတူးလည်း မိမိနိုင်ရဲ့ မျက်နှာလေးကို ရွှန်းလဲ့သောအကြည့်ဖြင့် ကြင်နာသောအကြည့်များဖြင့် ကြည့်နေမိသည်။ မိမိနိုင်လည်း ဖိုးတူးရဲ့ ရင်ထဲ ဘာဖြစ်နေသလဲဆိုတာ သိနေသလို ခံစားရပြီး မိမိလည်း ငြိမ်သက်စွာ ဖိုးတူးကို ကြည့်လိုက်သည်။

နှစ်ဦးစလုံးရဲ့ ရင်ထဲမှာ ထပ်တူညီစွာ ခံစားရလို့လားမသိ နှစ်ဦးစလုံးရဲ့ ရင်ထဲခံစားချက်တူစွာဖြင့် တစ်ဦးကိုတစ်ဦး ဖက်တွယ်လိုက်လေတော့သည်။ ထိုအချိန်တွင် ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်စွာ ရင်ခုန်သံမှအပ မည်သည့်အသံကိုမှ မကြားနိုင်တော့မည် မဟုတ်ပါလား။





ခန်း ( ၂၂ )

## လုပ်ငန်းစဉ် (၁)

မောင်ဖိုးတူးတစ်ယောက် လူငယ် ၂ယောက် ၃ယောက်ရှာရန် ထွက်လာခဲ့သည်။ ပဲခူးမြို့ရဲ့ မြို့ပြင်ဘက်ရှိ ရွာလေးများသို့ ထွက်လာခဲ့သည်။ ၎င်းရွာကလေးသည် ပဲခူးတောင်နှင့်လည်း နီးသည်။ ၎င်းနေရာကိုရောက်တော့ ဖိုးတူးသည် ပဲခူးတောင်သို့ သတိရမိသည်။ ဆရာကြီးနဲ့ မတွေ့ခင်တုန်းက ပဲခူးတောင်နှင့် သူသည် အိမ်ဦးနှင့် ကြမ်းပြင်သို့ ဝင်လိုက်ထွက်လိုက် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



ကျေးရွာရှင် ဆရာကြီးလည်း မရှိတော့ပြီ။ ဒါပေမဲ့ ကျေးရွာရှင်ဆရာကြီးရဲ့ ဇနီးနဲ့ သမီးတို့ မိမိက တစ်ဖန် စောင့်ရှောက်ရမည် မဟုတ်ပါလား။ လမ်းလျှောက်ရင်း တွေးလာမိသည်။ အနောက်နားမှ သူ့ကိုခေါ်သံတစ်ခု ကြားလိုက်ရသည်။

"ဟေ . . . ဖိုးတုး"

"ဟေ . . . သုည"

ဖိုးတုးလည်း သူ့ရဲ့နာမည်ကိုခေါ်သံကြား၍ လှည့်ကြည့်လိုက်သည်။

"ဟင် . . . ဖိုးဖော်တို့ပါလား"

"အေး . . . ဟုတ်တယ်"

"မင်းတို့ ဘယ်တုန်းက ထောင်ကလွတ်လာကြတာလဲ"

"ငါတို့လွတ်တာ တစ်လလောက်ပဲ ရှိသေးတယ်။ အလုပ်လိုက်ရှာတာလဲ ဘယ်မှ မတွေ့ပါဘူးကွ"

ဖိုးတုးလည်း သူတို့ပြောလိုက်သော စကားကြောင့် သူလည်း အလုပ်ပေးဖို့ "လူလိုက်ခေါ်နေတာ ပြောလိုက်ရင် ကောင်းမလား။ တကယ်တော့ သူတို့နှစ်ယောက်ဟာ ထောင်ထဲမှာတုန်းက ခင်ခဲ့ကြတဲ့ မိတ်တွေများဖြစ်သည်။





မောင်ဖော်၊ မောင်မော်ဆိုတာလည်း ထောင်ထဲမှ မသိသူမရှိပါ။ သူတို့ကလည်း ခါးပိုက်နှိုက် ညီအစ်ကိုများ ဖြစ်ကြသည်။

ထိုအခါ ဖိုးတုးလည်း . . .

"လာ . . . မင်းတို့ကို ပြောစရာရှိတယ်။ ဒီနားက လက်ဖက်ရည်ဆိုင်တစ်ဆိုင်ကို သွားရအောင်"

ဒီလိုနဲ့ သုံးယောက်သား အနီးဆုံး လက်ဖက်ရည်ဆိုင်တစ်ဆိုင်သို့ ရောက်လာခဲ့ကြသည်။

(ကာကာကြီး လက်ဖက်ရည်ဆိုင်)

"လာ . . . အစ်ကိုဖိုးတုး။ ဒီဆိုင်ကတော့ ဒီရွာနားမှာ အကောင်းဆုံးပဲ။ ကျွန်တော်တို့လည်း အမြဲတိုင်းလိုလို ဒီကာကာကြီးဆီမှာပဲ သောက်နေကြပဲ"

သူတို့အနီးဆုံး ထောင့်တစ်ထောင့်တွင် ဝင်ပြီး နေရာယူကာ ထိုင်လိုက်ကြသည်။ ပြီးနောက် လက်ဖက်ရည်သုံးခွက်မှာပြီး ဖိုးတုးက စကားကို စတင်လိုက်သည်။

"မောင်ဖော် မင်းတို့ ငါနဲ့အတူ အလုပ်တစ်ခု လိုက်လုပ်မလား။ အကျိုးအမြတ်ကတော့ မင်းတို့ကို ငါ ကြည့်ပြီး လုပ်ပေးမယ်"

"ကိုဖိုးတုးရဲ့ အလုပ်က ဘာအလုပ်လဲ"

"အလုပ်က နယ်ကို သွားရမယ်။ ရက်ကတော့



www.burmeseclassic.com

www.burmeseclassic.com



အတိအကျ အသိဘူး၊ မြေပုံပါ အညွှန်းအရ ရှေးဟောင်းပစ္စည်းတွေ သွားဖော်ရမှာ"

"ဟင် . . . ဟင်"

မောင်ဇော်တို့ညီအစ်ကိုက ဖိုးတူးပြောလိုက်သောစကားကြောင့် အံ့ဩသွားကြသည်။

"အစ်ကိုဖိုးတူးက ဒီရှေးဟောင်းပစ္စည်းတွေရှိတဲ့နေရာကို ဘယ်လိုသိတာလဲ"

မောင်ဇော်တို့မေးမယ်ဆိုလည်း မေးစရာပင်၊ သူ အရင်လုပ်ခဲ့တဲ့ အလုပ်နှင့် ယခု သူလုပ်ရမယ့် အလုပ်က တခြားစီဖြစ်နေတော့။ ဒါကြောင့် ဖိုးတူးလည်း ဘာမှ မကွယ်မဝှက်တော့ဘဲ သူ့ထောင်မှ လွတ်လာရာမှ ယခု အထိ သူတို့နဲ့တွေ့သည်အထိ အစမှအဆုံး ပြောပြလိုက်လေတော့သည်။

မောင်ဇော်နှင့် မောင်မော်လည်း ဖိုးတူးပြောပြတာ စိတ်ဝင်စားသွားပြီး သူတို့လိုက်ဖို့ ဆုံးဖြတ်လိုက်ကြလေတော့သည်။

× × ×





အခန်း ( ၂၃ )

# စိတ်သစ်လူသစ်နဲ့ လူ ၃ယောက်

ဖိုးတူး၊ မောင်ဇော်၊ မောင်မော် သူတို့သုံးယောက် ဒီနေ့ပဲရှူးကားဂိတ်သို့ ရောက်နေကြသည်၊ အဝေးပြေးကားဂိတ်မို့ နံနက်ထွက်မည့်ကားများ တန်းစီနေကြလေသည်။ ခရီးသည်များလည်း မိမိတို့ ကားအထွက်ကို စောင့်ဆိုင်းနေကြလေသည်၊ ၎င်းတို့အထဲမှ ဖိုးတူးတို့ ၃ယောက်ကလည်း သထုံသို့ ထွက်မည့်ကားကို စောင့်နေကြသည်၊ အချိန်သိပ်မကြာပါ။ ကားစပယ်ယာက သထုံသို့ လိုက်ပါ

www.burmeseclassic.com

www.burmeseclassic.com



ကြမည့် ခရီးသည်များကို အော်ခေါ်နေသည်။

"အစ်ကိုဖိုးတူး စပယ်ယာခေါ်နေပြီ သွားကြစို့"

"အေးအေး"

ဖိုးတူးတို့ သုံးယောက်သား ကားပေါ်တက်ထိုင်ကာ ကားထွက်မည့်အချိန်ကို စောင့်နေကြသည်။ မကြာခင်မှာပဲ ကားစထွက်ခဲ့လေသည်။ ပဲခူးနှင့် သထုံက နာရီပိုင်းပဲသွားရတော့ သိပ်မကြာပါ။ သထုံသို့ ရောက်လာခဲ့လေသည်။

သထုံရောက်တော့ သထုံဘုရား ရွှေစာရံဘုရားမှာ ခဏဝင်နားကြသည်။ ပြီးနောက် ခရီးဆက်ထွက်ခဲ့ကြသည်။ ခရီးကတော့ တောလမ်းအတိုင်း သွားရမယ်ဆိုတော့ ရိက္ခာများ ဖြည့်ခဲ့ကြသည်။ ပထမ မြသပိတ်တောင်နားသို့ အရင်သွားကြသည်။ ၎င်းမှ တစ်ဆက်တည်း မြသပိတ်တောင်၏ အနောက်ဘက်သို့ တောလမ်းကို ကျော်ခဲ့ကြသည်။

တောလမ်းဆိုတော့ လမ်းက နည်းနည်းကြမ်းသည်။ ဖိုးတူးက သစ်ပင်ရိပ်ကောင်းကောင်း တစ်နေရာတွင် ဝင်နားလေသည်။ အိပ်ထဲမှ နာရီကို ထုတ်ကြည့်သည်။ ပြီးနောက် ပေစာမှ ကူးလာသော လမ်းညွှန်ကို ထုတ်ကြည့်သည်။ ယခုထိတော့ လမ်းက မှန်နေသည်။



ပေစာရသွားတဲ့ လူများလည်း ရှေ့ကသွားကြပြီလား။ ယခုထိတော့ မိမိတို့သွားတဲ့ လမ်းနဲ့တော့ မတွေ့သေးပါ။ ဒါပေမဲ့ တောလမ်းဆိုတော့ လမ်းတွေက အများကြီး မဟုတ်ပါလား။ သူတို့က ဘယ်ဘက်က လာမှန်းမှမသိတာ။ ဆုံမှတ်ကတော့ တစ်နေရာပဲ ဖြစ်သည်။

ဖိုးတူးတို့ ခဏနားကာ နံနက်စာများ ထုတ်ကာ ဖက်ရွက်တစ်ခုတွင် နည်းနည်းစီ စီကာ တောစောင့်နတ် တောင်စောင့်နတ်များကို ပူဇော်ကြလေသည်။ ပြီးနောက် မိမိတို့လည်း စားသောက်ကြလေသည်။

"ဒါနဲ့ အစ်ကိုဖိုးတူး ခရီးက ဝေးသေးလား"

"ငါလည်း မပြောတတ်ဘူး။ လမ်းညွှန်အရတော့ သွားရဦးမယ်ထင်တယ်"

စားပြီးသောက်ပြီး စားစရာများသိမ်းကာ ခရီးစထွက်ဖို့ ပြင်ကြလေသည်။ တောတစ်ခုလုံး စိမ်းစိုနေလေသည်။ သစ်ပင်ကြီးများရဲ့ အုပ်ဆိုင်းမှုကြောင့် စိတ်ထဲမှာ အေးစိမ့်စိမ့်လို ခံစားရလေသည်။

ဖိုးတူးလည်းတောထဲသို့ ယခုမှ တစ်ခါသာရောက်ဖူးသည်။ ဒီလိုနေရာမျိုးရောက်လာလိမ့်မည်ဟု မထင်ခဲ့ပါ။ ယခုတော့ ဆရာရဲ့ကျေးဇူးတရားကို ဆပ်ချင်လို့၊ သူ ယခုလို လာခဲ့ခြင်းသာဖြစ်သည်။ မိမိစိတ်ထဲမှာတော့ ကလာဘ၊

www.burmeseclassic.com

www.burmeseclassic.com



ဒေါသစိတ်များ လုံးဝမရှိခဲ့ပါ။

"အရှင်ဘုရား တပည့်တော်ရဲ့ ကျေးဇူးတရား သိတတ်မှုနဲ့ လောဘဒေါသ စိတ်များမရှိခဲ့ပါ။ ဒါကြောင့် တပည့်တော်ရဲ့ သွားလမ်းကို ပြသစေတော်မူပါ"

ဖိုးတူးတစ်ယောက် စိတ်ထဲမှ ဆုတောင်းရင်း တောလမ်းအတိုင်း လျှောက်နေမိသည်။ ထိုအခါ ရှေးနား ခပ်လှမ်းလှမ်းမှ မြွေဖြူကြီးတစ်ကောင်ကို ဖိုးတူး လှမ်းတွေ့ရလေသည်။ ထိုအခါ ဖိုးတူးက သူ့လူ ဖိုးဖော်၊ ဖိုးမော်ကို လက်ဟန်ပြပြီးတားလိုက်သည်။

ထိုအချိန်တွင် မြွေဖြူကြီးက သူတို့ဘက်သို့ လှမ်းကြည့်နေသော တွေ့ရသည်။ မြွေဖြူကြီးမှာ ၃ပေ၊ ၄ပေ လောက် ရှိမည်ထင်သည်။ ဖိုးတူးလည်း . . .

"မြွေလေးရေ မင်းလမ်း မင်းသွားပါ။ ငါတို့ မင်းကို ဘာအန္တရာယ်မပေးပါဘူး။ ငါတို့ကိုလည်း ဘာမှမပေးပါနဲ့ သင့်သွားလိုရာကိုသွားပါ"

ဖိုးတူးပြောလိုက်သော စကားကို မြွေဖြူကြီးမှာ နားလည်သွားသလို သူ့ရှေ့မှ ထွက်သွားလေသည်။ ဖိုးတူးတို့လည်း မြွေဖြူထွက်သွားသော လမ်းကြောင်းအတိုင်း ဆက်ပြီး လျှောက်ခဲ့ကြသည်။ ၂နာရီ ၃နာရီလျှောက်ခဲ့ကြပြီးနောက် မထင်မှတ်ပဲ မြွေဖြူလေးကို တစ်ဖန်ပြန်မြင်ရ



ပြန်သည်။

ထိုအခါ ဖိုးတူးလည်း ၎င်းမြွေဖြူကို မသင်္ကာဖြစ်ကာ စိတ်ထဲမှာ တစ်ခုခု ထူးခြားနေသလို ခံစားရသည်။ ၎င်းမြွေဖြူကို တွေ့လိုက်မိတဲ့အခါ သူ့နောက်မှာ လိုက်ချင်တဲ့ စိတ်များဖြစ်ခဲ့သည်။ ဒီလိုနဲ့ ဖိုးတူးတို့လည်း မြွေဖြူလေး သွားရာနောက်သို့ ဆက်ပြီး လိုက်ခဲ့လေသည်။

ဖိုးတူးရဲ့ စိတ်ထဲမှာလည်း မြွေဖြူလေးကို တွေ့တိုင်းလည်း စိတ်ထဲမှာ . . .

"အင်း . . . မြွေဖြူလေးကို တွေ့တာ နှစ်ခါရှိပြီ ၎င်းမြွေဖြူလေးဟာ အစောင့်မြွေများ ဖြစ်မလား။ ငါတို့ကို လမ်းများပြနေတာလား"

ဖိုးတူးလည်း သူတို့လမ်းမှားနေမှာ စိုးရိမ်မိလို့ အိတ်ထဲမှ ပေစာအညွှန်းကို ထုတ်ကြည့်လိုက်သည်။

ပေစာထဲမှာ စာအညွှန်းအရ ကျောက်နံရံမှာ ဘီလူးခေါင်းပုံ ရေးခြစ်ထားတာတွေ့ရင် ရှေ့ရှူးရှူးသို့ ဆက်လျှောက်ပါ။ ၁နာရီခန့်သွားပြီးရင် ကညင်ညီနောင် တွေ့ရလိမ့်မည်။ ကညင်ညီနောင်မှ အရှေ့တောင်ဘက်ခြေလှမ်း ၁၀၀ ခန့် လျှောက်ပြီးရင် ရေးဟောင်းစေတီတစ်ဆူ တွေ့ရလိမ့်မည်။ ကျန်တာတော့ အသိနဲ့ယှဉ်ပြီးဖော်တော့ . . .

ဖိုးတူးလည်း မြွေဖြူလေး သွားရာလမ်းသို့ နောက်



www.burmeseclassic.com

www.burmeseclassic.com



မှလိုက်ခဲ့ကြသည်။ ဒါပေမဲ့ မြေဖြူလေးကတော့ ပျောက်သွားသည်။ ဒါပေမဲ့ ဖိုးတူးရဲ့ စိတ်ထဲမှတော့ လမ်းကို သိနေသလို ခံစားနေရသည်။ သိပ်မကြာခင်မှာပင် ကျောက်တောင်တစ်ခုကို တွေ့ရလေသည်။

ဖိုးတူးတို့ ၃ယောက်သား ၎င်းကျောက်တောင်ကြီးနားသို့ ကပ်လာခဲ့ကြသည်။ ပြီးနောက် ပေစာထဲ၌ပါသော ပုံစံကို ကျောက်တောင်နားသို့ကပ်ကာ ချုံနွယ်များ ပိတ်နေတာကို ခုတ်ထွင်ရှင်းလင်းလိုက်ကြသည်။ ထိုအခါ ဘီးလူးခေါင်း ပေါ်လာတာ တွေ့လိုက်ရသည်။

"ဟာ ... မောင်ဖော်၊ မောင်မော်။ တို့တော့ ဂျွန်လောက်တော့ သေရျာနေပြီ"

"တို့တွေ ဒီမှာ ခဏနားရအောင်။ တော်တော်လည်း လျှောက်ခဲ့ကြတယ်ဆိုတော့ ဗိုက်ဆာလာပြီ"

ဒီလိုနဲ့ ဖိုးတူးတို့ စားစရာများနဲ့ ရေများ သုံးဆောင်ကြလေသည်။ သူတို့မစားခင် ကျောက်တောင်ပေါ်က ဘီလူးပုံကို အရင်ပသကြလေသည်။ ပြီးနောက် ဆုတောင်းကြလေသည်။ ထိုအခါ ခပ်လှမ်းလှမ်းမှ မထင်မှတ်ဘဲ ဖိုးတူးက မြေဖြူလေး သူတို့ကိုကြည့်နေတာ တွေ့လိုက်ရသည်။ ထိုအခါ ဖိုးတူးလည်း သူ၌ပါလာသော စားစရာနဲ့ ရေကို ဖတ်ရွက်ကို ကန်တော့လေးလုပ်ကာထည့်ပြီး မြေဖြူနားသို့





သွားကာ ကျွေးလေသည်။ မြေဖြူလေးလည်း ဖိုးတူးလာနေတာ တွေ့ပေမယ့် ထွက်မသွားဘဲ ကြည့်နေသည်။

ပြီးနောက် ကျွေးသော စားစရာများကို စားနေလေသည်။ ဖိုးတူးလည်း မြေဖြူလေးစားနေတာ တွေ့လိုက်ရတဲ့အတွက် စိတ်ထဲမှ ဝမ်းသာသွားသည်။

ဖိုးတူးလည်း မြေဖြူလေး သူ့ကို အန္တရာယ်မပေးမှန်းသိ၍ ယခုလို အစာကျွေးမိသည်။ ပြီးတော့ မြေဖြူလေးဟာ သူတို့ကို လမ်းပြနေသလိုလည်း ခံစားရသည်။

ယခုအချိန်ထိတော့ သူတို့ ၃ယောက် ဘာအန္တရာယ်မှမရှိဘဲ ရောက်ရှိလာကြတာ မဟုတ်ပါလား။

"ချောက် ... ချောက် ... ချောက်"

"ချွတ် ... ချွတ်"

ထိုအခါ ဖိုးတူးတို့ လမ်းလျှောက်လာသောအသံတောနင်းအသံများကို ကြားလိုက်ရသည်။

"ဘယ်သူများပါလိမ့်။ ဘယ်ကလူတွေလည်း မုဆိုးများ ဖြစ်နေမလား"

ထိုအခါ ဖိုးတူးတို့သည် သူတို့နဲ့ နီးလာမှာစိုးသဖြင့် ပစ္စည်းသိမ်းကာ ခရီးဆက်လျှောက်ခဲ့ကြသည်။ ဖိုးတူးတို့ ထွက်သွားပြီး မကြာခင်မှာပင် လူ ဂုနစ်ယောက်ခန့် ဖိုးတူးတို့နားသော ကျောက်တောင်နားသို့ ရောက်လာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ၎င်းတို့ထဲမှ ခေါင်းဆောင်ဟု ထင်ရသော သူက ပတ်ဝန်းကျင်ကိုလိုက်ပြီး အကဲခတ်လေသည်။ ထို အခါ ၎င်းခေါင်းဆောင်က သူ့ရဲ့လူများကို . . .

"အင်း . . . ဒီနေရာမှာ လူတွေနားသွားတဲ့ပုံပဲ။ ဟိုမှာကြည့် ထိုင်ခဲ့တဲ့နေရာမှာ သစ်ရွက်တွေ ပိပြားနေတာ အားလုံး ၃ယောက်ဖြစ်မယ်"

"ပြီးတော့ ဒီမှာ အစာထည့်ထားတဲ့ သစ်ရွက်နဲ့ ရေ ထည့်ထားတဲ့ ကန်တော့"

၎င်းခေါင်းဆောင် တွေ့သောအရာမှာ မြွေဖြူလေး သော ကျွေးသော သစ်ရွက်များဖြစ်သည်။

"ကျိန်းသေပြီ တို့ထက်အရင်ရောက်နေတဲ့ လူ တစ်စုရှိနေပြီ၊ ဒီတော့ ကြွက်နီတို့အားလုံး သတိဝီရိယ ထားကြတော့"

ခေါင်းဆောင်ဟု ထင်ရသောသူက သူ့ရဲ့တပည့် ကို သတိပေးစကား ပြောလိုက်သည်။ ထိုအခါ ကြွက်နီက

"ဒါဆို ကိုထွန်း ကျွန်တော်တို့ အရင်ရောက်မှ ဖြစ် မှာ။ တော်ကြာ သူတို့ဦးသွားမည်"

"ဒါပေမဲ့ သူတို့မှာက ပေတာမှမရှိတာ။ သူတို့ ဒီကို လာတာများ ဖြစ်နေမလားဘဲ။ တောထဲမှာဆိုတော့ မုဆိုး တွေလည်း ဖြစ်နိုင်တာပဲ"





"ကိုထွန်းပြောသလို ဖြစ်ရင်တော့ ကောင်းတာ ပေါ့။ ဒါမှ ကျွန်တော်တို့ပဲ ရတာကောင်းတာပေါ့"

ထိုအခါ ခေါင်းဆောင်ဖြစ်တဲ့ ကိုထွန်းဆိုသူက . .

"တို့တွေ တဖြည်းဖြည်းတော့ ခရီးက နီးလာပြီ၊ ရောက်တော့မယ်။ ဒီတော့ ဒီမှာပဲ တို့တွေခဏနားရအောင်"

ဒီလိုနဲ့ ကိုထွန်းတို့အုပ်စု ဖိုးတူးတို့ နားခဲ့သော နေရာမှာပင် ခဏနားကြသည်။ ထိုအခါ မြွေဖြူလေးက သူတို့မလှမ်းမကမ်းတွင် ရှိနေသည်။ ထိုအချိန်တွင် ကြွက်နီ က မြင်သွားပြီး သူ့ရဲ့ဆရာ ကိုထွန်းကို ပြလိုက်သည်။ ထိုအခါ ကိုထွန်းက . . .

"ဟာ . . . မြွေဖြူလေးကွ။ တို့အတွက် ဟင်းတား ရပြီ" ကိုထွန်းက သူတို့ထဲမှ လူတစ်ယောက်ကိုခေါ်ပြီး ၎င်း မြွေဖြူကို ဖမ်းဖို့ တာဝန်ပေးလိုက်သည်။ ထိုအခါ ၎င်းလူ လည်း မြွေဖြူလေးရှိတဲ့နားသို့ လာခဲ့သည်။ ဒါပေမဲ့ မြွေဖြူ လေးက တဖြည်းဖြည်းနဲ့ နောက်သို့လှည့်ကာ သွားနေ သည်။ ကိုထွန်းရဲ့တပည့်လည်း မြွေဖြူနောက်သို့ တဖြည်း ဖြည်း လိုက်လာခဲ့သည်။

မြွေဖြူနောက်သို့ လိုက်လာခဲ့တာ တဖြည်းဖြည်း နဲ့ ဝေးလာခဲ့သည်၊ ဒါပေမဲ့ မြွေဖြူကို မမိဘဲ လမ်းသာ လျှောက်လာခဲ့တာ ဘယ်ကိုရောက်လာမှန်း မသိခဲ့။ မြွေ



www.burmeseclassic.com

www.burmeseclassic.com



ဖြူလေးကိုသာ မဲနေသောကြောင့် နားနေသော နေရာနဲ့ တော်တော်ဝေးလာသည်။ ထိုအခါ သတိရ၍ ကြည့်လိုက်သောအခါ . . .

ပတ်ဝန်းကျင်တွင် သူ့ကိုဝိုင်းနေသော မြွေများကို တွေ့ရသည်။ မြွေများရဲ့နောက်မှ ဆင်ဖြူများကို တွေ့လိုက်ရသည်။

ကိုထွန်းတပည့်လည်း မြွေများကို မကြောက်တော့ဘဲ ဆင်ဖြူများကို တွေ့သောကြောင့် စိတ်ထဲမှာ ၎င်း ဆင်ဖြူတွေကိုသာ ဖမ်းမိရင် ငါတော့ သူဌေးဖြစ်မယ်။ ဆင်ဖြူရှိတယ်ဆိုတာ ငါတစ်ယောက်တည်း သိတယ်။ ဒီတော့ ငါရဲ့လူတွေကို ပြန်ခေါ်ပြီး လာဖမ်းရမယ်။

ဒီလို စိတ်ကူးရပြီ ဆင်ဖြူနောက်သို့လိုက်ရန် ပြင်လိုက်သောအခါ . . .

"အား . . . အား . . . အား"

ဆွဲဆွဲငင်ငင် အော်လိုက်သောအသံကြောင့် ကိုထွန်းတို့လူတစ်စု အနောက်မှ လိုက်လာခဲ့သည်။ သူတို့ ရောက်လာသောအခါ မြွေဖြူနောက်သို့ လိုက်နိုင်းလိုက်သော သူ့ရဲ့တပည့်လေး ဖြစ်နေတာ တွေ့ရသည်။ ယခုမှ ကိုထွန်းလည်း မြွေဖြူနောက်သို့ လိုက်နိုင်းတာ သတိရသွားသည်။





"ဟင် မြွေဖြူနောက်သို့ လိုက်နိုင်းတဲ့သူတဲ့။ အဘယ်လိုဖြစ်တာလဲ"

ထိုအခါ ကိုထွန်းက သူ့ရဲ့ လည်ပင်း၊ ခြေသလုံးများကို ကြည့်လိုက်သောအခါ အပေါက်ကလေးများစွာ တွေ့ရလေသည်။ ၎င်းအပေါက်များသည် မြွေများဝိုင်းပေါက်သော အပေါက်များဖြစ်ကြသည်။

တကယ်တော့ သူလိုက်ခဲ့သော မြွေဖြူမှာ မြွေများထဲမှ မြွေသူတော်ပင်ဖြစ်သည်။ မြွေသူတော်နောက်သို့ လိုက်ပြီး အန္တရာယ်ပြုမယ့်သူများကို အခြားသော မြွေများက ဆုံးမလိုက်ခြင်းဖြစ်သည်။

ကိုထွန်းလည်း သူ့ရဲ့တပည့်များကို တွင်းတူးစေပြီး မြွေလိုက်ခံရသောသူကို မြေမြှုပ်လိုက်လေသည်။ မြွေသားစားချင်လို့ လိုက်နိုင်းတဲ့သူက မြွေကိုက်ခံရတော့ သူမှာ စိတ်မကောင်းဖြစ်မိသည်။

ဒီလိုနဲ့ သူတို့အုပ်စုများ ခရီးစထွက်ခဲ့ကြသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၂၄ )

## ဆုံမှတ်သို့ရောက်ရှိခြင်း

ဖိုးတူးတို့အုပ်စုများ တောလမ်းအတိုင်း လျှောက်နေကြသည်။ သူတို့လျှောက်လာခဲ့ကြသည်မှာ မိနစ်ပိုင်းပင်ရှိသေးသည်။ စေတီပုထိုးပျက်များကို တွေ့ရလေသည်။ အားလုံး ပုထိုးပျက်များသည် တစ်နေရာထဲမှာပင် ဂူရှလောက်ရှိသည်။ ၎င်း ဂူရှုရဲ့ အလယ်မှာ ပုထိုးတော်တစ်ခုကို တွေ့ရသည်။ ၎င်းပုထိုးတော်ရဲ့ အမြင့်က ၁၀တောင်လောက်ရှိမည်ဟု ထင်ရသည်။ ပုထိုးတော်မှာ ထီးတော်မရှိတော့ပါ။ ပုထိုးတော်တစ်ခုလုံးမှာ ရုံးနွယ်များဖြင့် တစ်ခု





လုံး အုပ်ဆိုင်းလျက်ရှိနေသည်။

ထိုအရာကို ဖိုးတူးတို့ ၃ယောက်စလုံး မြင်တွေ့လိုက်ရသည်။ ထိုအရာများကို မြင်တွေ့လိုက်သောအခါ သူတို့စိတ်ထဲမှာတော့ စိမ့်သလိုခံစားရပြီး ကြက်သီးများပင် ထချင်လာခဲ့သည်။

သူတို့သုံးယောက်စလုံး ပုထိုးတော်နားသို့ တဖြည်းဖြည်း ကပ်လာသောအခါ အဝေးမှ မြင်နေရသော ရုံးနွယ်များဟု ထင်ရသော အရာများသည် ရုံးနွယ်များကြားတွင် မြွေလေးများစွာ ဖြစ်နေကြသည်ကို တွေ့ရသည်။

ဖိုးတူးတို့လည်း အံ့သြကာ ကြည့်နေမိသည်။ ထိုအခါ ဖိုးတူးလည်း ပေစာအညွှန်းကို ထုတ်ကြည့်လိုက်သည်။

"ဟင် . . . ဟာ"

မောင်ဇော်နဲ့ မောင်မော်က ဖိုးတူးရဲ့ အံ့သြသောမျက်နှာကို မြင်လိုက်ရသောအခါ ဘာများဖြစ်သလဲဆိုတာ သိချင်တာကြောင့် . . .

"ကိုဖိုးတူး ဘာဖြစ်လို့လဲဟင် ဘာများဖြစ်နေလို့လဲ"

"ဘာမှမဖြစ်ပါဘူး။ ငါတို့ရှာနေတဲ့ နေရာကို ရောက်နေလို့ပဲ။ အချိန်တိုတိုလေးနဲ့ ရောက်လာတာ အံ့သြ

www.burmeseclassic.com

www.burmeseclassic.com



လို့ပါ"

ထိုအချိန်တွင် မြွေဖြူလေးရောက်လာသည်။ မြွေဖြူလေးနဲ့ သူတို့မှာ ပေ ၂၀ လောက်သာ ကွာသည်။

ရင်းမြွေဖြူလေးသည် ရင်းပုထိုးနားသို့ ထွက်သွားသည်။ ရင်းပုထိုးတော်ပေါ်သို့ ရောက်သောအခါ ခုနက ပုထိုးပေါ်တွင် မြင်တွေ့လိုက်ရသော မြွေများစွာလည်း ဘယ်လိုပျောက်သွားမှန်း မသိတော့ပါ။ ရင်းပုထိုးတော်ပေါ်တွင် ချုံနွယ်များအဖြစ် ဖြစ်နေတာ တွေ့လိုက်ရသည်။

"ဟင် . . . ဟာ"

ဒုတိယအကြိမ် သူတို့ ၃ယောက်စလုံး အံ့ဩသွားကြသည်။

အင်း . . . မြွေသူတော်တော့ တို့ကို ကောင်းကျိုးပြုမယ့် သူဆိုတာ ယုံသွားပြီ။ တို့တွေ ဘယ်က စလုပ်ရမလဲ၊ ရင်းပုထိုးတော်ကြီးထဲမှာရှိတဲ့ ရှေးဟောင်းပစ္စည်းနဲ့ ရတနာများကို ဘယ်လိုဖော်ရမလဲဆိုတာ ဆက်ကြည့်လိုက်သောအခါ ပေစာက သူတို့မှာ မစုံသောကြောင့် ဘာဆက်လုပ်ရမလဲဆိုတာ စဉ်းစားနေမိုက် . . .

"ဟိတ် . . . အားလုံး ငြိမ်ငြိမ်နေကြ"

ထိုအခါ သူတို့နောက်မှ သတိပေးလိုက်သောအသံကို ကြားလိုက်ရသည်။



"လှည့်ကြည့်ဖို့ မကြိုးစားနဲ့ . . ."

ကိုထွန်းက သတိပေးသလို ထပ်ပြောလိုက်သည်။

ထိုအခါ ဖိုးတူးတို့လည်း နောက်သို့ လှည့်မကြည့်ဘဲ ပုထိုးတော်ကြီးပေါ်၌ မြွေဖြူလေးကို စိုးရိမ်စွာကြည့်လိုက်သည်။ ထိုအခါ မြွေဖြူလေးမှာ မရှိတော့ . ထိုအခါမှ ဖိုးတူးလည်း စိတ်ချသွားသည်။

"ဖိုးတူး . . . ဖိုးတူး

မင်းဟာ [illegible] ယားတာထက်ပိုပြီး တော်နေပါလား။ မင်းကို ငါက [illegible]င်သေးမိတာ ငါ့ရဲ့အမှားပဲ။ ဒါပေမဲ့ မင်းမှာက ပေစာမစုံတော့ ရင်းပုထိုးတော်ထဲမှာရှိတဲ့ ရှေးဟောင်းပစ္စည်းတွေ ဘယ်လိုယူရမလဲဆိုတာ မင်းဘယ်သိမှာလဲ"

"ဟော . . . ဒီမှာ ငါ့ဆီမှာရှိတဲ့ ပေစာတစ်စုံက အညွှန်းပါတယ်။ ဒါပေမဲ့ ဒီအညွှန်းကို ငါတို့က မဖော်ဘူး။ မင်းပဲဖော်ပြီး ယူပေးရမယ်။ မင်းတို့သုံးယောက်စလုံး ဝင်ပြီး ယူပေးရမှာ ငါတို့က မင်းတို့ ယူလာပေးတဲ့ ရတနာတွေ ယူပြီး ပြန်ရုံပဲ"

"ဟား . . . ဟား . . . ဟား"

ကိုထွန်းတို့က သဘောကျစွာရယ်ရင်း . . .

"ကဲ . . . တပည့်တို့ သူတို့ဆီမှာပါလာတဲ့ ပစ္စည်း

www.burmeseclassic.com

www.burmeseclassic.com



တွေ့ လိုက်သိမ်းလိုက်ကြ"

ကိုထွန်းက အမိန့်ပေးလိုက်သောအခါ တပည့်နှစ်ယောက်က ဖိုးတူးတို့အုပ်စုမှ ပစ္စည်းများကို လိုက်သိမ်းလိုက်သည်။ ပြီးနောက် ဖိုးတူးတို့ အနားသို့ခေါ်ပြီး ပေစာတွင်ပါသော အညွှန်းကို ပေးဖတ်လိုက်သည်။

ဖိုးတူးလည်း အခုအချိန်မှာ သူတို့ပြောသည့်အတိုင်း လုပ်ရတော့မည်။ ငြင်းဆန်လို့လည်း မဖြစ်ပါ။ ဖိုးတူးလည်း ဆုံးဖြတ်လိုက်သည်။ သူလုပ်ပေးမည်ဟု ဒါပေမဲ့ သူတို့နဲ့ထိုက်ရင်တော့ သူတို့ရမှာပဲ။ မထိုက်ရင်တော့ . . .

ဖိုးတူးတို့ သုံးယောက်သည် ပေစာကိုကိုင်ပြီး အညွှန်းအတိုင်း ပုထိုးတော်ကြီးနားသို့ ကပ်လာသည်။ မောင်ဖော်၊ မောင်မော်လည်း ဖိုးတူးနားကပ်ကာ ပုထိုးတော်များနားသို့ကပ်၍သာ လာရသည်။ စိတ်ထဲမှာတော့ ကြောက်နေမိသည်။ သူတို့သည် မြွေများကို လန့်နေသည်။ ဒါပေမဲ့ မြွေများမှာ မရှိတော့ပါ။

ပုထိုးတော်ကြီးပေါ်သို့ တက်သောလှေကားများမှ တက်လာပြီး လူတစ်ရပ်စာအပေါက်ကို တွေ့လိုက်ရသည်။ ပထမအပေါက်ရဲ့ ညာဘက်သို့ လှမ်းပြီးကြည့်သည်။ ရေညှိများကို ခြစ်ထုတ်လိုက်သည်။ ထိုအခါ သံကွင်းတစ်ခု ပေါ်



လာသည်။ ၎င်းသံကွင်းကို ဆွဲထုတ်တာ ဒါပေမဲ့ သံကွင်းက ချိတ်ထားသည်။ ၎င်းချိတ်ထားသော သံကွင်းကို အားနဲ့ ဆွဲလိုက်သောအခါ . . .

သူတို့ရှေ့တွင်ရှိနေသော အပေါက်မှာ တံခါးတစ်ချပ်လို ဘေးသို့ပွင့်သွားသည်။ ပြီးနောက် ၎င်းအပေါက်မှာ အောက်သို့ဆင်းသော လှေကားတစ်ခုကို တွေ့လိုက်ရသည်။ သူတို့သုံးယောက်လည်း လှေကားမှဆင်းရန် မှောင်နေသောကြောင့် ကညင်မီးတုတ် ၁ ခုကို ကိုထွန်းဆီမှ တောင်းလိုက်သည်။ ထိုအခါ ကိုထွန်းက မီးတုတ်တစ်ခုကို မီးညှိပေးလိုက်သည်။ ဖိုးတူးလည်း မီးတုတ်ရ၍ ရှေ့မှဦးဆောင်ကာ လှေကားအတိုင်း ဆင်းလာသည်။

၎င်းလှေကားမှ ဆင်းဆင်းချင်း ပင့်ကူအိမ်နဲ့ ပထမဦးစွာ ယှဉ်ဆိုင်ရသည်။ ၎င်းပင့်ကူအိမ်များသည် မီးတုတ်မှမီးကြောင့် လောင်ကာ ဘေးသို့ပွင့်သွားသလို တွေ့လိုက်ရသည်။ အနံ့များမှာလည်း စိမ်းရွှေရွှေအနံ့လို ခံစားရသည်။ လှေကားမှ တဖြည်းဖြည်းချင်း ဆင်းလာခဲ့ရာ လှေကားထစ် နှစ်ဆယ်လောက်ရှိမည်ဟု ခန့်မှန်းကာ အောက်သို့ရောက်လာခဲ့ကြသည်။ ထိုအခါ ရှေ့သို့ လှမ်းကြည့်လိုက်သောအခါ ရှေ့ကိုက် ၁၀ ကိုက်အကွာတွင် အုတ်ဂူလိုလိုတစ်ခုကို တွေ့လိုက်ရသည်။ ၎င်းအုတ်ဂူပေါ်

www.burmeseclassic.com

www.burmeseclassic.com



တွင် အလင်းရောင်တစ်ခုကို တွေ့လိုက်ရသည်။

ဂှင်းအလင်းရောင်က စေတီပုထိုးတော်ရဲ့ ထီးတော်မှ တည့်မတ်စွာဝင်လာသော အလင်းရောင်ဖြစ်နေသည်ကို ဖိုးတူး တွေ့လိုက်သည်။ ဒီလိုနဲ့ သူတို့သုံးယောက်လည်း ဂှင်းအုတ်ဂူနားသို့ တဖြည်းဖြည်းချင်း လျှောက်လာခဲ့ကြသည်။

အုတ်ဂူနားသို့ ရောက်သောအခါ အုတ်ဂူကို သေချာစွာကြည့်လိုက်သောအခါ မိဖုရားတစ်ပါးရဲ့ ပုံတော်ကို အဖုံးပေါ်တွင် ထွင်းထုထားတာ တွေ့လိုက်ရလေသည်။ ဂှင်းအုတ်ဂူပေါ်တွင် ထွင်းထုထားသော ပုံဖြစ်လေသည်။ ပေစာမှာပါသောစာအရ . . .

သထုံမြို့ကို အပိုင်စားရသော ဘုရင်ကြီးရဲ့ မိဖုရားများမှ တစ်ဦးဆိုတာသိသာသည်။ အင်း . . . ဒီပေစာတွေက ဘာဖြစ်လို့ တောင်ငူမြို့ကို ရောက်နေရတာလဲ။ ဒီပေစာတွေဟာလည်း ဆရာရဲ့ အဖေများလက်ထက်က မြေကြီးများရှင်းလင်းလို့ရတဲ့ ပေစာတွေ . . .

ဒီရာဇဝင်ကို စဉ်းစားဖို့ ပြန်ဖတ်ဖို့ဆိုတာ အချိန်မရှိဘူး။ ဒီတော့ လောလောဆယ် အုတ်ဂူထဲမှာရှိတဲ့ ရွှေပောင်းပစ္စည်းတွေကို ယူဖို့ပဲ မဟုတ်ပါလား။

ဒီရွှေပောင်းပစ္စည်းတွေကို သူတို့လက်ထဲကို



လည်း မအပ်ချင်ဘူး။ ဘယ်လိုလုပ်ရင် ကောင်းမလဲ။ စဉ်းစားလို့လည်း မရပါ။ ဒီရတနာတွေနဲ့ ရွှေပောင်းပစ္စည်းပါမသွားရင်လည်း ငါတို့ကို သတ်မှာပဲ။

မထူးပါဘူးလေ။

သတ်ချင်ရင်လည်း သတ်ပါစေ။ ငါတို့ မယူသွားဘူး။ ထိုအခါ မောင်ဖော်က . . .

"အစ်ကို ဖိုးတူး ဘာတွေစဉ်းစားနေတာလဲ။ အုတ်ဂူဖွင့်တော့လေ"

မောင်ဖော် သတိပေးလိုက်သောကြောင့် ဖိုးတူးအသိဝင်လာသည်။ သူတွေးနေတာ ဘယ်လောက်များကြာသွားပါလိမ့်။ ဖိုးတူးလည်း အုတ်ဂူကိုကြည့်ပြီး ဖွင့်ရန်ပြင်ဆင်တော့သည်။ အုတ်ဂူကို ရုတ်တရက်မဖွင့်ရဲပါ။ တစ်ခုခု စီစဉ်ထားရင် အန္တရာယ်ဖြစ်မှာစိုးမိသည်။ အုတ်ဂူရဲ့ ပတ်ပတ်လည်ကို လှည့်ပတ်ပြီး လေ့လာသည်။ ထူးခြားမှုမရှိတော့မှ သူတို့လက်ထဲ၌ ပါလာသော အိတ်ကိုချပြီး တူရင်းဂေါက်လေးကို ထုတ်လိုက်သည်။

ပြီးနောက် မောင်ဖော်လက်ထဲသို့ထည့်ပြီး အုတ်ဂူရဲ့ အဖုံးကို ဂေါက်လေးဖြင့် မပြီးဖွင့်နိုင်းလိုက်သည်။ မောင်ဖော်လည်း အုတ်ဂူရဲ့အပေါ်ဆုံးမှ အဖုံးကို ပထမ တွန်းကြည့်သည်။ မရပါ။ ဒါနဲ့ တူရင်းဂေါက်ဖြင့် အဖုံးရဲ့အောက်ခြေ

www.burmeseclassic.com

www.burmeseclassic.com



နားသို့ ဖဲကြိုးကိုထိုးသွင်းပြီး မလိုက်သည်။ ပထမတော့ မရချင်ပါ။ မောင်မော်ကလည်း ဝိုင်းပြီး မပေးသည်။

မောင်မော်ပါ ပါလာတော့ နည်းနည်းလှုပ်လာသည်။ ဖိုးတူးလည်း ဝင်ပါလာရသည်။ အဖုံး . . . အဖုံးလေး လှုပ်ပြီး ဟတတလေး ပွင့်လာသည်။ သုံးယောက်သား အား နည်းနည်းထပ်သုံးပြီး တွန်းလိုက်သောအခါ ခေါင်းဘက်မှ ပွင့်လာတော့သည်။

အထဲ၌ ဘာများရှိသလဲဆိုတာ သုံးယောက်သား သိချင်လှပြီမို့ ပွင့်သောနေရာမှ ကြည့်လိုက်ကြသည်။ ပထမတော့ အလင်းရောင်အားနည်းတော့ ဘာမှမမြင်ရပါ။ ဒါနဲ့ သုံးယောက်သား အဖုံးကို ထပ်ပြီးတွန်းလိုက်ကြသည်။ အဖုံးလေး တစ်ဝက်လောက်ထိ ပွင့်ဟသွားသောကြောင့် မီးရောင်ကြောင့် ရွှေတဝင်းဝင်းနဲ့ ရှေးဟောင်းရုပ်ထုများ တွေ့ရသည်။ ပြီးနောက် ရတနာများလည်း တွေ့ရလေသည်။ ပြီးတော့ အပေါ်ဆုံးမှ ပေစာလေးတစ်စောင်ပါ ထပ်ပြီး တွေ့ရလေသည်။

ဖိုးတူးက ပေစာကိုယူပြီး ဖတ်ကြည့်သည်။ ပြီးနောက် မိမိရင်ဘတ်ထဲ အင်္ကျီလေးဟာကာ ထည့်လိုက်သည်။ ဖိုးတူးက အပေါင်းပါနှစ်ယောက်ကို မိမိတို့တွင်ပါ လာသော အိတ်များဖြင့် ရှေးဟောင်းရုပ်ထုများ ချန်ပြီး



ရွှေငွေများသာယူရန် ပြောလိုက်သည်။

မောင်ဇော်နှင့် မောင်မော်တို့လည်း ရွှေငွေများကို အိတ်ထဲသို့ ထည့်လိုက်သည်။ ပြီးနောက် . . .

"ကိုဖိုးတူး ပစ္စည်းတွေတော့ ထည့်လို့ပြီးပြီ။ ဒါပေမဲ့ အိတ်က ၃လုံးတည်းဆိုတော့ ပစ္စည်းတွေက ကျန်သေး တယ်"

"နေပါစေတော့ ပါသလောက်ပဲ ထည့်ပါ။ လာ တို့ အပေါ်ပြန်တက်စို့"

သုံးယောက်သား ပစ္စည်းများထည့်ပြီးလို့ ပခုံးပေါ် သို့ တင်လွယ်ပြီး အပေါ်သို့လှေကားမှ ပြန်တက်ခဲ့ကြသည်။ ဖိုးတူးကတော့ ရှေ့မှဦးဆောင်ကာ လှေကားအတိုင်း တက် ခဲ့သည်။ လှေကားထစ်ရဲ့ နောက်ဆုံးထစ်တွင် မမျှော်လင့် ဘဲ မြွေရုပ်တုလေးတစ်ခု တွေ့ရလေသည်။ ငင်းရုပ်တုလေး ကို ဖိုးတူးက ကောက်ယူပြီး ကြည့်လိုက်သောအခါ ရွှေရုပ် တုလေးဖြစ်နေတာ တွေ့ရသည်။ ရုပ်တုလေးမှာ ၂လက်မ ခန့်ရှိသည်။ ဒါနဲ့ ဖိုးတူးလည်း ကောက်ယူပြီး မိမိရဲ့ နံဘေး ကို ကြည့်လိုက်သည်။ ကျောက်ဂူနဲ့ နံရံတွင် ချိုင့်ခွက်လေး တစ်ခုကို တွေ့လိုက်ရသည်။ ဖိုးတူးလည်း ငင်းချိုင့်ခွက် လေးတွင် ငင်းမြွေရုပ်တုလေးကို တင်ပေးလိုက်လေတော့ သည်။

ပြီးပါပြီ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၅ )

## ရတနာများနှင့် လောဘဇော

ဖိုးတူးတို့ ၃ယောက်သား မြေအောက်ခန်းမှ အပေါ်သို့ တက်လာခဲ့ကြသည်။ အပြင်ဘက်တွင် ကိုထွန်းတို့လူများက အဆင့်သင့် စောင့်နေကြသည်။ ဖိုးတူးတို့ အပေါ်သို့ရောက်လာသောအခါ . . .

"ပစ္စည်းတွေအားလုံး ငါတို့လက်ထဲအပ်ပါ"

ကိုထွန်းက ဖိုးတူးတို့ကို လှမ်းပြီးပြောလိုက်သည်။ ထိုအခါ ဖိုးတူးက မောင်ဇော်၊ မောင်မော်ဘက်သို့ လှည့်ကြည့်ပြီး ခေါင်းညိတ်ပြလိုက်သည်။ မောင်ဇော်က သူ့လက်





ထဲမှအိတ်နှင့် မောင်မော်လက်ထဲမှ အိတ်တို့ ၂ခုပေါင်းကာ ဖိုးတူးဆီသို့ ယူလာခဲ့ကြသည်။ ထိုအခါ ဖိုးတူးက သူ့ဆီမှာရှိသော အိတ်ပါပေါင်းပြီး သူ့ရှေ့၌ပုံပြီး ချပေးလိုက်သည်။

ကိုထွန်းက သူ့တပည့်တစ်ယောက်ကို ကြည့်ကာ ခေါင်းညိတ်ပြလိုက်သည်။ ကိုထွန်းနားက လူတစ်ယောက်က ဖိုးတူးနားသို့ လျှောက်လာကာ ဖိုးတူးရှေ့၌ ပုံထားသော အိတ် ၃လုံးကို သိမ်းကြုံးကာ လှမ်းယူလိုက်သည်။ အိတ် ၃အိတ်စလုံးကို မလိုက်သောအခါ တစ်ယောက်ထဲ မ,မနိုင်ဘဲဖြစ်နေသည်။ ဒါကို ကိုထွန်းကသိ၍ နောက်တစ်ယောက်ပါ ထပ်လွှတ်လိုက်သည်။ နှစ်ယောက်ပေါင်းကာ အိတ်များကိုပေါင်းပြီး သယ်လာခဲ့ကြသည်။

အိတ် ၃အိတ်စလုံး ကိုထွန်းအနား၌ ချပေးလိုက်သည်။ ထိုအခါ ကိုထွန်းက သယ်လာသောသူကို အိတ်များသို့ ဖွင့်ခိုင်းလေသည်။

မြွေများ

ထွက်လိုက်သောကြောင့် အားလုံးထွက်ပြေးကြလေသည်။

ဖိုးတူးတို့လည်း တစ်ယောက်မျက်နှာတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကာ အံ့ဩနေကြလေသည်။ သူတို့ပစ္စည်းများထည့်တုန်းက ရွှေငွေရတနာများ ဖြစ်ကြသည်။ ယခု ဘယ်လို ဖြစ်ပြီး မြေများဖြစ်သွားပါလိမ့်ဟု ဖိုးတူးတစ်ယောက် မယုံကြည်နိုင်လောက်အောင် ဖြစ်နေသည်။ ဘယ်လိုနားလည်ရမှန်းတောင် မသိတော့ပါ။

ဒီလိုနဲ့ ဖိုးတူးတို့သုံးယောက်လည်း ကြောင်ပြီးကြည့်နေစဉ် သူတို့နောက်သို့ အဝတ်ဖြူ အပေါ်အောက် ဝတ်ထားသော ဖိုးသူတော်တစ်ဦး ရောက်နေတာ တွေ့ရလေသည်။ ဒီလိုနဲ့ ဖိုးတူးလည်း ၎င်းဖိုးသူတော်တို့ လက်အုပ်ချီကာ ကန်တော့သည်။ ဒါကို မောင်ဖော်နဲ့ မောင်မော်တို့လည်း ဖိုးတူးလုပ်သလို ၎င်းဖိုးသူတော်ကို ကန်တော့နေသည်။

"အင်း . . . သားတို့က ဒီရတနာတွေကို ဘာအတွက် သုံးမှာလဲ"

"ကျွန်တော်တို့က သာသနာအတွက်ပဲ သုံးမှာပါ ခင်ဗျာ"

"ယခုထွက်ပြေးသွားကြတဲ့လူတွေကတော့ သူတို့ကိုယ်ကျိုးသုံးမယ့် လူတွေမို့ ကျွန်တော်တို့ကို အနိုင်ကျင့်တာ ခံလိုက်ရတာပါ"

ထိုအခါ ဖိုးသူတော်က . . .





"ကဲ . . . သားတို့ ဒီရတနာတွေကိုလှူပြီး ဘုရားတွေမှာ တစ်ဝက်ကို လှူပါ။ ကျန်တဲ့ တစ်ဝက်တတော့ သားတို့ လိုအပ်တာသုံးပေါ့။ ဒါပေမဲ့ လောဘမကြီးနဲ့နော်"

"ဟုတ်ကဲ့ပါ ဘိုးဘိုး"

သုံးဦးသား ကန်တော့ရန် လက်အုပ်ချီကာ ခေါင်းငုံ့ပြီး လက်စုံကို မြေကြီးပေါ်သို့ တစ်ပြိုင်နက် ဦးချလိုက်ကြလေသည်။ ခေါင်းပြန်မော့လိုက်သောအခါ ရှေ့၌ရပ်နေသော ဖိုးသူတော်မှာ မရှိတော့ပါ။

ဖိုးတူးတို့လည်း ကြက်သီးများထကာ ကြောက်ရွံ့ထိတ်လန့်သလို ဖြစ်မိသည်။ ရွှေငွေများ ထည့်ထားသော အိတ်ကိုယူရန် ထလာကြသည်။ မောင်ဖော်နှင့် မောင်မော်တို့မှာ အိတ်များကို မကိုင်ရဲကြပါ။ အိတ်ထဲက မြေများထွက်လာမှာ စိုးရိမ်နေသည်။ ကြောက်နေသည်။ ထိုအခါ ဖိုးတူးက ဦးဆောင်ကာ အိတ်များကို ပြန်ထုပ်ပြီး လွယ်လိုက်လေသည်။ ထိုအချိန်ကျမှ မောင်ဖော်နှင့် မောင်မော်လည်း အိတ်များကို လွယ်လိုက်လေသည်။

အိတ်များလွယ်ပြီးနောက် သူတို့ဝင်ခဲ့သော ပုထိုးတော်အပေါက်ကို ကြည့်လိုက်သောအခါ ပြန်ပိတ်နေတာ တွေ့လိုက်ရသည်။ အပေါက်မှာ မိမိတို့ မဝင်ခင်တကယ်ဘာမှမပြောင်းလဲသလို ပြန်ပိတ်ပြီးသား ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com


သူတို့လက်ထဲမှာ ပါလာသော ရွှေငွေများကို သူတို့မှာ လွယ်သာထားရသည်။ ကျောချမ်းမိတာ အမှန်ပါ။

ဖိုးတူးလည်း ရွှေငွေများမဟုတ်ဘဲ မြွေများဖြစ်နေမှာလည်း စိုးရိမ်နေသည်။

"ဒီရွှေငွေတွေကို ငါတော့ မယူရဲတော့ဘူး။ ဘုရားတွေကိုပဲ လိုက်လှူလိုက်တော့မယ်။ ဝိုမှပဲ သုံးမယ်။ မရှိတဲ့ လူတွေကိုလည်း ပေးကမ်းမယ်"

"မောင်ဇော်၊ မောင်မော် မင်းတို့လည်း ဒီအိတ်ထဲမှာပါတဲ့ ရွှေငွေတွေမို မပြစ်မှားကြနဲ့နော်။ မင်းတို့နှင့် ထိုက်ရင်တော့ မင်းတို့လည်း ခံစားရမယ်"

"ဟုတ်ကဲ့ပါ ကိုဖိုးတူး။ ကျွန်တော်တို့လည်း မျက်မြင်ကိုယ်တွေ့မို့ မယူရဲတော့ပါဘူး"

"အေး . . . ကောင်းတယ်။ ယခုလည်း တို့တွေနဲ့ ထိုက်လို့ တို့ရတာ။ ဒါပေမဲ့ အားလုံးမဟုတ်ဘူး။ ဘုရားတွေကို တစ်ဝက်တိတိလှူရမယ်၊ ကျန်တဲ့တစ်ဝက်ကို တစ်ဝက်ထပ်ခွဲပြီး မရှိတဲ့လူ၊ ကျောင်းတွေကို လှူရအောင်။ ကျန်တာကိုပဲ ခွဲဝေယူကြတာပေါ့။ ဘယ်လိုလဲ ကျေနပ်ရဲ့လား"

"ဟုတ်ကဲ့ ကိုဖိုးတူး ကောင်းသလိုသာ လုပ်ပါ။ ကိုဖိုးတူး သဘောပါပဲ"

သုံးယောက်သား အိတ်များလွယ်ကာ လာလမ်းအတိုင်း ပြန်ခဲ့ကြလေသည်။ ရှေ့မှဦးဆောင်ကာ သွားနေသော ကိုဖိုးတူးကရှေ့၌ အလောင်းတစ်လောင်းကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။ အနားသို့ရောက်ပြီး ကြည့်လိုက်သောအခါ သူတို့ရှေ့မှာ မြွေများလိုက်၍ ထွက်ပြေးသွားသောသူ ဖြစ်နေသည်။ မြွေပေါက်၍သေသောသူ ဖြစ်နေသည်။ ဘေးပတ်ဝန်းကျင်ကို ကြည့်လိုက်သောအခါ စပ်လှမ်းလှမ်းတွင် နှစ်ဦးထပ်တွေ့ပြန်သည်။

"အင်း . . . သူတို့တွေဟာ မတရား လောဘတွေတက်ပြီး ကိုယ်ကျိုးသုံးဖို့ လိုချင်တဲ့သူတွေဖြစ်တော့ ဒီလမ်းပဲ သွားရမှာပဲလေ"

ရှေ့သို့ဆက်ပြီး လျှောက်လာခဲ့ရာ အလောင်းတစ်လောင်း ထပ်တွေ့ပြန်သည်။ ဒီတစ်ခါတော့ တစ်လောင်းတည်း မဟုတ်တော့ပါ။ အားလုံး ၄ လောင်းဖြစ်သည်။ ၎င်းထဲမှာ ကိုထွန်းပါ ဖြစ်နေသည်။

"အားလုံး မြွေကိုက်ခံထားရတာပဲ။ တစ်ယောက်မှ မရှင်တော့ဘူး"

ဖိုးတူးက မောင်ဇော်နဲ့မောင်မော်ကို လှည့်ပြီးပြောလိုက်သည်။ မောင်ဇော်နှင့် မောင်မော်တို့လည်း ကြောက်နေကြသည်။ ကြောက်ကြောက်နဲ့ သူတို့ခရီးဆက်လျှောက်လာကြသည်။ ဖိုးတူးက ရှေ့သို့ လှမ်းကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လမ်းတို့ သွားရမလဲဆိုတာ ရွေးနေမိသည်။ ရှေ့မှာက လမ်းပျောက်နေသလို လမ်းကြောင်းမတွေ့ဘဲ ဖြစ်နေသည်။

ထိုအခါ မမျှော်လင့်ဘဲ မြွေဖြူတစ်ကောင်ပေါ်လာပြီး ရှေ့မှလမ်းတစ်ခုကိုရွေးကာ ထွက်သွားတာ သုံးယောက်သား တွေ့လိုက်ရသည်။ ၎င်းမြွေဖြူသည် သူတို့လာတုန်းကလည်း လမ်းပြသလို ရှေ့မှလျှောက်ခဲ့၍ သူတို့ခရီးဆုံးကို ရောက်ခဲ့ရသည် မဟုတ်ပါလား။ ယခုလည်း မြွေဖြူလေး ပေါ်လာပြန်သည်။ သူ့နောက်ကို လိုက်တာပဲ ကောင်းမယ် ဟု ဆုံးဖြတ်လိုက်ကြသည်။

ဖိုးတူးတို့သုံးဦးစလုံး မြွေဖြူနောက်သို့ ကြောက်ကြောက်နှင့် လိုက်လာခဲ့ကြသည်။ သိပ်မကြာခင်မှာဘဲ မိမိတို့ လာလမ်းရဲ့အစကို မြင်တွေ့လိုက်ရသည်။ သူတို့သုံးဦးစလုံးရဲ့ မျက်နှာများ ဝင်းပလျက် ဝမ်းသာပီတိ ဖြစ်မိနေကြလေတော့သည်။

ဖိုးတူးကတော့ အပြန်လမ်းတွင် မိမိဆရာရဲ့ ဆန္ဒကို ဖြည့်ဆည်းပေးနိုင်၍ ဝမ်းသာပီတိ ဖြစ်မိသလို အိမ်ပြန်ရောက်ရင် မိမိကို မျှော်နေတော့မည် မိနိုင်လေးရဲ့ မျက်နှာလေးကို မျက်စိထဲတွင် မြင်ယောင်နေမိလေတော့သည် မဟုတ်ပါလား။ လက်ကို ရင်ဘတ်ပေါ်ကပ်လိုက်သောအခါ မိမိရဲ့ နလုံးခုန်သံလေးကို လက်နှင့် ဖိလိုက်လေသည်။

ပြီးပါပြီ



ထိုအခါ ရင်ဘတ်ထဲ၌ ပေစာတစ်စုံကို သတိရသွားသည်။ ၎င်းပေစာကတော့ မိဖုရားရဲ့ စေတီလေးရှိရာသို့ ပို့ပေးရဦးမည် မဟုတ်ပါလား။

စာဖတ်သူများ စိတ်နှလုံး ချမ်းမြေ့ကြပါစေ။

www.burmeseclassic.com